# ၂၈၁၃ - ခုနှစ်

# ပြည်ထောင်စုလွှတ်တော်

# ဥပဒေ

**နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)**

**၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်**

**(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၅/၉၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးကောင်စီ ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "တစ်ဆက်တည်း ၃ ကြိမ်အထိ" ဆိုသည့်စကားရပ်ကို 'တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌမှအပ ကျန်ကောင်စီဝင်များ၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ တိုင်းရင်းဆေး ကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) အား " တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများ၊ သုတေသနပြုရေးများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေး ကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (စ) အား "နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ တိုင်းရင်းရိုးရာ ဆေးပညာကို အသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆေးကုသခွင့်လိုင်စင်ထုတ်ပေးရန် ၎င်းတိုင်းရင်းရိုးရာ ဆေးပညာအတွက် လိုအပ်သောလက်မှတ်၊ ကုသမည့် ဆေးဆရာတို့၏ အရည်အချင်း တို့ကို တိုင်းရင်းဆေးပညာဦးစီးဌာနက စိစစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုချက် တင်ပြခြင်းနှင့် ထောက်ခံချက်ပေးခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် တစ်သိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃။ )**

**၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**

**( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (က) တွင်ပါရှိသော "ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်း နှင့် စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို အခါအားလျော်စွာတင်ပြခြင်း၊" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတော်၏ အရအသုံး စာရင်းများ စစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်ပြခြင်း၊ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း၊" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (ည) တွင်ပါရှိသော "မိမိ၏ဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတမှ တဆင့် ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊" ဆိုသည့် စကားရပ်ကို "မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့တင်ပြသည်နှင့် တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (ဋ) ၏ နောက်တွင် (ဌ)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(ဌ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော် ကောင်စီတို့၏ လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးရန် ပြည်ထောင်စု လွှတ်တော်က တာဝန် ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ။)

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်၊

၁။ ဤဥပဒေကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင်-

(က) ပုဒ်မ ၆ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ် ထားသည့် အဖွဲ့ဝင် ၃ ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း ရွေးချယ်ထားသည့် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင် တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်။"

(ခ) ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) မိမိကိုယ်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ အသီးသီး အစီရင်ခံခြင်း။"

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ ကိုပုဒ်မ ၂၄ အဖြစ် လည်းကောင်း၊ ပုဒ်မ ၂၄ ကိုပုဒ်မ ၂၃ အဖြစ် လည်းကောင်း ပြန်လည် အမှတ်စဉ် ရမည်၊ ထိုသို့ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ပုဒ်မ ၂၃ အရချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၅ ကို ပယ်ဖျက် ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံ့ဝန်ထမ်းဥပဒေ**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅။)**

**၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်**

**(၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံ့ဝန်ထမ်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆိုသည်။

(ခ) **ဝန်ထမ်းဖွဲ့စည်းပုံ** ဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော ဝန်ထမ်းအဖွဲ့အစည်း၏ ဖွဲ့စည်းပုံကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ကြိုတင်ညှိနှိုင်း၍ ဖွဲ့စည်းသော ဝန်ထမ်းအဖွဲ့အစည်း၏ ဖွဲ့စည်းပုံကိုလည်းကောင်း ဆိုသည်။

(ဂ) **ဝန်ထမ်းအဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းထားသော နိုင်ငံ့ ဝန်ထမ်း အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး** ဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်း တစ်ခုခုတွင် ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးအဖြစ် တာဝန်ပေးခန့်အပ်ခြင်း ခံရသူကို ဆိုသည်။

(င) **ဝန်ထမ်း** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူး တစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ ဝန်ထမ်းကို ဆိုသည်။ ယင်းစကား ရပ်တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ မပါဝင်။

(စ) **ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးဌာန အသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာန အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုန်များကို ဆိုသည်။ ယင်း စကားရပ်တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတရုံး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော် ကောင်စီရုံးနှင့် စည်ပင် သာယာရေး ကော်မတီရုံးများလည်း ပါဝင်သည်။

(ဆ) **ရာထူးအဆင့် ပိုင်ဆိုင်ခွင့်** ဆိုသည်မှာ ဖွဲ့စည်းပုံပါ လစ်လပ်သော အမြဲတမ်း ရာထူး၌ အတည်ပြု ခန့်အပ် ပိုင်ဆိုင်ခွင့် ရရှိခြင်းကို ဆိုသည်။

(ဇ) **စတင်ခန့်ရာထူး** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၏ ဝန်ထမ်းအမျိုး အစားအလိုက် စတင်ဝင်ရောက်ရမည့် ရာထူးအဆင့်ကို ဆိုသည်။

(ဈ) **ရာထူးဝန်အဖွဲ့** ဆိုသည်မှာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ဝန်ထမ်းအဖွဲ့အစည်းများ

၃။ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဝန်ထမ်း အဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်း နိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ် ပေးရမည်။ လိုအပ်သော ဝန်ထမ်းများကိုလည်း ခန့်အပ်နိုင်သည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတာဝန်ယူ အကောင်အထည် ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ ပြည်ထောင်စု အစိုးရနှင့် ကြိုတင်ညှိနှိုင်း၍ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ

ဝန်ထမ်း အဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်၊ လိုအပ်သော ဝန်ထမ်း များကို ခန့်အပ်နိုင်သည်။

၅။ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လိုအပ်သော မူဝါဒများ ချမှတ်ခြင်း၊ ဖွဲ့စည်းပုံ အတည်ပြုခြင်း၊ ရာထူးဝန်အဖွဲ့၏ ထောက်ခံအကြံပြုချက်ကို ရယူပြီး ဝန်ထမ်းများ၏ ရာထူးအဆင့်များနှင့် ချိန်ညှိနှုန်း လစာများကို သတ်မှတ်ခြင်း၊ ဝန်ထမ်းများကို ကျွမ်းကျင်မှု၊ အတတ်ပညာနှင့် လုပ်ငန်း သဘာဝတို့အရ ဝန်ထမ်းအမျိုးအစား စုစည်းဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းများကို အခါအားလျော်စွာ ပြန်လည်စိစစ်သုံးသပ်၍ ခြင်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။

## အခန်း(၃)
## ရွေးချယ်ခန့်ထားခြင်း

၆။ နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်း တို့ကို ပြုလုပ်နိုင်သည်။

၇။ ဝန်ထမ်းရွေးချယ် ခန့်ထားရေး ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ချက်များနှင့်အညီ-

(က) သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူးသည် ဝန်ထမ်းအဖွဲ့ အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစား အလိုက် သတ်မှတ်သည့် စတင်ခန့် ရာထူးအဆင့်အတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထား ရမည်။

(ခ) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသည် ပုဒ်မခွဲ(က) အရ ခန့်ထားသော ရာထူးအဆင့်မှတစ်ပါး အခြား စတင်ခန့် ရာထူးအဆင့်အတွက် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရမည်၊

၈။ (က) ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်း တစ်ခုခုမှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့ အစည်းတစ်ခုသို့ ပြောင်းရွှေ့ ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံလျှင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်။

(ခ) ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ(က) အရ ညှိနှိုင်းလာသည့်အခါ စိစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမည်။

၉။ ဝန်ထမ်း အဖွဲ့အစည်းများသည် ဝန်ထမ်း အမျိုးအစားအလိုက် အစမ်းခန့်ကာလနှင့် စည်းကမ်းချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ် သလို သတ်မှတ်နိုင်သည်၊

## အခန်း(၄)
## တာဝန်နှင့် အခွင့်အရေးများ

**တာဝန်များ**

၁၀။ ဝန်ထမ်းသည် အောက်ပါတို့ကို လိုက်နာရန် တာဝန်ရှိသည်-

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်ငွေ၊ နိုင်ငံတော် ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှု မပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) မိမိအား ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊

(စ) ဤဥပဒေအရ ပြုလုပ်သော နည်း ဥပဒေ၊ စည်းမျဉ်း ၊ စည်းကမ်းများ၊ အမိန့် ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်း အလိုက်သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဆ) ပါတီနိုင်ငံရေး ကင်းရှင်းခြင်း၊

(ဇ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊

(ဈ) အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် ဒါက္ခာမဲ့စာပြုမှု နေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

(ည) တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဋ) လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဌ) ပြည်သူကို ရိုသေလေးစားခြင်း။

**အခွင့်အရေးများ**

၁၁။ ဝန်ထမ်းသည် အောက်ပါအခြေခံ အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်-

(က) အလုပ်တည်မြဲခွင့်၊

(ခ) လုပ်ငန်းခွင် အာမခံချက်ရခွင့်၊

(ဂ) လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့် လျော်ညီသည့် လစာ၊ ထောက်ပံ့ကြေး၊

ခရီးစရိတ်နှင့် အခြားစရိတ် ခံစားခွင့်၊

(ဃ) ရာထူးတိုးမြှင့်ခွင့်၊

(င) ပညာလေ့လာ ဆည်းပူးခွင့်၊

(စ) ခွင့်ခံစားခွင့်၊

(ဆ) ထူးချွန်မှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊

(ဇ) ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊

(ဈ) အငြိမ်းစားယူခွင့်၊

(ည) တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း ၊ မသန်မစွမ်း ဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူး ပင်စင်ခံစားခွင့်၊

(ဋ) အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသော အလုပ်အတွက် အမျိုးသား ဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်း ဆိုင်ရာ အကျိုးခံစားခွင့်၊

(ဌ) ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊

(ဍ) ဝန်ထမ်းရေးရာ ခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများနှင့် စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်း ထုချေခွင့်နှင့် အယူခံခွင့်၊

(ဎ) ရာထူးအနွယ် ပိုင်ဆိုင်ခွင့်၊

(ဏ) ကူးပြောင်းချိန် ခံစားခွင့်၊

(တ) ခြင်းပဝန်ထမ်း စည်းကမ်းချက်ဖြင့် သွဲပြောင်းတာဝန် ထမ်းဆောင်ခွင့်၊

(ထ) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာ ခံစားခွင့်၊

(ဒ) ပြည်ထောင်စု အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြား ခံစားခွင့်။

## အခန်း (၅)
## လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့်အခြားစရိတ်များ

၁၂။ ဝန်ထမ်းသည် တူညီသော အလုပ်အတွက် တူညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ခံစားခွင့်ရှိသည်။

၁၃။ ဝန်ထမ်းသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်စေသည့် လုပ်ငန်းတစ်ရပ်ရပ် အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၆)
## ခွင့်ခံစားခြင်း

**ခွင့်အမျိုးအစားများ**

၁၄။ ဝန်ထမ်းသည် တည်ဆဲနည်းဥပဒေများ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ အောက်ပါခွင့်များကို ခံစားခွင့်ရှိသည်-

(က) ရှောင်တခင်ခွင့်၊

(ခ) ကူးစက်ရောဂါကာကွယ်ခွင့်၊

(ဂ) လုပ်သက်ခွင့်၊

(ဃ) ဆေးလက်မှတ်ခွင့်၊

(င) လစာမဲ့ခွင့်၊

(စ) မီးဖွားခွင့်၊

(ဆ) အထူးမသန်စွမ်းခွင့်၊

(ဇ) ဆေးရုံခွင့်၊

(ဈ) သဘောသားနာမကျန်းခွင့်၊

(ည) ပညာလေ့လာဆည်းပူးခွင့်။

**ခွင့်နှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များ**

၁၅။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသော နည်းဥပဒေ၊ စည်း မျဉ်း ၊ စည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက် ဖြင့် ခွင့်ခံစားနိုင်သည်။

၁၆။ အစမ်းခန့် ဝန်ထမ်းသည် ရာထူးတွင် အတည်ပြု ခန့်ထားပြီးဖြစ်သည့် ဝန်ထမ်း တစ်ဦးကဲ့သို့ ခွင့်ခံစားခွင့်ရှိသည်။

၁၇။ ဝန်ထမ်းသည် ခွင့်ကို အခွင့်အရေး တစ်ရပ်အဖြစ် တောင်းခံပိုင်ခွင့် မရှိစေရ။

၁၈။ ခွင့်ပေးပိုင်ခွင့် ရှိသူသည် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဝန်ထမ်းတစ်ဦး တောင်းခံသည့်ခွင့်ကို ငြင်းပယ်ခြင်း၊ ခွင့်ပြုပြီးသောခွင့်ကို ပယ်ဖျက်ခြင်းနှင့် ခွင့်ခံစား နေသော ဝန်ထမ်းအား ပြန်လည်ခေါ်ယူခြင်း ပြုနိုင်သည်၊ ယင်းသို့ပြန်လည် ခေါ်ယူခြင်းခံရသော ဝန်ထမ်းအား တာဝန်ထမ်းဆောင်ရန် စတင်ခရီးထွက်ခွာသည့် နေ့မှစ၍ တာဝန်ချိန်အဖြစ် သတ်မှတ်ပေးရမည့်အပြင် ခွင့်ခံစားသည့် ဒေသမှ

ရုံးစိုက်ရာဌာနသို့ လာခြင်းအတွက် ခရီးစရိတ် ခံစားခွင့်ပြုရမည်၊

၁၉။ ခွင့်ခံစားနေသည့် ဝန်ထမ်းသည် ခွင့်ကာလအတွင်း၌ ဝင်ငွေရရှိသည့် အလုပ် တစ်ခုခုတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်း မပြုရ။ အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့် ခံစားနေသည့် ဝန်ထမ်းသည် ဝင်ငွေရရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိစေခဲ့ကာမူ ယင်း၏ အငြိမ်းစားယူခွင့် လျှောက်ထားခြင်းကို ပြန်လည်ရုပ်သိမ်းခွင့် မရှိစေရ၊

၂၀။ ခွင့်ခံစားနေသည့် ဝန်ထမ်းသည် မိမိကို ခွင့်ပြုထားသည့် ခွင့်ကာလမကုန်ဆုံးမီ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လိုပါက သက်ဆိုင်ရာ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဝင်ရောက်နိုင်သည်။

၂၁။ ဝန်ထမ်းသည် ခွင့်ကာလ ကုန်ဆုံးသော်လည်း အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက် လုပ်ကိုင်ခြင်းမရှိပါက ကျော်လွန်သည့် ကာလအတွက် ခွင့်လစာခံစားခွင့်မရှိ၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်ရက်ကျော်လွန်ခြင်း ဖြစ်ပါက ယင်းဝန်ထမ်းအား စည်းကမ်းဖောက်ဖျက် မှုဖြင့် အရေးယူနိုင်သည်၊

၂၂။ ဝန်ထမ်းသည် တရားဝင် ခံစားပိုင်ခွင့်ရှိသော လုပ်သက်ခွင့်ကို အငြိမ်းစားယူရမည့် အသက်ပြည့်သည့်နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားနိုင်သည်၊ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီတောင်းခံရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့် ခွင့်ကာလတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ အများပြည်သူ အကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့် ခွင့်ကာလကို အငြိမ်းစားယူရမည့် နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိသည်။

## အခန်း(၇)
## ရာထူးတိုးမြှင့်ခြင်း

**အရည်အချင်းသတ်မှတ်ခြင်း**

၂၃။ ဝန်ထမ်းကို ရာထူးတိုးမြှင့် ခန့်ထားရေးအတွက် အနည်းဆုံး လိုအပ်သော ပညာ အရည်အချင်း၊ ကျွမ်းကျင်မှု အရည်အချင်း၊ ရာထူးသက်နှင့် လုပ်သက်တို့သည် ဝန်ထမ်းအဖွဲ့အစည်းအလိုက် ရာထူးအမျိုးအစားကို မူတည်၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့် အတိုင်းဖြစ်သည်။

၂၄။ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု အရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်သည်ဟု ယုံကြည်ကျေနပ်မှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည်။

**အရည်အချင်းအကဲဖြတ်ခြင်း**

၂၅။ ဝန်ထမ်းသည် ရာထူးတိုးမြှင့်ခန့်ထား ခံရနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အရည်အချင်း စစ်ဆေးရေး အဖွဲ့၏ စစ်ဆေးအကဲဖြတ်မှုကို ခံယူရမည်၊

၂၆။ အရည်အချင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးအကဲဖြတ်ချက်အရ သက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းက ရေးဆွဲအတည်ပြုထားသည့် တန်းစီဇယားတွင် ပါဝင်သော ဝန်ထမ်းများသည် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့် ရှိသည်။

၂၇။ ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်ရာထူးနေရာ လစ်လပ်သဖြင့် ဌာနတွင်းမှ ဝန်ထမ်းများကို ရာထူးတိုးမြှင့်ခန့်ထားရန် လိုအပ်သည့် အခါ ဝန်ထမ်းအဖွဲ့အစည်း များသည် သတ်မှတ်ချက်နှင့်အညီ မိမိတို့အတည်ပြု ရေးဆွဲထားသော တန်းစီဇယား အတွင်းမှ ဝန်ထမ်းများကို ရာထူးဝန်အဖွဲ့သို့ အဆိုပြုသနိုင်း၍ သဘောတူညီချက် ရယူရမည်၊

၂၈။ ဌာနပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော်လည်း ဝန်ထမ်းဖွဲ့စည်းပုံ အင်အားတွင် ရှိနေသော ဝန်ထမ်းများအား ရာထူးတိုးမြှင့် ခန့်ထားရေးအတွက် အရည်အချင်း စိစစ်အကဲဖြတ်ရာတွင် ထည့်သွင်း စဉ်းစားရမည်၊

၂၉။ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းတက်ရောက်ပြီး သူများကို ရာထူးတိုးမြှင့်ပေးရာတွင် ဦးစားပေး စဉ်းစားရမည်၊

**ရာထူးတိုးမြှင့်ခံစားခွင့်မရှိခြင်း**

၃၀။ ဝန်ထမ်းတစ်ဦးသည် ရာထူးတိုးမြှင့်ပေးရန် သတ်မှတ်ထားသော အရည်အချင်းများ ပြည့်စုံစေကာမူ-

(က) စာဖြင့်သတိပေးခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ သတိပေးခြင်းခံရသည့် နေ့မှ ခြောက်လအတွင်း ရာထူးတိုးမြှင့်မပေးရ၊

(ခ) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ နှစ်တိုးလစာ ရပ်ဆိုင်းသည့် ကာလအတွင်း ရာထူးတိုးမြှင့် မပေးရ၊

(ဂ) တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကျွမ်းကျင်မှုမရှိ၍ ဖြစ်စေ ပျက်စီးဆုံးရှုံးမှုအတွက် ဆုံးရှုံးမှုတန်ဖိုး အပြည့်အဝကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးလျော်ရသော ကိစ္စမျိုးတွင် ဆုံးရှုံးမှု တန်ဖိုးကို ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်သည့် နေ့မှစ၍ တစ်နှစ် သို့မဟုတ် အကျေပေးလျော်ပြီးသည့်နေ့၊ ထိုနေ့နှစ်ခု တို့အနက် စောရာနေ့အထိ ရာထူးတိုးမြှင့် မပေးရ၊

(ဃ) ကိုယ်ကျင့်တရား ပျက်ပြားမှုနှင့် အကျုံးဝင်သော ပြစ်မှုဖြင့်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသော်လည်း လက်ရှိ ရာထူးတွင် ဆက်လက် တည်ရှိနေသည့်အခါ ယင်းသို့ ပြစ်ဒဏ်စီရင်ခြင်း ခံရသည့်နေ့မှ တစ်နှစ်အတွင်း ရာထူးတိုးမြှင့် မပေးရ၊

(င) ချိန်နှိမ်းလစာ တစ်ခုအတွင်း လစာအဆင့် လျှော့ချခြင်းခံရလျှင် မူလ လစာအဆင့်သို့ပြန်လည် မရောက်မချင်း ရာထူးတိုးမြှင့် မပေးရ၊

(စ) ဌာနဆိုင်ရာ စစ်ဆေးခြင်း ခံနေရစဉ်အတွင်း ရာထူးတိုးမြှင့်မပေးရ၊

(ဆ) အပြင်ကြောင့် ရာထူးလျှော့ချခြင်း ခံရ၀ါတ ယင်းရာထူးလျှော့ချသည့် အမိန့်ပါ သတ်မှတ်ကာလအတွင်း ရာထူးတိုးမြှင့် မပေးရ၊

(ဇ) ရာထူးတစ်ခုတွင် အစမ်းခန့်ထားခြင်း ခံရစဉ် ကာလအတွင်း ရာထူးတိုးမြှင့် မပေးရ၊

(ဈ) တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်း ခံရစဉ်ကာလအတွင်း ရာထူးတိုးမြှင့် မပေးရ၊

## အခန်း(၈)
## ချီးမြှင့်ခြင်း

၃၀။ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သော ဝန်ထမ်းအား သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်း၊ ကြိုတင်နှစ်တိုးလစာ ချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာ ပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့် ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၂။ သက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းသည် ပုဒ်မ ၃၀ ပါ အကြောင်းများအရ ဝန်ထမ်းအား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေး အတွက် ထောက်ခံတင်ပြနိုင်သည်၊

၃၃။ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ချိန်နန်းလစာရာထူးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းအား ချီးမြှင့်သည့်အနေဖြင့် အချိန်မစေ့မီ ကြိုတင် နှစ်တိုးကို တစ်ဆင့်ဖြစ်စေ တစ်ဆင့်ထက်ပို၍ဖြစ်စေ ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်၊

၃၄။ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် အောက်ပါအချက်များကို အခြေခံပြီး ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ မြန်မာတမ်းဝင် အရာရှိများအား ကြိုတင်နှစ်တိုးခွင့် ပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ ရာထူးဝန်အဖွဲ့သို့လည်းကောင်း၊ မြန်မာတမ်းဝင်အရာရှိ အောက်အဆင့် ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီး ဌာနနှင့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးထံသို့ လည်းကောင်း အဆိုပြုတင်ပြ၍ သဘောတူ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်-

(က) ရာထူးအတွက် သာမန်အားဖြင့် လိုအပ်သော အရည်အချင်းထက် ထူးကဲ သာလွန်သော အရည်အချင်းနှင့် အတွေ့အကြုံများ ဆည်းပူးရရှိထားသည့် ပုဂ္ဂိုလ်ကို ဝန်ထမ်းအဖြစ် စတင်ခန့်အပ်သည့်အခါ ကနဦး လစာတိုးမြှင့် သတ်မှတ်ပေးသင့်သည့် ကိစ္စဖြစ်ခြင်း၊

(ခ) လက်ရှိရာထူး၌ ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုအတွက် ဝန်ထမ်းကို ချီးမြှင့်ထိုက်သည့် ကိစ္စဖြစ်ခြင်း၊

(ဂ) အခြားလုံလောက်သော အကြောင်းထူး တစ်ခုခုကြောင့် ဝန်ထမ်းကို ကြိုတင်နှစ်တိုး ပေးသင့်သည့်ကိစ္စဖြစ်ခြင်း။

## အခန်း(၉)
## လေ့ကျင့်ပညာပေးခြင်း

၃၅။ ရာထူးဝန်အဖွဲ့က သတ်မှတ်တာဝန် ပေးထားသော အဖွဲ့အစည်းများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များသည် ဝန်ထမ်းများနှင့် ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးခြင်း၊ ဝန်ထမ်းများအတွက် ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသည့် မန်းမံသင်တန်း များ ပေးခြင်းနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း တို့ကိုလည်းကောင်း၊ ဝန်ထမ်း လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်များသုတေသန ပြုခြင်းကိုလည်းကောင်း ရာထူးဝန် အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

၃၆။ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်စေရန် အထောက်အကူ ပြုမည့် စီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အထွေထွေပညာ မြင့်မားမှုတို့အတွက် လေ့ကျင့်ပညာပေးမှုများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဝန်ထမ်း အဖွဲ့အစည်းအလိုက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း(၁၀)
## စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာရခြင်း

၃၇။ ဝန်ထမ်းသည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာ ရမည့်အပြင် ဝန်ထမ်း အဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်း အမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းခွင် စည်းကမ်းများ ကိုလည်း စောင့်ထိန်းလိုက်နာရမည်။

**ဌာနဆိုင်ရာ အရေးယူခြင်း**

၃၈။ ဝန်ထမ်းကျင့်ဝတ် ပျက်ယွင်းမှု၊ စည်းထမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှု တို့အတွက် ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာ နည်းလမ်းအရ

အရေးယူနိုင်သည်၊ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့် ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန် ဆောင်ရွက်ရမည်၊

၃၉။ ဝန်ထမ်းသည်တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ယင်းကျူးလွန်သည့် ပြစ်မှုနှင့် ခမတ်သည့်ပြစ်ဒဏ်တို့အား ထောက်ရှု၍ ထိုဝန်ထမ်းကို စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်အရ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ချမှတ်ရန် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက ဌာနဆိုင်ရာ နည်းလမ်းအရ အရေးယူနိုင်သည်၊

၄၀။ ဝန်ထမ်းအား တရားစွဲဆိုသော အမှုနှင့် စပ်လျဉ်း၍ တရားရုံးက စွဲချက် မတင်မီ လွတ်ခြင်း သို့မဟုတ် အပြီးပြတ်လွတ်ခြင်း အမိန့် တစ်စုံတစ်ရာ ချမှတ် စေကာမူ ယင်းတရားစွဲဆိုသော အမှုသည် ဝန်ထမ်းကျင့်ဝတ် ပျက်ယွင်းခြင်း သို့မဟုတ် စည်းကမ်းဖောက်ဖျက်ခြင်း သို့မဟုတ် တာဝန်ပျက်ကွက်ခြင်း သို့မဟုတ် ကိုယ်ကျင့်တရား ပျက်ပြားခြင်းနှင့် အကျုံးဝင်သည့်ကိစ္စ ဖြစ်ပါက သက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးသည် ယင်းဝန်ထမ်းကို ဌာနဆိုင်ရာ နည်းလမ်း အရ အရေးယူနိုင်သည်။

၄၁။ ဝန်ထမ်း၌ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့် ကိစ္စတွင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း မပြုဘဲ ထိုက်သင့်သည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ် နိုင်သည်၊

**တာဝန်မှ ယာယီရပ်ဆိုင်းခြင်း**

၄၂။ ဝန်ထမ်းကို ဌာနဆိုင်ရာ အရေးယူရာတွင် ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း သို့မဟုတ် ဌာနဆိုင်ရာ စစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းတို့ ဆောင်ရွက်နေစဉ် ယင်းဝန်ထမ်းအား တာဝန်မှ ယာယီရပ်ဆိုင်းထားနိုင်သည်၊ တာဝန်မှ ယာယီရပ်ဆိုင်း ထားသည့် ဝန်ထမ်းအား သတ်မှတ်ချက်များနှင့်အညီ စားစရိတ်ထောက်ပံ့ခြင်းနှင့် အခြားရရှိခွင့်ရှိသည့် စရိတ်ကြေးငွေများကို ခံစားခွင့်ပြုရမည်၊

**ရှေးဦးစုံစမ်းမှု ပြုလုပ်ခြင်း**

၄၃။ ဝန်ထမ်းအား လိုအပ်ချက်အရ ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင်-

(က) ရှေးဦးစုံစမ်းမှု ခံရသည့် ဝန်ထမ်း၏အဆင့်ကို မှတည်၍ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက ရှေးဦးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို ထုတ်ပြန်ပြီး ယင်းအမိန့်တွင် ရှေးဦးစုံစမ်းရေးအဖွဲ့၏ တာဝန် လုပ်ပိုင်ခွင့်နှင့် ကာလ တို့ကို သတ်မှတ်ရမည်၊

(ခ) ရှေးဦးစုံစမ်းရေး အဖွဲ့သည် ရှေးဦးစုံစမ်းမှု အမှုတွဲဖွင့်လှစ်၍ လုပ်ငန်း ဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များနှင့် အခြား အထောက်အထားများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်၊

(ဂ) ရှေးဦး စုံစမ်းရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထား ဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို ယင်းအဖွဲ့အား ဖွဲ့စည်းပေးသော သက်ဆိုင်ရာ အကြီးအမှူးထံ တင်ပြရမည်၊

၄၄။ စုံစမ်းခြင်းခံရသည့် ဝန်ထမ်းကို ရှင်းလင်းချေပခွင့်ပေး၍ ယင်း၏ရှေ့၌ သက်သေများကို စစ်ဆေးရမည့်အပြင် ပြန်လှန်မေးခွန်း များကိုလည်း မေးမြန်းခွင့်ပြုရမည်၊

**ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ခြင်း**

၄၅။ ရှေးဦးစုံစမ်းမှု တွေ့ရှိချက်များအရ ဌာနဆိုင်ရာ စစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက ဆောလျင်စွာ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူထံ ထောက်ခံတင်ပြရမည်၊

၄၆။ ဝန်ထမ်းအား ဌာနဆိုင်ရာ စစ်ဆေးမှု ပြုလုပ်ရာတွင် ဌာနဆိုင်ရာ စစ်ဆေးမှုခံရသည့် ဝန်ထမ်း၏ အဆင့်ကိုမှုတည်၍ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့် အမိန့်ကိုထုတ်ပြန်ပြီး ယင်းအမိန့်တွင် ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ကာလတို့ကို သတ်မှတ်ရမည်၊

၄၇။ ဝန်ထမ်းက ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌကိုလည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ကို လည်းကောင်း ကန့်ကွက်နိုင်သည်၊

၄၈။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့သည်-

(က) ဌာနဆိုင်ရာစစ်ဆေးမှု အမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များ၊ အခြားအထောက်အထား များနှင့် စစ်ဆေးတွေ့ရှိချက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်၊

(ခ) ဌာနဆိုင်ရာ စစ်ဆေးခြင်းခံရသည့် ဝန်ထမ်းကို ရှေးဦးစွာ စွဲချက်တင်၍ စွဲချက်လွှာကို ဝန်ထမ်းထံပေးပြီး အချိန် လုံလောက်စွာပေး၍ ချေပလွှာ တင်ပြခွင့် ပေးရမည်၊

(ဂ) ဝန်ထမ်း၏ ချေပလွှာကို လက်ခံရရှိသည့်အခါ သက်သေများကို စစ်ဆေး၍ သက်သေ ထွက်ဆိုချက်များအား စနစ်တကျ မှတ်တမ်းတင်ရမည်၊ ဌာနဆိုင်ရာ စစ်ဆေးခြင်း ခံရသည့် ဝန်ထမ်း ကိုယ်တိုင်လာရောက်၍ ထုချေပြောဆိုခြင်း ထွက်ဆိုလိုပါက ခွင့်ပြုရမည်၊ ယင်းသို့ ဝန်ထမ်းကိုယ်တိုင် လာရောက်၍ ထုချေ ပြောဆိုခြင်းသည့်အခါ ဝန်ထမ်းကတောင်းဆိုလျှင် ယင်းကို ကူညီရန် ရှေ့နေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ခွင့်ပြုနိုင်သည်၊

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံ တင်ပြရမည်၊

(င) ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတွင် အမှုအကြောင်းအရာ အကျဉ်းချုပ်၊ စွဲချက်၊ စစ်ဆေးတွေ့ရှိချက်၊ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်တို့ကို ဖော်ပြရမည်၊

၄၉။ သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးသည် ဌာနဆိုင်ရာ စစ်ဆေးမှုနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ထမ်းထံသို့ ပေးပို့ရမည်၊ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို

လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာန အကြီးအမှူးထံ အယူခံလွှာ တင်သွင်း နိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၀။ ပုဒ်မ ၄၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း များတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းများအား ဌာနဆိုင်ရာ စစ်ဆေးမှုနှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့်ကို သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ခြောက်လ အတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနအကြီး အမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၁။ စည်းကမ်းထိန်းသိမ်းရေး ထိရောက်လျင်မြန်စေရန်နှင့် လုပ်ငန်းတာဝန် လစ်ဟင်းမှု မရှိစေရန် အလို့ငှာ ဌာနဆိုင်ရာ စစ်ဆေးမှုများကို ကြန့်ကြာခြင်း မရှိစေဘဲ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၅၂။ ဌာနဆိုင်ရာစစ်ဆေးမှု ပြီးဆုံးသည့်အခါ ဝန်ထမ်းတွင်အပြစ် မရှိကြောင်း တွေ့ရှိပါက စစ်ဆေးမှုခံခဲ့ရခြင်းကြောင့် ယင်းဝန်ထမ်း၏ ဝန်ထမ်းရေးရာ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးရမည်။

## အခန်း(၁၁)
## ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း
## ပြစ်ဒဏ်များ

၅၃။ ဌာနဆိုင်ရာ အရေးယူမှုများတွင် အောက်ဖော်ပြပါ ပြစ်ဒဏ်တစ်ရပ်ကို ဖြစ်စေ၊ ပြစ်ဒဏ် တစ်ရပ်ထက်ပို၍ဖြစ်စေ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချမှတ် နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း၊
(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊
(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊
(င) ရာထူးအဆင့်လျှော့ချခြင်း၊
(စ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆုံးရှုံးမှု တန်ဖိုး အပြည့်အဝ သို့မဟုတ် တစ်စိတ် တစ်ဒေသကို ပေးလျော်စေခြင်း၊
(ဆ) တာဝန်မှ ယာယီရပ်ဆိုင်းခဲ့သည့် ကာလအတွက် လစာအပြည့် ခံစားခွင့် မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊
(ဇ) ရာထူးမှ ထုတ်ပယ်ခြင်း၊
(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း။

၅၄။ ဝန်ထမ်းအား ပြစ်ဒဏ်ချမှတ်သည့်အခါ-
(က) ပညာပေးပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းမှု ထိရောက်ရေးတို့ကို ဦးတည်ချက်ထားရမည်၊
(ခ) ပြစ်မှုနှင့်ပြစ်ဒဏ် လိုက်လျောညီထွေ ရှိစေရမည်။

၅၅။ ဝန်ထမ်းသည်ဌာနဆိုင်ရာ အရေးယူမှုတွင် ချမှတ်သည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အယူခံခွင့်ရှိစေရမည်။

## အခန်း(၁၂)
## အငြိမ်းစားယူခြင်း

**ပင်စင်အမျိုးအစားများ**

၅၆။ ဝန်ထမ်းသည် အောက်ပါပင်စင် အမျိုးအစားများအနက်မှ တစ်မျိုးမျိုးကို ခံစားခွင့် ရှိသည်-
(က) သက်ပြည့်ပင်စင်၊
(ခ) နှစ်ပြည့်ပင်စင်၊
(ဂ) နာမကျန်းပင်စင်၊
(ဃ) လျော်ကြေးပင်စင်၊
(င) အထူးပင်စင်၊
(စ) မိသားစုပင်စင်၊
(ဆ) လျှော့ပေါ့ပင်စင်။

၅၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှ တစ်ပါး ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သောအခါ အငြိမ်းစား ယူရမည်။ ထိုသို့ အငြိမ်းစား ယူရသည့်အခါ ဝန်ထမ်းသည် သတ်မှတ်ချက်များ နှင့်အညီ သက်ပြည့် ပင်စင် ခံစားခွင့်ရှိစေရမည်။

၅၈။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း အငြိမ်းစား ယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်ရှိသည်။ သတ်မှတ်လုပ်သက် မပြည့်သေးသည့် ဝန်ထမ်းကို အငြိမ်းစား ယူရန်လိုအပ်သည့် ကိစ္စရပ်တွင် ပြည်ထောင်စု အစိုးရအဖွဲ့က ဤကိစ္စအလို့ငှာ တာဝန်လွှဲအပ်ထားသည့် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ပင်စင်ခံစားခွင့် ပြုနိုင်သည်။

၅၉။ ဝန်ထမ်းသည်မကျန်းမာ၍ တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သည့် အခါတွင် သတ်မှတ်ထားသော ဆေးအဖွဲ့၏ ထောက်ခံချက်ဖြင့် နာမကျန်းပင်စင် ခံစားခွင့် ရှိစေရမည်၊

၆၀။ ရာထူးတစ်ခုကို ဖျက်သိမ်းလိုက်သည့်အခါ ထိုရာထူး၌ ခန့်ထားသည့် ဝန်ထမ်းကို အခြားရာထူးတစ်ခုသို့ ပြောင်းရွှေ့နေရာချထားခြင်း မပြုနိုင်ပါက လျော်ကြေးပင်စင် ခံစားခွင့်ပြုရမည်၊

၆၁။ ဝန်ထမ်းသည် တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ရောဂါရရှိသည့် အခါတွင် ဖြစ်စေ၊ ထိခိုက်အနာတရ ဖြစ်သည့်အခါတွင်ဖြစ်စေ၊ မသန်စွမ်းဖြစ်သည့် အခါတွင်ဖြစ်စေ အထူးပင်စင် ခံစားခွင့်ရှိစေရမည်၊

၆၂။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် အငြိမ်းစား ယူနိုင်ခွင့်ရှိသည့် လုပ်သက်နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့် တောင်းခံလာပါက ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ၊

၆၃။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် လုပ်သက်နှစ် ၂၀ ကျော်လွန်လျှင် သော်လည်းကောင်း၊ အသက် ၅၀ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက် ၂၅ နှင့်ထက် ကျော်လွန်လျှင် သော်လည်းကောင်း လျှော့ပေါ့ပင်စင် ခံစားခွင့် တောင်းခံ နိုင်သည်။

၆၄။ ဝန်ထမ်းတစ်ဦးသည် အသက်ပြည့်၍ အငြိမ်းစားယူခြင်း သတ်မှတ်ထားသော လုပ်သက်နှစ်ပြည့်၍ အငြိမ်းစားယူခြင်း၊ နာမကျန်း ပင်စင်ယူခြင်း၊ လျော်ကြေးပင်စင် ခံစားခြင်း၊ ကွယ်လွန် အနိစ္စရောက်ခြင်း တစ်ခုခုဖြင့်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်၊

**အငြိမ်းစားယူခြင်းနှင့် စပ်လျဉ်းသည့်သတ်မှတ်ချက်များ**

၆၅။ လျော်ကြေးပင်စင် သို့မဟုတ် နာမကျန်းပင်စင် ယူပြီးနောက် ဝန်ထမ်းအဖြစ် ပြန်လည်ခန့်ထားခြင်း ခံရသသည် လုပ်သက်ဆုငွေကို ပြန်လည်အပ်လျှင် သို့မဟုတ် ပင်စင်လစာကို ပြန်ခံစားခွင့် ရပ်ဆိုင်းထားလျှင် ထိုဝန်ထမ်း ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက် ကာလကိုလည်းကောင်း၊ ရာထူးမထုတ်မယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရပြီးနောက် ပြစ်ဒဏ်ပြန်လည် သုံးသပ် ခြင်းကြောင့်ဖြစ်စေ၊ ဝန်ထမ်းက အယူခံ၍ဖြစ်စေ ပြန်လည်ခန့်ထားခြင်း ခံရပါက ထိုဝန်ထမ်း၏ ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကို လည်းကောင်း ပင်စင်ကိစ္စ အလို့ငှာ ထည့်သွင်းရေတွက် ခွင့်ပြုနိုင်သည်၊

၆၆။ ဝန်ထမ်းတစ်ဦးသည် တာဝန်မှ ယာယီရပ်ဆိုင်းထားစဉ် အငြိမ်းစားယူရမည့် အသက် ပြည့်စေကာမူ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အပြီးသတ်အမိန့် မချမှတ်ရသေးမီ ယင်းဝန်ထမ်းအား အငြိမ်းစားယူခွင့် မပြုရ၊

၆၇။ လုပ်သက်ဆုငွေကို လုပ်သက်နှစ်အလိုက် ပြဋ္ဌာန်းထားသော ခံစားခွင့်ပြုရမည့် ရာခိုင်နှုန်းအရ လုပ်သက်နှစ်အပေါ် ခံစားခွင့်ရှိသည်၊

၆၈။ ပင်စင်ခံစားခွင့်ကို လုပ်သက်နှစ်အလိုက် ပြဋ္ဌာန်းထားသော ခံစားခွင့် ပြုရမည့် ရာခိုင်နှုန်းအရ ခံစားခွင့်ရှိသည်၊

၆၉။ ဝန်ထမ်းက ဆန္ဒပြုပါက နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများ နှင့်အညီ တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ရှိသည်၊

၇၀။ ဝန်ထမ်းတစ်ဦး အမှုထမ်းနေစဉ်ဖြစ်စေ အငြိမ်းစားယူပြီးနောက် ဖြစ်စေ ကွယ်လွန်လျှင် ကျန်ရစ်သူမိသားစုသည် မိသားစုပင်စင် ခံစားခွင့် ရှိစေရမည်။

## အခန်း(၁၃)
## ဝန်ထမ်းမှတ်တမ်း

၇၁။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသည့်မှ အစပြု၍ အငြိမ်းစားယူသည့်အထိ ဝန်ထမ်း၊ ဖြစ်စဉ် ဖော်ပြသည့် ဝန်ထမ်းမှတ်တမ်း စာအုပ်ကို သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းက ထိန်းသိမ်းထားရှိရမည်၊

၇၂။ ဝန်ထမ်းသည် ဌာနကူးပြောင်းတာဝန် ထမ်းဆောင်လျှင် ယင်း၏ ဝန်ထမ်းမှတ်တမ်း စာအုပ်ကို သက်ဆိုင်ရာဌာနက ယင်းကူးပြောင်း တာဝန် ထမ်းဆောင်သည့် ဌာနသို့ ပေးပို့ရမည်။

## အခန်း(၁၄)
## အထွေထွေ

၇၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများအား ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်ထားရာတွင်ဖြစ်စေ၊ တာဝန်ပေးအပ် ရာတွင်ဖြစ်စေ၊ အခွင့်အရေး ခံစားခွင့် ပြုရာတွင်ဖြစ်စေ၊ ရာထူးတိုးမြှင့်ရာတွင်ဖြစ်စေ၊ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြု၍ ခွဲခြားမှုမပြုရ၊ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သော ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို အဟန့်အတား မဖြစ်စေရ၊

၇၄။ ဝန်ထမ်းတစ်ဦးဖြစ်ရန် ပြည့်စုံရမည့်အချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနက လုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်နိုင်သည်၊

၇၅။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် ဝန်ထမ်းရေးရာနှင့် သက်ဆိုင် သည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ် သည်။

၇၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ရာထူးဝန်အဖွဲ့သည် လိုအပ်သောနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ရာထူးဝန်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့သည် လိုအပ် သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊**

**စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။)**

**၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်**

**(၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး"ဆိုသည့် စကားရပ်၏ နောက်၌ "တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ(ဂ)၏နောက်၌ ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(ဃ)တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။"

(ခ) ပုဒ်မ(ဃ)နှင့်(င)တို့ကို ပုဒ်မခွဲ(င)နှင့်(စ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၅၌ ပါရှိသော "တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးနှင့်"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတင် ပုဒ်မ ၁၆ ၌ ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး"ဆိုသည့် စကားရပ်၏ နောက်တွင် "တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ၁၇ ကို ပယ်ဖျက်ရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ အိမ်မြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပါရှိသော ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ ၂၃၊ ၂၄နှင့် ၂၅တို့ကို ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ ၂၃နှင့် ၂၄တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပြဋ္ဌာန်း

## ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။)

၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ရက်)

**နိဒါန်း**

ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် လုပ်ကိုင်လျက်ရှိကြသော အလုပ်သမားများနှင့် ၎င်းတို့ မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေးအတွက် လည်းကောင်း၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတို့အတွက် လည်းကောင်းရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေဥပဒေ** ဟု ခေါ်တွင်စေရမည်။

( ခ ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အလုပ်သမား** ဆိုသည်မှာ ကုန်သွယ်ရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တစ်ခုခုတွင် အလုပ်လုပ်ကိုင်ရန် အလုပ်ရှင်နှင့် သဘောတူညီချက်ပြုလုပ်၍ ကာယအား၊ ဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ်ကို လုပ်ကိုင်၍ ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေ ရရှိသော အလုပ်သင်များနှင့်ပညာသင်များ၊ စာရေးနှင့် ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပ အလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေး အစောင့်ဝန်ထမ်းများနှင့် သန့်ရှင်းရေး မွမ်းမံပြုပြင်ရေး အလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် အောက်ပါ အလုပ်သမားများနှင့် ဝန်ထမ်းများမပါဝင်-

(၁) အလုပ်ရှင်အပေါ် မှီခို၍ အတူနေပြီး အလုပ်ရှင်၏ အလုပ်ကို လုပ်ကိုင်နေသည့် အလုပ်ရှင်၏ မိသားစုဝင်ဖြစ်သော လင်၊ ခင်ပွန်း၊ သားသမီး၊ မိဘနှင့်ညီအစ်ကို မောင်နှမအရင်းများ၊

(၂) နိုင်ငံ့ဝန်ထမ်းများ၊

(၃) ပင်လယ်ကူးသင်္ဘောသားများ။

(ခ) **အလုပ်ရှင်** ဆိုသည်မှာ ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ် လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တစ်ခုခုတွင် သတ်မှတ်ထားသော အရေအတွက်အောက် မလျော့သော အလုပ်သမားများအား သဘောတူညီချက်ဖြင့် အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည်-

(၁) အလုပ်ရှင်၏စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊

(၂) အလုပ်ရှင်ကိုယ်စားအလုပ်သမားအားစီမံအုပ်ချုပ်ရန်တာဝန်ရှိသူသို့မဟုတ်အခကြေးငွေပေးရန်တာဝန်ရှိသူ၊

(၃) အလုပ်ရှင်သေဆုံးသည့်အခါ အမွေဆက်ခံသူ၊ အလုပ်ရှင်အနေဖြင့် ဆက်ခံသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်၊

(၄) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်တစ်ဦးချင်းသည် လည်းကောင်း၊ အစုစပ်အားလုံးသည် လည်းကောင်း၊ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် အစုစပ်လုပ်ငန်းက လွှဲအပ်ခြင်း ခံရသူသည်လည်းကောင်း အလုပ်ရှင်ဖြစ်သည်၊

(၅) မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်သော ကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့ သို့မဟုတ် ဒါရိုက်တာ အဖွဲ့ဝင်များသည် လည်းကောင်း၊ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် ကုမ္ပဏီက ဥပဒေနှင့်အညီ လွှဲအပ်ခြင်းခံရသူ၊

(၆) သမဝါယမအသင်း ဥပဒေအရ တည်ထောင်သော အသင်းဖြစ်ပါက သမဝါယမအသင်း အမှုဆောင်အဖွဲ့ သို့မဟုတ် ဒါရိုက်တာ အဖွဲ့ဝင်များ။

(ဂ) **ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်း** ဆိုသည်မှာ အမျိုးသားကော်မတီက ဤဥပဒေ ပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ကုန်သွယ်ရောင်းဝယ်ရေး၊ ကုန်ထုတ်

လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းနှင့် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်း တစ်ခုခုကို သော်လည်းကောင်း၊ ဝန်ဆောင်မှု လုပ်ငန်းတစ်ခုခုကို သော်လည်းကောင်း၊ ယင်းလုပ်ငန်းများနှင့် ဆက်နွယ်သော သတ်မှတ်သည့် လုပ်ငန်းတစ်ခုခုကို သော်လည်းကောင်း ဆိုသည်။

(ဃ) **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ အမျိုးသား ကော်မတီက ဤဥပဒေ ပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်မြေနှင့် မြေလွတ် မြေရိုင်းတစ်ခုခုတွင် ထွန်ယက်ခြင်း၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပျိုးထောင်ခြင်း၊ ပြုစုခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် စိုက်ပျိုးရေး ထွက်ကုန် ကောက်ပဲသီးနှံများ

ကိရိတ်သိမ်းခြင်း၊ ခူးဆွတ်ခြင်းလုပ်ငန်းကို သော်လည်းကောင်း၊ ကြက်၊ ဘဲ၊ ငုံး၊ ငှက်နှင့် ပျားအပါအဝင် ခြံမွေး၊ အိမ်မွေး တိရစ္ဆာန် မွေးမြူခြင်း လုပ်ငန်း၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ အပါအဝင် တိရစ္ဆာန် မွေးမြူခြင်းလုပ်ငန်း၊ ငါးနှင့်ရေသတ္တဝါ မွေးမြူခြင်း လုပ်ငန်းကိုသော်လည်းကောင်း၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်း တစ်ခုခုနှင့်ဆက်စပ်၍ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကို သော်လည်းကောင်း ဆိုသည်။

(င) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည် လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တ ကောင်းမွန်သဖြင့် အလုပ်ရှင်မှအပိုပေးသည့် ဆုကြေး ငွေများသည် လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည် လည်းကောင်းပါဝင်သည်၊ သို့ရာတွင် အောက်ပါ ငွေကြေးများ မပါဝင်-

(၁) ခရီးစရိတ်များ၊

(၂) ပင်စင်လစာနှင့်အငြိမ်းစားလုပ်သက်ဆုငွေ၊

(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကြေးများ၊

(၄) နေထိုင်ခနှင့်စားသောက်စရိတ်များ၊မီး၊ရေဖိုးနှင့်အခွန်အခများ၊

(၅) ဆေးကုသစရိတ်နှင့်အပန်းဖြေခများ၊

(၆) အလုပ်ထုတ်နစ်နာကြေးနှင့်ကရုဏာကြေးများ၊

(၇) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဤဥပဒေပါ အခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားအခကြေးငွေများ။

(စ) **အဖွဲ့အစည်း** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အလုပ်သမား အဖွဲ့အစည်းသို့မဟုတ်အလုပ်ရှင်အဖွဲ့အစည်းကိုဆိုသည်၊

(ဆ) **အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များ** ဆိုသည်မှာ အလုပ်သမား အဖွဲ့အစည်းနှင့် အလုပ်ရှင်အဖွဲ့အစည်းများအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုသော် လည်းကောင်း၊ အလုပ်သမား အဖွဲ့အစည်း မရှိသေးပါက အလုပ်သမားများအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကို သော်လည်းကောင်း၊ အလုပ်ရှင်အဖွဲ့အစည်း မရှိသေးပါက အလုပ်ရှင်များအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကို သော်လည်းကောင်း ဆိုသည်။

(ဇ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရ ကိုယ်စားလှယ်၊ အလုပ်ရှင် ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များ သုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းသည့် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီကို ဆိုသည်၊

(ဈ) **ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုနယ်မြေ ကော်မတီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဖွဲ့စည်းသော အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီကို ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကိုဆိုသည်၊

(ဋ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်၊

(ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် စပ်လျဉ်း၍ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ် လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုသော်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို သော်လည်းကောင်း စစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်း ခံရသည့် အရာရှိတစ်ဦးဦးကို ဆိုသည်၊

## အခန်း(၂)
## အမျိုးသားကော်မတီဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်သမ္မတသည်-

(က) အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမား အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်ရှင် အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ကိုယ်စားလှယ်များ၊ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်း ကျွမ်းကျင်သူ မှတစ်ဆင့် ဆောင်ရွက်မည့် အခြားပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသားကော်မတီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရဖွဲ့စည်းသော အမျိုးသားကော်မတီ၏ သက်တမ်းသည် သုံးနှစ်ဖြစ်ပြီး ယင်းသက်တမ်းအတွင်း လိုအပ်ပါက အဖွဲ့ဝင်များကို အစားထိုး ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ အမျိုးသားကော်မတီကိုဖွဲ့စည်းရာ၌-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အလုပ်သမားရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ကူးသန်း ရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်း၊ လူမှုရေးတို့နှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဖြစ်ရမည်။

(ခ) အလုပ်သမားနှင့် အလုပ်ရှင်တို့၏ကိုယ်စားလှယ်များသည်-

(၁) သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကျိုးကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးကိုသော် လည်းကောင်း သယ်ပိုးလိုသူများ ဖြစ်ရမည်။

(၂) သတ်မှတ်ချက်နှင့်အညီ ဦးရေ တူညီရမည့်အပြင် ယင်းကိုယ်စားလှယ်များ၏ ဆန္ဒထုတ်ဖော်ရာတွင်လည်း အခွင့်အရေး တူညီရမည်။

(ဂ) အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သည့် အခြား ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသူသည် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိ၍ အလုပ်သမားနှင့် အလုပ်ရှင်တို့ အကြား မျှတစွာ ဆောင်ရွက်တတ်သူ ဖြစ်ရမည်၊

## အခန်း(၃)
## အမျိုးသားကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အမျိုးသားကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် အခြေခံသင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့် မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့်ပြည်နယ ကော်မတီများအား လမ်းညွှန်ခြင်း၊

(ဃ) အနည်းဆုံး အခကြေးငွေသတ်မှတ်ရာတွင် အခြေခံသင့်သည့် အချက်များနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများ ကောက်ယူ၍ စိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့် အစီအစဉ်များ ချမှတ်ခြင်း၊

(င) အနည်းဆုံး အခကြေးငွေကို နိုင်ငံတစ်ခုလုံးအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက် သော်လည်းကောင်း၊ ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက် သော်လည်းကောင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီများ၏အကြံပြုချက်များကိုလေ့လာစိစစ်ပြီးဤဥပဒေအခန်း

(၆) ပါပြဋ္ဌာန်းချက်များနှင့်အညီသတ်မှတ်သင့်သည့် အဆိုပြု အနည်းဆုံး အခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို သတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း၊

(စ) ပုဒ်မခွဲ(င)အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့် အဆိုပြု အနည်းဆုံး အခကြေးငွေ နှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန် တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုအတွက် အခကြေးငွေနှုန်းထားကို လုပ်ငန်းခွင် ဘေးအန္တရာယ်ရှိနိုင်မှု အလားအလာ အပေါ် လေ့လာစိစစ်ပြီး ထည့်သွင်း ဖော်ပြခြင်း၊

(ဆ) အမျိုးသား ကော်မတီ၏ အဆိုပြု အနည်းဆုံး အခကြေးငွေ နှုန်းထားအပေါ် ကန့်ကွက်ချက်ရှိခဲ့လျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီး ပြန်လည်တင်ပြသည့် အနည်းဆုံး အခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် စိစစ်၍သတ်မှတ်သင့်သော အနည်းဆုံး အခကြေးငွေ နှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေနှုန်းထားကို ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက် သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ် ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကြေညာခြင်း၊

(ဈ) အနည်းဆုံး အခကြေးငွေသတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သော

) လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ည) အမျိုးသား ကော်မတီ၏ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို

သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

( ဋ ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

## အခန်း(၄)

## လုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း

၆။ အမျိုးသားကော်မတီသည် ဤဥပဒေပါ အနည်းဆုံးအခကြေးငွေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ် လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးအတွက် ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက် ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ ထို့အပြင် အဆိုပါ လုပ်ငန်းများကို ပြောင်းလဲလာသော အခြေအနေနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း(၅)

## အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အခြေခံရမည့်အချက်များ

၇။ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့်ပြည်နယ် ကော်မတီများက လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုရာတွင် လည်းကောင်း၊ အမျိုးသားကော်မတီက အနည်းဆုံး အခကြေးငွေ သတ်မှတ်ရာတွင် လည်းကောင်း အောက်ဖော်ပြပါအချက်များကို အခြေခံရမည်-

(က) အလုပ်သမားများနှင့်ယင်းတို့၏မိသားစုလိုအပ်ချက်များ၊

( ခ ) လက်ရှိလုပ်ခများ၊

( ဂ ) လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊

(ဃ) စားဝတ်နေရေး ကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်တို့၏ ပြောင်းလဲချက်များ၊

( င ) ထိုက်လျော်ညီထွေမှု ရှိမည့် လူနေမှုဘဝအဆင့်အတန်း၊

( စ ) နိုင်ငံတော်၏ စီးပွားရေးနှင့်ကုန်ထုတ်စွမ်းအား တိုးတက်ရေး လိုအပ်ချက်များနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ၊

(ဆ) နိုင်ငံတော်၏စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးနှင့်တစ်ဦးချင်းဝင်ငွေ၊

( ဇ ) ကျန်းမာရေးကို ထိခိုက်စေနိုင်သော အသက်အန္တရာယ်ဖြစ်စေနိုင်သော အလုပ်၊ လုပ်ငန်းခွင်၏ သဘောသဘာဝ၊

( ဈ ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော အခြားအချက်များ။

## အခန်း(၆)

## အနည်းဆုံး အခကြေးငွေ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း

၈။ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီတို့သည် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အခြေခံသင့်သည့် အချက်များနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကို လေ့လာပြီး သတ်မှတ်သင့်သည့် နှုန်းထားများကို အမျိုးသားကော်မတီသို့ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကြံပြုချက်များ တင်ပြရမည်။

၉။ အထူးစီးပွားရေးဇုန်များရှိ အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍-

(က) သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အထူးစီးပွားရေးဇုန် အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား အလိုက် အလုပ်သမားနှင့် ဝန်ထမ်းတို့အတွက် သတ်မှတ်သင့်သည့် အဆိုပြု အနည်းဆုံး အခကြေးငွေနှုန်းထားများကို အမျိုးသား ကော်မတီသို့ တင်ပြရမည်၊

( ခ ) ပုဒ်မခွဲ(က)အရ တင်ပြချက်အပေါ် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေး အတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီက သတ်မှတ်ပေးရမည်။

၁၀။ အမျိုးသားကော်မတီသည်-

(က) ပုဒ်မ ၈ နှင့်ပုဒ်မ ၉ တို့အရ အကြံပြုချက်အပေါ် စဉ်းစား သုံးသပ်ပြီးနောက် အနည်းဆုံး အခကြေးငွေ သတ်မှတ်သည့် အဆိုပြု အမိန့်ကြော်ငြာစာကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ နိုင်ငံတော် ပြန်တမ်းနှင့်သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ကြေညာရေးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများအား အသိပေးအကြောင်းကြားရေး တို့အတွက် ဦးစီးဌာနကို တာဝန် ပေးရမည်၊

( ခ ) အဆိုပြု အနည်းဆုံး အခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်မရှိလျှင်

ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ အနည်းဆုံး အခကြေးငွေ နှုန်းထားကို သတ်မှတ်ရမည်။

( ဂ ) အကယ်၍ အဆိုပြု အနည်းဆုံးအခကြေးငွေ နှုန်းထားအပေါ် ကန့်ကွက်ချက်ရှိသည့်ကိစ္စတွင် ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီအား ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ညှိနှိုင်းစေပြီး အဆိုပြုနှုန်းထားကို ပြန်လည်တင်ပြစေရမည်၊

(ဃ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ ပုဒ်မခွဲ (ဂ) အရထပ်မံ အဆိုပြုတင်ပြသည့် အနည်းဆုံး အခကြေးငွေနှုန်းထားထဲ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံး အခကြေးငွေနှုန်းထားကို ဆုံးဖြတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏

အတည်ပြုချက်ရယူ၍ အနည်းဆုံး အခကြေးငွေနှုန်းထားကို သတ်မှတ်ရမည်။

(င) ပုဒ်မခွဲ (ခ) သို့မဟုတ် (ဃ) အရသတ်မှတ်သော အနည်းဆုံး အခကြေးငွေနှုန်းထားကိုပုဒ်မခွဲ (က)နှင့်အညီအများပြည်သူ သိရှိရန်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိရန် ထုတ်ပြန်ကြေညာရေးနှင့် အသိပေးအကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။

၁၁။ ပုဒ်မ ၉ နှင့် ၁၀ တို့အရ အမျိုးသား ကော်မတီက သတ်မှတ်သော အနည်းဆုံး အခကြေးငွေနှုန်းထားကို ကျေနပ်မှုမရှိသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်၍ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

## အခန်း(၇)
## အလုပ်ရှင်၏တာဝန်များ

၁၂။ အလုပ်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက် လျော့နည်း၍ အလုပ်သမားအား အခကြေးငွေပေးခြင်း မပြုရ။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် ပို၍ပေးနိုင်သည်။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာတွင် အနည်းဆုံး အခကြေးငွေမှ နုတ်ယူခွင့်ရှိသည်ဟု သတ်မှတ်ထားသော အခကြေးငွေမှအပ အခြားအခကြေးငွေကို နုတ်ယူခွင့်မရှိစေရ။

(ဃ) ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား အနည်းဆုံး အခကြေးငွေကို ငွေသားဖြင့်ပေးရမည်။ ထို့ပြင် သီးခြား အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဆန္ဒအရ ငွေသားတချို့ တစ်ဝက်နှင့် ဒေသ ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ ပေးနိုင်သည်။

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား အနည်းဆုံး အခကြေးငွေပေးရာတွင် ဒေသဓလေ့ ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်း သဘောတူညီချက်အရ ဖြစ်စေ၊ ငွေသားတချို့တစ်ဝက်နှင့် ဒေသ ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ ပေးနိုင်သည်။ ထိုသို့ပေးခြင်းသည် အလုပ်သမားနှင့် ယင်း၏ မိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးသည့်တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

၁၃။ အလုပ်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားများ အနက် လုပ်ငန်းနှင့်သက်ဆိုင်သော အနည်းဆုံး အခကြေးငွေ နှုန်းထားများကို အလုပ်သမားများအား အသိပေးရမည့်အပြင် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာ အလုပ်သမားများ မြင်နိုင်စေရန် ကြေညာထားရမည်၊

(ခ) အလုပ်သမားများ၏ စာရင်း၊ ဇယားနှင့်စာတမ်း အမှတ်အသားများ၊ အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာ မှတ်တမ်းပြုစုထားရှိရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရပြုစုထားရှိသော စာရင်း ဇယားနှင့် စာတမ်းအမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ဦးစီးဌာနသို့ အစီရင်ခံရမည်။

(ဃ) စစ်ဆေးရေးအရာရှိက စစ်ဆေးရန်ဆင့်ဆိုသည့်အခါ သွားရောက် အစစ်ဆေးခံရမည်။ ထို့ပြင် အဆိုပါ စာရင်းနှင့်မှတ်တမ်းများကို တောင်းခံသည့်အခါ တင်ပြရမည်။

(င) ကုန်သွယ်ရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့ စစ်ဆေးရေး အရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သော အကူအညီများ ပေးရမည်။

(စ) အလုပ်သမားများ ဖျားနာ၍ အလုပ်မလုပ်ကိုင်နိုင်သည့်အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ်နားခွင့်ပေးရမည်။

(ဆ) အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘနာရေး ကိစ္စဖြစ်သည့်အခါ အနည်းဆုံး အခကြေးငွေမှဖြတ်တောက်ခြင်း မပြုဘဲ သတ်မှတ်ချက်များနှင့်အညီ အလုပ်နားခွင့်ပေးရမည်။

## အခန်း(၈)
## အနည်းဆုံးအခကြေးငွေနှင့်စပ်လျဉ်း၍အလုပ်သမားများ၏အခွင့်အရေးများ

၁၄။ ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုတွင် အလုပ်လုပ်နေသော အလုပ်သမားသည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေကို သော်လည်းကောင်း၊ ထိုအခကြေးငွေထက် အလုပ်ရှင်က ပို၍ပေးပါက ပိုပေးသည့် အခကြေးငွေကိုသော်လည်းကောင်း ရထိုက်ခွင့်ရှိသည်။

(ခ) ဤဥပဒေအာဏာ မတည်မီက ရရှိနေသော အခကြေးငွေသည် ဤဥပဒေအရ သတ်မှတ်သော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို ဆက်လက်ခံစားခွင့် ရှိသည်။

(ဂ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ပါ အနည်းဆုံးအခကြေးငွေမှာ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းနေပါက ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေကို ရထိုက်ခွင့်ရှိသည်။

(ဃ) အလုပ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အလုပ်ကို လုပ်ကိုင်သည့်အခါ လုပ်ကိုင်သော အလုပ်အသီးသီးအတွက် သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် မနည်းစေဘဲ ခံစားခွင့်ရှိသည်။

(င) အချိန်ပိုင်း၊ နာရီပိုင်း အလုပ်တွင် အလုပ်လုပ်သည့် အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံး အခကြေးငွေကို ခံစားခွင့်ရှိစေရမည်၊

(စ) လစား အလုပ်အတွက် ရက်သတ္တတစ်ပတ်လျှင် တစ်ရက်နားခွင့်ရှိပြီး ထိုနားရက်အတွက် အခကြေးငွေ ရထိုက်ခွင့်ရှိသည်၊ အကယ်၍ ထိုနားရက်တွင် အလုပ်လုပ်ရပါက တည်ဆဲဥပဒေနှင့်အညီ အချိန်ပို လုပ်ခ ရထိုက်ခွင့်ရှိသည်၊

(ဆ) နေ့စားအလုပ်တွင် သတ်မှတ်ထားသည့် တစ်နေ့အလုပ်ချိန် နာရီထက် လျော့၍ အလုပ်လုပ်ခြင်းမှာ အလုပ်သမား၏ ဆန္ဒအရမဟုတ်လျှင် သော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်မပေးနိုင်၍ အလုပ်နားရလျှင် သော်လည်းကောင်း အချိန်ပြည့်အလုပ်လုပ် ဘိသကဲ့သို့ အခကြေးငွေ ရထိုက်ခွင့်ရှိသည်၊

(ဇ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ခံစားခွင့်ရှိစေရမည်၊

(ဈ) ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံး အခကြေးငွေကို ငွေသားဖြင့် ရထိုက်ခွင့်ရှိသည်၊ ထို့ပြင် သီးခြား အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမားများ၏ ဆန္ဒအ ရငွေသားတစ်ချို့တစ်စက်နှင့် ဒေသ ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတစ်ချို့တစ်ဝက် တွဲဖက်၍ ဖြစ်စေ ရထိုက်ခွင့်ရှိသည်၊

(ည) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံး အခကြေးငွေကို ဒေသဓလေ့ ထုံးတမ်းအရ ဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စပေါင်း သဘောတူညီချက်အရဖြစ်စေ၊ ငွေသားတချို့တစ်ပက်နှင့် ဒေသ ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ အလုပ်သမားနှင့် ၎င်း၏မိသားစုအတွက် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်၊

၁၅။ ပုဒ်မ ၁၄ အရအခကြေးငွေနှင့်အခြားခံစားခွင့်များရထိုက်ခွင့်ရှိသောအလုပ်သမားသည်-

(က) ရထိုက်ခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့်အားလုံးကို မရရှိလျှင် သော်လည်းကောင်း၊ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေအောက် လျော့နည်း၍ ရရှိလျှင်သော်လည်းကောင်း၊ အဆိုပါ နစ်နာသော အခကြေးငွေနှင့် အခြားခံစားခွင့်များ ရရှိရေးအတွက် ရထိုက်ခွင့်ရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီနှင့် ဦးစီးဌာနသို့ တင်ပြနိုင်သည်၊

(ခ) ရထိုက်ခွင့်ရှိသော အခကြေးငွေအားလုံးအတွက် တရားမကြောင်း အရ တရားစွဲဆိုနိုင်သည်၊

၁၆။ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့် အခြား ခံစားခွင့်များကို အလုပ်သမား အားပေးရန် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ ထိုအနည်းဆုံး အခကြေးငွေထက် လျော့နည်း၍ အလုပ်သမားအားပေးခြင်းကြောင့် သော်လည်းကောင်း အလုပ်ရှင်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီးနောက် ပေးရန် ပျက်ကွက်သော အခကြေးငွေနှင့် အခြားခံစားခွင့်ကို ဒဏ်ငွေအဖြစ် သက်ဆိုင်ရာ အလုပ်သမားအား ပေးရန်အမိန့်ချမှတ်စေကာမူ ပုဒ်မ ၁၄ အရ ထိုအလုပ်သမားသည် ခံစားခွင့်ရှိသော အခကြေးငွေနှင့်အခြားခံစားခွင့် အပြည့်အဝ မရရှိပါက ထိုအခကြေးငွေနှင့် ခံစားခွင့်များအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံခွင့်ကို ထိခိုက်ခြင်းမရှိစေရ၊

## အခန်း(၉)

## စစ်ဆေးရေးအရာရှိများအားတာဝန်ပေးအပ်ခြင်း၊စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၁၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လည်းကောင်း စစ်ဆေးရန်အလို့ငှာ သက်ဆိုင်ရာ ဦးစီးဌာနမှ အရာရှိများအား စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးရမည်၊

၁၈။ စစ်ဆေးရေးအရာရှိသည်-

(က) အလုပ်ရှင်က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကိုလည်းကောင်း၊ အလုပ်သမားများဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်း အမှတ်အသားများ၊ အခကြေးငွေများကို မှန်ကန်စွာ မှတ်တမ်းပြုစုထားခြင်း ရှိ၊ မရှိ ကိုလည်းကောင်း၊ အဆိုပါ စာရင်း၊ ဇယားနှင့် စာတမ်း အမှတ်အသား များကို ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံ တင်ပြခြင်း ရှိ၊ မရှိ ကိုလည်းကောင်း သက်ဆိုင်ရာ ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းခွင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းခွင်များသို့ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်၊

(ခ) ဦးစီးဌာန၏ တာဝန်ပေးအပ်ချက်အရ သက်ဆိုင်သည့် ပုဂ္ဂိုလ်များအား ဆင့်ဆိုခြင်း၊ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ စာရင်း၊ ဇယားနှင့်စာတမ်း အမှတ်အသားများကို တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်းတို့ပြုနိုင်သည်၊

(ဂ) အလုပ်ရှင်ထံတွင် ပြင်ပအလုပ်သမားများရှိပါက ထိုပြင်ပ အလုပ်သမား များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ၎င်းတို့၏ အမည်နှင့် နေရပ်လိပ်စာများကို စစ်ဆေးခွင့်၊ လုပ်ငန်းခွင်ပြင်ပ အလုပ်သမားများ၏ စာရင်းနှင့်အခကြေးငွေဆိုင်ရာ စာရင်းဇယား မှတ်တမ်းများကို တောင်းခံခွင့်၊ မိတ္တူကူးခွင့်ရှိသည်၊

(ဃ) စစ်ဆေးခြင်း ကိစ္စနှင့်စပ်လျဉ်း၍ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်ရှင်က အထောက်အထားကို တောင်းဆိုပါက သက်ဆိုင်ရာ ဦးစီးဌာနက ထုတ်ပေးထားသည့် ဝန်ထမ်း စိစစ်ရေး

သက်သေခံလက်မှတ်ကို ပြသရမည်၊

(င) ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့အရ စစ်ဆေးတွေ့ရှိချက်နှင့် တောင်းခံသည့် အထောက်အထား စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

၁၉။ ဦးစီးဌာနသည် ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ ပေးဆောင်ရန် ပျက်ကွက်သည့် အလုပ်ရှင်ထံမှလည်းကောင်း၊ အနည်းဆုံး အခကြေးငွေ ပေးဆောင်ရန် ကျန်ရှိသော အလုပ်ရှင်ထံမှလည်းကောင်း အလုပ်သမားက ရရန်ရှိသော အခကြေးငွေများကို ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြ၍ ထိုကော်မတီ၏ ဆုံးဖြတ်ချက်အရ တောင်းခံပြီး ပေးရမည်။

၂၀။ ဦးစီးဌာနသည် ပုဒ်မ ၁၉ အရ တောင်းခံသော်လည်း သတ်မှတ်ပေးသော အချိန်အတွင်း အလုပ်ရှင်က အနည်းဆုံးအခကြေးငွေ ပေးရန် ပျက်ကွက်လျှင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သဘောတူညီချက်ဖြင့် ထိုအလုပ်ရှင်အား သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိ တစ်ဦးဦးအား တာဝန်ပေးရမည်။

၂၁။ စစ်ဆေးရေး အရာရှိများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သူအား ဦးစီးဌာန၏ ညွှန်ကြားချက်နှင့် တာဝန်ပေးအပ်ချက်တို့အရ တရားစွဲဆိုနိုင်သည်။

## အခန်း (၁၀)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၂၂။ မည်သည့်အလုပ်ရှင်မျှ-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေကို အလုပ်သမား အားပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ပုဒ်မ ၁၄ အရ အလုပ်သမား ရထိုက်ခွင့်ရှိသော အနည်းဆုံး အခကြေးငွေနှင့် အခြားခံစားခွင့်များအောက် လျှော့နည်း၍ အလုပ်သမားအားပေးခြင်း မပြုရ၊

(ဂ) အလုပ်သမားများ၏ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေ စာရင်းများနှင့် စပ်လျဉ်း၍-

(၁) မမှန်မကန် ရေးသွင်းခြင်း၊ လိမ်လည်၍ မှတ်တမ်းပြုစုခြင်း သို့မဟုတ် မမှန်မကန် လိမ်လည်၍ အစီရင်ခံခြင်း မပြုရ၊

(၂) သက်ဆိုင်ရာ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံ တင်ပြရန် ပျက်ကွက်ခြင်း မရှိစေရ၊

(၃) စစ်ဆေးရေးအရာရှိက တောင်းခံသည့်အခါ တင်ပြရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဃ) စစ်ဆေးရေးအရာရှိကဆင့်ဆိုလျှင်သွားရောက်စစ်ဆေးခံရန်ခိုင်လုံသောအကြောင်းမရှိဘဲပျက်ကွက်ခြင်းမရှိစေရ၊

(င) တာဝန်အရ လာရောက်စစ်ဆေးသော စစ်ဆေးရေးအရာရှိအား ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ၊

၂၃။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ မည်သည့်အလုပ်ရှင်မျှ-

(က) အနည်းဆုံး အခကြေးငွေအမိန့်ကြော်ငြာစာပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ၊

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားများ အနက်မှ မိမိ၏ အလုပ်သမားများနှင့် သက်ဆိုင်သော အနည်းဆုံး အခကြေးငွေ နှုန်းထားများနှင့်စပ်လျဉ်း၍ အလုပ်သမားများအား အသိပေးပြီး လုပ်ငန်းဌာနနှင့် လုပ်ငန်းခွင်တို့တွင် အလုပ်သမားများ မြင်နိုင်မည့်နေရာ၌ ကြော်ငြာထားရန် ပျက်ကွက်ခြင်းမရှိစေ၊

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၆။ တရားရုံးသည် ပုဒ်မ ၂၃ နှင့် ၂၅ တို့အရ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်သည့်အခါ အလုပ်ရှင်က ပေးဆောင်ရန်ပျက်ကွက်သော အခကြေးငွေကို ငွေဒဏ်အဖြစ် ချမှတ်ပြီး အလုပ်သမားအား ပေးရမည်။

၂၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)
## အထွေထွေ

၂၈။ ဤဥပဒေ အာဏာမတည်မီကဖြစ်စေ၊ ဤဥပဒေအာဏာ တည်ပြီးနောက်ဖြစ်စေ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေအောက် လျှော့နည်း၍ ချုပ်ဆိုထားသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်၊ အလုပ်ခန့်ထားမှုဆိုင်ရာ နတ်ပဋိညာဉ် သို့မဟုတ် သဘောသက်ရောက်သော ပဋိညာဉ်ပါ အခကြေးငွေနှင့် သက်ဆိုင်သမျှ သဘောတူညီချက်သည် ဤဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်စေရမည်။

၂၉။ (က) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်များသည် ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်၊

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့်ပြည်နယ်ကော်မတီ၏

အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၀။ ဤဥပဒေပါလုပ်ငန်းတာဝန်နှင့်စပ်လျဉ်းသည့် အမျိုးသားကော်မတီ၏ ကုန်ကျစရိတ် အဝဝကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၏ ကုန်ကျစရိတ်အဝဝကို နေပြည်တော်ကောင်စီ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ လည်းကောင်း၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ် ကော်မတီ၏ ကုန်ကျစရိတ် အဝဝကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း ကျခံရမည်။

၃၁။ ဝန်ကြီးဌာနသည် အမျိုးသားကော်မတီနှင့်ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်ထောင်စုကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

၃၂။ ဤဥပဒေပါပြစ်မှုများကို ဦးစီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိကသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၃၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီ၏ အဖွဲ့ဝင်များသည် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီဝင် များသည် လည်းကောင်း ဤဥပဒေအရ လိုအပ်၍ သီးခြားတာဝန်ပေးသည့် ပုဂ္ဂိုလ် သို့မဟုတ် အခြားအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များသည်လည်းကောင်း ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေး အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၃၅။ ဦးစီးဌာနသည် အနည်းဆုံး အခကြေးငွေနှင့်စပ်လျဉ်းသည့် အောက်ပါ အချက်အလက် များကို ဝန်ကြီးဌာနသို့ တင်ပြရမည်-

(က) အနည်းဆုံး အခကြေးငွေသတ်မှတ်သည့် ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းပုံ နည်းလမ်းများ၊

(ခ) အနည်းဆုံးအခကြေးငွေနှင့် သက်ဆိုင်သည့် လုပ်ငန်းများနှင့် ခန့်မှန်း အလုပ်သမားဦးရေ၊

(ဂ) သတ်မှတ်ထားသည့် အနည်းဆုံး အခကြေးငွေများ၊

(ဃ) အနည်းဆုံး အခကြေးငွေနှုန်းထားများနှင့် စပ်လျဉ်း၍ အခြား အရေးကြီးသော ကိစ္စများရှိပါက ထိုကိစ္စများ။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင်

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) အမျိုးသားကော်မတီနှင့် စန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၇။ ဤဥပဒေဝတင်အာဏာတည်သည့် နေ့မှစ၍ အောက်ပါအက် ဥပဒေများကို အာဏာတည်ခြင်းမှ ရုပ်စိစေရမည်-

(က) ၁၉၄၉ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆)၊

(ခ) လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ်၄၄)။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း**

**နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေ**

**(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။)**

**၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**

**(၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့** ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ (၁၉၅၀ ပြည့်နှစ် အက်ဥပဒေအမှတ် ၅၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

**၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို၁၉၄၅ **ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေ (The Custodian of Movable Property Act 1945) ကိုဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။)**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄တွင် ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့၌ ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၇တွင်-

(က) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)တွင်ပါရှိသော "Government of India or " ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၁) တွင် ပါရှိသော "The Government of the Union of Burma" ဆိုသည့်စကားရပ်ကို "The Government of the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ဂ) ပုဒ်မခွဲ (c)တွင် ပါရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(စ) တွင် ပါရှိသော "in any of the following towns, namely, the towns of Yangon, Mawlamyine, Pathein and Sittwe, and in any other town which the president of the Union may,by notification in the Gazette, specify in this behalf," ဆိုသည့် စကားရပ်ကို ပယ်ဖျက် ရမည်။

၅။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၉ တင်ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၆၉ ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ် (ဂ)တွင် ပါရှိသော "Situate within the towns of Yangon, Mawlamyine, Pathein, Sittwe or in any other town or area which the president of the Union may, by notification in the Gazette, specify in this behalf" ဆိုသည့် စကားရပ်အစား "Situated in any town of the Republic of the Union of Myanmar ဆိုသည့် စကားရပ်ကို အစားထိုးရမည်၊

၇။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၄ တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ။)

## ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

## နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်း ကိန်းဂဏန်းများ တိကျမှန်ကန်ရေး စသည့် စီးပွားရေး မူဝါဒလေးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှု အဆင့်အတန်းမြင့်မား တိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မျှော်မှန်းချက်များကို ဖော်ပြပါ စီးပွားရေး မူဝါဒများနှင့်အညီ အကောင်အထည် ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာ တည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ် အတွက် အမျိုးသား စီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော တစ်ဖက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်း

အစီအစဉ်များဖြစ်သည်။ ယင်း စီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ် ကာလတို စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါရှိသည်။ ယင်း အမျိုးသားစီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်း စီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း စသည့် စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

( ခ ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

( ဂ ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ဗဟိုအဖွဲ့အစည်း များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၈ . ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

( ခ ) ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂ . ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆ . ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက် ရှိသဖြင့် သစ်တော ကဏ္ဍတွင် ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက ၆ .ခ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၅ . ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍတွင် ၂၄ . ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀ . ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် ၁၃ . ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂၂ . ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၅ .၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅၇ . ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉၂ . ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၇ .၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၅ . ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆ . ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

( ဂ ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃ . ၆ ရာခိုင်နှုန်းမှ ၃၁ .၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၇. ၆ ရာခိုင်နှုန်းမှ ၂၈.စ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၈.၈ ရာခိုင်နှုန်းမှ ၃၉.၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(ဃ) နှစ်အလိုက် ဈေးနှုန်းအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၅.၅ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစား အားဖြင့် ၇၄.၅ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံရန်၊

(င) နှစ်အလိုက် ဈေးနှုန်းအရ ပြည်တွင်းထွက်ကုန်ပစ္စည်းများ၏ ပြည်ပ ပို့ကုန်ကို ကျပ် ၁၀၅၄၀.စ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၁၇၃၀.၂ ဘီလီယံ တင်သွင်းရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (Per capita GPD) မှာ ကျပ် ၈၃၉၇၉၉ မှ ကျပ် ၉၆၂၂၄၀ သို့ဖြစ်ပေါ် လာစေရန်။

**အခန်း(၃)**

အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊(၂)၊(၃)၊(၄)၊(၅) နှင့်(၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ဖြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည် အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း ၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက် ရမည်။

၁၀။ အမျိုးသားစီမံကိန်းအတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးတို့ကို အထောက်အကူ ပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေး လုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်း ရေးဆွဲရမည်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်းရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို

အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ၊ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်း စီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ

## ကဏ္ဍကြီးများအလိုက် အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးရည်မှန်းချက်

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၁၅၃၅၉၉၁၄.၇ | ၃၃.၆ | ၃.၀ | ၁၅၈၆၅၂၉၆.၇ | ၃၁.၈ | ၃.၃ |
| | ၁ | လယ်ယာ | ၁၁၃၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ | ၁၁၆၃၃၁၂၈.၃ | ၂၃.၃ | ၂.၃ |
| | ၂ | သားငါး | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ | ၄၀၈၂၈၄၄.၆ | ၈.၂ | ၆.၇ |
| | ၃ | သစ်တော | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ | ၁၄၉၃၂၃.၈ | ၀.၃ | -၆.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၀၂၆၅၈၈၈၂.၆ | ၂၇.၆ | ၉.၀ | ၁၄၃၃၄၅၇၃.၉ | ၂၈.၈ | ၁၃.၃ |
| | ၁ | ရွှံ့အိုင် | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ | ၇၀၉၉၈.၉ | ၀.၂ | ၅.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ | ၄၁၅၁၂၆.၈ | ၀.၈ | ၂၄.၆ |
| | ၃ | စက်မှုလက်မှု | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ | ၁၀၇၇၈၇၃၆.၅ | ၂၁.၆ | ၁၀.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ | ၅၇၃၈၀၄.၄ | ၁.၂ | ၁၃.၈ |
| | ၅ | ဆောက်လုပ်မှု | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ | ၂၄၉၉၉၀၇.၃ | ၅.၀ | ၂၂.၇ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁၇၇၆၀၃၈၂.၅ | ၃၈.၈ | ၈.၃ | ၁၉၆၆၄၉၄၂.၇ | ၃၉.၄ | ၁၀.၇ |
| | ၁ | ပို့ဆောင်ရေး | ၅၉၀၂၃၅၉.၀ | ၁၂.၉ | ၄.၅ | ၆၂၀၅၈၅၄.၁ | ၁၂.၄ | ၅.၁ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ | ၁၅၄၇၇၂၅.၁ | ၃.၁ | ၅၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ | ၁၀၃၀၇၁.၄ | ၀.၂ | ၉၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ | ၁၁၄၄၂၉၆.၀ | ၂.၃ | ၂၇.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ | ၁၁၁၉၆၇၃.၆ | ၂.၃ | ၁၅.၇ |
| | ၆ | ကုန်သွယ်မှု | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ | ၉၅၄၄၃၂၂.၅ | ၁၉.၁ | ၆.၆ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄ | | အသားတင်ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ | ၄၉၈၆၈၈၁၃.၃ | ၁၀၀.၀ | ၈.၉ |

ပူးတွဲ-၂

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ

ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံသေစျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈၀၁၈၇၉၇.၃** | **၆၁.၂** | **၅.၇** | **၃၀၂၀၃၈၇၀.၆** | **၆၀.၆** | **၇.၈** |
| | ၁ | လယ်ယာ | ၁၁၃၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ | ၁၁၆၃၃၁၂၈.၃ | ၂၃.၃ | ၂.၃ |
| | ၂ | သားငါး | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ | ၄၀၈၂၈၄၄.၆ | ၈.၂ | ၆.၇ |
| | ၃ | သစ်တော | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ | ၁၄၉၃၂၃.၈ | ၀.၃ | -၆.၁ |
| | ၄ | စွမ်းအင် | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ | ၇၀၉၉၈.၉ | ၀.၂ | ၅.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ | ၄၁၅၁၂၆.၈ | ၀.၈ | ၂၄.၆ |
| | ၆ | စက်မှုလက်မှု | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ | ၁၀၇၇၈၇၃၆.၅ | ၂၁.၆ | ၁၀.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ | ၅၇၃၈၀၄.၄ | ၁.၂ | ၁၃.၈ |
| | ၈ | ဆောက်လုပ်မှု | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ | ၂၄၉၉၉၀၇.၃ | ၅.၀ | ၂၂.၇ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၈၀၃၃၃၃.၂** | **၁၉.၂** | **၁၂.၈** | **၁၀၁၂၀၆၂၀.၂** | **၂၀.၃** | **၁၅.၀** |
| | ၁ | ပို့ဆောင်ရေး | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ | ၆၂၀၅၈၅၄.၁ | ၁၂.၄ | ၅.၁ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ | ၁၅၄၇၇၂၅.၁ | ၃.၁ | ၅၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ | ၁၀၃၀၇၁.၄ | ၀၁.၂ | ၉၂.၇ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ | ၁၁၄၄၂၉၆.၀ | ၂.၃ | ၂၇.၈ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ | ၁၁၁၉၆၇၃.၆ | ၂.၃ | ၁၅.၇ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ | ၉၅၄၄၃၂၂.၅ | ၁၉.၁ | ၆.၆ |
| ၄ | | အသားတင်ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ | ၄၉၈၆၈၈၁၃.၃ | ၁၀၀.၀ | ၈.၉ |

ပူးတွဲ-၃

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းအရ

အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံသေဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁၁၄၁၇၂၃.၂ | ၂.၅ | ၅.၇ | ၁၂၃၇၂၂၁.၇ | ၂.၅ | ၈.၄ |
| ၂ | ကယားပြည်နယ် | ၁၆၅၀၂၂.၉ | ၀.၄ | ၄.၄ | ၁၇၈၂၄၈.၀ | ၀.၄ | ၈.၀ |
| ၃ | ကရင်ပြည်နယ် | ၈၀၀၀၇၂.၃ | ၁.၇ | ၈.၀ | ၈၆၉၂၀၃.၈ | ၁.၇ | ၈.၆ |
| ၄ | ချင်းပြည်နယ် | ၁၆၀၄၅၆.၂ | ၀.၃ | ၇.၄ | ၁၇၄၄၉၇.၆ | ၀.၄ | ၈.၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၂၇၅၉၃၄.၉ | ၁၁.၅ | ၈.၂ | ၅၇၇၅၀၈၂.၈ | ၁၁.၆ | ၉.၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၅၈၅၆၄၈.၈ | ၃.၅ | ၆.၉ | ၁၇၀၃၀၄၆.၄ | ၃.၄ | ၇.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၉၅၄၆၀၇.၇ | ၈.၆ | ၆.၈ | ၄၂၉၈၅၇၂.၃ | ၈.၆ | ၈.၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄၄၂၄၉၁၆.၁ | ၉.၆ | ၇.၇ | ၄၇၈၀၆၅၁.၆ | ၉.၆ | ၈.၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅၁၆၈၈၄၆.၃ | ၁၁.၃ | ၆.၇ | ၅၅၂၉၀၀၄.၅ | ၁၁.၁ | ၇.၀ |
| ၁၀ | မွန်ပြည်နယ် | ၁၉၅၆၃၀၅.၀ | ၄.၃ | ၈.၄ | ၂၁၃၃၈၄၆.၃ | ၄.၃ | ၉.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၈၀၂၇၈၄.၅ | ၃.၉ | ၄.၆ | ၁၉၁၄၃၁၈.၈ | ၃.၈ | ၆.၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၂၅၅၅၄၅.၁ | ၂၂.၃ | ၇.၉ | ၁၁၀၇၉၄၅၀.၁ | ၂၂.၂ | ၈.၀ |
| ၁၃ | ရှမ်းပြည်နယ် | ၃၃၂၂၀၈၇.၉ | ၇.၂ | ၆.၁ | ၃၅၂၃၄၀၄.၄ | ၇.၁ | ၆.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၃၅၈၃၀၀.၆ | ၁၁.၇ | ၅.၀ | ၅၆၅၉၆၃၃.၉ | ၁၁.၃ | ၅.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၇၂၉၁၇.၈ | ၁.၂ | ၁၂.၅ | ၁၀၁၂၆၃၁.၁ | ၂.၀ | ၇၆.၇ |

ပူးတွဲ-၄

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ

## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

## (နှစ်အလိုက် ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရ ဖြစ်ပါသည်)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆၅၅၁၅၂၄.၅** | **၁၇၇၂၉၃၁၈.၃** | **၇.၁** |
| | ၁ | လယ်ယာ | ၁၂၃၀၇၁၃၉.၄ | ၁၃၀၅၈၆၄၀.၄ | ၆.၁ |
| | ၂ | သားငါး | ၄၀၇၈၉၇၈.၉ | ၄၅၀၉၅၁၆.၈ | ၁၀.၆ |
| | ၃ | သစ်တော | ၁၆၅၄၀၆.၂ | ၁၆၁၁၆၁.၁ | -၂.၆ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၅၄၉၅၅၁၅.၅** | **၁၉၉၉၉၆၈၄.၆** | **၂၉.၁** |
| | ၁ | စွမ်းအင် | ၁၈၀၀၃၉၇.၈ | ၃၇၆၇၀၉၆.၂ | ၁၀၉.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၄၄၇၀၆.၉ | ၇၀၈၅၁၇.၀ | ၃၀.၁ |
| | ၃ | စက်မှုလက်မှု | ၁၀၃၉၈၈၁၃.၄ | ၁၂၀၉၉၅၀၉.၄ | ၁၆.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၂၂၂၈၀.၅ | ၇၂၈၅၂၄.၇ | ၁၇.၁ |
| | ၅ | ဆောက်လုပ်မှု | ၂၁၂၉၃၁၆.၉ | ၂၆၉၆၀၃၇.၃ | ၂၆.၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၉၁၆၀၅၃၆.၉** | **၂၁၅၁၉၉၅၀.၁** | **၁၂.၃** |
| | ၁ | ပို့ဆောင်ရေး | ၆၄၂၂၆၅၅.၇ | ၆၉၅၅၅၀၄.၁ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၇၆၄၇၀၂.၀ | ၅၆၀၇၂၆.၂ | -၂၆.၇ |

| | | | | | |
|---|---|---|---|---|---|
| | ၃ | ငွေရေးကြေးရေး | ၄၈၇၁၂.၈ | ၇၉၈၆၈.၂ | ၆၄.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၁၃၅၅၆၁၀.၁ | ၅၁.၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၀၂၆၇၇၃.၃ | ၁၂၂၈၆၂၈.၄ | ၁၉.၇ |
| | ၆ | ကုန်သွယ်မှု | ၁၀၀၀၂၆၂၀.၆ | ၁၁၃၃၉၆၁၃.၁ | ၁၃.၄ |
| ၄ | | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၅၁၂၀၇၅၇၆.၉ | ၅၉၂၄၈၅၁၃.၀ | ၁၅.၇ |

ပူးတွဲ-၅

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ

## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက် ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရ ဖြစ်ပါသည်)

တန်ဖိုး-ကျပ်သန်း

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | ၃၂၀၄၇၀၄၀.၀ | ၃၇၇၂၉၀၀၂.၉ | ၁၇.၇ |
| | ၁ | လယ်ယာ | ၁၂၃၀၇၁၃၉.၄ | ၁၃၀၅၈၆၄၀.၄ | ၆.၁ |
| | ၂ | သားငါး | ၄၀၇၈၉၇၈.၉ | ၄၅၀၉၅၁၆.၈ | ၁၀.၆ |
| | ၃ | သစ်တော | ၁၆၅၄၀၆.၂ | ၁၆၁၁၆၁.၁ | -၂.၆ |
| | ၄ | စွမ်းအင် | ၁၈၀၀၃၉၇.၈ | ၃၇၆၇၀၉၆.၂ | ၁၀၉.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၄၄၇၀၆.၉ | ၇၀၈၅၁၇.၀ | ၃၀.၁ |
| | ၆ | စက်မှုလက်မှု | ၁၀၃၉၈၈၁၃.၄ | ၁၂၀၉၉၅၀၉.၄ | ၁၆.၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၂၂၂၈၀.၅ | ၇၂၈၅၂၄.၇ | ၁၇.၁ |
| | ၈ | ဆောက်လုပ်မှု | ၂၁၂၉၃၁၆.၉ | ၂၆၉၆၀၃၇.၃ | ၂၆.၆ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | ၉၁၅၇၉၁၅.၃ | ၁၀၁၈၀၃၃၇.၀ | ၁၀.၂ |
| | ၁ | ပို့ဆောင်ရေး | ၆၄၂၂၆၅.၇ | ၆၉၅၅၀၄.၁ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၇၆၄၇၀၂.၀ | ၅၆၀၇၂၆.၂ | -၂၆.၇ |
| | ၃ | ငွေရေးကြေးရေး | ၄၈၇၁၂.၈ | ၇၉၈၆၈.၂ | ၆၄.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၁၃၅၅၆၁၀.၁ | ၅၁.၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၀၂၆၇၇၃.၃ | ၁၂၂၈၆၂၈.၄ | ၁၉.၇ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | ၁၀၀၀၂၆၂၀.၆ | ၁၁၃၃၉၆၁၃.၁ | ၁၃.၄ |

| | | | | | |
|---|---|---|---|---|---|
| ၄ | | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၅၁၂၀၇၅၇၆.၉ | ၅၉၂၄၈၉၅၃.၀ | ၁၅.၇ |

ပူးတွဲ-၆

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၄၂၃၈၄၅၁.၅* | ၂၇.၃ | ၄၉၂၈၈၂၄.၀* | ၂၅.၅ |
| ၂ | သမဝါယမပိုင် | ၁၅၄၆.၉ | ၀.၀၁ | ၁၆၇၃.၇ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၁၂၆၀၇၁၂.၁ | ၇၂.၇ | ၁၄၄၁၂၁၆၇.၇ | ၇၄.၅ |
| | စုစုပေါင်း | ၁၅၅၀၀၇၁၀.၅ | ၁၀၀.၀ | ၁၉၃၄၂၆၆၅.၄ | ၁၀၀.၀ |

* နိုင်ငံခြားရေးငွေနှင့် ထောက်ပံ့ငွေအပါအဝင် ဖြစ်ပါသည်။

## ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ အသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်

သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံ ခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား(၁)နှင့်(၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြ ခွင့်ပြုထားသောသုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရ အဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့် ငွေသည် ပုဒ်မ ၁၁ တွင် သတ်မှတ်ထားသည့် ငွေထက် မပိုစေရ၊ ထိုသို့ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း တင်ပြချိန်ထက်ကျော်လွန်ပါက ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံ ကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ ထက်တိုး၍ ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေ စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြရှိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကိုအမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ပုဒ်မ ၃ ပုဒ်မခွဲ (ဃ)အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်၍၊ ထိုရန်ပုံငွေတို့မှ အကျိုးခံစားခွင့်များ ပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှလိုအမ်သလို ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများ အရ လိုအပ်သည့် ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ် အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း(၂)

## ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ ရသုံး ခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက် ဖြစ်စေ ပြည်ထောင်စုက တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းဖြင့် လည်းကောင်း ပြည်တွင်းမှ

ဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည်အခါ သင့်သည်ထင်မြင်သည် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၈။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခုအား ပြည်ပမှငွေချေးယူခွင့် ပြုနိုင်သည်။ ပြည်ပမှ ရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်း(၂)ပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကို ဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်း (၂)အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း(၂) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း သုံးဆယ့် ခြောက်သိန်းထက် မပိုစေရ။

## အပိုင်း ၃

## နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ

### အခန်း(၁)

### ရငွေများနှင့် သုံးငွေများ

၁၂။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက် နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများအလိုက် လိုအပ်သည့် သာမန် အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း အသုံးစရိတ်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏

သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံး ရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံး ရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ ငွေချေးယူ သုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပုဒ်မ ၁၂(က) တွင် ပါရှိသည့် သာမန်အသုံးစရိတ်များမှ အပ အခြားသာမန် အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၃။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၄။ (က) ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့်(၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၅)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊

လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၆)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီ သုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်း စီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်၊ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြရှိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်း များကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီ သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် အဖွဲ့အစည်း တစ်ခုအတွင်း လုပ်ငန်းစီမံကိန်း တစ်ခုမှ အခြားလုပ်ငန်း စီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်၊ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြရှိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက် ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အတွက် လိုအပ်သည့် ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်

သို့ ထည့်ဝင်ရမည့်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော် ပိုင်စီးပွားရေး အဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ)ပါ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမပါဝင်စေရ။

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ(စ)ပါ လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း(၃)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၆။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၅)နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၅)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား(၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီ သုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်း တစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာန အဖွဲ့အစည်းတစ်ခုခုမှ အခြားဌာန အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စု

အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၅ ပုဒ်မခွဲ(စ)အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

## အခန်း(၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးစပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဖော်ပြရမည်။

၁၈။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (ဂ)နှင့် (စ)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်

သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့် ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

၁၉။ (က) ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသော ရငွေများနှင့်သုံးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား လုပ်ငန်း လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄

## သီးသန့်ရန်ပုံငွေ

၂၀။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ဇယား(၄) စာတိုင်(၄)တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီ သာလျှင် ဆောင်ရွက်ခွင့် ရှိသည်-

(၁) ကြိုတင် မမျှော်မှန်းနိုင်သော သဘာဝဘေး အန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေ မရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၂။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉)နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၉)နှင့် (၁၀)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေး နိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုး အကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်း လုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြု ချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၂၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆

## နေပြည်တော်ကောင်စီ

၂၅။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်၊ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၆။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၁) တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၂၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁၁) တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများ တင်ပြရှိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂၈။ နေပြည်တော်စည်ပင်သာယာရေး ကော်မတီသည် မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

၂၉။ (က) နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်

ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၂) နှင့်(၁၃) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၏ လုပ်ငန်း အရ လိုအပ်လျှင် ဇယား (၁၂) နှင့် (၁၃) တို့တွင်ဖော်ပြထားသော ငွေများကို ပြောင်းလဲ ပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေ စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုး အကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စု အစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေး ကော်မတီအား လုပ်ငန်း လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော် လည်းကောင်း လိုအပ် သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက် များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုး အစားများကိုသာ ကောက်ခံ နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်
နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရ ငွေ | ထောက်ပံ့ငွေ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၀.၀၀၀ | | | ၀.၁၅၀ | | | | | | ၁၀.၁၅၀ |
| ၃ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂.၀၀၀ | | | | | | | | | ၂.၀၀၀ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄ | ပြည်ထောင်စု တရား လွှတ်တော်ချုပ် | ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၈.၂၅၈ | | | | | | | | | ၈.၂၅၈ |
| ၅ | ပြည်ထောင်စု ရှေ့နေချုပ် | ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စု ရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၀.၆၉၀ | | | | | | | | | ၁၀.၆၉၀ |
| ၆ | ပြည်ထောင်စု စာရင်းစစ်ချုပ် | ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စု စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၃၂.၀၂၂ | | | ၀.၀၀၃ | | | | | | ၃၂.၀၂၅ |
| ၇ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | | | |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈ | ပြည်ထောင်စု ရာထူးဝန်အဖွဲ့ | ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၇,၆၃၀ | | | | | | | | | ၁၇,၆၃၀ |
| ၉ | နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး | နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၈,၁၀၅ | | | | | | | | | ၈,၁၀၅ |
| | ပေါင်း | | | | ၈၀,၆၀၅ | | | ၁ ၁၅၃ | | | | | | ၈၁,၇၅၈ |

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူ ရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၀၃၂၁.၄၁၈ | | ၇၄၇.၈၇၁ | ၂၆၃၆၆.၁၉၈ | | | | | ၃၇၄၃၅.၄၈၇ |
| ၂ | ပြည်ထောင်စု အစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၂၇၇.၃၂၂ | | | ၁၁၄.၄၄၉ | | | | | ၁၃၉၁.၇၇၁ |
| ၃ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၄၀၂၄.၄၄၂ | | | ၄၅၃၃၄.၂၉၀ | | | | | ၅၉၃၅၈.၇၃၂ |
| ၄ | ပြည်ထောင်စု | ပြည်ထောင်စု | ၁၁၉၄.၈၄၃ | | | ၉၉.၀၂၀ | | | | | ၁၂၉၃.၈၆၃ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | တရား လွှတ်တော်ချုပ် | တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | |
| ၅ | ပြည်ထောင်စု ရှေ့နေချုပ် | ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စု ရှေ့နေချုပ်က တာဝန်ပေးသူ | ၁၃၈၅.၂၈၂ | | | ၄၆.၉၉၅ | | | | | ၁၃၅၂.၁၉၇ |
| ၆ | ပြည်ထောင်စု စာရင်းစစ်ချုပ် | ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စု စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၇၈၃.၈၃၁ | | | ၅၅၉.၉၆၄ | | | | | ၂၃၄၂.၉၉၅ |
| ၇ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၂၄၂.၂၈၅ | | | ၉၃၆.၆၃၂ | | | | | ၄၁၈၈.၈၃၇ |
| ၈ | ပြည်ထောင်စု | ပြည်ထောင်စု | ၅၅၅၁.၉၉၂ | | | ၁၉၉၁.၁၈၇ | | | | | ၇၅၄၃.၁၇၉ |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | ရာထူးဝန်အဖွဲ့ | ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | |
| ၉ | နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး | နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၄၅.၇၂၈ | | | ၁၉.၃၆၂ | | | | | ၄၆၅.၀၉၀ |
| | ပေါင်း | | ၃၉၁၄၆.၁၈၃ | | ၇၄၇.၈၇၁ | ၇၅၄၇၀.၂၉၇ | | | | | ၁၁၅၃၇၂.၃၅၁ |

ပြည်တောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန် အကောက် | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အမြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၂၀၀၂၈၀.၂၃၆ | | | | | | | | | | | ၁၂၀၀၂၈၀.၂၃၆ |
| | ၁ | ယစ်မျိုးခွန် | | ၃၄၉.၃၃၅ | | | | | | | | | | | ၃၄၉.၃၃၅ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၁၀၉၁၀၈၂.၂၃၇ | | | | | | | | | | | ၁၀၉၁၀၈၂.၂၃၇ |
| | ၃ | သွင်းကုန်အတွက် လိုင်စင်ခများ | | ၆၀၀၀.၀၀၀ | | | | | | | | | | | ၆၀၀၀.၀၀၀ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၄ | မြန်မာနိုင်ငံ အောင်ဘာလေ သိန်းဆု | | ၁၉၉၈၅.၀၃၄ | | | | | | | | | | | ၁၉၉၈၅.၀၃၄ |
| | ၅ | သယ်ယူ ပို့ဆောင်ရေး အခွန် | | ၅၁၈၆၃.၆၃၀ | | | | | | | | | | | ၅၁၈၆၃.၆၃၀ |
| | ၆ | တံဆိပ်ခေါင်း ရောင်းရငွေများ | | ၃၁၀၀၀.၀၀၀ | | | | | | | | | | | ၃၁၀၀၀.၀၀၀ |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် တွင် ကောက်ခံသည့် အခွန်အကောက် | ရင်း | ၀၂၆၄၉၃၂.၇၂၉ | | | | | | | | | | | ၁၂၆၄၉၃၂.၇၂၉ |
| | ၁ | ဝင်ငွေခွန် | | ၁၂၆၄၉၃၂.၇၂၉ | | | | | | | | | | | ၁၂၆၄၉၃၂.၇၂၉ |
| ၃ | | အကောက်ခွန် | ရင်း | ၀၃၅၀၀၀.၀၀၀ | | | | | | | | | | | ၁၃၅၀၀၀.၀၀၀ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁ | အကောက်ခွန် | | ၁၃၅၀၀၀.၀၀၀ | | | | | | | | | | | ၁၃၅၀၀၀.၀၀၀ |
| ၄ | | နိုင်ငံပိုင် ပစ္စည်းများ အသုံးချသည့် အပေါ် ကောက်ခံသည့် အခွန်အကောက် | ရင်း | ၈၂၅၀.၅၀၆ | | | | | | | | | | | ၈၂၅၀.၅၀၆ |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | | ၁၇၆.၆၈၉ | | | | | | | | | | | ၁၇၆.၆၈၉ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၁၁၀၄.၉၂၃ | | | | | | | | | | | ၁၁၀၄.၉၂၃ |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် | | ၂၂၁၃.၅၄၇ | | | | | | | | | | | ၂၂၁၃.၅၄၇ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အခွန် | | | | | | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်း များ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၄.၈၄၇ | | | | | | | | | | | ၄.၈၄၇ |
| | ၅ | အင်းအိုင်ခွန် | | ၄၇၅၀.၀၀၀ | | | | | | | | | | | ၄၇၅၀.၀၀၀ |
| | ၆ | ကြက်ပေါင်စေး ပေါ်တွင် ကောက်ခံသည့် အခွန် | | ၀.၅၀၀ | | | | | | | | | | | ၀.၅၀၀ |
| ၅ | | ပြည်ထောင်စု၏ စီးပွားရေး အဖွဲ့အစည်း များမှ ရငွေ | ၎င်း | | ၉၄၄၈၉၇.၃၃၃ | | | | | | | | | | ၉၄၄၈၉၇.၃၃၃ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၆ | | ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ စာရင်း ပြင်ပမှ ဆောင်ရွက် သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့ အစည်းများ မှ ရငွေ | ရှင်း | | ၃၈၃၆.၇၂၇ | | | | | | | | | | ၃၈၃၆.၇၂၇ |
| ၇ | | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတ က တာဝန်ပေးသူ | | | ၄၅၄၁. ၃၈၃ | | | ၁၆၀၃ ၈.၅၀၀ | | | | | | ၂၀၅၇၉.၈၈၃ |
| ၈ | | ကာကွယ်ရေး | ရှင်း | | | ၁၂၈၆၁ ၉.၂၅၀ | | | | | | | | | ၁၂၈၆၁၉.၂၅၀ |
| ၉ | | နယ်စပ်ရေးရာ | ရှင်း | | | ၆၃.၅၉ ၇ | | | | ၁၈၇၀၅ .၃၃၆ | | | | | ၁၈၇၆၈.၉၃၃ |
| ၁၀ | | နိုင်ငံခြားရေးရာ | ရှင်း | | | ၈၀၀.၀ ၀၀ | | | | | | | | | ၈၀၀.၀၀၀ |
| ၁၁ | | ပြန်ကြားရေး | ရှင်း | | | ၃၈၂၀. ၀၃၅ | | | | | | | | | ၃၈၂၀.၀၃၅ |
| ၁၂ | | သမ္မတရုံး | ရှင်း | | | | | | | | | | | | |
| ၁၃ | | သာသနာရေး | ရှင်း | | | ၅၂.၃၇ ၀ | | | | | | | | | ၅၂.၃၇၀ |
| ၁၄ | | သမဝါယမ | ရှင်း | | | ၂၅၂.၅ ၈၈ | | | | | | | | | ၂၅၂.၅၈၈ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၂၁၆၈၉.၅၁၉ | | | ၂၅၆.၀၀၀ | ၃၅၅၉၄.၁၁၁ | | ၄၇၉၉.၄၇၈ | | | ၆၂၃၃၉.၁၀၈ |
| ၁၆ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၁၁၂၇.၅၄၃ | | | | | | | | | ၁၁၂၇.၅၄၃ |
| ၁၇ | | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၎င်း | | | ၂၁၀.၀၀၀ | | | | | | | | | ၂၁၀.၀၀၀ |
| ၁၈ | | ပို့ဆောင်ရေး | ၎င်း | | | ၆၉၅၂၉.၃၆၇ | | | | | | ၃၉၉၄.၅၆၀ | | | ၇၃၅၂၃.၉၂၇ |
| ၁၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၁၃၆၅.၀၉၁ | | | | | | | ၂၂.၅၀၀ | | ၁၃၈၇.၅၉၁ |
| ၂၀ | | လျှပ်စစ်စွမ်းအား | ၎င်း | | | ၆၀.၁၀၁ | ၃၅၂၇.၉၀၇ | | | | | ၅၂၃၆၇.၉၁၅ | ၁၂၆၅.၄၉၉ | | ၅၇၂၂၁.၄၂၂ |
| ၂၁ | | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | | | ၁၄၀၀၉.၇၈၀ | | | | ၉၈၀.၉၀၉ | | | | | ၁၄၉၉၀.၆၈၉ |
| ၂၂ | | စွမ်းအင် | ၎င်း | | | ၀.၀၅၇ | | | | | | | | | ၀.၀၅၇ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၃ | | စက်မှု | ရှင်း | | | ၁၃၃၂.၉၆၆ | | | ၁၁၅၅၀.၀၀၀ | ၇၂၀.၀၀၀ | | | | | ၁၃၆၀၂.၉၆၆ |
| ၂၄ | | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ရှင်း | | | ၄၂၅၇.၈၆၂ | | | ၅၆၄၉.၆၃၀ | ၂၂၅၀.၀၀၀ | | | ၂၂၈.၅၀၃ | | ၁၂၃၈၅.၉၉၅ |
| ၂၅ | | အားကစား | ရှင်း | | | ၄၈.၅၂၅ | | | ၀.၂၀၀ | ၅.၀၀၀ | | | | | ၅၃.၇၂၅ |
| ၂၆ | | ပညာရေး | ရှင်း | | | ၁၁၃၀၁.၇၄၈ | | | | ၂၇၄၃.၂၉၉ | | | | | ၁၄၀၄၄.၉၇၇ |
| ၂၇ | | ကျန်းမာရေး | ရှင်း | | | ၁၁၄၄၅.၄၁၃ | | | ၃.၁၀၀ | ၁၁၄၁၅.၉၀၉ | | | | | ၂၂၈၆၄.၄၂၂ |
| ၂၈ | | သတ္တုတွင်း | ရှင်း | | | ၂၃၁၁.၆၀၀ | | | | | | | | | ၂၃၁၁.၆၀၀ |
| ၂၉ | | ယဉ်ကျေးမှု | ရှင်း | | | ၃၂၃၈.၆၄၅ | | | | | | | | | ၃၂၃၈.၆၄၅ |
| ၃၀ | | ဘဏ္ဍာရေးနှင့် အခွန် | ရှင်း | | | ၁၀၀၅၆.၀၅၈ | ၁၃၂၂.၃၃၂ | | | | ၆၆၄၇.၉၇၆ | | | | ၁၈၀၂၆.၃၆၆ |
| ၃၁ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ရှင်း | | | ၈၆၁၇.၁၈၄ | | | ၂၅၀.၄၀၀ | | | | | | ၈၈၆၇.၅၈၄ |
| ၃၂ | | ဆောက်လုပ်ရေး | ရှင်း | | | ၂၁၀၈၂.၄၀၉ | | | ၄၀၀၀.၀၀၀ | ၁၆၀၀.၀၀၀ | | ၆၉၈၇၄.၂ | | | ၉၆၅၅၆.၆၀၉ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | ၀၀ | | | |
| ၃၃ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ရင်း | | | ၅၀.၆၅၅ | | | | | | | | | ၅၀.၆၅၅ |
| ၃၄ | | ရထားပို့ဆောင်ရေး | ရင်း | | | ၅၇၇၃.၉၇၂ | | | | | | | | | ၅၇၇၃.၉၇၂ |
| ၃၅ | | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ရင်း | | | ၃၈.၈၀၀ | | | | | | | | | ၃၈.၈၀၀ |
| ၃၆ | | သိပ္ပံနှင့်နည်းပညာ | ရင်း | | | ၁၉၈၅.၈၃၃ | | | ၅.၀၀၀ | ၁၃၂.၀၀၀ | | | | | ၂၁၂၂.၈၃၃ |
| ၃၇ | | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ရင်း | | | ၂၂၃၆၆.၆၆၀ | | | | | | | | | ၂၂၃၆၆.၆၆၀ |
| ၃၈ | | ပင်စင်လစာငွေများနှင့် ဆုငွေများ | ရင်း | | | ၅.၄၀၀ | | | | | | | | | ၅.၄၀၀ |
| ၃၉ | | ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ | ရင်း | | | | | | | | | | | | |
| | | ပေါင်း | | ၂၆၀၈၄၆၃.၄၇၁ | ၉၄၈၇၃၄.၀၆၀ | ၄၃၂၀၅၄.၄၂၁ | ၄၈၅၀.၂၃၉ | | ၃၇၇၅၂.၈၃၀ | ၇၄၁၄၆.၄၉၄ | ၆၆၄၇.၉၇၆ | ၁၃၁၀၃၆.၁၅၃ | ၁၅၁၆.၅၀၂ | | ၄၁၅၅၂၀၂.၁၄၆ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ရင်းနှီးငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတသို့ မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၁၆၄၆၅၇.၁၅၅ | ၄.၄၅၅ | ၅၃.၁၂၉ | ၇၉၂၃၄.၀၄၇ | | ၃၃.၀၉၁ | | | ၂၄၃၉၈၁.၈၇၇ |
| ၂ | ကာကွယ်ရေး | ၎င်း | ၁၁၇၇၂၄၄.၄၈၆ | ၃၄.၉၁၅ | | ၁၀၆၇၃၆၅.၆၀၃ | | ၁၈၉.၃၉၈ | | | ၂၂၄၄၈၃၄.၄၀၂ |
| ၃ | နယ်စပ်ရေးရာ | ၎င်း | ၁၄၇၂၁.၃၁၂ | ၇၆.၀၈၂ | ၂၇၅၈၂.၉၁၁ | ၂၂၃၀၆၅.၁၉၀ | | ၇၇၉.၀၆၃ | | | ၂၆၆၂၂၄.၅၅၈ |
| ၄ | နိုင်ငံခြားရေး | ၎င်း | ၃၅၅၂၂.၇၄၁ | | ၄၃၉၀.၁၂၀ | ၁၇၄၁၁.၀၉၉ | | | | | ၅၇၃၂၃.၉၆၀ |
| ၅ | ပြန်ကြားရေး | ၎င်း | ၁၄၀၁၄.၈၇၄ | | | ၃၇၂၈၁.၂၉၈ | | | | | ၅၁၂၉၆.၁၇၂ |
| ၆ | သမ္မတရုံး | ၎င်း | | | | | | | | | |
| ၇ | သာသနာရေး | ၎င်း | ၆၂၄၀.၆၄၇ | | ၃၆၈၃.၃၅၇ | ၁၆၁၅.၂၀၀ | | | | | ၁၁၅၃၉.၂၀၄ |
| ၈ | သမဝါယမ | ၎င်း | ၂၄၂၀.၉၀၂ | | | ၁၇၁၅.၁၉၈ | | | | | ၄၁၃၆.၁၁၀ |
| ၉ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၇၉၇၀၄.၀၁၃ | ၁၂၅၂.၅၃၁ | ၇၆.၁၁၈ | ၂၃၂၅၆၅.၆၁၀ | | ၅၆၈၀.၀၅၃ | | | ၄၁၉၂၇၈.၃၂၅ |
| ၁၀ | မွေးမြူရေးနှင့် | ၎င်း | ၄၈၀၆.၉၃၃ | | ၁၀၂.၉၅၅ | ၁၇၉၅.၇၆၅ | | | | | ၆၇၀၅.၆၅၃ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ရေလုပ်ငန်း | | | | | | | | | | |
| ၁၁ | ဆက်သွယ်ရေးသတင်း အချက် အလက် နည်းပညာ | ရင်း | ၂၇၅.၇၉၀ | | ၁၄၁.၃၉၃ | ၁၉၇၀.၇၇၁ | | | | | ၂၃၈၇.၉၅၄ |
| ၁၂ | ပို့ဆောင်ရေး | ရင်း | ၁၀၈၈၄.၇၈၂ | ၉၉၉.၀၀၀ | ၁၂၇.၆၈၀ | ၄၃၃၃၀.၀၇၅ | | | | | ၅၅၃၄၁.၅၃၇ |
| ၁၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ရင်း | ၁၀၈၅၄.၉၁၂ | | ၂၃၆.၄၉၂ | ၃၇၉၇.၄၄၄ | | | | | ၁၄၈၈၈.၈၄၈ |
| ၁၄ | လျှပ်စစ် စွမ်းအား | ရင်း | ၁၇၃၀၄.၀၉၂ | ၄၅၂၃.၀၈၂ | | ၁၅၄၆၆၇.၃၅၄ | ၃၀၈၈၀.၄၅၀ | ၈၂၉.၆၀၆ | | | ၂၀၈၂၀၄.၅၈၄ |
| ၁၅ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ရင်း | ၂၄၄၀၀.၁၉၇ | | | ၂၄၆၃.၃၃၁ | | | | | ၂၆၈၆၃.၅၂၈ |
| ၁၆ | စွမ်းအင် | ရင်း | ၃၈၅.၈၁၈ | | | ၄၁.၉၇၁ | | | | | ၄၂၇.၇၈၉ |
| ၁၇ | စက်မှု | ရင်း | ၄၂၃၃.၀၀၉ | | | ၂၄၇၈.၄၁၉ | | | | | ၆၇၁၁.၄၂၈ |
| ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ရင်း | ၆၇၉၂.၆၅၈ | ၃.၂၁၆ | ၄၉၆.၉၇၀ | ၂၆၅၀.၇၃၅ | | | ၁၀၄၁၀.၂၈၉ | | ၂၀၃၅၃ ၈၆၈ |
| ၁၉ | အားကစား | ရင်း | ၃၆၀၁၈.၅၆၄ | | ၁၀၉၈.၀၀၀ | ၉၉၇၁၅.၇၇၈ | | | | | ၁၃၆၈၃၂.၃၄၂ |
| ၂၀ | ပညာရေး | ရင်း | ၆၈၅၃၇၅.၃၄၀ | | ၆၇ ၂၉၃ | ၂၂၂၅၃၃.၉၉၁ | | | | | ၉၀၇၉၇၆.၆၂၄ |
| ၂၁ | ကျန်းမာရေး | ရင်း | ၃၀၃၀၅၄.၂၁၃ | | ၁၀၂၃.၃၂၈ | ၁၉၅၂၂၈.၇၆၂ | | | | | ၄၉၉၃၀၆.၃၀၃ |
| ၂၂ | သတ္တုတွင်း | ရင်း | ၂၃၀၁.၂၀၁ | | | ၁၄၅.၉၆၇ | | | | | ၂၄၄၇.၁၆၈ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၂၃ | ယဉ်ကျေးမှု | ၎င်း | ၈၂၃၇.၇၂၄ | | ၀.၈၀၀ | ၄၃၁၄.၈၉၇ | | | | | ၁၂၅၅၃.၄၂၁ |
| ၂၄ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၁၅၉၁၄.၉၈၇ | ၇၂၀၃၄၇.၅၇၃ | ၁၀၇၇၄၉.၃၃၀ | ၅၅၅၇.၀၃၀ | | ၆၁၁၆၅.၇၀၂ | ၂၀၉၇၉.၃၃၉ | ၀.၃၀၅ | ၉၃၁၇၁၄.၂၆၆ |
| ၂၅ | အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု | ၎င်း | ၁၂၃၈၇.၀၄၈ | | ၉၉.၃၂၁ | ၆၈၈၈၉.၈၂၆ | | | | | ၈၁၃၇၆.၁၉၅ |
| ၂၆ | ဆောက်လုပ်ရေး | ၎င်း | ၈၅၈၃၃.၉၆၀ | ၁၂၁၄.၅၆၃ | | ၂၄၃၀၅၄.၇၀၈ | | | | | ၃၃၀၁၀၃.၂၃၁ |
| ၂၇ | အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှု ဖူလုံရေး | ၎င်း | ၆၂၉၂.၈၃၀ | | ၂၇.၀၀၀ | ၇၄၁.၅၉၉ | | | | | ၇၀၆၁.၄၂၉ |
| ၂၈ | ရထား ပို့ဆောင်ရေး | ၎င်း | ၅၄၃၅.၈၆၈ | | | ၁၃၇၆.၀၂၀ | | | | | ၆၈၁၁.၈၈၈ |
| ၂၉ | လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည် နေရာချထားရေး | ၎င်း | ၅၇၄၂.၄၈၁ | | ၁၇၆၁.၀၄၀ | ၃၃၉၄.၆၆၄ | | | | | ၁၀၈၉၈.၁၈၅ |
| ၃၀ | သိပ္ပံနှင့် နည်းပညာ | ၎င်း | ၃၈၅၃၀.၁၇၅ | | ၇၀.၈၀၇ | ၇၂၆၀၂.၄၁၅ | | | | | ၁၁၁၂၀၃.၃၉၇ |
| ၃၁ | ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း | ၎င်း | ၇၅၁.၁၁၇ | | | ၂၃.၂၄၅ | | | | | ၇၇၄.၃၆၂ |
| ၃၂ | ပင်စင်လစာငွေ များနှင့် ဆုငွေများ | ၎င်း | ၃၀၉၉၂၈.၁၄၁ | | | | | | | | ၃၀၉၉၂၈.၁၄၁ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၃၃ | ဆုငွေများနှင့် တစ်လုံးတည်း ပင်စင်ငွေများ | ၎င်း | ၅၀၅၀၀၀.၅၀၀၀ | | | | | | | | ၅၀၅၀၀၀.၅၀၀၀ |
| ၃၄ | သီးသန့် ရန်ပုံငွေ | ဤ ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသောဇယား၊ (၁)၊ (၂)၊ (၃) နှင့် (၅) တို့တွင် ဖော်ပြထားသောတာဝန်ခံ သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ် က တာဝန်ပေးသူ | ၁၀၀၀၀၀၀.၀၀၀ | | | | | | | | ၁၀၀၀၀၀၀.၀၀၀ |
| ၃၅ | ကချင် ပြည်နယ် အစိုးရအဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | နိုင်ငံတော် သမ္မတသို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ | | | ၂၈၇၉၂.၃၂၉ | | | | | | ၂၈၇၉၂.၃၂၉ |
| ၃၆ | ကယား ပြည်နယ် အစိုးရအဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ၎င်း | | | ၁၃၆၀၆.၈၇၉ | | ၁၃၈.၇၃၂ | | | | ၁၃၇၄၅.၆၁၁ |
| ၃၇ | ကရင် ပြည်နယ် အစိုးရအဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ၎င်း | | | ၁၆၃၈၉.၉၂၁ | | ၂၄၅.၇၁၁ | | | | ၁၆၆၃၅.၆၃၂ |
| ၃၈ | ချင်းပြည်နယ် | ၎င်း | | | ၃၁၂၃၆.၉၂၄ | | ၁၈၅၆.၅၃၀ | | | | ၃၃၀၉၃.၄၅၄ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | အစိုးရအဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | | | | | | | | | | |
| ၃၉ | စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရ အဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၅၈၉၂၃.၃၉၄ | | ၁၁၇.၉၀၂ | | | | ၅၉၀၄၁.၂၉၆ |
| ၄၀ | တနင်္သာရီတိုင်း ဒေသကြီးအစိုးရ အဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၂၇၃၉၉.၄၅၂ | | | | | | ၂၇၃၉၉.၄၅၂ |
| ၄၁ | ပဲခူးတိုင်း ဒေသကြီးအစိုးရ အဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၃၁၄၇၅.၉၀၈ | | ၁၁.၀၉၉ | | | | ၃၁၄၈၇.၀၀၇ |
| ၄၂ | မကွေးတိုင်း ဒေသကြီးအစိုးရ အဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၉၂၀၀၀.၀၁၆ | | ၁၂၃၆၃.၅၇၄ | | | | ၁၀၄၃၆၃.၅၉၀ |
| ၄၃ | မန္တလေးတိုင်း ဒေသကြီးအစိုးရ | ရင်း | | | ၂၇၁၁၉.၀၈၀ | | ၄၈၉၁.၅၃၃ | | | | ၃၂၀၁၀.၆၁၃ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | အဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | | | | | | | | | | |
| ၄၄ | မွန်ပြည်နယ် အစိုးရအဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၁၄၁၃၈.၉၅၅ | | | | | | ၁၄၁၃၈.၉၅၅ |
| ၄၅ | ရခိုင် ပြည်နယ် အစိုးရအဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၄၆၇၅၈.၆၅၄ | | | | | | ၄၆၇၈၅.၆၅၄ |
| ၄၆ | ရန်ကုန်တိုင်း ဒေသကြီးအစိုးရ အဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၂၆၁၂၈.၄၉၇ | | ၇၈၁၀.၁၈၁ | | | | ၃၃၉၃၀.၆၇၈ |
| ၄၇ | ရှမ်းပြည်နယ် အစိုးရအဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၈၆၈၂၂.၁၆၄ | | ၄၄၃၉.၈၈၃ | | | | ၉၁၂၆၂.၀၄၇ |
| ၄၈ | ဧရာဝတီတိုင်း ဒေသကြီးအစိုးရ အဖွဲ့ သို့ ထောက်ပံ့ ငွေ/ ချေးငွေ | ရင်း | | | ၄၈၁၇၅.၂၅၈ | | | | | | ၄၈၁၇၅.၂၅၈ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပေါင်း | | ၃၃၄၀၇၆၈.၄၈၀ | ၇၂၈၄၅၅.၄၁၇ | ၆၉၇၇၄၇.၄၇၅ | ၂၇၉၁၀၂၈.၀၁၂ | ၆၂၇၅၅.၅၉၅ | ၆၈၆၇၆.၉၁၄ | ၃၁၃၈၉.၆၂၈ | ၀.၃၀၅ | ၇၇၂၀၈၂၁.၈၂၅ |

**နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

ဇယား (၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | အခွန် အကောက် | နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အမြားသာမန် ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေ ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပ အကူအညီ ပြန်ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတသို့ မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၅၃၂၃.၄၅၄ | | | | | | | | | ၂၅၃၂၃.၄၅၄ |
| ၂ | သမဝါယမဝန်ကြီး | [illegible] | | | ၃၀၅.၀၀၀ | | | | | | | | | ၃၀၅.၀၀၀ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | | | | | | | | | | | | | |
| ၃ | လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန လက် အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ရင်း | | | ၃၂၂၀၀.၀၀၀ | | | | | | | | | ၃၂၂၀၀.၀၀၀ |
| ၄ | မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန လက် အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ရင်း | | | ၂၀၃၉၃.၃၆၁ | | | | | | | | | ၂၀၃၉၃.၃၆၁ |
| ၅ | ဆက်သွယ်ရေးနှင့် သတင်းအချက် အလက် နည်းပညာဝန်ကြီး ဌာန လက် အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ | ရင်း | | | ၅၃၉၁၉၈.၀၀၀ | | | | | | ၈၃၇၉၉.၀၀၀ | | | ၆၂၂၉၉၇.၀၀၀ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အစည်းများ | | | | | | | | | | | | | |
| ၆ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၃၈၄၈၈၀.၉၈၀ | | | | | | | | | ၃၈၄၈၈၀.၉၈၀ |
| ၇ | လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၁၂၂၉၇၅၇.၆၂၃ | | | | ၉၀၄၀.၀၀၀ | | ၇၉၇၉၃.၇၂၀ | | | ၁၃၁၈၅၉၁.၃၄၃ |
| ၈ | စွမ်းအင် ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၄၀၉၆၀၃၇.၅၅၈ | | | | | | ၂၄၅၀၇၄.၇၈၃ | | | ၄၃၄၁၁၁၂.၃၄၁ |
| ၉ | စက်မှု ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၂၅၉၀၅၇.၇၇၄ | | | ၅၇၇၃၄.၁၈၈ | | | ၂၉၃၀၉၂.၈၇၃ | | | ၆၀၉၈၈၄.၈၃၅ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၀ | သတ္တုတွင်းဝန်ကြီး ဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့ အစည်းများ | ရင်း | | | ၃၀၃၁၀၇.၂၈၈ | | | | | | | | | ၃၀၃၁၀၇.၂၈၈ |
| ၁၁ | ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ရင်း | | | ၇၀၇၃၂၁.၉၆၂ | | | | | | | | | ၇၀၇၃၂၁.၉၆၂ |
| ၁၂ | ဆောက်လုပ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ရင်း | | | ၃၄၃၀၈၇.၁၂၀ | | | ၂၂၁.၇၇၉ | ၈၆၉၂.၆၈၃ | | | | | ၃၅၂၀၀၁.၅၈၂ |
| ၁၃ | ရထားပို့ဆောင်ရေး ဝန်ကြီးဌာနလက် အောက်ရှိ နိုင်ငံတော် ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ရင်း | | | ၇၉၇၄၆.၆၈၁ | | | ၆၃၂၇၉.၅၂၀ | ၄၅၀.၀၀၀ | | ၆၉၀၀၂.၁၁၅ | | | ၂၁၂၄၇၈.၃၁၆ |
| ၁၄ | ဟိုတယ်နှင့် ခရီး သွားလာရေး ဝန်ကြီး ဌာန လက် အောက်ရှိ | ရင်း | | | ၉၁၉၄.၉၆၅ | | | | | | | | | ၉၁၉၄.၉၆၅ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | | | | | | | | | | | | | |
| | ပေါင်း | | | | ၈၀၂၉၆၁၁.၇၄၆ | | | ၁၂၈၂၃၅.၅၀၇ | ၁၈၁၈၂.၆၈၃ | | ၇၇၀၇၆၂.၄၉၁ | | | ၈၉၃၉၇၉၂.၄၂၇ |

## နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

ဇယား (၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ် ဖြင့်ဆောင်ရွက်မည့်လုပ်ငန်း သုံးရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးငွေရငွေအတွက် ပေးဆပ်ငွေ | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြန်ကြားရေး ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၈၉၃၆.၆၈၈ | | | ၃၁၄၉.၃၆၁ | | | | | ၁၈၆၁၉.၉၈၉ | ၃၀၇၀၆.၀၃၈ |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | သမဝါယမဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ဂုဏ်း | ၂၉၆.၉၄၂ | | | ၂.၉၅၁ | | | | | ၃.၄၇၆ | ၃၀၃.၃၆၉ |
| ၃ | လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက် ရှိ နိုင်ငံတော် ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ဂုဏ်း | ၂၉၈၆၇.၈၂၈ | | | ၁၈၀.၀၀၀ | | | | | | ၃၀၀၄၇.၈၂၈ |
| ၄ | မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ဂုဏ်း | ၉၃၁၈.၅၃၉ | | | ၁၄၆.၃၅၈ | | ၂၆၃၈.၆၃၆ | | | ၇၄၇၆.၂၅၈ | ၁၉၅၇၉.၇၉၁ |
| ၅ | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ဂုဏ်း | ၉၁၃၅၃.၇၁၁ | | | ၂၂၂၀၄၅.၆၂၇ | | ၁၈၁၃၀.၂၉၉ | | | ၂၀၅၂၄၂.၅၈၄ | ၅၃၆၇၇၂.၂၂၁ |
| ၆ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီး ဌာနလက်အောက်ရှိ | ဂုဏ်း | ၂၅၄၂၃၀.၂၃၆ | | | ၁၆၉.၀၅၇ | | ၉၅၆.၂၇၂ | | | ၆၄၆၂၈.၄၁၈ | ၃၁၉၉၈၃.၉၈၃ |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုင်ငံတော်ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | | | | | | | | | | | |
| ၇ | လျှပ်စစ်နှင့်စွမ်းအား ဝန်ကြီး ဌာနလက် အောက်ရှိ နိုင်ငံတော် ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | ငွေ | ၁၅၄၂၈၆.၅၆၉ | | | ၄၁၂၁၉၅.၅၈၃ | | ၂၉၂၈၂.၀၇၄ | | | ၁၀၄၅၁၆၆.၄၄၅ | ၁၆၄၀၉၃၀.၆၇၁ |
| ၈ | စွမ်းအင် ဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | ငွေ | ၈၃၁၃၉၄.၆၅၅ | | | ၇၂၃၇၂.၉၅၉ | | ၄၅၅၇၁၀.၇၁၁ | | | ၁၈၀၈၆၉၈.၈၆၃ | ၃၁၆၈၁၇၇.၁၈၈ |
| ၉ | စက်မှု ဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | ငွေ | ၁၂၅၆၁၅.၄၃၀ | | | ၅၅၁၇၉၂.၀၉၈ | | ၁၂၃၁၆.၈၆၉ | | | ၁၀၂၃၀၇.၂၈၆ | ၇၉၂၀၄၁.၆၀၃ |
| ၁၀ | သတ္တုတွင်း ဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | ငွေ | ၂၂၀၉၅.၆၁၆ | | | ၃၈၄.၂၈၉ | | | | | ၁၃၉၇၉၅.၂၆၁ | ၁၆၂၂၇၅.၁၆၆ |
| ၁၁ | ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဌာနလက် အောက်ရှိ နိုင်ငံတော် ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | ငွေ | ၆၃၈၃၇၁.၅၉၁ | | | ၁၄၉၅၀.၁၈၀ | | | | | | ၆၅၃၃၂၂.၇၇၁ |
| ၁၂ | ဆောက်လုပ်ရေး | ငွေ | ၉၅၁၃၆.၃၉၄ | | | ၂၈၄၇၈.၉၇၄ | | ၂၃၉၅.၄၅၇ | | | ၂၄၇၈၉၇.၅၇၆ | ၃၇၃၉၈၈.၄၁၀ |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော် ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | | | | | | | | | | | |
| ၁၃ | ရထားပို့ဆောင်ရေး ဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော် ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | ရင်း | ၆၆၇၁၈.၅၆၈ | | | ၁၉၃၁၅၅.၅၆၇ | | ၁၄၂၈၈.၉၉၃ | | | ၄၇၉၈၀.၃၀၃ | ၃၂၂၁၄၃.၄၃၁ |
| ၁၄ | ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်း ဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော် ပိုင်စီးပွား ရေးအဖွဲ့ အစည်းများ | ရင်း | ၄၄၁၁.၈၄၁ | | | ၁၁၃.၇၂၉ | | | | | ၂၈၂၇.၅၉၀ | ၇၃၅၃.၁၆၀ |
| | **ပေါင်း** | | **၂၃၃၂၀၁၃၄.၆၀၈** | | | **၁၄၉၉၁၁၃၆.၇၃၃** | | **၅၁၅၇၁၉.၁၁၁** | | | **၁၆၉၀၆၅၁.၉၆၉** | **၈၀၅၇၅၄၄.၆၂၀** |

**ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ**

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့ အစည်းများမှ ရငွေ | အခြား သာမန် ရငွေ | အတိုး ရငွေ | ထောက်ပံ့ ငွေ ရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ မှ ရငွေ | စုဆောင်း ငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေး ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော် သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ | | | ၉၉၂၂၈.၇၄၃ | | | | | | | | | ၉၉၂၂၈.၇၄၃ |
| | ပေါင်း | | | | ၉၉၂၂၈.၇၄၃ | | | | | | | | | ၉၉၂၂၈.၇၄၃ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

ဇယား(၈)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၈၈၈၁၉.၉၄၉ | | | ၁၁၆၈၇.၈၄၃ | | ၆၂၂.၄၁၀ | | | ၁၀၁၁၃၀.၂၀၂ |
| | ပေါင်း | | ၈၈၈၁၉.၉၄၉ | | | ၁၁၆၈၇.၈၄၃ | | ၆၂၂.၄၁၀ | | | ၁၀၁၁၃၀.၂၀၂ |

## တပ်မြို့ စည်ပင်သာယာ အဖွဲ့များ

ဇယား(၉)

(ကျပ်သန်းပေါင်း)

| အမှက်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေ ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ မှ ရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေး အဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၆,၅၈၁ | | ၄၉၃,၄၁၉ | | | | | | | | | ၅၀၀,၀၀၀ |
| | ပေါင်း | | ၆,၅၈၁ | | ၄၉၃,၄၁၉ | | | | | | | | | ၅၀၀,၀၀၀ |

### တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၀)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၇၇၂.၂၃၃ | | | ၇၂.၉၀၀ | | | | | ၈၄၅.၁၃၃ |
| | ပေါင်း | | ၇၇၂.၂၃၃ | | | ၇၂.၉၀၀ | | | | | ၈၄၅.၁၃၃ |

နေပြည်တော်ကောင်စီ

ဇယား(၁၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၂၄၈၁၀.၃၃၆ | | | | | ၁၂၄၈၁၀.၃၃၆ |
| | ပေါင်း | | | | | ၁၂၄၈၁၀.၃၃၆ | | | | | ၁၂၄၈၁၀.၃၃၆ |

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

ဇယား(၁၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ ငွေရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ မှ ရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော် စည်ပင်သာယာ ရေး ကော်မတီ | နေပြည်တော် စည်ပင်သာယာ ရေး ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော် စည်ပင်သာယာ ရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၈၂.၈၄၉ | | ၅၁၀၃.၀၃၁ | | ၁၃၇၂၀.၁၃၀ | | | | | | | ၁၉၅၀၆.၀၁၀ |
| | ပေါင်း | | ၆၈၂.၈၄၉ | | ၅၁၀၃.၀၃၁ | | ၁၃၇၂၀.၁၃၀ | | | | | | | ၁၉၅၀၆.၀၁၀ |

## နေပြည်တော် စည်ပင်သာယာရေးကော်မတီ

ဇယား(၁၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော် စည်ပင်သာယာရေး ကော်မတီ | နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော် စည်ပင်သာယာရေး ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၃၁၁.၀၃၄ | | ၁၃၇၂၀.၁၃၀ | ၁၅၀၀.၀၀၀ | | | | | ၂၀၅၃၁.၁၆၄ |
| | ပေါင်း | | ၅၃၁၁.၀၃၄ | | ၁၃၇၂၀.၁၃၀ | ၁၅၀၀.၀၀၀ | | | | | ၂၀၅၃၁.၁၆၄ |

**အထူးကာလစည်းကမ်းသတ်နှင့်အတိုးကန့်သတ်ရေး**

**အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)**

**၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက် ဥပဒေ အမှတ် ၁၉)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

## ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

## ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (တ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သောသင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီ ရရှိသူလည်း ပါဝင်သည်။ "

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" (င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်မွေးဖွားခြင်းမဟုတ်သော သတ်မှတ်ခွင့်ပြုထားသည့် မွေးဖွားခြင်းများ ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိခြင်း၊ "

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၀၀ တွင် -

(က) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဈ)၊(ည)၊(ဋ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ)၊ (တ)နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဥ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၏ နောက်တွင် ပုဒ်မခွဲ(ဃ)နှင့် (င)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

" (ဃ) ဗဟိုကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကို ဆိုသည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို ဆိုသည်။ "

၃။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၌ ပါရှိသော " မိမိ၏ အလုပ်အမှုဆောင်အဖွဲ့ " ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၉ ၌ ပါရှိသော " ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့ " ဆိုသည့် စကားရပ်တို့ကို " ဗဟိုအလုပ်အမှုဆောင်အဖွဲ့ " ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ် တစ် ဦး ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် ၁၄ ဦး အဖွဲ့ဝင်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၁၄ ဦး — အဖွဲ့ဝင်

(ဃ) နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ — အဖွဲ့ဝင်

(င) စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ ငါး ဦး — အဖွဲ့ဝင်

၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှ အပ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ် တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့ အထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်း လည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သော အခြားဗဟိုကောင်စီဝင် ခုနစ်ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင် နာယကများကို သတ်မှတ်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်။ "

၅။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဇနီးက ဖြစ်စေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၌ ဇနီး မရှိလျှင် မြို့နယ်အသင်း ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် မြို့နယ်အဆင့် ကျန်းမာရေးဘက်ဆိုင်ရာ ပြန်တမ်းဝင် အရာရှိတစ်ဦး၏ ဇနီး သို့မဟုတ် မြို့နယ်အသင်း ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသော ငြိမ်းဆရာဝန်တစ်ဦးက ဖြစ်စေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။ "

၆။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၁၆။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။ "

၇။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ "

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆ ။)

## ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဗဟိုဘဏ်** ဆိုသည်မှာ ဤဥပဒေအရတည်ထောင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(င) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်သော ဘဏ်ကိုဆိုသည်။

(စ) **ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ခွင့်ပြုထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဆ) **ငွေစက္ကူ** ဆိုသည်မှာ ဗဟိုဘဏ်က ဤဥပဒေအရဖြစ်စေ၊ ယခင်ကဖြစ်စေ ထုတ်ထားသော တရားဝင်ငွေစက္ကူကို ဆိုသည်။

(ဇ) **ဒင်္ဂါး** ဆိုသည်မှာ ဗဟိုဘဏ်က ဤဥပဒေအရဖြစ်စေ၊ ယခင်ကဖြစ်စေ ထုတ်ထားသော တရားဝင်ဒင်္ဂါးနှင့် ငွေအကြွေကို ဆိုသည်။

(ဈ) **နိုင်ငံခြားသုံးငွေ** ဟူသော စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) နိုင်ငံခြားငွေ ငွေသား၊

(၂) နိုင်ငံခြားငွေ ငွေသားဖြင့် ပေးချေရမည့် သို့မဟုတ် ပြည်ဝတွင် ပေးချေရမည့် စာချုပ်စာတမ်းများ၊

(၃) နိုင်ငံတကာ အစိုးရငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားရှိ ဗဟိုဘဏ်များ၊ ငွေတိုက်များနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် ထားရှိသော အပ်ငွေများ၊

(၄) တစ်နိုင်ငံမှတစ်နိုင်ငံသို့ ငွေများလွှဲပြောင်းရာတွင် အသုံးပြုသည့် စာချုပ်စာတမ်းများ၊

(၅) ပြည်တွင်းဘဏ်များရှိ နိုင်ငံခြားငွေဖြင့် ဖွင့်လှစ်ထားရှိသည့် ငွေစာရင်းများ၊

(ည) **ရွှေ** ဆိုသည်မှာ အဖြည်ဖြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ် အသုံးပြုသည့် စံချိန်မီ ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများကို ဆိုသည်။

(ဋ) **လှည့်လည်သုံးစွဲငွေ** ဆိုသည်မှာ ဗဟိုဘဏ် လက်ဝယ်ရှိ ငွေစက္ကူနှင့် ဒင်္ဂါးများမှ အပ လှည့်လည်သုံးစွဲလျက်ရှိသည့် သုံးစွဲငွေကို ဆိုသည်။

(ဌ) **အထွေထွေသီးသန့်ငွေစာရင်း** ဆိုသည်မှာ အစိုးရအဖွဲ့၏ တနည်း ထည့်ဝင်ငွေတစ်ရပ်ဖြင့် ဗဟိုဘဏ်ကို မတည်တည်ထောင်ပြီးနောက် နှစ်စဉ် နှစ်ကုန်ဆုံးသည့် အခါတိုင်း ရရှိသော အသားတင်အမြတ်ငွေမှ သတ်မှတ်ထားသည့် ရာခိုင်နှုန်းတစ်ရပ်ဖြင့် ခွဲဝေပေးသွင်းရပြီး ဗဟိုဘဏ်၏ မတည်ငွေရင်း၏ ၀၀၀ ရာခိုင်နှုန်းနှင့် ညီမျှသည်အထိ ထည့်ဝင်ရသည့် ငွေစာရင်းကိုဆိုသည်။

(ဍ) **အထူးသီးသန့်ငွေစာရင်း** ဆိုသည်မှာ ဗဟိုဘဏ်က အထူးကိစ္စရပ်အတွက် တည်ထောင်ထားသည့်စာရင်းကို ဆိုသည်။

(ဎ) **လျှော့နှုန်း** ဆိုသည်မှာ လျှော့နှုန်းဖြင့် ချေးငွေအစီအစဉ်အရ ဗဟိုဘဏ်သည် အာမခံအဖြစ် ငွေချေးသက်သေခံလက်မှတ်များရယူ၍ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ထုတ်ချေးသည့် ကာလတိုချေးငွေအပေါ် ရယူသည့် ဗဟိုဘဏ်အတိုးနှုန်းကို ဆိုသည်။

(ဏ) **သီးသန့်ငွေလိုအပ်ချက် သို့မဟုတ် သီးသန့်ငွေအချိုး** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် ငွေစုဘဏ်များ၌ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ အပ်နှံထားသည့် စုစုပေါင်းအပ်နှံငွေ၏ အစိတ်အပိုင်းတစ်ရပ်ကို အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်တစ်ရပ်အဖြစ် ထားရှိရမည့် ဗဟိုဘဏ်၏ သတ်မှတ်ချက် ကိုဆိုသည်။

(တ) **နှစ်** ဆိုသည်မှာ နိုင်ငံတော်၏ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) ပုဂ္ဂိုလ် ဟူသောစကားရပ်တွင် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်တို့ ပါဝင်သည်။

## အခန်း(၂)

## တည်ထောင်ခြင်း၊ ရည်မှန်းချက် နှင့် ရည်ရွယ်ချက်

၃။ ဗဟိုဘဏ်ကို ကိုယ်ပိုင်အမည်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသော တရားဝင်အဖွဲ့အစည်းအဖြစ် ဤဥပဒေဖြင့် တည်ထောင်သည်။

၄။ ဗဟိုဘဏ်၏ ရုံးချုပ်ကို နေပြည်တော်တွင် ထားရှိရမည်။ ဗဟိုဘဏ်သည် ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ ဘဏ်ခွဲများနှင့် ယင်း၏ ကိုယ်စားလှယ် ရုံးခွဲများ ဖွင့်လှစ်နိုင်သည်။

၅။ ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှု ရရှိရန်နှင့် ထိန်းသိမ်းရန် ဖြစ်သည်။

၆။ ဗဟိုဘဏ်သည် မိမိ၏ အဓိကရည်မှန်းချက်နှင့်အညီ အောက်ပါ ရည်ရွယ်ချက်များ တိုးတက် အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်-

(က) ငွေကြေးတည်ငြိမ်ရေး၊

(ခ) ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး၊

(ဂ) ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များခိုင်မာတိုးတက်ရေး၊

(ဃ) ရှင်သန်သော စီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် အစိုးရအဖွဲ့၏ အထွေထွေ စီးပွားရေးမူဝါဒ များကို အထောက်အကူပြုရေး။

၇။ ဗဟိုဘဏ်သည် မိမိ၏အဓိကရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ အောင်မြင်စေရန် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် များကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း(၃)
## ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဗဟိုဘဏ်ကို ဒါရိုက်တာအဖွဲ့ဖြင့် စီမံခန့်ခွဲရမည်။

၉။ (က) ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ကို ပုဂ္ဂိုလ် ၉ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်း၍ ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးရမည် -

| | | |
|---|---|---|
| (၁) | ဗဟိုဘဏ်ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ သုံးဦး | အဖွဲ့ဝင် |
| (၃) | အစိုးရအဖွဲ့က ရွေးချယ်ပေးသော ပြင်ပမှ ဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်သူ ငါးဦး | အဖွဲ့ဝင် |

(ခ) ဗဟိုဘဏ်ဥက္ကဋ္ဌ၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်။ ကျန် ဒါရိုက်တာအဖွဲ့ဝင်များ၏ သက်တမ်းသည် လေးနှစ်ဖြစ်သည်။ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆက်တိုက် သက်တမ်းနှစ်ခုထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေရ။

(ဂ) ဗဟိုဘဏ်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့် ထမ်းဆောင်ရမည့်အပြင် အခကြေးငွေရရှိသော အခြား မည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်းမပြုရ။

(ဃ) ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ အရာရှိတစ်ဦးအား ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တာဝန်ခံအဖြစ် ဆောင်ရွက်ရန် သီးခြားတာဝန်ပေးအပ်ရမည်။

(င) ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် ဗဟိုဘဏ်လုပ်ငန်း၊ စီးပွားရေးပညာရပ်၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ ဥပဒေပညာရပ်၊ စာရင်းကိုင်နှင့် စာရင်းစစ် လုပ်ငန်းတစ်ရပ်ရပ်တွင် အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝသူများ ဖြစ်ရမည်။

(စ) ဒါရိုက်တာအဖွဲ့ဝင်များသည် မိမိနှင့် မိမိ၏ မိသားစုဝင်များ၏ ငွေကြေး သို့မဟုတ် စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အကျိုးခံစားခွင့်များကို ဒါရိုက်တာအဖွဲ့သို့ အပြည့်အစုံ တင်ပြရမည်။

၁၀။ အောက်ပါပုဂ္ဂိုလ်တို့ကို အဖွဲ့ဝင်အဖြစ်ခန့်ထားခြင်းမပြုရ-

(က) နိုင်ငံသားမဟုတ်သူ၊

(ခ) အဖွဲ့ဝင်တစ်ဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း၊

(ဂ) ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း၏ ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ ယင်း အဖွဲ့အစည်းများတွင် ငါးရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့် ပိုင်ဆိုင်သည့် အဓိက အစုရှယ်ယာပိုင်ရှင်များ၊

(ဃ) ဘဏ်တစ်ခုခု သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခု၏ ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ ယင်းအဖွဲ့အစည်းများတွင် ငါးရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့် ပိုင်ဆိုင်သည့် အဓိကအစုရှယ်ယာပိုင်ရှင်များ။

၁၁။ ဗဟိုဘဏ်၏ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့သည် ဒါရိုက်တာအဖွဲ့က သတ်မှတ်သော ချီးမြှင့်ငွေနှင့် စရိတ်များကိုသာ ခံစားခွင့်ရှိသည်။ ယင်းချီးမြှင့်ငွေနှင့် စရိတ်များကို ဗဟိုဘဏ်မှ ကျခံရမည်။

၁၂။ ပြင်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ဒါရိုက်တာအဖွဲ့ဝင်များသည် ဒါရိုက်တာအဖွဲ့က သတ်မှတ်သော ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။ ယင်းချီးမြှင့်ငွေကို ဗဟိုဘဏ်မှ ကျခံရမည်။

၁၃။ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် နိုင်ငံ့ဝန်ထမ်းအား ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးပါက တာဝန်ပေးအပ်သည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် အညီ အငြိမ်းစားယူပြီး ဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့ဝင်များသည် နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်မဖြစ်စေရ။ ပါတီအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ၌လည်း ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၁၄။ ဗဟိုဘဏ် ဥက္ကဋ္ဌသည် ဗဟိုဘဏ်၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်၍ ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲခြင်းနှင့် မူဝါဒအကောင်အထည်ဖော်ခြင်းတို့ကို ဒါရိုက်တာအဖွဲ့အား တာဝန်ခံပြီး ဆောင်ရွက်ရမည်။

၁၅။ ဗဟိုဘဏ် ဥက္ကဋ္ဌသည် ဗဟိုဘဏ်ကိုယ်စား အရေးယူဆောင်ရွက်ရန်၊ သဘောတူစာချုပ်များ ချုပ်ဆိုရန်၊ စာချုပ်စာတမ်းများနှင့် စာချွန်လွှာများကို လက်မှတ်ရေးထိုးရန် လုပ်ပိုင်ခွင့်များရှိသည်။ အဆိုပါ လုပ်ပိုင်ခွင့်များကို ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်သည့်အတိုင်း ဗဟိုဘဏ်၏ အရာရှိများအား လွှဲအပ်နိုင်သည်။

၁၆။ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကို အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်ရမည်-

(က) ပုဒ်မ ၁၀ တွင် ဖော်ပြထားသော ကန့်သတ်ချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း၊

(ခ) ထောင်ဒဏ် ချမှတ်ခံရခြင်း၊

(ဂ) ခန့်အပ်သည့် အာဏာပိုင်ထံ နုတ်ထွက်လွှာတင်၍ ခွင့်ပြုချက်ရရှိခြင်း၊

(ဃ) မိမိ၏ တာဝန်ဝတ္တရားများကို စွမ်းဆောင်နိုင်ခြင်းမရှိကြောင်း နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ခံရခြင်း၊

(င) ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး တက်ရောက်ရန် တစ်ဆက်တည်း သုံးလပျက်ကွက်ခြင်း။

၁၇။ နုတ်ထွက်သွားသော သို့မဟုတ် ရာထူးမှ ရပ်စဲခြင်းခံရသော သို့မဟုတ် ကွယ်လွန်သွားသော ဒါရိုက်တာအဖွဲ့ဝင်၏ ကျန်ရာထူးသက်တမ်းအတွက် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်သော သင့်လျော်သူ တစ်ဦးဦးကို ဖြည့်စွက်ခန့်ထားရမည်။ ယင်းသို့ ဖြည့်စွက်ခန့်ထားခြင်းကို လစ်လပ်မှု ပေါ်ပေါက်သည့်နေ့မှ သုံးလအတွင်း ပြုလုပ်ရမည်။

၁၈။ ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ထိုသို့ ဖွဲ့စည်းရာတွင် ယင်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၉။ ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ် ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်။

၂၀။ ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများ ခံစားခွင့်များကို သတ်မှတ်ရမည်။

၂၀။ ဗဟိုဘဏ်သည် ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) မိမိ၏ဝန်ထမ်းများသို့ အာမခံဖြင့်ဖြစ်စေ၊ အာမခံမဲ့ဖြင့်ဖြစ်စေ ချေးငွေနှင့် ကြိုတင်ပေးငွေ ထုတ်ချေးခြင်း၊

(ခ) မိမိ၏ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အကျိုးခံစားခွင့် ရှိသူများအတွက် အငြိမ်းစား ဝန်ထမ်း ရန်ပုံငွေ သို့မဟုတ် အလားတူအစီအစဉ်များ တည်ထောင်ဆောင်ရွက်ခြင်း။

၂၂။ (က) ဒါရိုက်တာအဖွဲ့၏ ပုံမှန်အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ပြုလုပ်ရမည်၊ သို့ရာတွင် ဗဟိုဘဏ်ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်အများစု၏ ဆန္ဒဖြင့် မည်သည့် အချိန်မဆို အထူးအစည်းအဝေး ပြုလုပ်နိုင်သည်။

(ခ) ဒါရိုက်တာအဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက် သည်။

(ဂ) အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ က လည်းကောင်း၊ ဥက္ကဋ္ဌ မရှိသည့်အခါ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ဒါရိုက်တာအဖွဲ့ဝင် ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ တစ်ဦးဦးကလည်းကောင်း ဆောင်ရွက်ရမည်။

(ဃ) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များကို တက်ရောက်သော ဒါရိုက်တာ အဖွဲ့ဝင်အများစု၏ ဆန္ဒမဲဖြင့်ချမှတ်ရမည်။ မဲအရေအတွက် တူညီနေလျှင် သဘာပတိ၏ အဆုံးအဖြတ်မဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(င) ဒါရိုက်တာအဖွဲ့ အစည်းအဝေးများသို့ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန နှင့် ပြည်ထောင်စုအစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန များမှ ဒုတိယဝန်ကြီး တို့အား လေ့လာသူများအဖြစ် တက်ရောက်ရန် ဖိတ်ကြားရမည်။

၂၃။ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး၏ အကျိုးခံစားခွင့်များနှင့် ဆက်စပ်လျက်ရှိသော ကိစ္စရပ်များကို ဒါရိုက်တာအဖွဲ့က အရေးယူဆောင်ရွက်ရန် လိုအပ်သည့်အခါ ယင်းကိစ္စနှင့် ပတ်သက်သည့် အစည်းအဝေးတွင် ယင်းဒါရိုက်တာ အဖွဲ့ဝင်က ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ။

## အခန်း(၄)
## မတည်ငွေရင်းနှင့် အမြတ်ခွဲဝေမှု

၂၄။ နိုင်ငံတော်သည် ဗဟိုဘဏ်၏ တစ်ဦးတည်းသော အစုရှယ်ယာပိုင်ရှင်ဖြစ်သည်။ ဗဟိုဘဏ်၏ ခွင့်ပြုမတည်ငွေရင်းသည် ကျပ်သန်းပေါင်း သုံးသိန်းဖြစ်သည်။ ယင်းအနက် ငွေကျပ်သန်းပေါင်း တစ်သိန်းကို နိုင်ငံတော်က ထည့်ဝင်ပြီးဖြစ်ရမည်။ ဗဟိုဘဏ်၏ ခွင့်ပြုမတည် ငွေရင်းနှင့်ထည့်ဝင်ပြီး မတည်ငွေရင်းတို့ကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် တိုးမြှင့်နိုင်သည်။ မတည်ငွေရင်းများကို လျှော့ချခြင်း မပြုရ။

၂၅။ ဗဟိုဘဏ်၏ ရရန်ပိုင်ခွင့်များတန်ဖိုးသည် ပေးရန်တာဝန်များတန်ဖိုးနှင့် ထည့်ဝင်ပြီး မထည်ငွေရင်း နှစ်ရပ်ပေါင်းအောက် လျော့နည်းသည့်အခါ ဗဟိုဘဏ်က အဆိုပြု၍ အစိုးရအဖွဲ့က ခွင့်ပြုသည့် အတိုင်း ဝန်ကြီးဌာနသည် အစိုးရငွေချေးသက်သေခံ လက်မှတ်များကို ဗဟိုဘဏ်သို့ ထုတ်ပေးရမည်။

၂၆။ ဗဟိုဘဏ်၏ နှစ်အလိုက် အသားတင်အမြတ်ငွေ တွက်ချက်ရာတွင် နှစ်အတွက် လုပ်ငန်း ဆောင်ရွက်မှု အသုံးစရိတ်များကို ထုတ်နုတ်ပြီးနောက် ရလမ်းမရှိသောကြွေးမြီနှင့် ရရန်မသေချာသော ကြွေးမြီများအတွက် လျာထားခြင်း၊ ရရန်ပိုင်ခွင့်များအတွက် တန်ဖိုးလျော့ လျာထားခြင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် အငြိမ်းစားရန်ပုံငွေများအတွက် လျာထားခြင်းတို့ကို ဆောင်ရွက်ပြီး တွက်ချက် ရမည်။ ဗဟိုဘဏ်သည် လိုအပ်သည်ဟုယူဆသော အခြားကိစ္စရပ်များအတွက် လျာထားခြင်းကိုလည်း အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်နိုင်သည်။

၂၇။ ဗဟိုဘဏ်သည် အထွေထွေသီးသန့်ငွေစာရင်းကို တည်ထောင်ထားပြီးဖြစ်ရမည်။ နှစ်စဉ် နှစ်ကုန် ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေပမာဏကို ကျပ်သန်းဂဏန်း အလီလီဖြင့် ဗဟိုဘဏ်၏ထည့်ဝင်ပြီးမတည်ငွေရင်း၏ တစ်ရာရာခိုင်နှုန်းနှင့် ညီမျှသည်အထိ အထွေထွေ သီးသန့်ငွေစာရင်းသို့ ခွဲဝေပေးသွင်းရမည်။ အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အထွေထွေသီးသန့်ငွေစာရင်း သို့ လွှဲပြောင်းသောငွေပမာဏကို နှစ်စဉ်သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်၍တိုးမြှင့်နိုင်သည် သို့မဟုတ် အထွေထွေသီးသန့်ငွေစာရင်း၏ စုစုပေါင်းငွေကို ဗဟိုဘဏ်၏ ထည့်ဝင်ပြီး မတည်ငွေရင်းထက် ကျော်လွန်၍ တိုးမြှင့်နိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ အထွေထွေသီးသန့်ငွေစာရင်းသို့ လွှဲပြောင်းပေးထွင်းပြီးနောက် အသားတင် အမြတ်ငွေမှ ကျန်ရှိငွေကို ပုဒ်မ ၂၅ အရ ထုတ်ပေးထားပြီး ဗဟိုဘဏ်မှ ကိုင်ဆောင်ထားသော အစိုးရ ငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန်အသုံးပြုရမည်။

၂၉။ ဗဟိုဘဏ်သည် နှစ်စဉ်နှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်သည့်အခါ အဆိုပါအရှုံးကို ပုဒ်မ ၂၇ အရ တည်ထောင်ထားသော အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

၃၀။ ဗဟိုဘဏ်သည် ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့အရ ဆောင်ရွက်ပြီးနောက် ကျန်ရှိသော အသားတင် အမြတ်လက်ကျန်ငွေကို ကျပ်သန်းဂဏန်းအလီလီဖြင့် နှစ်ကုန်ဆုံးပြီးနောက် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းသို့ ဆောလျင်စွာ လွှဲပြောင်းပေးအပ်ရမည်။

၃၁။ ဗဟိုဘဏ်သည် ခုနှိမ်မှု သို့မဟုတ် ပေးချေမှုစသည်တို့ကို ပြုလုပ်ခြင်းအားဖြင့် မိမိ၏ ရရန် ပိုင်ခွင့်သည် ပေးရန်တာဝန်များနှင့် ထည့်ဝင်ပြီး မတည်ငွေရင်း နှစ်ရပ်ပေါင်းအောက် လျော့နည်း လိမ့်မည်ဟု ယူဆပါက ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့အရ ဆောင်ရွက်မှုကိုသော်လည်းကောင်း၊ ပုဒ်မ ၃၀ အရ လွှဲပြောင်းပေးအပ်မှု တစ်စုံတစ်ရာကိုသော်လည်းကောင်း မပြုလုပ်ရ။

၃၂။ ရွှေ၊ အထူးထုတ်ယူခွင့်များ၊ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုငွေစာရင်းယူနစ်များ သို့မဟုတ် ကျပ်ငွေဖြင့် တန်ဖိုးသင့်ထားသော နိုင်ငံခြားငွေကြေးတို့၏ တန်ဖိုးများ သို့မဟုတ် နိုင်ငံခြားငွေလဲလှယ်

နှုန်းများတွင် တစ်စုံတစ်ရာ ပြောင်းလဲမှုကြောင့် ဗဟိုဘဏ်၏ ရွှေ၊ အထူး ထုတ်ယူခွင့်များ၊ နိုင်ငံခြား ငွေကြေးများတစ်ရပ်ရပ်ကို တန်ဖိုးပြန်လည်သတ်မှတ်ခြင်းခြင့် ပေါ်ပေါက်လာသည် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ တန်ဖိုးပြောင်းလဲမှုများအတွက် အထူးသီးသန့် ငွေစာရင်းတစ်ရပ် တည်ထောင် ထားရမည်။

၃၃။ (က) ရွှေ၊ အထူးထုတ်ယူခွင့်များ၊ နိုင်ငံခြားငွေကြေးများနှင့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ငွေစာရင်းယူနစ်များ၏ ကျပ်ငွေတန်ဖိုးများကို နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်း ကြောင့် ပြန်လည်တန်ဖိုးသတ်မှတ်ရာတွင် ဖြစ်ပေါ်လာသော ဗဟိုဘဏ်၏ ခြည်သည် နှစ်မှ မည်သည့်အသားတင် အမြတ်ကိုမဆို ယင်းအထူးသီးသန့်ငွေစာရင်းသို့ မြီရှင်စာရင်း ရေးသွင်းရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ပြောင်းလဲမှုတစ်ခုခုကြောင့် ဖြစ်ပေါ်လာသော ဗဟိုဘဏ်၏ မည်သည့် နှစ်မှ မည်သည့်အသားတင်အရှုံးကိုမဆို ယင်းအထူးသီးသန့် ငွေစာရင်းရှိ မြီရှင်လက်ကျန်မှ ခနှိမ်ရမည်။

(ဂ) ပုဒ်မခွဲ (က)တွင် ရည်ညွှန်းသော အသားတင်အမြတ်သည် လည်းကောင်း၊ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်းသော အသားတင်အရှုံးသည် လည်းကောင်း ဗဟိုဘဏ်၏ နှစ်စဉ်အသားတင် အမြတ်ငွေ တွက်ချက်ရာတွင် မပါဝင်စေရ။

၃၄။ ဗဟိုဘဏ်သည် ဇင်ငွေအပေါ် ကောက်ခံသည့် အခွန်များ၊ တံဆိပ်ခေါင်းခွန်များ သို့မဟုတ် အလားတူအခွန်များနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် အခွန်စည်းကြပ်မှုများမှ ကင်းလွတ်ခွင့် ရရှိစေရမည်။

၃၅။ ဗဟိုဘဏ်သည် -

(က) မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်၊

(ခ) ဘဏ္ဍာရေးနှစ်တစ်နှစ်မစမီ ဗဟိုဘဏ်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ရေးဆွဲ၍ ဒါရိုက်တာအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်၊ ဒါရိုက်တာအဖွဲ့က အတည်ပြုပြီးသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အစိုးရအဖွဲ့သို့ အစီရင်ခံ တင်ခြသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုလွှတ်တော်သို့လည်း တင်ပြရမည်၊

(ဂ) ဒါရိုက်တာအဖွဲ့သည် နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ရန် လိုအပ်သောဘဏ္ဍာရေး စည်းမျဉ်းများကို ချမှတ်ရမည်။

၃၆။ (က) ဗဟိုဘဏ်၏ စာရင်းများကို ဘဏ်တွင်းစာရင်းစစ်ဌာနက သုံးလပတ်အလိုက် ပုံမှန် စစ်ဆေးရမည်။ စာရင်းစစ်ဆေးချက် အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့သို့ တင်ပြရမည်၊

(ခ) ဗဟိုဘဏ်၏ စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးရမည်။

(ဂ) ဗဟိုဘဏ်သည် နှစ်စဉ် နှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲရမည်။ ဗဟိုဘဏ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးသည့် အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းတို့နှင့်အတူ နှစ်ချုပ်အစီရင်ခံစာကို အစိုးရအဖွဲ့သို့ နှစ်ကုန်ဆုံးပြီးနောက် ခြောက်လအတွင်း တင်ပြရမည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ တင်ပြပြီးနောက် ဗဟိုဘဏ်သည် နှစ်ချုပ်အစီရင်ခံစာကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၅)
## တာဝန်ခံမှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှု

၃၇။ ဗဟိုဘဏ်သည် ယင်း၏ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်မှု၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်မှုနှင့် နိုင်ငံတော်၏ ငွေရေးကြေးရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် အစီရင်ခံတင်ပြရမည်၊ အဆိုပါ အစီရင်ခံစာကို ပန်ကြီးဌာနသို့လည်း ပေးပို့ရမည်။

၃၈။ ဗဟိုဘဏ်ဥက္ကဋ္ဌသည် ငွေကြေးမူဝါဒ၊ ငွေရေးကြေးရေးစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်၏ ငွေရေးကြေးရေးအခြေအနေ သို့မဟုတ် ဗဟိုဘဏ်၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြရမည်။

၃၉။ ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးလပတ် အလိုက် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၆)
## ဗဟိုဘဏ်၏ လုပ်ငန်းတာပန်နှင့် လုပ်ပိုင်ခွင့်များ

၄၀။ ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံခြားငွေ လဲလှယ်နှုန်းဆိုင်ရာ မူဝါဒကို ဆုံးဖြတ်ပြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

(ဂ) အစိုးရအဖွဲ့အား နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်နှင့် စပ်လျဉ်း၍ အကြံပြုခြင်း၊

(ဃ) နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(င) ပြည်တွင်းသုံးငွေကို တစ်ဦးတည်း ထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(စ) ငွေရေးကြေးရေးစနစ် တည်ငြိမ်ခိုင်မာမှုကို ထိန်းသိမ်းနိုင်ရန် ကြီးကြပ်ထိန်းကျောင်းခြင်း၊

(ဆ) ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ဇ) ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေ ဈေးကွက်များ စနစ်တကျနှင့် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ထိန်းကျောင်းကွပ်ကဲခြင်း၊

(ဈ) လုံခြုံစိတ်ချရပြီး ခိုင်မာ၍ စွမ်းဆောင်ရည်ပြည့်ဝသော ပေးချေမှုစနစ်တစ်ရပ် တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ည) ဘဏ်များ၏ နောက်ဆုံးအားထားရာ ကာလတို ချေးငွေထုတ်ချေးသူအဖြစ် ဆောင်ရွက်ခြင်း၊

(ဋ) အစိုးရအဖွဲ့၏ ငွေစာရင်းများကို ထိန်းသိမ်းပေးခြင်းဖြင့် အစိုးရအဖွဲ့၏ ဘဏ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဌ) အစိုးရအဖွဲ့၏ ငွေရေးကြေးရေးဆိုင်ရာ အကြံပေးနှင့် ဘဏ္ဍာရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဍ) ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဘဏ်အဖြစ်ဆောင်ရွက်ခြင်း၊

(ဎ) ငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် စာရင်းများဖွင့်လှစ်၍ အပ်ငွေများ လက်ခံခြင်း၊

(ဏ) ဘဏ်လုပ်ငန်း၊ ချေးငွေနှင့် ငွေကြေးနယ်ပယ်ရှိ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် နိုင်ငံတော်၏ ပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော အပေးအယူပြုလုပ်မှုများကို ဆောင်ရွက်ခြင်းနှင့် တာဝန်ဝတ္တရားအားလုံးကို အစိုးရအဖွဲ့အမည်ဖြင့် တာဝန်ခံဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့ကိုယ်စား အဆိုပါအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(တ) ဤဥပဒေအရ သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသော သို့မဟုတ် အကြောင်းသင့် ဆက်စပ်ဖြစ်ပေါ်လာသော လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း။

၄၁။ ဗဟိုဘဏ်သည် အောက်ပါ လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိအတွက် မိမိအမည်ဖြင့် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့် ယင်းငွေချေးသက်သေခံ လက်မှတ်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အများပြည်သူနှင့်လည်းကောင်း ရောင်းဝယ်ဖောက်ကားခြင်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်များကို အာမခံရယူ၍ ကာလတိုချေးငွေနှင့် ကြိုတင်ပေးငွေများ ထုတ်ပေးခြင်း၊

(ဂ) ငွေရေးကြေးရေးဈေးကွက်များတွင် လိုအပ်သလို ဝင်ရောက်ရောင်းဝယ်ခြင်း၊

(ဃ) ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

(င) မိမိရရန်ရှိသော ကြွေးမြီအတွက် လက်ခံရရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ ရောင်းချ၍ တန်ဖိုးကိုရယူခြင်း၊

(စ) မိမိသင့်လျော်သည်ဟုယူဆသော စည်းကမ်းချက်များနှင့်အညီ မည်သည့် နိုင်ငံခြားငွေကြေးအမျိုးအစားဖြင့်မဆို ပြည်ပမှ ချေးငွေရယူခြင်းနှင့် အဆိုပါ ချေးငွေများအတွက် အာမခံများ ထုတ်ပေးခြင်း၊

(ဆ) ဤဥပဒေအရ တရားစွဲဆိုရန် ခွင့်ပြုမိန့်တောင်းခံလာသည့် ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဇ) စာရင်းအင်းများနှင့် သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် ပြုစုရေးဆွဲခြင်း၊ အဓိကအားဖြင့် နိုင်ငံခြားငွေပေးငွေယူ စာရင်းအင်းများ ရေးဆွဲခြင်းနှင့် တည်ငြိမ်၍ ကောင်းမွန်သည့် နိုင်ငံခြားငွေပေးငွေယူစာရင်း အခြေအနေတစ်ရပ် ရရှိစေရန် လိုအပ်သော နည်းလမ်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ဈ) ငွေကြေးပမာဏကို လိုအပ်သလို ထိန်းချုပ်နိုင်ရန် ဗဟိုဘဏ်၏ အတိုးနှုန်းကို အခါအားလျော်စွာ ခြင်ဆင်သတ်မှတ်ခြင်း။

၄၂။ ဗဟိုဘဏ်သည် မိမိ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောဥပစာများနှင့် လုပ်ငန်းသုံးပစ္စည်းတို့ကို ဥပဒေနှင့်အညီ ရယူခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ထားရှိခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်သည်။

၄၃။ ဗဟိုဘဏ်သည် မိမိရရန်ရှိသည့် ကြွေးမြီများအတွက် မြီစားထံမှရရှိသော မည်သည့် အကျိုးခံစားခွင့်ကိုမဆို ဖြစ်နိုင်သမျှ ဆောလျင်စွာ ထုခွဲရောင်းချရမည်။

၄၄။ ဗဟိုဘဏ်သည် -

(က) ဤဥပဒေအရ ဗဟိုဘဏ်၏ လုပ်ငန်းများနှင့် မကိုက်ညီသည့် အမြတ်ရရှိရေးကိုသာ ဦးတည်ဆောင်ရွက်သော ကုမ္ပဏီများ သို့မဟုတ် လုပ်ငန်းများ သို့မဟုတ် အခြားစီးပွားရေးဆန်သော ဆောင်ရွက်မှုများကို ဖွဲ့စည်းလုပ်ကိုင်ခြင်း၊ ယင်းတို့တွင် အစုရှယ်ယာ ထည့်ဝင်ခြင်း မပြုရ၊

(ခ) ဤဥပဒေခြင့် ခွင့်ပြုထားခြင်းများမှအပ အခြားချေးငွေအမျိုးမျိုး ထုတ်ပေးခြင်း မပြုရ၊

## အခန်း (၇)
## ငွေကြေးတည်ငြိမ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်း

၄၅။ ဗဟိုဘဏ်သည် မိမိ၏ ငွေကြေးတည်ငြိမ်ရေး ရည်ရွယ်ချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ငွေကြေးမူဝါဒဆိုင်ရာ နည်းလမ်းများကို အသုံးပြုဆောင်ရွက် နိုင်သည်-

(က) ငွေရေးကြေးရေး ဈေးကွက်များတွင် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်း၊

(ခ) လျှော့နှုန်းနှင့် တစ်ဆင့်လျှော့နှုန်းတို့ကို သတ်မှတ်ကျင့်သုံးခြင်း၊

(ဂ) အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်အား သတ်မှတ်ခြင်း၊

(ဃ) ချေးငွေစီမံခန့်ခွဲခြင်း အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများ သတ်မှတ်ခြင်း။

၄၆။ ဗဟိုဘဏ်သည် ပုဒ်မ ၄၅၊ ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာ၌ ငွေရေးကြေးရေးဈေးကွက်တွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ် အမျိုးအစားများနှင့် ချေးငွေအတွက်ရယူမည့် အာမခံ ပစ္စည်းများသတ်မှတ်ခြင်းနှင့် ငွေရေးကြေးရေးဈေးကွက်တွင် ဝင်ရောက်ဆောင်ရွက်မည့် အခြေအနေ များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာရမည်။

၄၇။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး ဈေးကွက်များတွင် ငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်သည့်နည်းလမ်းကို အသုံးပြုရာ၌ အောက်ပါတို့ကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လျှော့နှုန်းဖြင့် လဲလှယ်ခြင်းနှင့် တစ်ဆင့်လျှော့နှုန်းဖြင့် လဲလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်-

(က) ငွေပေးအမိန့်လက်မှတ်များနှင့် ငွေပေးကတိစာချုပ်များ၊

(ခ) အများပြည်သူသို့ ထုတ်ဝေရောင်းချထားသော ငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အစိုးရအဖွဲ့ကထုတ်ဝေသည့် သို့မဟုတ် အာမခံသည့် အခြားငွေချေး သက်သေခံလက်မှတ်များ၊

(ဂ) ဗဟိုဘဏ်က ထုတ်ဝေထားသော ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများ။

၄၈။ ဗဟိုဘဏ်သည် မိမိ၏လျှော့နှုန်းများ၊ တစ်ဆင့်လျှော့နှုန်းများနှင့် ချေးငွေအပေါ် အတိုးနှုန်း များကို အခါအားလျော်စွာ သတ်မှတ်၍ ထုတ်ပြန်ကြေညာရမည်။

၄၉။ ဗဟိုဘဏ်သည် အပ်ငွေအမျိုးမျိုးနှင့် အလားတူပေးရန် တာဝန်များအတွက် သီးသန့်ငွေ အချိုးများကို သတ်မှတ်နိုင်သည့်အပြင် ယင်းတို့ကို တွက်ချက်သည့်နည်းလမ်းကိုလည်း သတ်မှတ် နိုင်သည်။ သို့ရာတွင် ယင်းလိုအပ်သော အချိုးများနှင့် တွက်ချက်သည့် နည်းလမ်းတို့သည် လုပ်ငန်း အမျိုးအစားတူ ဘဏ်များအားလုံးအတွက် တစ်ပြေးညီဖြစ်စေရမည်။

၅၀။ ဗဟိုဘဏ်သည် ဘဏ်များအား ယင်းတို့၏အပ်ငွေများနှင့် စပ်လျဉ်း၍လည်းကောင်း အလားတူ ပေးရန်တာဝန်များအတွက် သီးသန့်ငွေများနှင့် စပ်လျဉ်း၍လည်းကောင်း ငွေသားဖြင့်ဖြစ်စေ၊ ဗဟိုဘဏ်ရှိ အပ်ငွေများဖြင့်ဖြစ်စေ၊ ယင်းနှစ်ရပ်ပေါင်းဖြင့်ဖြစ်စေ၊ အခြား သင့်လျော်ရာ တွက်ချက်မှုနည်းလမ်းဖြင့် ဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်ပေးသည့် အချိုးအစားအတိုင်း ထားရှိစေရမည်။

၅၁။ ပုဒ်မ ၅၀ အရထားရှိရမည့် သီးသန့်ငွေလိုအပ်ချက် ပမာဏအပေါ်တွင် ဗဟိုဘဏ်က အတိုး ပေးနိုင်သည်။

၅၂။ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်များ၏ ပြောင်းလဲမှုများသည် ဒါရိုက်တာ အဖွဲ့က သတ်မှတ်သည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။ ဗဟိုဘဏ်သည် သတ်မှတ် နေ့ရက်ကို အနည်းဆုံး ၁၄ ရက် ကြိုတင်၍ ထုတ်ပြန် ကြေညာရမည်။

၅၃။ ဗဟိုဘဏ်သည် ယင်း၏ရည်ရွယ်ချက်များ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အခြားသင့်လျော်သော ငွေကြေးမူဝါဒဆိုင်ရာနည်းလမ်းများကို သတ်မှတ်အသုံးပြုနိုင်သည်။ ယင်းသို့ သတ်မှတ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့်သာ သတ်မှတ်ရမည်။

**အခန်း (၈)**

**နိုင်ငံခြားသုံးငွေနှင့် နိုင်ငံခြားသုံးသီးသန့်ငွေစီမံခန့်ခွဲခြင်း**

၅၄။ ဗဟိုဘဏ်၏ အကြံပြုချက်ကိုရယူ၍ အစိုးရအဖွဲ့သည် နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို သတ်မှတ်ရမည်။

၅၅။ ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို သတ်မှတ်အကောင်အထည်ဖော်ရမည်။

၅၆။ ဗဟိုဘဏ်သည် အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) ရွှေ သို့မဟုတ် အခြားအဖိုးတန်သတ္တုများကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း နှင့် ရောင်းဝယ်ဖောက်ကားခြင်း၊

(ခ) နိုင်ငံခြားသုံးငွေ အပေးအယူပြုလုပ်မှုများတွင် အများလက်ခံအသုံးပြုသော နည်းလမ်း တစ်ခုခုဖြင့် နိုင်ငံခြားငွေကြေးများကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း နှင့် ရောင်းဝယ်ဖောက်ကားခြင်း၊

(ဂ) နိုင်ငံခြားအစိုးရများ သို့မဟုတ် နိုင်ငံခြားဗဟိုဘဏ်များက ထုတ်ဝေသည့် သို့မဟုတ် အာမခံသည့် ငွေတိုက်လက်မှတ်များနှင့် အခြားငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ယင်းတို့၏ အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များက ထုတ်ဝေသော အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း နှင့် ရောင်းဝယ်ဖောက်ကားခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ပြည်ပရှိ ဗဟိုဘဏ်များ၊ ငွေကြေးအာဏာပိုင်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် မိမိ၏ ငွေစာရင်းများကို ဖွင့်လှစ်ထားရှိခြင်း၊

(င) အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ပြည်ပရှိဗဟိုဘဏ်များ၊ ငွေကြေးအာဏာပိုင်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရများနှင့် ယင်းတို့အား ကိုယ်စားပြုသူများအတွက် ကိုယ်စားလှယ်အဖြစ် သို့မဟုတ် ဆက်သွယ်သူအဖြစ် ဆောင်ရွက်ခြင်း၊ ငွေစာရင်းများကို ဖွင့်လှစ်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ပေးခြင်း၊

(စ) ဗဟိုဘဏ်က သင့်လျော်သည်ဟု ယူဆသော စည်းကမ်းချက်များနှင့်အညီ မည်သည့် နိုင်ငံခြားငွေကြေးဖြင့်မဆို ငွေချေးယူခြင်းနှင့် အဆိုပါချေးငွေများအတွက် အာမခံပေးခြင်း။

၅၇။ ဗဟိုဘဏ်သည် မိမိကိုယ်ပိုင် အမည်ဖြင့်ဖြစ်စေ၊ အစိုးရအဖွဲ့ကိုယ်စားဖြစ်စေ၊ အစိုးရအဖွဲ့ အတွက်နှင့် အစိုးရအဖွဲ့၏ အမိန့်အရဖြစ်စေ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု သဘောတူညီချက်များ သို့မဟုတ် ယင်းကဲ့သို့ သဘောသက်ရောက်သည့် စာချုပ်များကို ပြည်ပတွင် တည်ထောင်ထားသည့် အများပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းအမျိုးအစားတူ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ချုပ်ဆိုနိုင်သည်။

၅၈။ ဗဟိုဘဏ်သည် အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ ရရန်ပိုင်ခွင့်များနှင့် ဆက်စပ်၍ ဖြစ်ပေါ်နိုင်သော ငွေဖြစ်လွယ်မှုနှင့် ဆုံးရှုံးနိုင်မှုတို့ကို ထည့်သွင်း စဉ်းစား၍ အောက်ပါတို့အနက် အချို့အဝက် သို့မဟုတ် အားလုံးပါဝင်သည့် နိုင်ငံခြားသုံးသီးသန့် ငွေကို ထိန်းသိမ်းထားရှိရန်နှင့် စီမံခန့်ခွဲရန် တာဝန်ယူရမည်-

(က) ရွှေ၊

(ခ) နိုင်ငံခြားသုံးငွေ၊

(ဂ) ဗဟိုဘဏ်က သဘောတူလက်ခံနိုင်သည့် နိုင်ငံခြားငွေကြေး အမျိုးအစားနှင့် နေရာဒေသ များတွင် ပေးချေရမည့် ငွေပေးအမိန့် လက်မှတ်များ၊ ငွေပေးကတိစာချုပ်များ၊

(ဃ) အောက်ပါ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု သီးသန့်ငွေရရန်ပိုင်ခွင့်များ -

(၁) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရှိ နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့် ငွေပိုင်ဆိုင်မှု၊

(၂) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရှိ နိုင်ငံတော်၏ အထူးထုတ်ယူခွင့် များ ပိုင်ဆိုင်မှု။

၅၉။ ဗဟိုဘဏ်သည် -

(က) ပုဒ်မ ၅၈ အရ ထိန်းသိမ်းထားရှိသည့် နိုင်ငံခြားသုံးသီးသန့်ငွေကို အပြည်ပြည်ဆိုင်ရာ နှင့် အပေးအယူ ပြုလုပ်မှုများအတွက် လုံလောက်သည်ဟု မိမိယူဆသည့် ပမာဏနှင့် အညီ ထိန်းသိမ်းထားရှိနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသုံးသီးသန့်ငွေပမာဏ ကျဆင်းလာလျှင်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာနှင့် အပေးအယူပြုလုပ်မှုများအတွက် ယင်းနိုင်ငံခြားသုံး သီးသန့်ငွေ၏လုံလောက်မှုမှာ စိတ်မချရသည့် အတိုင်းအတာအထိ ကျဆင်းမည့် အန္တရာယ်ရှိသည်ဟု ယူဆလျှင်သော်လည်းကောင်း၊ အဆိုပါ ကျဆင်းမှုကို ဖြစ်စေသော သို့မဟုတ် ဖြစ်စေနိုင်သော အကြောင်းအချက်အလက်များ၊ နိုင်ငံခြားသုံးသီးသန့်ငွေ အခြေအနေနှင့် ယင်းအခြေအနေကို ကုစားမှုပြုနိုင်ရန် သင့်လျော်သည်ဟုယူဆသော အဆိုပြုချက်များပါရှိသည့် အစီရင်ခံစာကို အစိုးရအဖွဲ့ထံ တင်ပြရမည်။

(ဂ) နိုင်ငံခြားသုံး သီးသန့်ငွေပမာဏ ပုံမှန်အခြေအနေရရှိပြီဟု ယူဆသည့်အချိန်အထိ အဆိုပြုချက်နှင့် အစီရင်ခံစာကို တစ်ကြိမ်လျှင် သုံးလထက် မကျော်လွန်စေဘဲ အစိုးရအဖွဲ့ထံ တင်ပြရမည်။

၆၀။ ဗဟိုဘဏ်သည် နိုင်ငံတော်ကအခါအားလျော်စွာ တင်ရှိလာနိုင်မည့် ပြည်ပကြွေးမြီများနှင့် စပ်လျဉ်း၍ မည့်သို့ဆောင်ရွက်သင့်ကြောင်းကို စည်းတမ်းချက်များ၊ အပြားအချက်အလက်များနှင့်တကွ အစိုးရအဖွဲ့ထံ အကြံပြုတင်ပြနိုင်သည်။ ထိုသို့တင်ပြနိုင်ရန် ဗဟိုဘဏ်သည် နိုင်ငံတော်က ချေးယူထားသော သို့မဟုတ် အာမခံထားသော နိုင်ငံခြားကြွေးမြီအားလုံး၏ နောက်ဆုံးလက်ကျန်စာရင်းများကို ဝန်ကြီးဌာနထံမှ တောင်းခံရယူနိုင်သည်။

## အခန်း(၉)
## ပြည်တွင်းသုံးငွေ ထုတ်ဝေပြင်း

၆၁။ ပြည်တွင်းသုံးငွေ၏ အခြေခံယူနစ်သည် 'ကျပ်' ဖြစ်သည်။ ငွေတစ်ကျပ်ကို အပိုင်းတစ်ရာပိုင်း၍ တစ်ပိုင်းကို တစ်ပြားဟုခေါ်ရမည်။ ထိုကျပ်နှင့်ပြားများအတွက် အင်္ဂလိပ် ဘာသာသင်္ကေတများသည် "K" နှင့် "P" ဟု အသီးသီးဖြစ်ရမည်။

၆၂။ ဗဟိုဘဏ်ကသာလျှင် ငွေစက္ကူနှင့်ဒင်္ဂါးများ ထုတ်ပိုင်ခွင့်ရှိသည်။ ဗဟိုဘဏ်ကထုတ်သော ငွေစက္ကူများနှင့် ဒင်္ဂါးများသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် တရားဝင်ငွေအဖြစ် တည်ရှိစေရမည်။

၆၃။ ဥပဒေနှင့်အညီ ငွေကြေးနှင့်စပ်လျဉ်းသည့် သို့မဟုတ် ငွေကြေးဖြင့်ပေးရန်ရှိသည့် စာချုပ်စာတမ်း၊ အပေးအယူပြုလုပ်မှု သို့မဟုတ် ကြွေးမြီတာဝန်တစ်ခုခုတွင် နိုင်ငံခြားသုံးငွေဖြင့် ပြုလုပ်ကြောင်း အတိအလင်းသဘောတူညီချက် မရှိခဲ့လျှင် ယင်းကို နိုင်ငံတော်အတွင်းတွင် ကျပ်ငွေဖြင့် ပြုလုပ်သည်ဟု မှတ်ယူရမည်။

၆၄။ ဗဟိုဘဏ်သည် ငွေစက္ကူများပုံနှိပ်ခြင်း၊ ဒင်္ဂါးများ သွန်းလောင်းပြင်း၊ ထုတ်ဝေရန် ထားရှိသည့် ငွေစက္ကူများနှင့်ဒင်္ဂါးများကို လုံခြုံစွာသိုလှောင်ထားရှိခြင်းနှင့် ငွေစက္ကူပုံနှိပ်ပလိပ်ပြားများ၊ ဒင်္ဂါးညှပ်ပုံများနှင့် ပြန်လည်ရုပ်သိမ်းထားသည့် ငွေစက္ကူများနှင့် ဒင်္ဂါးများကို လိုအပ်သလို သိုလှောင်ခြင်းနှင့် ဖျက်ဆီးခြင်းတို့အတွက် စီစဉ်ဆောင်ရွက်ရမည်။

၆၅။ ဗဟိုဘဏ်သည် ငွေစက္ကူများနှင့် ဒင်္ဂါးများ၏ တန်ဖိုး၊ အဆင်အပြင်၊ ဖွဲ့စည်းပါဝင်သည့် ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်သည့် လက္ခဏာများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၆၆။ ဗဟိုဘဏ်သည် မည်သည့်ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ထင်းဆောင်ရွက်ချက် အခြေအနေကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အထည်ပြုချက် ရယူရမည်။

၆၇။ (က) ဗဟိုဘဏ်သည် မိမိထုတ်ဝေထားသည့် တရားဝင်သုံးစွဲလျက်ရှိသော ငွေကြေးများကို လက်ဝယ်ရှိသူများက လဲလှယ်ပေးရန် တောင်းခံပါက တန်ဖိုးအလိုက် လဲလှယ်ပေးရမည်။

(ခ) ဘဏ်များသည် တရားဝင်သုံးစွဲလျက်ရှိသော ငွေစက္ကူနှင့်ဒင်္ဂါးများကို အခြားတန်ဖိုးအမျိုးအစားဖြစ်သော တရားဝင်ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးများဖြင့် လဲလှယ်ရန် တောင်းဆိုသည့်အခါ အခမဲ့လဲလှယ်ပေးရမည်။

(ဂ) ပျောက်ဆုံးသော သို့မဟုတ် ခိုးရာပါသော သို့မဟုတ် ချွတ်ယွင်းသော သို့မဟုတ် ပုံသဏ္ဌာန်ပျက်သော ငွေစက္ကူနှင့် ဒင်္ဂါးတစ်ခုခု၏တန်ဖိုးကို ဗဟိုဘဏ်ထံမှ ရပိုင်ခွင့်အဖြစ် မည်သူမျှတောင်းဆိုခွင့်မရှိစေရ။ သို့ရာတွင် ချွတ်ယွင်းသော သို့မဟုတ် ပုံသဏ္ဌာန်ပျက်သောငွေစက္ကူနှင့် ဒင်္ဂါးတန်ဖိုးကို လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ပေးနိုင်သည်။

# အခန်း (၁၀)

## ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်း

၆၈။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ငွေရေးကြေးရေး အဖွဲ့အစည်းများအား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊ လုပ်ငန်းခိုင်မာ ကောင်းမွန်စေရန် ကြီးကြပ်စစ်ဆေးခြင်း၊ ကြပ်မက်ကွပ်ကဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ယင်းအဖွဲ့အစည်းများ၏ ကြွေးမြီပေးဆပ်နိုင်မှုနှင့် လုပ်ငန်းခိုင်မာမှုတို့ ပိုမိုကောင်းမွန်စေရန် လိုအပ်သလို ညွှန်ကြားနိုင်သည်။

၆၉။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးရာတွင် မိမိ၏ ဝန်ထမ်းများကိုသော်လည်းကောင်း၊ ဗဟိုဘဏ်ကတာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များကိုသော်လည်းကောင်း အောက်ပါအတိုင်း တာဝန်ပေးအပ်ဆောင်ရွက်စေနိုင်သည်-

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ သွားရောက်၍ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထား စာရွက်စာတမ်းများနှင့် အခြားမှတ်တမ်းများအား စစ်ဆေးခြင်း၊

( ခ ) ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ကာလအလိုက်စာရင်းများ၊ မှတ်တမ်းများနှင့် သတင်းအချက်အလက်များကို ၎င်းတို့ထံမှရယူ၍ စစ်ဆေးခြင်း။

၇၀။ ငွေရေးကြေးရေးအဖွဲ့အစည်းသည် ဗဟိုဘဏ်က ယင်း၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှာ လိုအပ်မည့်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် တောင်းဆိုသည့်အတိုင်း ပေးပို့ရမည်။

၇၁။ ဗဟိုဘဏ်သည် ပုဒ်မ ၇၀ အရ ပေးပို့သော အချက်အလက် အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း သင့်လျော်သည့်အချိန်တွင် တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန်ကြေညာနိုင်သည်။ သို့ရာတွင် အများပြည်သူနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုရ။

၇၂။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းပြုသည့် အခြားအာဏာပိုင်အဖွဲ့အစည်းများထံမှလည်း လိုအပ်သော သတင်းအချက်အလက်များ တောင်းယူနိုင်သည်။

၇၃။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် လိုအပ်သည်ဟု ယူဆပါက ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုကိုဖြစ်စေ၊ ယင်းမှတာဝန်ရှိသူပုဂ္ဂိုလ်ကိုဖြစ်စေ ယင်းလုပ်ငန်း၏ ငွေရေးကြေးရေး တည်ငြိမ်ရေးအတွက် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်ရေး သို့မဟုတ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်ရန် စာဖြင့်ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

၇၄။ ဗဟိုဘဏ်သည် ငွေကြေးလွှယ်ကူမှုအချိုးအပါအဝင် ငွေရေးကြေးရေးအချိုးများနှင့် ယင်းတို့ကိုတွက်ချက်သည့် နည်းလမ်းများကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၇၅။ ဗဟိုဘဏ်သည် လိုအပ်သည်ဟု ယူဆပါက ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးရန် ထိုက်တန်မှုကို အကဲဖြတ်သုံးသပ်ရန် ဆီလျော်သက်ဆိုင်သော အခြားသတင်း အချက်အလက်များကို စုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အသိပေးနိုင်ရန် ချေးငွေသတင်းအချက်အလက်ဌာနကို တည်ထောင်ခွင့်ပြုနိုင်သည်။

## အခန်း(၁၁)

## ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

၇၆။ ဗဟိုဘဏ်သည် ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်အား ကြီးကြပ်ထိန်းကျောင်းရာတွင် ဗဟိုဘဏ်၏ ဝန်ထမ်းများကသော်လည်းကောင်း၊ ဗဟိုဘဏ်မှ တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များကသော်လည်းကောင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ သွားရောက်၍ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထား စာရွက်စာတမ်းများနှင့် အခြားမှတ်တမ်းများအား စစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်များ၏ ကာလအလိုက် စာရင်းများ၊ မှတ်တမ်းများနှင့် သတင်းအချက်အလက်များကို ၎င်းတို့ထံမှ ရယူ၍ စစ်ဆေးခြင်း။

၇၇။ ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များသည် ဗဟိုဘဏ်က ယင်း၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှာ လိုအပ်မည့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် တောင်းဆိုသည့်အတိုင်း ပေးပို့ရမည်။

၇၈။ ဗဟိုဘဏ်သည် ပုဒ်မ ၇၇ အရ ပေးပို့ထားသော အချက်အလက် အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း သင့်လျော်သည့်အချိန်တွင် တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန်ကြေညာနိုင်သည်။ သို့ရာတွင် အများပြည်သူနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်း မပြုရ။

## အခန်း(၁၂)
## ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

၇၉။ ဗဟိုဘဏ်သည် လုံခြုံမှုနှင့် ထိရောက်မှုရှိသော ငွေပေးချေမှုစနစ် ဖြစ်စေရန် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားလာသည့် အဖွဲ့အစည်းတစ်ရပ်ရပ်အား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းကို ကြီးကြပ်စစ်ဆေးခြင်း ၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရမည်။

၈၀။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ချက်လက်မှတ်များ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ငွေပေးချေမှုများနှင့် ငွေပေးချေမှုအဖြစ် အသုံးပြုသည့် စာချုပ်စာတမ်းများကို စာရင်းရှင်းလင်းပေးရန် စာရင်းရှင်းလင်းရေးအဖွဲ့များကို လိုအပ်သည့် နေရာများတွင် ဖွဲ့စည်းနိုင်သည်။

၈၁။ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များသည် ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၈၂။ ဗဟိုဘဏ်သည် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု လုပ်ငန်းများကို ကြီးကြပ်ထိန်းကျောင်းရာတွင် ဗဟိုဘဏ်၏ ဝန်ထမ်းများကသော်လည်းကောင်း၊ ဗဟိုဘဏ်မှ ခန့်အပ်တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များကသော်လည်းကောင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ သွားရောက်၍ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထား စာရွက်စာတမ်းများနှင့် အခြားမှတ်တမ်းများအား စစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်များ၏ ကာလအလိုက် စာရင်းများ၊ မှတ်တမ်းများနှင့် သတင်းအချက်အလက်များကို ၎င်းတို့ထံမှရယူ၍ စစ်ဆေးခြင်း။

၈၃။ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များသည် ဗဟိုဘဏ်က ယင်း၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်ရန်အလို့ငှာ လိုအပ်မည့်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် တောင်းဆိုသည့်အတိုင်း ပေးပို့ရမည်။

၈၄။ ဗဟိုဘဏ်သည် ပုဒ်မ ၈၃ အရ ပေးပို့ထားသော အချက်အလက်အားလုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း သင့်လျော်သည့် အချိန်တွင် တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန်ကြေညာနိုင်သည်၊ သို့ရာတွင် အများပြည်သူနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုရ။

## အခန်း (၁၃)

## ဘဏ်များ၏ နောက်ဆုံး အားထားရာ ကာလတို ချေးငွေထုတ်ချေးသူအဖြစ် ဆောင်ရွက်ခြင်း

၈၅။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်ရန် သို့မဟုတ် လျော့နည်းစေရန်ရည်ရွယ်၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ဘဏ်များအား ချေးငွေအကူအညီပေးခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတည်ထောင်ထားသည့် ဘဏ်များ၏ရုံးချုပ်များနှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်များ၏ ပင်မရုံးခွဲကိုသာ ငွေထုတ်ချေးခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတည်ထောင်ထားသော ဘဏ်များ၏ ပြည်ပရှိဘဏ်ခွဲများ၊ ရုံးခွဲများအား ငွေကြေးနှင့် အခြားလိုအပ်သော အကူအညီများ ပေးရန်အစီအစဉ်များကို အခြားသော ဗဟိုဘဏ်များနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။

၈၆။ ဘဏ်များက ငွေကြေးလွယ်ကူမှု တိုးတက်ကောင်းမွန်စေရေးအတွက် ငွေရေးကြေးရေး အကူအညီ တောင်းခံလာသည့်အခါ ဗဟိုဘဏ်သည် အောက်ပါအချက်များကို အခြေခံ၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အချိန်ကာလအားဖြင့် ၉၂ ရက် ထက်မပိုစေဘဲ ယာယီချေးငွေများကို သင့်လျော်သော အတိုးနှုန်းဖြင့် ထုတ်ချေးနိုင်သည် -

(က) ကြွေးမြီ ပြန်လည်ပေးဆပ်နိုင်စွမ်းရှိပြီး ချေးငွေအတွက် လုံလောက်သော အာမခံပေးနိုင်သည့် ဘဏ်ဖြစ်ခြင်း၊

(ခ) ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ငွေရေးကြေးရေး အကူအညီပေးရန် လိုအပ်သည့် ဘဏ်ဖြစ်ခြင်း။

၈၇။ ဗဟိုဘဏ်သည် သက်ဆိုင်ရာဘဏ်၏ ကုစားမည့်နည်းလမ်းများကို ဖော်ပြထားသော အရေးယူဆောင်ရွက်မည့် အစီအစဉ်အပေါ် အခြေခံစဉ်းစား၍ နောက်ထပ်သက်တမ်း တစ်ကြိမ်ကို အချိန်ကာလအားဖြင့် ၉၂ ရက် ထက်မပိုစေဘဲ ထပ်မံတိုးမြှင့်နိုင်သည်။

၈၈။ ဗဟိုဘဏ်သည် အများပြည်သူအကျိုးကို သယ်ပိုးဆောင်ရွက်ရန်နှင့် အရေးပေါ် ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်သည်ဟု ယူဆပါက ချေးငွေကို နောက်ထပ်သက်ထမ်း တစ်ကြိမ်မက တိုး၍ထုတ်ချေးနိုင်သည်။

၈၉။ ဗဟိုဘဏ်သည် ချေးငွေရယူသည့်ဘဏ်က ကုစားသည့် အရေးယူဆောင်ရွက်မှု နည်းလမ်းများကို အကောင်အထည်ဖော်ခြင်းမရှိကြောင်း သို့မဟုတ် ယင်းအရေးယူဆောင်ရွက်မှုများသည် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုမရရှိကြောင်း စိစစ်တွေ့ရှိပါက ယင်းဘဏ်အား သတ်မှတ်ချက်များနှင့်အညီ အရေးယူရမည်။

## အခန်း (၁၄)

## အစိုးရအဖွဲ့၏ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း

၉၀။ ဗဟိုဘဏ်သည် အစိုးရအဖွဲ့၏ အပ်ငွေများကိုလက်ခံပြီး အစိုးရအဖွဲ့၏ကိုယ်စား ယင်းငွေစာရင်းများမှ ငွေပေးချေမှုများ ပြုလုပ်ပေးရမည်။ ထို့ပြင် ယင်းလုပ်ငန်းကို အခြားဘဏ်တစ်ခုကို လွှဲအပ်နိုင်သည်။

၉၁။ ဗဟိုဘဏ်သည် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် အစိုးရအဖွဲ့သို့ ချေးငွေ ထုတ်ချေးနိုင်သည်။ ထိုသို့ ထုတ်ချေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ချေးငွေအတွက် စည်းကမ်းချက်များကို ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ အခါအားလျော်စွာ ညှိနှိုင်းသတ်မှတ်ရမည်။

( ခ ) ချေးငွေများကို အတိုးပေးသော လွှဲပြောင်းနိုင်ခွင့်ရှိသည့် အများဆုံး သက်တမ်း ၉၂ ရက်သာရှိသော အစိုးရ ငွေချေးသက်သေခံလက်မှတ်များဖြင့် ဝန်ကြီးဌာနက အာမခံရမည်။

၉၂။ ဗဟိုဘဏ်သည် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အများပြည်သူလက်ဝယ်ရှိ အစိုးရငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း ပြုလုပ်နိုင်သည်။

၉၃။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ နိုင်ငံတော်သို့ ထုတ်ချေးထားသော ချေးငွေလက်ကျန်အားလုံးကို အတိုးပေးသောလွှဲပြောင်းနိုင်သည့် အစိုးရငွေချေး သက်သေခံလက်မှတ်များဖြင့် အစိုးရအဖွဲ့က ဗဟိုဘဏ်သို့ လွှဲပြောင်းပေးရမည်။ အဆိုပါ လွှဲပြောင်းပေးသည့် အစိုးရငွေချေးသက်သေခံ လက်မှတ်များ ပြန်လည်ရွေးနုတ်ရန် အစီအစဉ်ကို ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ ညှိနှိုင်းဆောင်ရွက်ရမည်။

၉၄။ ဗဟိုဘဏ်သည် လေ့လာသုံးသပ်ရန် လိုအပ်သော ငွေရေးကြေးရေးနှင့် စီးပွားရေးဆိုင်ရာစာရင်းအင်း၊ သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ တောင်းခံရယူခွင့်ရှိသည်။ ဗဟိုဘဏ်သည် အစိုးရအဖွဲ့၏ တောင်းခံချက်အရဖြစ်စေ၊ မိမိသဘောအလျောက်ဖြစ်စေ မိမိ၏လေ့လာသုံးသပ်ချက်များကို အစိုးရအဖွဲ့ထံ ထင်ပြအစီရင်ခံရမည်။

၉၅။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အများပြည်သူသို့ ရောင်းချမည့် အစိုးရအဖွဲ့၏ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ထံ အကြံပေးရမည်။

## အခန်း (၁၅)
## စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်း

၉၆။ ဗဟိုဘဏ်သည် ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀ တို့အရ သတ်မှတ်ပေးသည့်အချိုးနှင့်အညီ လိုအပ်သော သီးသန့်ငွေထားရှိရန် ပျက်ကွက်သည့် ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုထံမှ ယင်း၏ လိုအပ်သော သီးသန့်ငွေပြည့်မီစေရန် လျော့နည်းသည့် ငွေပမာဏအပေါ်တွင် ဒဏ်ကြေး သတ်မှတ်၍ တောင်းခံရယူနိုင်သည်။

၉၇။ ဗဟိုဘဏ်က သတ်မှတ်သည့် ငွေရေးကြေးရေး အချိုးများကို လိုက်နာရန် ပျက်ကွက်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် ဥပဒေများအရလည်းကောင်း စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ကျခံစေရမည်။

၉၈။ ပုဒ်မ ၉၆ အရ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်မှုတစ်ခုခုသည် အမျိုးတူ ငွေရေးကြေးရေး အဖွဲ့အစည်းအားလုံးကို ခွဲခြားခြင်းမပြုဘဲ တစ်ပြေးညီ ဖြစ်စေရမည်။ ထိုပြင်အရေးယူ ဆောင်ရွက်မှုသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်းမရှိစေရ။

## အခန်း (၁၆)
## တားမြစ်ချက်များ

၉၉။ မည်သူမျှဗဟိုဘဏ်၏ ခွင့်ပြုချက်မရရှိဘဲ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးတစ်ခုခုကို ဖြတ်တောက်ခြင်း၊ ဆုတ်ဖြဲခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ပုံသဏ္ဌာန် ပျက်ယွင်းအောင် ပြုလုပ်ခြင်း၊

(ခ) ငွေစက္ကူကိုဖြစ်စေ ဒင်္ဂါးကိုဖြစ်စေ အကျိုးအမြတ်ရယူလိုခြင်းငှာ ရောင်းဝယ်ဖောက်ကားခြင်း။

၁၀၀။ ဗဟိုဘဏ်၏ မည်သည့် ဒါရိုက်တာအဖွဲ့ဝင်၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်မျှ မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှ သိရှိလာသည့်ပုဂ္ဂိုလ်တစ်ဦးဦးသည် မည်သူမည်ဝါဖြစ်ကြောင်း ကိုသော်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်၏ ငွေအပေးအယူပြုလုပ်မှုများ၊ ဝင်ငွေပမာဏ၊ ဝင်ငွေရလမ်း၊ အမြတ်များ၊ အရှုံးများ၊ အသုံးစရိတ်များနှင့် စပ်ဆိုင်သည့် သတင်းအချက်အလက်များကိုသော် လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုလုပ်ရ။

၁၀၁။ မည်သူမျှ ဗဟိုဘဏ်က ထုတ်ဝေသော ငွေစက္ကူ၊ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း တစ်မျိုးမျိုးကို အတုမှန်းသိလျက်နှင့် သုံးစွဲခြင်း မပြုလုပ်ရ။

၁၀၂။ မည်သူမျှ ဗဟိုဘဏ်က ထုတ်ပေသော ငွေစက္ကူ၊ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း တစ်မျိုးမျိုးကို အတုပြုလုပ်ခြင်း၊ အတုကို ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုလုပ်ရ။

## အခန်း (၁၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၀၃။ မည်သူမဆို ပုဒ်မ ၉၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်ထောင်စု ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၀၄။ ဗဟိုဘဏ်၏မည်သည့် ဒါရိုက်တာအဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် မဆို ပုဒ်မ ၁၀၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၁၀၅။ မည်သူမဆို ပုဒ်မ ၁၀၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၁၀၆။ မည်သူမဆို ပုဒ်မ ၁၀၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်ထောင်စု ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၀၇။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင်ဖြစ်စေ၊ ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၈)
## အထွေထွေ

၁၀၈။ ဗဟိုဘဏ်ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်ပြီး ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ များသည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ ဖြစ်သည်ဟုမှတ်ယူရမည်။

၁၀၉။ ဤဥပဒေပါပြစ်မှုများအနက် ပုဒ်မ ၁၀၃ နှင့် ပုဒ်မ ၁၀၄ တို့ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၁၀။ ပုဒ်မ ၁၀၃ သို့မဟုတ် ပုဒ်မ ၁၀၄ အရ တရားစွဲဆိုရာတွင် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၁၁၁။ ဤဥပဒေပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၁၁၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သို့ပေးရန်ရှိသည့် ကြွေးမြီများကို နိုင်ငံတော်က ရရန်ပိုင်ခွင့်များမှတစ်ပါး အခြားရရန်ပိုင်ခွင့်အားလုံးထက် ဦးစားပေးရမည်။

၁၁၃။ ဗဟိုဘဏ်ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၁၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၉ သည် ဗဟိုဘဏ်ကတရားစွဲဆိုသည့် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၁၁၅။ ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၁၅/၉၀) အရ တည်ထောင်ထားသော မြန်မာနိုင်ငံတော် ဗဟိုဘဏ်ပိုင် ရွှေ့ပြောင်း နိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများ ကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း အသီးသီးဆက်ခံရမည်။

၁၁၆။ ဗဟိုဘဏ်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ကျင့်သုံး ဆောင်ရွက်ခွင့်ရှိသည်။ လက်တွေ့ဆောင်ရွက်နိုင်ရန် အခက်အခဲရှိပါက လွယ်ကူချောမွေ့စွာ အသွင် ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် နိုင်ငံတော်သမ္မတက အသွင် ကူးပြောင်းရေးကာလတစ်ရပ်ကို ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ အများဆုံးတစ်နှစ်အထိ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ယင်းကာလ၌ ဗဟိုဘဏ်သည် မိမိ၏ မူလလုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၁၁၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၅/ ၉၀) အရ တည်ထောင်ထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြုလုပ်ခဲ့သည့် သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်များသည် ဤဥပဒေအရ ဆက်ခံသည့် ဗဟိုဘဏ်ကချုပ်ဆိုသည့် သဘောတူစာချုပ်များဖြစ်သည်ဟု မှတ်ယူရမည်။

၁၁၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၅/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း ယင်းဥပဒေအရ တည်ထောင်ထားရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့သည် ဤဥပဒေ အရ ဆက်ခံမည့် ဒါရိုက်တာအဖွဲ့အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့် နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

၁၁၉။ ရုပ်သိမ်းလိုက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၁၅/၉၀) အရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့် တစ်ခုခုအရဖြစ်စေ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်သူကို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူခြင်းမပြုရ။

၁၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

**နိဒါန်း**

ပြည်ထောင်စုလွှတ်တော်သည် တရားရုံး၏ မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေး၊ တရားရုံး၏ ဂုဏ်သိက္ခာနှင့် အများပြည်သူ ယုံကြည်ကိုးစားမှုကို မထိခိုက်စေရေးတို့အတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃ ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းသည့် အောက်ပါ တရားရုံးများကိုဆိုသည် -

(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ် တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ နှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ၊

(၂) စစ်ဘက်ဆိုင်ရာတရားရုံးများ၊

(၃) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

(ခ) **တရားရုံးများကို မထီမဲ့မြင်ပြုမှု** ဆိုသည်မှာ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကိုဆိုသည်။

(ဂ) **တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု** ဆိုသည်မှာ တရားရုံးတစ်ရုံးကချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သော ဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကို ဆိုသည်။

(ဃ) **ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှု** ဆိုသည်မှာ အောက်ပါ အဖြုအမူတစ်ခုခု အတွက် အကြောင်းအရာ တစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတပြင့် ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ တမင်

## အခန်း(၂)
## စီရင်ပိုင်ခွင့် နှင့် အရေးယူပိုင်ခွင့်

၃။ တရားလွှတ်တော်သည် တရားရုံးကို မထီမဲ့မြင်ပြုမှုအား ဤဥပဒေအရ စစ်ဆေးစီရင်ပိုင်ခွင့် ရှိသည်။

၄။ တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စစ်ဘက်ဆိုင်ရာတရားရုံး သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို မထီမဲ့မြင်ပြုမှုအတွက် သက်ဆိုင်ရာ တရားရုံးမှ တာဝန်ရှိသူတစ်ဦး၏ လျှောက်ထားချက်အရ အရေးယူပိုင်ခွင့်ရှိသည်။

၅။ တရားလွှတ်တော်သည်-

(က) မိမိသဘောအလျောက်ဖြစ်စေ၊

(ခ) နစ်နာသူအမှုသည်တစ်ဦး၏ လျှောက်ထားချက်အရဖြစ်စေ၊

(ဂ) အခြားနည်းအရ ဖြစ်စေ၊ တရားရုံး တစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့် ရှိသည်။ သို့ရာတွင် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှုဖြစ်ပါက အရေးယူခွင့်မရှိစေရ။

၆။ တရားလွှတ်တော်သည်-

(က) တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကို တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

(ခ) ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကို ပြစ်မှုဆိုင်ရာအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ် ရေးသားဖော်ပြခြင်း၊ ပုံနှိပ်သုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကိုဆိုသည်-

(၁) တရားရုံး၏ ဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း သို့မဟုတ် သေးသိမ်ရန် ဖြစ်တန်စေခြင်း၊

(၂) တရားစီရင်သော မှုခင်းကိစ္စတွင် ဖြောင့်မှန်စွာ ဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(၃) မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်ကိုးစားမှု လျော့နည်းစေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(၄) တရားရုံးက ဆုံးဖြတ်ရန်ရှိသော အချက်များကို တစ်စုံတစ်ရာ အဆုံးအဖြတ် မပေးရသေးမီ ကြိုတင်ဝေဖန် ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။

(င) **တရားလွှတ်တော်** ဆိုသည်မှာ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကို ဆိုသည်။

## အခန်း(၃)
## ကင်းလွတ်ချက်များ

၇။ ဆောင်ရွက်ဆဲ တရားစီရင်သော မှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျ နိုင်လုံသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့် ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံး ကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။

၈။ စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ အရည်အသွေးအပေါ် မျှတစွာ သုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။

၉။ ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အောက်ဖော်ပြပါအကြောင်းအရာများမှအပ အများပြည်သူ ဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့်ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သော မှုခင်း တစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျ ခိုင်လုံသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ခ) အများပြည်သူဆိုင်ရာ မူဝါဒအရဖြစ်စေ၊ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ဖြစ်စေ၊ တရားရုံးက အတိအလင်း တားမြစ်ပိတ်ပင်ထားသည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ သတင်းအချက်အလက်များနှင့် သရုပ်ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ဂ) တရားစီရင်သော မှုခင်းတစ်ရပ်တွင် အပြင်းပွားလျက်ရှိသော လျှို့ဝှက်ထားရမည့် လုပ်ငန်းစဉ် စုံစမ်းရှာဖွေတွေ့ရှိချက် သို့မဟုတ် တီထွင်မှု စသည်တို့နှင့် စပ်လျဉ်း သည့် သတင်းအချက်အလက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

## အခန်း(၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၀။ မည်သူမဆိုတရားရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပို သော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁။ မည်သူမဆိုတရားရုံးကို တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံမျှဖြင့် လုံလောက်မှုမရှိဟုထင်မြင်ပါက သုံးလထက်မပိုသော တရားမထောင်ဒဏ်ကို ချမှတ်နိုင်သည်။

## အခန်း(၅)
## အယူခံဝင်ခွင့်

၁၂။ တရားလွှတ်တော်သည် တရားရုံးကို ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်သူကသော်လည်းကောင်း၊ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်သူကသော်လည်းကောင်း ကျေနပ်လောက်အောင် ဝန်ချတောင်းပန်လျှင် ထိုသူအား သတိပေးပြီး အပြစ်မှလွှတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှ လွှတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

၁၃။ တရားရုံးကို မထီမဲ့မြင်ပြုမှုနှင့် စပ်လျဉ်း၍ တရားလွှတ်တော်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခွင့်ရှိသည်။

## အခန်း(၆)
## အထွေထွေ

၁၄။ တရားရုံးကို မထီမဲ့မြင်ပြုမှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသော နေ့မှစ၍ တစ်နှစ်အတွင်း အမှုကိုစွဲဆိုရမည်။ သတ်မှတ်ထားသော ကာလထက်ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမျှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်း မပြုရ။

၁၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၆။ The Contempt of Courts Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
**နိုင်ငံတော်သမ္မတ**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)

## ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

## (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကော်မရှင်** ဆိုသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆိုသည်။

(ဂ) **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **နိုင်ငံသား**ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေး အဖွဲ့အစည်းလည်း ပါဝင်သည်။

(င) **နိုင်ငံခြားသား** ဆိုရာတွင် နိုင်ငံသား မဟုတ်သူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်း စကားရပ်တွင် နိုင်ငံခြားသားများ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(စ) **ကမကထပြုသူ** ဆိုသည်မှာ ကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အဆိုပြုသည့် နိုင်ငံသားတစ်ဦးဦးကို ဆိုသည်။

(ဆ) **အဆိုပြုချက်** ဆိုသည်မှာ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံလိုသူက ရည်ရွယ် ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော လျှောက်လွှာ နှင့်အတူ တင်ပြသော ပဋိညာဉ် စာချုပ်မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာ အထောက်အထား များနှင့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများကို ဆိုသည်။

(ဓ) **ခွင့်ပြုမိန့်** ဆိုသည်မှာ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ သဘောတူခွင့်ပြုသည့် အမိန့်ကိုဆိုသည်၊

(ဈ) **မတည်ငွေရင်း** ဆိုရာတွင် ခွင့်ပြုမိန့်အရ နိုင်ငံသားတစ်ဦးဦးက စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသော အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်တွင်းသုံးငွေ၊

(၂) နိုင်ငံခြားသုံးငွေ၊

(၃) စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင် တန်ဆာပလာများ၊

(၄) လိုင်စင်၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့်စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများကို တန်ဖိုးဖြတ်နိုင်သော အခွင့်အရေး၊

(၅) ကျွမ်းကျင်မှု နည်းပညာရပ်၊

(၆) အထက်ပါတို့မှ လုပ်ငန်းတွင်တိုးပွားရရှိပြီး၍ ဖြစ်စေ၊ ဝေစုအကျိုးအမြတ်ကိုဖြစ်စေ၊ ပြန်လည်ရင်းနှီးမြှုပ်နှံသောငွေများ၊

(၇) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတည်ငွေရင်းအဖြစ် ခွင့်ပြုထားသော အရာဝတ္ထု ပစ္စည်းများ။

(ည) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာခွင့်ပြုမိန့်အရ ရင်းနှီးမြှုပ်နှံသောပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းကိုဆိုသည်။

(ဋ) **ဘဏ်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသော နိုင်ငံတော်အတွင်းရှိ ဘဏ် တစ်ခုခုကိုဆိုသည်။

(ဌ) **ရင်းနှီးမြှုပ်နှံမှု** ဆိုရာတွင် ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်းအမျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည် -

(၁) ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားသုံးငွေ၊ စီးပွားရေးလုပ်ငန်းမှ ရရှိသည့် အမြတ်ငွေ အနက်မှ ပြန်လည် ရင်းနှီးမြှုပ်နှံသည့်ငွေ၊

(၂) စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် လိုအပ်သည့် ပြည်တွင်းပြည်ပမှ ချေးယူရရှိ သည့် ငွေကြေးနှင့် အထောက်အပံ့များ၊

(၃) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီအပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ၊

(၄) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့များနှင့် ဒီဘင်ချာစသည့် ငွေချေး သက်သေခံလက်မှတ်များ၊

(၅) ငွေရေးကြေးရေးဆိုင်ရာ တန်ဖိုးတစ်ရပ်အဖြစ် ထားရှိသည့် ပဋိညာဉ်စာချုပ်အရ ငွေကြေးအခွင့်အရေးများ သို့မဟုတ် ဆောင်ရွက်မှုများ၊

(၆) တည်ဆဲဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊

(၇) သဘာဝသယံဇာတပစ္စည်းများရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများ အပါအဝင် သက်ဆိုင်ရာဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာ အခွင့်အရေးများ။

(ង) မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူဆိုသည်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မြေငှားရမ်းခကို နိုင်ငံတော်သို့ပေးဆောင်၍ သတ်မှတ်ထားသော ကာလအပိုင်းအခြားအထိ စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်လုပ်ကိုင်ရန် မြေငှားရမ်းခွင့် ရရှိသူ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ရန် မြေအသုံးပြုခွင့်ရသူကို ဆိုသည်၊

(ပ) ဘီ အို တီ စနစ်ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဆိုသည်၊

(ဏ) ဘီ အို အို စနစ် ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းရပ်များကို ပိုင်ဆိုင်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(တ) ဘီ တီ အို ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကိုဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ နိုင်ငံတော်၏ ကြွယ်ဝသောသယံဇာတပစ္စည်းများကိုဖော်ထုတ်၍ ပြည်သူများလောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါ်များ လာစေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးလာစေရန်၊ အခြေခံအဆောက်အအုံအပါအဝင် နိုင်ငံတော် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်သည်။

## အခန်း (၃)
## အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်များကို အထောက်အကူပြုစေရေး၊

(ခ) နိုင်ငံသားက ရရှိပြီးဖြစ်သော၊ ရရှိသင့်သော စီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ရေး၊

(ဂ) အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရေး၊

(ဃ) အဆင့်မြင့်ကျွမ်းကျင်မှု၊ နည်းပညာရပ်များ တိုးတက်ရရှိရေးနှင့် အဆင့်မြင့်နည်းပညာ ဖြင့် ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(င) ပြည်တွင်းထွက်သယံဇာတပစ္စည်းများကိုအသုံးပြု၍ကုန်ပစ္စည်းထုတ်လုပ်လာနိုင်စေရေး၊

(စ) သွင်းကုန်အစားထိုးလုပ်ငန်းများ တည်ထောင်လာစေရေး၊

(ဆ) ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်စေရေး၊

(ဇ) မတည်ငွေရင်းကြီးမားသည့် ကုန်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုလုပ်ငန်းများပေါ်ထွန်းလာစေရေး၊

(ဈ) ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ည) အသေးစား နှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဋ) စွမ်းအင်သုံးစွဲမှု သက်သာစေမည့် လုပ်ငန်းများ ဖော်ထုတ်ရေး၊

(ဌ) စွမ်းအင်သစ်များရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် ဇီဝအခြေခံစွမ်းအင်သစ်များကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ ပေါ်ပေါက်လာစေရေး၊

(ဍ) ပဂ္ဂလိက နှင့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဎ) ဒေသန္တရဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဏ) ငွေကြေးဈေးကွက်တွင် ကျယ်ပြန့်စွာ ပါဝင်လာနိုင်စေရေး၊

(တ) ပြည်ပရောက် နိုင်ငံသားများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များအား မြို့တွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါဝင်လာစေရေး၊

(ထ) အသိဉာဏ်ဆိုင်ရာ ပစ္စည်းထုတ်ထုန်များ နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဒ) ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူ ဖြစ်စေရေး။

## အခန်း (၄)
## သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ

၅။ ဤဥပဒေအရ ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကန့်သတ်ထားသည့် သို့မဟုတ် တားမြစ်ထားသည့် လုပ်ငန်းများမှအပ မည်သည့် စီးပွားရေး လုပ်ငန်း အမျိုးအစားမဆို ရင်းနှီးမြှုပ်နှံခွင့်လျှောက်ထားနိုင်သည်။

၆။ အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်ရမည် -

(က) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု နှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော လုပ်ငန်းများ၊

(ခ) လူနေထိုင်ရာရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေမှု၊ အသံဆူညံမှု ဖြစ်ပေါ်စေသော လုပ်ငန်းများ၊

(ဂ) ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊

(ဃ) သဘာဝအရင်းအမြစ်၊ ပတ်ဝန်းကျင် နှင့် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်သော လုပ်ငန်းများ၊

(င) နိုင်ငံတော်အတွင်းရှိ ကုန်းနေ၊ ရေနေသတ္တဝါများ၊ သစ်ပင်၊ ပန်းမန်၊ စိုက်ပျိုးသီးနှံ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ၊ သယံဇာတပစ္စည်းများ စသည်တို့ကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊

(စ) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော ပစ္စည်းများ သယ်ဆောင်လာနိုင်သည့်လုပ်ငန်းများ၊

(ဆ) နိုင်ငံတကာ သဘောတူညီချက်များအရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းထုတ်လုပ်မှုစက်ရုံများ သို့မဟုတ် အသုံးပြုသော လုပ်ငန်းများ။

၇။ ကော်မရှင်သည် နိုင်ငံတော် နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေး အခြေအနေ၊ ပတ်ဝန်းကျင် အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သော နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများကို ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၅)
## ရင်းနှီးမြှုပ်နှံမှုပုံစံ

၈။ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုခုဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံသားက မတည်ငွေရင်း ရာခိုင်နှုန်းပြည့်ဖြင့် ဆောင်ရွက်ခြင်း၊

( ခ ) နိုင်ငံသားနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ ဖက်စပ်ပြုလုပ်ခြင်း၊

( ဂ ) နိုင်ငံတော် နှင့် နိုင်ငံသားတို့အကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုရာတွင် ဘီ အို တီ၊ ဘီ အို အို အပါအဝင် နှစ်ဦးနှစ်ဖက်သဘောတူညီသည့် စနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းဆိုင်ရာ ပဋိညာဉ်စာချုပ်ပါ ဥပဒေ နှင့် ညီညွတ်သော စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်း။

၉။ (က) ပုဒ်မ ၈ ပါ ရင်းနှီးမြှုပ်နှံမှုဖွဲ့စည်းရာတွင် တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်စေ၊ အစုအဖွဲ့ပိုင်လုပ်ငန်း ဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ ဖွဲ့စည်းနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်ရာတွင် ပဋိညာဉ်စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ၍ဖြစ်စေ၊ လုပ်ငန်းပြီးဆုံး၍ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း (၆)
## ကော်မရှင် ဖွဲ့စည်းခြင်း

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(၁) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် တစ်ဦးအား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(၂) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ခ) နိုင်ငံဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အမျိုးသားစီမံထိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေကိုခံစားခွင့် ရှိသည်။

## အခန်း (၇)
## ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဆိုပြုချက်များကို စိစစ်ရာတွင် အမျိုးသားလုံခြုံရေးကို ထိပါးနိုင်မှု၊ ငွေရေးကြေးရေး ယုံကြည်စိတ်ချရမှု၊ လုပ်ငန်း၏စီးပွားရေး တွက်ခြေကိုက်မှု၊ စက်မှုနည်းပညာ ဆီလျော်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုစသည့် အချက်အလက်များကို သုံးသပ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူများက ဥပဒေအရ ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝ မရရှိကြောင်း တိုင်ကြားလျှင် လိုအပ်သလို အမြန်အရေးယူ ဆောင်ရွက်ခြင်း၊

(ဂ) အဆိုပြုချက်များကို တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော နိုင်ငံသားတို့၏ အဆိုပြုချက်များကို လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ ဘီအိုတီ၊ ဘီတီအို၊ ဘီအိုအို အပါအဝင် အလားတူ စနစ်များအပေါ်တွင် အခြေခံစဉ်းစားခြင်း၊

(င) လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော်စီမံရေး ... 

(စ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ လွယ်ကူရန် နှင့် အားပေးအထောက်အကူပြုရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြု တင်ပြခြင်း၊

(ဆ) ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးပမာဏနှင့် လုပ်ငန်းသက်တမ်းတို့ကို သတ်မှတ်ခြင်း နှင့် ပြောင်းလဲသတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီး နှင့် ပြည်နယ် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဈ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သော မူလစာချုပ်တွင် မပါဝင်သည့် သဘာဝသယံဇာတ တွင်းထွက် ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကို ဖြစ်စေတွေ့ရှိလျှင် ကော်မရှင်က ချက်ချင်းသိရှိရန် နှင့် အရေးယူနိုင်ရန်စီမံဆောင်ရွက်ခြင်း၊

(ည) စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့် အညီ အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် ပြည်တွင်း၊ ပြည်ပဘဏ် ချေးငွေများရယူနိုင်ရန် အလို့ငှာ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းကို လုပ်ကိုင်နေကြောင်း အသိအမှတ်ပြုလွှာ ထုတ်ပေးဖြစ်း၊

(ဋ) အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

(ဌ) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန် ခွင့်ပြုထားသည့် နိုင်ငံခြားသားများအား နိုင်ငံတော်က ထုတ်ပေးသော အလုပ်လုပ်ခွင့် လက်မှတ်၊ ပြည်တွင်းနေထိုင်ခွင့် လက်မှတ်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊

(ဍ) ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန် ကော်မရှင်က တာဝန်ခံမြင်း၊

(ဎ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည်ဟု ယူဆပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်လည်း မဆန့်ကျင်သည့် အဆိုပြုချက်ကို လိုအပ်သော စိစစ်မှုများ ပြုလုပ်၍ လက်ခံမြင်း၊

(ခ) ကော်မရှင်သည် အဆိုပြုချက်ကိုလက်ခံလျှင် ခွင့်ပြုမိန့်ကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံလိုသူအား ထုတ်ပေးခြင်း၊

(ဂ) ခွင့်ပြုမိန့် သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ပေးရန်ဖြစ်စေ၊ ပြင်ဆင်ပေးရန်ဖြစ်စေ သက်ဆိုင်ရာတို့က လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ကမကထပြုသူထံမှ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူထံမှ လည်းကောင်း လိုအပ်သည့် အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တင်ပြရန် တောင်းဆိုခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက်တွင် အချက်အလက်များကို မမှန်မကန်ရေးသွင်း ဖော်ပြထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကို ခိုင်လုံသော အထောက်အထားများ တွေ့ရှိပါက ပုဒ်မ ၃၂ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေး ဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပြစ်ဒဏ်များကို ဖြစ်စေ ချမှတ်ခြင်း၊

(စ) ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံသူက အဆိုပြုတင်ပြလာသည့် ဘဏ်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်မြင်း။

၁၃။ ကော်မရှင်သည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီများ နှင့် အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၄။ ကော်မရှင်က ခွင့်ပြုသော လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မြစ်ပေါ်မှု အခြေအနေများကို ခြောက်လလျှင်တစ်ကြိမ် ဖြည့်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အစီရင်ခံ တင်ပြရမည်။

## အခန်း (၈)

## ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၅။ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ခွင့်ပြုမိန့် တို့ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ခ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရှိသောမြေကို ကော်မရှင်က သတ်မှတ်ထားသော စည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုခြင်း၊

(ဂ) ကော်မရှင်က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ရရှိပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း နှင့် လိုအပ်သော ပဋိညာဉ် စာချုပ်ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတည်ထောင်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော မြေ နှင့် အဆောက်အအုံများကို လုပ်ငန်းသက်တမ်းကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ် တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ မြေပေါ် မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်း နှင့် မသက်ဆိုင်သော မူလစာချုပ်တွင် မပါဝင်သည့် သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်သို့ ချက်ချင်းအကြောင်းကြားခြင်း၊ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ ခွင့်ပြုချက်မရလျှင် အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်း၊

(စ) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်သော အာမခံအမျိုးအစားများကို ထားရှိခြင်း၊

၁၆။ ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များ ခေါ်ယူခန့်ထားပိုင်ခွင့်ရှိခြင်း၊

( ခ ) စီးပွားရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့်မြေ၊ အဆောက်အအုံ၊ ရေ၊ ဆက်သွယ်ရေး၊ စွမ်းအင်တို့ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုများ ရနိုင်ခွင့်ရှိခြင်း၊

( ဂ ) စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှု အကူအညီ နှင့် နည်းပညာများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှဥပဒေနှင့် အညီ ရယူသုံးစွဲခွင့်ရှိခြင်း၊

(ဃ) မြေ နှင့် အဆောက်အအုံတို့ကို တစ်ဆင့်ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်းမဟုတ်ဘဲ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း တို့ကို ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ပြုလုပ်ခွင့်ရှိခြင်း၊

( င ) မိမိ၏ အစုရှယ်ယာအချို့ကိုသော် လည်းကောင်း၊ အားလုံးကိုသော် လည်းကောင်း၊ နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းရောင်းချမည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိခြင်း၊

( စ ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ တစ်ခုခု နှင့် ဖက်စပ်လုပ်ငန်း တည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) နိုင်ငံတော် နှင့် စာချုပ် ချုပ်ဆိုရမည့် လုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝအရ ဘီအိုတီ၊ ဘီတီအို၊ ဘီအိုအို စနစ်အပါအဝင် အခြားအလားတူ စနစ်တစ်ရပ်ရပ်ဖြင့် အဆိုပြုခွင့်ရှိခြင်း၊

(ဇ) မူလ အဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို တိုးချဲ့ခြင်း သို့မဟုတ် မတည်ငွေရင်း တိုးမြှင့်ခြင်းများကို ကော်မရှင်၏ ခွင့်ပြုချက်ရယူ၍ လုပ်ကိုင်ဆောင်ရွက် ခွင့်ရှိခြင်း၊

(ဈ) စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့် အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရထိုက်ခွင့်ရှိသော အခွင့်အရေးများကို ရရှိနိုင်ရန် အလို့ငှာ ကော်မရှင်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရန် ကော်မရှင်သို့ တင်ပြခွင့်ရှိခြင်း၊

(ည) တည်ဆဲဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိရေးအတွက်လည်းကောင်း၊ နစ်နာချက်များနှင့်စပ်လျဉ်း၍ အရေးယူပေးရေးအတွက်လည်းကောင်း ကော်မရှင်နှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ တင်ပြခွင့်ရှိခြင်း၊

(ဋ) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် နည်းပညာသစ်များ တီထွင်ခြင်း၊ ထုတ်ကုန်အရည်အသွေး တိုးမြှင့်ခြင်း၊ ကုန်ထုတ်စွမ်းအား မြှင့်တင်ခြင်း၊

ပတ်ဝန်းကျင် ညစ်ညမ်းမှုလျော့ချခြင်းများအတွက် အကျိုးခံစားခွင့်များ ပိုမိုရရှိစေရန် ကော်မရှင်သို့ တင်ပြလျှောက်ထားခွင့်ရှိခြင်း၊

(ဃ) နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသောဒေသများ၊ သဘာဝဘေးဒဏ်ခံရလေ့ရှိသော ဒေသများရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကော်မရှင်က ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခန်း (၁၁)ပါ အခွန်ကင်းလွတ်ခွင့်ကာလနှင့် သက်သာခွင့်ကာလများထက် ပိုမို၍ သတ်မှတ်ပေးသည်ကို ရခွင့်ရှိခြင်း၊

(င) ကော်မရှင်၏ အသိအမှတ်ပြုလွှာဖြင့် ပြည်တွင်း၊ ပြည်ပဘဏ်ချေးငွေများရယူနိုင်ရန် အလို့ငှာ လျှောက်ထားရယူခွင့်ရှိခြင်း။

## အခန်း (၉)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း

၁၇။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုချက် တင်သွင်းရမည်။

၁၈။ ကော်မရှင်သည် -

(က) ပုဒ်မ ၁၇ အရ တင်သွင်းသော အဆိုပြုချက်ကို ရရှိပါက လိုအပ်သော စိစစ်မှုများ ပြုလုပ်ပြီး အဆိုပြုချက်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) အဆိုပြုချက်ကိုလက်ခံပါက ခွင့်ပြုမိန့်ကို ရက်ပေါင်း ၉၀ အတွင်း ထုတ်ပေးရမည်။

(ဂ) တင်သွင်းထားသော အဆိုပြုလွှာများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သုံးသပ်ဆုံးဖြတ်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် မည်သည့်တာဝန်ရှိပုဂ္ဂိုလ်မဆို နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

## အခန်း(၁၀)
## အမှုထမ်းများနှင့် အလုပ်သမားများ ခန့်ထားခြင်း

၁၉။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

( ခ ) အလုပ်သမားစုဆောင်းခြင်းကို အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးမှလည်းကောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ်များမှ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏ အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်၊

( ဂ ) ကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များ နှင့် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

(ဃ) အမှုထမ်းများ နှင့် အလုပ်သမားများကို ခန့်ထားရာ၌ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ချုပ်ဆိုရမည်၊

( င ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင် နှင့် အလုပ်သမား တို့၏ အခွင့်အရေး နှင့် တာဝန်များကို လည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကို လည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံးလုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေး နှင့် အလုပ်သမားများနှင့် သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အရေးများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

( စ ) အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင် နှင့် အလုပ်သမား၊ အလုပ်သမား နှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြားပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီဖြေရှင်းရမည်၊

## အခန်း (၁၁)
## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၂၀။ ကော်မရှင်သည် နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများကို အားပေးအထောက်အကူပြုရန် အလို့ငှာ ရင်းနှီးမြှုပ်နှံသူအား အောက်ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအနက် ပုဒ်မခွဲ (က)ပါ အခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုရမည်၊ ထို့ပြင်ကျန်ရှိသော အခွန်ကင်းလွတ်ခွင့် သက်သာခွင့် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ရပ်ထက် ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာလျှင် ခွင့်ပြုနိုင်သည် -

(က) ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သောနှစ် အပါအဝင် တစ်ဆက်တည်းငါးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

( ခ ) နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်သော လုပ်ငန်းများအတွက်ကော်မရှင်မှ ထပ်မံသတ်မှတ်ပေးသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်၊

(ဂ) ပုဒ်မခွဲ (က)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဃ) ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့တင်ပို့ရောင်းချလျှင် ထိုသို့ တင်ပို့ရောင်းချ၍ ရရှိသော အမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန် သက်သာခွင့်၊

(င) အမှန်တကယ် လိုအပ်၍ ဆောင်ရွက်သည့် လုပ်ငန်းဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့်၊

(စ) လုပ်ငန်းတစ်ခုချင်းအလိုက် ပုဒ်မခွဲ(က) ပါ ဝင်ငွေခွန် ကင်းလွတ်ခွင့် ခံစားပြီး တစ်ဆက်တည်း နှစ် နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခနှိမ်ခွင့်၊

(ဆ) လုပ်ငန်းစတင်တည်ဆောက်မှု ကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဇ) ဝင်ငွေခွန်စည်းကြပ်ရန် ကိစ္စအလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုး လျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်၊

(ဈ) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များ ဖြစ်စေ၊နှစ်မျိုးလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ည) ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဋ) ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

## အခန်း (၁၂)
## အာမခံချက်များ

၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ပြင့် ဖွဲ့စည်းသည့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူခြင်းမပြုဟု အာမခံသည်။

၂၂။ ရင်းနှီးမြှုပ်နှံသူ၏ မတည်ငွေရင်းတွင် နိုင်ငံခြားငွေပါရှိခဲ့ပါက ယင်းငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးဆပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။

၂၃။ ကော်မရှင်၏ ခွင့်ပြုမိန့်အရ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုအား ခွင့်ပြုချက်သက်တမ်းမကုန်မီ ခိုင်လုံသော အကြောင်းကိစ္စမရှိဘဲ ရပ်ဆိုင်းခြင်းမပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။

## အခန်း (၁၃)
## မြေအသုံးပြုခွင့်

၂၄။ ကော်မရှင်သည် နိုင်ငံတော်ထံမှ မြေငှားရမ်း လုပ်ကိုင်ခွင့်ရရှိသော ရင်းနှီးမြှုပ်နှံသူအား မြေအသုံးပြုခွင့် ကာလကို စီးပွားရေး လုပ်ငန်း၊ စက်မှုလုပ်ငန်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်၍ ကနဦးနှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။

၂၅။ ကော်မရှင်သည် ပုဒ်မ ၂၄ အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုပမာဏ နှင့် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ် နှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်။

၂၆။ ကော်မရှင်သည် နယ်စပ်မျဉ်းမှ ၁၀ မိုင် အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများကို အထူးအစီအစဉ်ဖြင့် ဦးစားပေး လုပ်ကိုင်ခွင့် သတ်မှတ်ပေးရမည်။

၂၇။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်ပေးနိုင်သည်။

၂၈။ ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါ မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက်ပိုမို၍ ခံစားခွင့်ရရှိစေရန်သတ်မှတ်နိုင်သည်။

## အခန်း (၁၄)
## မတည်ငွေရင်း

၂၉။ ကော်မရှင်သည် မတည်ငွေရင်းကို ဘဏ်က လက်ခံခွင့်ပြု ဆောင်ရွက်ပေးသည့် ငွေကြေး အမျိုးအစားအတိုင်း ရင်းနှီးမြှုပ်နှံသူ၏အမည်ဖြင့် မှတ်ပုံတင်ရမည်။ ထိုသို့ မှတ်ပုံတင်ရာတွင် မတည်ငွေရင်းအမျိုးအစားများကို ဖော်ပြရမည်။

## အခန်း (၁၅)
## ငွေရေးကြေးရေးကိစ္စ

၃၀။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သည့် နိုင်ငံခြားသုံးငွေများကို သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ် လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ လွှဲပြောင်းနိုင်ခွင့် နှင့် ပြည်တွင်းသို့ လက်ခံနိုင်ခွင့် ရှိသည်။

၃၁။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းတစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသား များသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ မြန်မာကျပ်ငွေစာရင်းကို လည်းကောင်း ဖွင့်လှစ် ဆောင်ရွက် ရမည်။

## အခန်း (၁၆)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ

၃၂။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးမြှုပ်နှံသူအား အောက်ပါ စီမံ ခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

( ခ ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

( ဂ ) လုပ်ငန်းကို ကာလသတ်မှတ်၍ ဆိုင်းငံ့ထားခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

( င ) နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေး လုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်း။

## အခန်း (၁၇)
## အငြင်းပွားမှုဖြေရှင်းခြင်း

၃၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက -

(က) အငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်၊

( ခ ) ပုဒ်မခွဲ (တ)အရ ဖြေရှင်း၍ ဖြေလည်မှုမရရှိပါက -

(၁) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်း မရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၂) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်း သတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၈)

## အထွေထွေ

၃၄။ ကော်မရှင်သည် မတည်ငွေရင်းကြီးမားသော လုပ်ငန်းမျိုးဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းမျိုးကိုလည်း နိုင်ငံသားများက ကိုယ်ပိုင် အရင်းအနှီး ရှိကြောင်း သို့မဟုတ် နိုင်ငံတကာမှ အရင်းအနှီးရရှိနိုင်သည့် အခွင့်အလမ်းရှိကြောင်း အဆိုပြုလာပါက ဥပဒေနှင့်အညီ ဦးစားပေးခွင့်ပြုရမည်။

၃၅။ ကော်မရှင်သည် ကော်မရှင်၏အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနသည် ကော်မရှင်၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

( ခ ) ကုန်ကျစရိတ်များကို ကျခံရမည်။

၃၇။ ဤဥပဒေမပြဋ္ဌာန်းမီက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄)အရ ရင်းနှီးမြှုပ်နှံသူများအား ဤဥပဒေအရ သတ်မှတ် သည့် ရင်းနှီးမြှုပ်နှံသူများ ဖြစ်သည်ဟု မှတ်ယူရမည်။

၃၈။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄)အရ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ သက်ဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သက်တမ်းကာလကုန်ဆုံးသည့်အထိ ဆက်လက်လုပ်ကိုင်ခွင့် ၊ အကျိုးခံစားခွင့် ရှိစေရမည်။

၃၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၄၀။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစု တင်ပြသော အဆိုပြုချက်နှင့်အတူ ပူးတွဲပါစာရင်းဇယားများ၊ စာချုပ်စာတမ်း အထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက်အထားများ စသည် တို့ကို တမင် မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် ဖြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၄၁။ ဤဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၄၂။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကို ဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကို ဖြစ်စေ၊ တရားမကြောင်းဖြင့်သော် လည်းကောင်း၊ ဖြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄၅။ ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီ ကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်လျှင် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအားဆက်လက် ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)**

**၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်**

**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာရရှိနိုင်ရန် သန်းခေါင်စာရင်း ကောက်ယူခြင်း၊ ယင်းသို့ ကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကောက်ယူခြင်းနှင့် ယင်းစာရင်းဇယားများကို အခြေခံ၍ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများတွင် အကျိုးရှိစွာ အသုံးချခြင်း တို့ပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **သန်းခေါင်စာရင်း** ဆိုရာတွင် လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပါဝင်သည်။

(ဂ) **အဆောက်အအုံ** ဆိုရာတွင် လူနေထိုင်ရာနေရာ၊ တိရစ္ဆာန်ထားရာနေရာ၊ ပစ္စည်းထားရာနေရာနှင့် အလုပ်လုပ်ရာနေရာတို့ ပါဝင်သည်။

(ဃ) **အိမ်ထောင်ဦးစီး** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ အိမ်ထောင်စုအတွက် ဦးစီးတာဝန်ယူရသူကိုဆိုသည်။

(င) **စာရင်းကောက်** ဆိုသည်မှာ သန်းခေါင်စာရင်း ကောက်ယူရာတွင် သတ်မှတ်ထားသော စာရင်းကောက်နယ်နိမိတ်အတွင်း တစ်အိမ်ထက်ဆင်းသွားရောက်ပြီး ပုံစံပါမေးခွန်းများကို မေးမြန်း၍ ပုံစံရေးသွင်းသူကိုလည်းကောင်း၊ ပုံစံနှင့်ရေးသွင်းနည်း ညွှန်ကြားချက်များကို အိမ်ထောင်စုတိုင်းသို့ ကြိုတင်ဝေငှထားပြီး အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်များ ကိုယ်တိုင်အဖြေများကို ရေးသွင်းစေ၍ ယင်းပုံစံများကို ပြန်လည်သိမ်းဆည်းသူကို လည်းကောင်း ဆိုသည်။

(စ) **စာရင်းစစ်** ဆိုသည်မှာ သန်းခေါင်စာရင်း ကောက်ယူရာတွင် သတ်မှတ်ထားသော ဒေသအတွင်း စာရင်းကောက်များကို ကြီးကြပ်စစ်ဆေးသူ ကိုဆိုသည်။

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **ဝန်ကြီး** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဈ) **တာဝန်ရှိသည့်အဖွဲ့အစည်း** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနကိုဆိုသည်။

## အခန်း(၂)
## သန်းခေါင်စာရင်း ကောက်ယူခွင့်

၃။ အစိုးရအဖွဲ့သည် -

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင် ဖြစ်စေ သန်းခေါင်စာရင်းကောက်ယူနိုင်သည်။

(ခ) သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသော နေရာဒေသများအတွက် ကောက်ယူနိုင်မည့်နည်းလမ်းများကို လေ့လာသုံးသပ်၍ အသင့်လျော်ဆုံးနည်းဖြင့် ကောက်ယူနိုင်သည်။

၄။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရန်အတွက် ကုလသမဂ္ဂစာရင်းအင်းကော်မရှင်က ကမ္ဘာတစ်ဝန်း အတည်ပြုသတ်မှတ်ထားသောမူများ၊ အကြံပြုချက်များကို ထည့်သွင်းဆောင်ရွက်ရမည်။

## အခန်း(၃)
## ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ နာယက ဖြစ်သည်။

၇။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများ | ဒုတိယဥက္ကဋ္ဌနှစ်ဦး |
| (ဂ) | သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်ဆက်စပ် ဆောင်ရွက်ရမည့်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (ဃ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၅။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သန်းခေါင်စာရင်း ကောက်ယူရန် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းထုတ်ပြန်ခြင်းတို့ ပါဝင်သော သန်းခေါင်စာရင်း လုပ်ငန်းတစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ဦးဆောင်မှုပေးခြင်း၊

(ခ) သန်းခေါင်စာရင်း ကောက်ယူရေးအတွက် တာဝန်ရှိသည့်အဖွဲ့အစည်းက တင်ပြသည့် အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို အတည်ပြုခြင်း၊

(ဂ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(င) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအောင်မြင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း။

၉။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မည်သည့် ရုံး၊ ဌာန၊ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်လုပ်ငန်းတို့ကိုမဆို တာဝန်ပေးအပ်ခြင်း၊

(ခ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အများပြည်သူအား ပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်း၊

(ဂ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးခြင်းနှင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပုဒ်မခွဲ(ဃ)ပါ ဌာန၊ အဖွဲ့အစည်းများမှ လိုအပ်သော နည်းပညာနှင့် ကူညီထောက်ပံ့မှုများ ရယူ၍ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်းနှင့် ရန်ပုံငွေ တစ်ရပ်ထူထောင်ခြင်း။

## အခန်း(၄)
## သန်းခေါင်စာရင်းကောက်ယူခြင်း

၁၀။ ဝန်ကြီးသည် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စာရင်း တာဝန်ခံအဖြစ် ခန့်အပ်ရမည်။

၁၁။ သန်းခေါင်စာရင်းတာဝန်ခံအရာရှိသည် -

(က) သန်းခေါင်စာရင်းမှ ရရှိထားသော အချက်အလက်များကို ဆောလျင်စွာ ထုတ်ပြန်ကြေညာရမည်။

(ခ) မေးခွန်းပုံစံများကို လက်ခံခြင်း၊ စာရင်းဇယားများပြုစုခြင်း၊ အချက်အလက်များ သိမ်းဆည်းခြင်းနှင့် အစီရင်ခံစာများ ပုံနှိပ်ဖြန့်ဝေခြင်းတို့ကို ကြီးကြပ်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ပြုစုထားသော အစီရင်ခံစာများတွင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ဖော်ထုတ်ခြင်းမရှိစေရန် ကာကွယ်ရမည်။

၁၂။ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက်များသည် တာဝန်ကျရာဒေသရှိ အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခွင့်နှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများကို ပြုလုပ်ခွင့်ရှိသည်။

(ခ) စာရင်းကောက်က သတ်မှတ်ထားသော ဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများ မေးမြန်းခြင်းနှင့် သတ်မှတ်ထားသော စာရင်းပုံစံများတွင် ဖြည့်သွင်းစေခြင်းများ ဆောင်ရွက်ရာ၌ မေးခွန်းမေးမြန်းခြင်း ခံရသူသည် မှန်ကန်စွာ ဖြေဆိုရန်နှင့် ဖြေကြားချက်များကို စာရင်းပုံစံများတွင် မှန်ကန်စွာဖြည့်သွင်းရန် တာဝန်ရှိသည်။

(ဂ) မေးခွန်းကို ဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင် ဖြစ်ရမည်။

၁၃။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က သန်းခေါင်စာရင်း ကောက်ယူရန်အလို့ငှာ စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အောက်ပါ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ စာရင်းစစ်များနှင့် စာရင်းကောက်များအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည် -

(က) တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံများ၏ တာဝန်ရှိသူ၊

(ခ) လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိသူ၊

(ဂ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ပိုင်အဆောက်အအုံ စသည်တို့၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ၊

(ဃ) စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ။

## အခန်း(၅)
## တားမြစ်ချက်များ

၁၄။ သန်းခေါင်စာရင်း ကောက်ယူထားသော အချက်အလက်များနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်း နှင့် စာအုပ်များကို သန်းခေါင်စာရင်းကောက်ယူရန် တာဝန်ရှိသူမှအပ မည်သူမျှ စစ်ဆေးခြင်း သို့မဟုတ် ကူးယူသိမ်းဆည်းခြင်းမပြုရ။

၁၅။ ဤဥပဒေအရ သန်းခေါင်စာရင်း ကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်း ဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်း မပြုရ။

၁၆။ မည်သူမျှ -

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက် များက သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းအတွက် အဆောက်အအုံ အတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခြင်းနှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများ ပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ၊

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)အရ မေးမြန်းသော မေးခွန်းများ ဖြေဆိုရန်နှင့် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း၊ သိလျက်နှင့် မှားယွင်းစွာဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာ ဖြည့်သွင်းခြင်းမပြုရ၊

(ဂ) သန်းခေါင်စာရင်း ကောက်ယူသည့်အခါ မမှန်မကန်ဖြေဆိုစေရန် မေးခွန်းဖြေဆိုမည့်သူ အား တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်း မပြုရ။

၁၇။ မည်သည့် စာရင်းစစ် သို့မဟုတ် စာရင်းကောက်မှူ -

(က) သန်းခေါင်စာရင်းကောက်ယူရေးနှင့် စပ်လျဉ်းသည့် ပေးအပ်သော လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်း မရှိရ။

( ခ ) သန်းခေါင်စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် မပါဝင်သော မေးခွန်းကို မေးမြန်းခြင်း မပြုရ။

( ဂ ) သန်းခေါင်စာရင်း ကောက်ယူရာတွင် သိရှိရသော တစ်ဦးတစ်ယောက်၏ ကိုယ်ရေး အကြောင်းအရာကို ထုတ်ဖော်ခြင်းမပြုရ။

၁၈။ မည်သူမျှ စာရင်းကောက်အဖြစ် အယောင်ဆောင်ခြင်းမပြုရ။

## အခန်း(၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သည့် စာရင်းစစ် သို့မဟုတ် စာရင်းကောက်မဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၇)
## အထွေထွေ

၂၂။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော အကူအညီ ပေးနိုင်စွမ်းရှိသူတိုင်းသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်ရန် တာဝန်ရှိသည်။

၂၃။ ဤဥပဒေအရ ဖွဲ့စည်းသော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့သည် ဤဥပဒေမပြဋ္ဌာန်းမီ အစိုးရအဖွဲ့က ဖွဲ့စည်းခဲ့သော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

၂၄။ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဝင်၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ကော်မတီဝင်၊ စာရင်းစစ်၊စာရင်းကောက်နှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည်။

၂၅။ အစိုးရအဖွဲ့သည် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၇။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။ )

## ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

## ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ငွေချေးသက်သေခံလက်မှတ်** ဆိုရာတွင် အောက်ပါတို့ပါဝင်သည် -

(၁) အစိုးရက ဖြစ်စေ၊ အစိုးရဌာန အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊

(၂) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊နိုင်ငံခြားအစိုးရနှင့် ယင်းတို့၏အဖွဲ့အစည်းများက ထုတ်ဝေသည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊

(၃) အများနှင့်သက်ဆိုင်သောကုမ္ပဏီများက ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခွင့်အရေးများ၊ ရွေးချယ်ခွင့်များနှင့် ဝရန်းများ၊

(၄) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်ဟု သတ်မှတ်သည့် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် စာချုပ်စာတမ်းများ။

(ခ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ဆောင်ရွက်ခြင်းကို ဆိုသည် -

(၁) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း၊

(၂) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခြင်း၊

(၃) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း၊

(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း၊

(၅) ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့်စာရင်းရှင်းလင်းခြင်း၊

(၆) ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းဟု သတ်မှတ်သည့် လုပ်ငန်းဆောင်ရွက်ခြင်း။

(ဂ) **ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း** ဆိုသည်မှာ ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီက **ကိုယ်ပိုင်စာရင်း**ကို အသုံးပြု၍ ငွေချေးသက်သေခံ လက်မှတ်များ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းတို့ကို ဆိုသည်။

(ဃ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခြင်း** ဆိုသည်မှာ မိမိ၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ ကိုယ်စား ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း ပြုရာတွင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီက ကော်မရှင်၊ အခကြေးငွေ သို့မဟုတ် အခြားဝန်ဆောင်ခရယူ၍ ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(င) **ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိ ရောင်းချခြင်း** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရာတွင် ငွေချေးသက်သေခံလက်မှတ် အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသူက အများပြည်သူသို့ ဖြန့်ဖြူးရောင်းချရာတွင် ကူညီဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အတွက် အကြံဉာဏ်ပေးခြင်း** ဆိုသည် မှာ ငွေချေး သက်သေခံလက်မှတ်များတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်များ ကို အခကြေးငွေရယူ၍ ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

(ဆ) **ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်းနှင့် စာရင်း ရှင်းလင်းခြင်း** ဆိုသည်မှာ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများကအပ်နှံသည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ခံခြင်း၊ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးသက်သေခံလက်မှတ် များကို လုံခြုံစွာသိမ်းဆည်းခြင်း၊ လုပ်ငန်း နှင့် ဆက်သွယ်ဆောင်ရွက်သူများသို့ ငွေချေး သက်သေခံလက်မှတ်များကို ပေးအပ်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အသုံးပြုနိုင်ရန် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ရောင်းဝယ်မှုပြီးမြောက်သည့် ငွေချေးသက်သေခံလက်မှတ်

များကို ယင်းနှင့် ဆက်နွယ်မှုရှိသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းအပါအဝင် အပြီးသတ် ရှင်းလင်းပေးခြင်းနှင့် ပေးဝေခြင်း တို့ကို ဆိုသည်။

(ဇ) **ငွေချေးသက်သေခံလက်မှတ်ဈေးကွက်** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို ပုံမှန်လုပ်ကိုင်လျက်ရှိသည့် ဈေးကွက် သို့မဟုတ် နေရာ ကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို ပုံမှန်လုပ်ကိုင်သည့် စနစ်တစ်ရပ်လည်း ပါဝင်သည်။

(ဈ) **ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းတို လုပ်ကိုင်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လီမိတက် ကုမ္ပဏီကို ဆိုသည်။

(ည) **စတော့အိပ်ချိန်း** ဆိုသည်မှာ ယင်းစတော့အိပ်ချိန်းတွင် စာရင်းဝင်ရန် အရည်အချင်း ပြည့်မီသော ငွေချေးသက်သေခံလက်မှတ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုစနစ်နှင့် နည်းလမ်းများကို ပံ့ပိုးခြင်းဖြင့် စုစည်းဆောင်ရွက်သော ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ကိုဆိုသည်။

(ဋ) **ကောင်တာဈေးကွက်** ဆိုသည်မှာ စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းအား စုစည်းဆောင်ရွက်သည့် ဈေးကွက်ကို ဆိုသည်။

(ဌ) **ရှယ်ယာ** ဆိုသည်မှာ အများနှင့်သက်ဆိုင်သောကုမ္ပဏီ တစ်ခု၏မတည်ငွေရင်း တွင် ပါဝင်သည့် အစုရှယ်ယာကို ဆိုသည်။ ယင်းစကားရပ်တွင် ရှယ်ယာနှင့် စတော့ကို ခွဲခြားဖော်ပြခြင်း မရှိလျှင် စတော့လည်း ပါဝင်သည်။

(ဍ) ဝရန်းဆိုသည်မှာ သတ်မှတ်ထားသော နေ့တွင် သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ကိုင်ဆောင်ထားသူက ရှယ်ယာများကို လဲလှယ်ဝယ်ယူပိုင်ခွင့်ရှိသည့် ငွေချေး သက်သေခံလက်မှတ်ကို ဆိုသည်။

(ဎ) **ပဋိညာဉ်မှတ်တမ်း** ဆိုသည်မှာ ငွေချေး သက်သေခံလက်မှတ်များကို ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည့် ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီက ယင်း၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ပေးသည့် ကုမ္ပဏီများသို့ ပေးပို့သည့် ငွေချေး သက်သေခံလက်မှတ်များရောင်းဝယ်မှုကို အတည်ပြုကြောင်း အချက်အလက်စုံလင်စွာ ပါဝင်သည့် ရှင်းလင်းချက်ကိုဆိုသည်။

(ဏ) **စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်** ဆိုသည်မှာ ရောင်းဝယ်မှု ပြုလုပ်ရန် စတော့အိပ်ချိန်းတွင် မှတ်ပုံတင်ထားသော သို့မဟုတ် တရားဝင် ခွင့်ပြုထားသော ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

(တ) လိုင်စင် ဆိုသည်မှာ ဤဥပဒေအရကော်မရှင်က ထုတ်ပေးသည့် ငွေချေး သက်သေခံ လက်မှတ် လုပ်ငန်းလိုင်စင်ကို ဆိုသည်၊

(ထ) ကော်မရှင် ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ငွေချေး သက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဆိုသည်။

(ဒ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဈေးကွက် စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်တိုးတက်မှုကို အထောက်အကူ ပြုနိုင်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရေရှည်လိုအပ်သည့် ငွေကြေး အရင်းအနှီးများ စုစည်းရယူနိုင်မည့် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်စနစ်တကျ ပေါ်ထွန်းစေရန်၊

(ဂ) နိုင်ငံတော်နှင့် ပုဂ္ဂလိက ငွေရေးကြေးရေး လုပ်ငန်းစွမ်းဆောင်မှု မြင့်မားလာစေပြီး စီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် တိုးတက် ထွန်းကားလာစေရန်၊

(ဃ) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းချောမွေ့စေရေးနှင့် မှန်ကန်သော နည်းလမ်း ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(င) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများအား ဥပဒေ နှင့် အညီ အကာအကွယ်ပေးနိုင်ရန်၊

(စ) အများပြည်သူ၏ ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် အားပေးခြင်းဖြင့် နိုင်ငံတော်၏ငွေရေးကြေးရေးဆိုင်ရာမူဝါဒများကို အထောက်အကူပြုနိုင်ရန်။

## အခန်း (၃)
## ကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) သင့်လျော်သည့် ပုဂ္ဂိုလ်အနည်းဆုံးငါးဦး ပါဝင်သော ကော်မရှင်အဖွဲ့ကို ဖွဲ့စည်း ရမည်၊

(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် ကော်မရှင်အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ကို တစ်ပါတည်း ရွေးချယ်ခန့်အပ်ရမည်၊

(ဂ) အစိုးရဝန်ထမ်း မဟုတ်သော ကော်မရှင် အဖွဲ့ဝင်များအား ချီးမြှင့်ငွေ သတ်မှတ်ခံစား ခွင့်ပြုနိုင်သည်။

၅။ (က) ကော်မရှင် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့် စပ်လျဉ်း၍ ကော်မရှင် အဖွဲ့ဝင် နှစ်ဦးစီက နှစ်နှစ်လျှင်တစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ အလှည့်ကျ နုတ်ထွက်ပေးရမည်။

(ခ) ပြည်ထောင်စု အစိုးရအဖွဲ့သည် လစ်လပ်သွားသည့် ကော်မရှင် အဖွဲ့ဝင်၏ နေရာတွင် သင့်လျော်သည့် ပုဂ္ဂိုလ်အား အစားထိုးခန့်အပ်ခြင်း သို့မဟုတ် ရာထူးသက်တမ်း ကုန်ဆုံးသွားသော ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးအား ဆက်လက် ခန့်အပ်ခြင်းပြုနိုင်သည်။

(ဂ) ကော်မရှင် အဖွဲ့ဝင် တစ်ဦးဦးသည် မိမိ၏ ရာထူးသက်တမ်း ကုန်ဆုံးသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က ကော်မရှင်အဖွဲ့ဝင်အသစ် အစားထိုး ခန့်အပ်ခြင်းမပြုမီ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၆။ ကော်မရှင် ဥက္ကဋ္ဌသည် ကော်မရှင်၏ စီမံခန့်ခွဲရေး အကြီးအမှူး အဖြစ် ဆောင်ရွက်ရမည်။

၇။ ကော်မရှင်သည် -

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ရရှိသူက တာဝန်နှင့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လိုင်စင်ကို ကာလသတ်မှတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

(ဃ) သတ်မှတ်ချက်များနှင့် အညီ လိုင်စင်ခများ၊ ဒဏ်ကြေးများ ကောက်ခံရမည်။

၈။ ကော်မရှင်သည် -

(က) စတော့အိပ်ချိန်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) စတော့အိပ်ချိန်းက လိုက်နာရမည့် တာဝန် နှင့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) အောက်ပါ အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ပါက စတော့အိပ်ချိန်းအား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းနိုင်သည် -

(၁) အကြောင်းတစ်ရပ်ရပ်ကြောင့် စတော့အိပ်ချိန်း လုပ်ငန်းရပ်စဲသွားခြင်း၊

(၂) စတော့အိပ်ချိန်းကို ဖျက်သိမ်းခြင်း၊

(၃) စတော့အိပ်ချိန်းတွင် သတ်မှတ်ထားသည့် အနည်းဆုံး ပါဝင်ရမည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ အရေအတွက်အောက် လျော့နည်းသွားခြင်း၊

(၄) အခန်း (၉)ပါ တားမြစ်သည့် မြူလုပ်မှုများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော လုပ်ငန်းကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်သည်-

(က) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီနှင့် စတော့အိပ်ချိန်း၏ စာရင်းစစ်ခန့်ထားရေး အတွက် တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ပေးနိုင်သည်။

(ခ) စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ယင်းဖွဲ့စည်းပုံစည်းမျဉ်းကို သတ်မှတ်ချက် များနှင့်အညီ ပြင်ဆင်နိုင်ရန် ခွင့်ပြုချက်ပေးနိုင်သည်။

၁၀။ ကော်မရှင်သည် စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေး အတွက် ကောင်တာဈေးကွက် တည်ထောင်ခွင့်ပြုရန် ဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အတူ သတ်မှတ်ချက် များနှင့်အညီ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများက စုပေါင်း၍ လျှောက်ထားလာလျှင် ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၁၁။ ကော်မရှင်သည် -

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် သက်ဆိုင်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့် အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

(ခ) လိုအပ်သော လုပ်ငန်း ကော်မတီများ၊ အဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကို ဖြစ်စေ၊ ကောင်တာ ဈေးကွက်ကို ဖြစ်စေ၊ စတော့ အိပ်ချိန်းကို ဖြစ်စေ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရမည်။ ထို့ပြင် အခါ အားလျော်စွာ စုံစမ်းမှုနှင့် စစ်ဆေးမှုများ ပြုလုပ်ရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော အခြား လုပ်ငန်းတာဝန်များကို ထမ်းဆောင် ရမည်။

၁၂။ ကော်မရှင်သည် အောက်ပါအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ယင်းတို့၏ လုပ်ငန်း ဆိုင်ရာ စာရင်းများကို သက်ဆိုင်ရာ မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ စာရင်းထိန်းသိမ်းစေရန် ကြီးကြပ်ရမည့်အပြင် ယင်းတို့ထံမှ လိုအပ်သော စာရင်းများ၊ စာရွက်စာတမ်းများ၊ ရှင်းတမ်းများ၊ အခြားအထောက်အထားများနှင့် သတင်းအချက်အလက်များကို တောင်းခံရယူနိုင်သည် -

(က) အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၊

(ခ) ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီ၊

(ဂ) ကောင်တာ ဈေးကွက်၊

(ဃ) စတော့ အိပ်ချိန်း၊

(င) အများနှင့် သက်ဆိုင်သောကုမ္ပဏီ၊ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၊ ကောင်တာ ဈေးကွက်နှင့် စတော့အိပ်ချိန်းတစ်ခုခု၏ တာဝန်ရှိသူ၊ အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် ကိုယ်စားလှယ် အဖြစ်ဆောင်ရွက်နေသူ သို့မဟုတ် ဆောင်ရွက်ခဲ့ဖူးသူ၊

(စ) လိုင်စင် ရရှိသူ သို့မဟုတ် ယင်းလိုင်စင် ရရှိသူ၏ ရှေ့နေ၊ စာရင်းစစ် နှင့် ကိုယ်စားလှယ်။

၁၃။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို လည်းကောင်း၊ နိုင်ငံတကာမှ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို ကြီးကြပ်သော အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းတို့နှင့် ဆက်နွယ်သော လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းကို လည်းကောင်း ဆောင်ရွက်နိုင်သည်။

၁၄။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း လုပ်ကိုင်သူများထံ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရမည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် ဖြစ်စေ၊ ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းနှင့် စပ်လျဉ်း၍ လိမ်လည်မှု သို့မဟုတ် မသမာမှုကျူးလွန်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ သက်ဆိုင်သည့် မည်သူ့ကိုမဆို ခေါ်ယူခွင့်၊ စစ်ဆေးမေးမြန်းခွင့်နှင့် သက်သေခံချက်များ ရယူခွင့်တို့ ရှိသည်။

၁၅။ ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ ဝန်ထမ်းတစ်ဦးဦးသည် လုပ်ငန်း တာဝန် များ ဆောင်ရွက်စဉ်ရရှိသော သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်း မှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန် ကြေညာခြင်း မပြုဘဲ လျှို့ဝှက်ထားရမည်။

## အခန်း (၄)
## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ

၁၆။ ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီအဖြစ် တည်ထောင်၍ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း လုပ်ကိုင်လိုသူသည် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ ကုမ္ပဏီကို ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီး ဖြစ်ရမည်။

၁၇။ ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီကို ဖွဲ့စည်းရာတွင် -

(က) ကုမ္ပဏီ၏ အမည်၌ **"ငွေချေးသက်သေခံလက်မှတ်"** ဟူသော စကားရပ် ပါရှိရမည်။

(ခ) အစုရှယ်ယာအားဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက် ကုမ္ပဏီ အဖြစ် ဖွဲ့စည်းရမည်။

(ဂ) သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမတည်ငွေရင်းနှင့် အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေရင်း ရှိရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရမည်။

၁၈။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ကော်မရှင်က ထုတ်ပေးသော လိုင်စင် တစ်မျိုးမျိုး ရရှိလျှင် လိုင်စင်အမျိုးအစားအလိုက် ခွင့်ပြုထားသော ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိသည်။

၁၉။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ နှင့် ဆက်ဆံရာတွင် လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ တရားမျှတမှု ရှိရမည့်အပြင် သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၂၀။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် -

(က) ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းဆိုင်ရာ စာရင်းနှင့် မှတ်တမ်းများကို သတ်မှတ်ချက်များနှင့် အညီ ပြုစု ထိန်းသိမ်းထားရှိရမည်။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ စာရင်းစစ်ကို ခန့်ထားခြင်းမပြုမီ ကော်မရှင်၏ ခွင့်ပြုချက်ကို ရယူရမည်။

(ဂ) စာရင်းစစ် အစီရင်ခံစာကို ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ရမည်။

(ဃ) ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ခွင့်ပြုမတည်ငွေရင်းကို လျှော့ချပြင်း မပြုရ။

(င) လုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို သတ်မှတ်ချက်များနှင့် အညီ ကော်မရှင်သို့ ပေးပို့ရမည်။

(စ) ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်မြင်း ပြီးမြောက်သော အခါ ထိုသို့ လဲလှယ်ရောင်းဝယ်ခြင်း ပြီးမြောက်ကြောင်း ပဋိညာဉ် မှတ်တမ်းကို မိမိ ကုမ္ပဏီက ဆောင်ရွက်ပေးခဲ့သည့် သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ သတ်မှတ်ချက်များနှင့် အညီ ပေးပို့ရမည်။

၂၁။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကို ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသည့် အခန်း (၉) ပါ တားမြစ်သည့် ပြုလုပ်မှုများကို ရှောင်ကြဉ်ရမည်။

၂၂။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် -

(က) နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးတိုင်း အသားတင် အမြတ်ငွေထဲမှ သီးသန့် ရန်ပုံငွေ တစ်ရပ်ကို သတ်မှတ်ချက်များနှင့် အညီ စုဆောင်းထားရှိရမည်။

(ခ) စုဆောင်းထားရှိသော သီးသန့်ရန်ပုံငွေအား ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ ဆုံးရှုံးနစ်နာမှု တစ်ရပ်ရပ်ကို ပေးလျော်ရန်ကိစ္စအတွက်သာ သုံးစွဲရမည်။ အခြားကိစ္စအတွက် သုံးစွဲလိုပါက ကော်မရှင်၏ ကြိုတင် ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း(၅)
## လိုင်စင်

၂၃။ လိုင်စင် အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင် ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်း လိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်း လိုင်စင်၊

(ဃ) ငွေချေး သက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်း လိုင်စင်၊

(င) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်၊

(စ) ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ဟု သတ်မှတ်သည့် အခြားလုပ်ငန်းလိုင်စင်။

၂၄။ ကော်မရှင်သည် လိုင်စင်အမျိုးအစားအလိုက် လိုအပ်သော အရည်အချင်းများနှင့်စည်းကမ်း ချက်များကို သတ်မှတ်ရမည်။

၂၅။ အောက်ပါ လိုင်စင် တစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေ ရရှိရန် ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီကသာလျှင် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား နိုင်သည် -

(က) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်း လိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်း လိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း လုပ်ငန်း လိုင်စင်။

၂၆။ (က) ပုဒ်မ ၂၅ ပါ လိုင်စင် တစ်မျိုးမျိုးရရှိထားသော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ သည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းကို သီးခြားလိုင်စင် ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းကမ်းချက်များနှင့် ညီညွတ်သော ပုဂ္ဂိုလ်သည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၇။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်လိုသူသည် ယင်းကုမ္ပဏီ၏ ထောက်ခံချက် ပူးတွဲ၍ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ ကော်မရှင်သည် -

(က) ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၂၇ အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာ လက်ခံရရှိသည့်အခါ လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ထားသော အရည်အချင်းများ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

၂၉။ လိုင်စင် ရရှိသူသည် ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၃၀။ ကော်မရှင်သည် ပုဒ်မ ၂၉ အရ လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီးလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၁။ ကော်မရှင်သည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးနှင့် လိုင်စင် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၃၂။ လိုင်စင် ရရှိသူသည် -

(က) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင် စည်းကမ်းများကို လိုက်နာရမည်။

၃၃။ လိုင်စင် ရရှိသူသည် -

(က) လိုင်စင် သက်တမ်း ကုန်ဆုံးပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမပြုလျှင် လိုင်စင်သက်တမ်းကုန်ဆုံးသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုင်စင်ကို ကော်မရှင်သို့ ပြန်လည်အပ်နှံရမည်။

(ခ) လိုင်စင်သက်တမ်းအတွင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုတော့ဘဲ ရပ်ဆိုင်းလျှင် ထိုသို့ ရပ်ဆိုင်းကြောင်း ကော်မရှင်သို့ ၇ ရက် အတွင်း အကြောင်းကြားပြီး လိုင်စင်ကို ပြန်လည်အပ်နှံရမည်။

(ဂ) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို အခြားလုပ်ငန်း အဖွဲ့အစည်းနှင့် ပူးပေါင်းဖွဲ့စည်းလိုသည့်အခါဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းလိုသည့်အခါဖြစ်စေ ကော်မရှင်၏ ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှ ဆောင်ရွက်ရမည်။

(ဃ) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီပိုင်ပစ္စည်းများအား တရားရုံးက ဒရမ်းကပ်ထားခြင်း၊ ပစ္စည်းထိန်းခန့်ထား၍ ထိန်းသိမ်းထားခြင်း ပြုသည့်ကာလတွင် လုပ်ငန်းကို ရပ်ဆိုင်းထားရမည်။

၃၄။ ကော်မရှင်သည် လိုင်စင်ရရှိသူက အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက် တစ်စုံတစ်ရာကို ကျူးလွန်ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရမည့် လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) လိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တနည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန် ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) သေဆုံးခြင်း၊ ရူးသွပ်ခြင်း သို့မဟုတ် လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) အခန်း (၉) ပါ တားမြစ်သည့် ပြုလုပ်မှု တစ်ရပ်ရပ်အရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေခြင်း၊

(စ) ဘဏ္ဍာရေးနှင့်လုပ်ငန်းဆိုင်ရာစာရင်းများကို မမှန်မကန် ပြုစုခြင်းနှင့် တင်ပြအစီရင်ခံခြင်း၊

(ဆ) လိမ်လည်မှု၊ အလွဲသုံးစားမှု၊ ခိုးမှု၊ ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု သို့မဟုတ် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သော ပြစ်မှုဖြင့် စီရင်ခံရခြင်း။

## အခန်း(၆)
## ငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေခြင်း

၃၅။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် -

(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်း ရောင်းချခြင်းမပြုမီ မည်ကဲ့သို့ ကမ်းလှမ်းမည်ဖြစ်ကြောင်း ကော်မရှင်သို့တင်ပြပြီး၊ အတည်ပြု ချက်ရယူရမည်။ ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း အဆုံးအဖြတ်ပေးရမည်။

(ခ) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသော အချက်အလက်များ ပါဝင်သည့် အလားအလာ ညွှန်းတမ်းကိုပါ သုတ်ပြန်ကြေညာရမည်။

၃၆။ ကော်မရှင်သည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ငွေချေးသက်သေခံ လက်မှတ်များ အသစ်ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၃၇။ အများနှင့် သက်ဆိုင်သော ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်တွင် မိမိ ကုမ္ပဏီက ထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှု ပြီးမြောက်ကြောင်း သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများက ပရိညာဉ်မှတ်တမ်း ပေးပို့၍ လက်ခံရရှိသည့် အခါဝယ်ယူသူက လက်ရှိအစုရှယ်ယာဝင်၏ အမည်မှ ယင်း၏ အမည်သို့ ပြောင်း၍ မှတ်ပုံတင်ပေးရန် တောင်းဆိုလာလျှင် အမည်ပြောင်း၍ မှတ်ပုံတင်ပေးရမည်။

## အခန်း(၇)
## စတော့အိပ်ချိန်း

၃၈။ စတော့အိပ်ချိန်းသည် -

(က) ကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများအရ ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ်ဖွဲ့စည်းတည်ထောင်သောအဖွဲ့အစည်း ဖြစ်သည်။

(ခ) ယင်း၏ စာရင်းဝင် ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်မှုများကို စုစည်း ဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်း ဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်၏ စီမံအုပ်ချုပ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်။

၃၉။ (က) စတော့အိပ်ချိန်းတွင် ကော်မရှင်က ခန့်အပ်တာဝန်ပေးသော ငါးဦးထက်မပိုသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ဒါရိုက်တာအဖြစ် ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်သည့် ငါးဦးထက်မပိုသောပုဂ္ဂိုလ်များပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်သည် စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့တွင် ခန့်အပ်တာဝန်ပေးရာ၌ လုပ်ငန်းဆောင်ရွက်မှု၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ငွေရေးကြေးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အတွေ့အကြုံနှင့် ဗဟုသုတရှိသူများကို ရွေးချယ်ရမည်။

(ဂ) စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။

(ဃ) ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့မှ တစ်ဦးအား အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန် ပေးနိုင်သည်။

(င) စတော့အိပ်ချိန်းတွင် လိုအပ်သော ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

(စ) စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့အတွက် လိုအပ်သောဝန်ထမ်းများကို ခန့်အပ်ရမည်။

၄၀။ စတော့အိပ်ချိန်းသည် -

(က) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို ကော်မရှင်က သတ်မှတ်ထားသည့် နေရာတွင်သာ ဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းစစ်ကို ခန့်ထားရမည်။

(ဂ) စာရင်းစစ်ဆေးမှု အစီရင်ခံစာကို ကော်မရှင်သို့ နှစ်စဉ်တင်ပြရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၄၀။ စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို စီမံခန့်ခွဲခြင်း၊

(ခ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်နိုင်မည့် ငွေချေးသက်သေခံလက်မှတ်များအတွက် စာရင်းဝင်စံများ သတ်မှတ်ခြင်း၊

(ဂ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ်များကို မှတ်ပုံတင်ထားရှိခြင်း၊

(ဃ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မှု ပြီးမြောက်ခဲ့သည့် ငွေချေးသက်သေခံလက်မှတ် အရောင်းအဝယ် မှတ်တမ်းများကို ပြုစုထားရှိခြင်း၊

(င) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် သက်ဆိုင်သော အချက်အလက်များကို မှတ်တမ်းပြုစုထားခြင်း၊

(စ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများကပေးရမည့် အဖွဲ့ဝင်ကြေး၊ ရှယ်ယာစာရင်းပင်ကြေး၊ သီးသန့်ရန်ပုံငွေနှင့် အခြားဝန်ဆောင်ခများကို သတ်မှတ်ခြင်းနှင့် ယင်းငွေများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများနှင့် အညီ စီမံခန့်ခွဲခြင်း၊

(ဆ) လိုအပ်သော ဝန်ထမ်းများကို ခန့်အပ် တာဝန်ပေးခြင်း၊

(ဇ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း။

၄၁။ စတော့အိပ်ချိန်း ဒါရိုက်တာ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုက မိမိစတော့အိပ်ချိန်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) စတော့အိပ်ချိန်းအတွက် အနည်းဆုံးထားရှိရမည့် အဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ အရေအတွက်ကို သတ်မှတ်ပေးခြင်း၊

(ဂ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ အခွင့်အရေးနှင့် တာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လုံလောက်သော အကြောင်းရှိပါက မိမိစတော့အိပ်ချိန်း၏ ရောင်းဝယ်မှုများကို ယာယီရပ်ဆိုင်းခြင်းနှင့် အဖွဲ့ဝင်တစ်ဦးဦး၏ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်မှုများကို ယာယီတားမြစ်ခြင်း၊

(င) စတော့အိပ်ချိန်းတွင် ဆက်လက်၍ ပါဝင်ဆောင်ရွက်ရန်မသင့်သော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(စ) အဖွဲ့ဝင် အချင်းချင်းဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးနှင့် အခြားပုဂ္ဂိုလ်များအကြားဖြစ်စေ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက ဖြေရှင်းဆုံးဖြတ်ပေးခြင်း။

၄၃။ စတော့အိပ်ချိန်းသည် မိမိ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လိုလျှင်ဖြစ်စေ၊ အသစ်ရေးဆွဲလျှင်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာစည်းမျဉ်းကို ပြင်ဆင်လိုလျှင်ဖြစ်စေ ကော်မရှင်၏ ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း (၈)
## ကောင်တာဈေးကွက်

၄၄။ ကောင်တာဈေးကွက် တည်ထောင်လိုသည့် သုံးခုအောက်မနည်းသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ကော်မရှင်သို့ စုပေါင်းလျှောက်ထားပြီး ခွင့်ပြုချက်ရရှိသည့်အခါ ကောင်တာဈေးကွက်ကို တည်ထောင်နိုင်သည်။

၄၅။ (က) ပုဒ်မ ၄၄ အရ ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ကောင်တာဈေးကွက်ကို တည်ထောင်သည့်အခါ အဖွဲ့ဝင် ငွေချေးသက်သေခံထက်မှတ် ကုမ္ပဏီများက ရွေးချယ်တင်မြှောက်သည့် ငါးဦးထက်မပိုသော အဖွဲ့ဝင်များပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကောင်တာဈေးကွက်၏ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့မှတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။

(ဂ) ကောင်တာဈေးကွက်ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့မှ တစ်ဦးအား အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန် ပေးနိုင်သည်။

၄၆။ ကော်မရှင်၏ ခွင့်ပြုချက်အရ တည်ထောင်သော ကောင်တာဈေးကွက်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံခွင့် ရှိသည်။

၄၇။ ကောင်တာဈေးကွက်သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးထုပ်နည်းများကို လိုက်နာရမည်။

၄၈။ ကောင်တာဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုမှာ အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထင်ရှားစွာ ထိခိုက်နစ်နာစေလျှင် ကော်မရှင်သည် ကောင်တာဈေးကွက်အား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

## အခန်း (၉)
## တားမြစ်သည့် ပြုလုပ်မှုများ

၄၉။ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသော ပြုလုပ်မှုများမှာ အောက်ပါတို့ဖြစ်သည်-

(က) ငွေချေးသက်သေခံလက်မှတ်များနှင့် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်တွင် လုပ်ဆောင်မှုများဖြစ်သော ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊ စာရင်းဝင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရောင်းဝယ်မှု

ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ဝန်ဆောင်မှုပေးခြင်းများနှင့် စပ်လျဉ်း၍ လှည့်စားမှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုကို ကြီးမားစွာဖြစ်စေသည့် လိမ်လည်ခြင်း၊ လှည့်စားခြင်း၊ မှားယွင်းသည့် ဖော်ပြချက်များပြုလုပ်ခြင်း၊ အရေးကြီးသော အချက်အလက်များကို ထိန်ချန်ထားခြင်းပြုရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်ခြင်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အခြားသူများကိုလှုံ့ဆော်မှု သို့မဟုတ် သွေးဆောင်ဖြားယောင်းမှုပြုရန် အလို့ငှာ မမှန်ကန်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ဈေးကွက်အတွင်းရှိငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းကို ကြီးမားစွာ သက်ရောက်မှုရှိစေသည့် မပြည့်စုံသော၊ အချိန်အခါမသင့်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း၊

(ဂ) မိမိ၏ ကိုယ်ပိုင်စာရင်းအတွက် သို့မဟုတ် အခြားပုဂ္ဂိုလ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရန် အတွင်းသတင်းအချက်အလက်များကို အသုံးချခြင်း၊ အတွင်းသတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ထုတ်ပေးခြင်း၊ ဖွင့်ဟအသိပေးခြင်းမရှိသည့် အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ အခြားပုဂ္ဂိုလ်များအား ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အကြံဉာဏ်များပေးခြင်း၊

(ဃ) မမှန်ကန်သော ရောင်းလိုအားနှင့် ဝယ်လိုအားကို ဖန်တီး၍ ငွေချေးသက်သေခံလက်မှတ်များကို ပယ်ယူခြင်း၊ ရောင်းချခြင်း ပြုလုပ်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်ရန် အခြားသူများနှင့်ပူးပေါင်းကြံစည်၍ သို့မဟုတ် အခြားသူများအား သွေးဆောင်ဖြားယောင်း၍ စဉ်ဆက်မပြတ် ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်မှု နည်းလမ်းများကို အသုံးချခြင်း။

## အခန်း (၁၀)

## ငွေချေးသက်သေခံလက်မှတ်များအပ်နှံမှုလက်ခံခြင်းနှင့်စာရင်းရှင်းလင်းခြင်းလုပ်ငန်း

၅၀။ (က) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် အပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း လုပ်ငန်းများကို လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့လျှောက်ထားရမည်။

(ခ) ကော်မရှင်သည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၅၁။ စတော့အိပ်ချိန်းသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း လုပ်ငန်းများကို လုပ်ကိုင်လိုပါက ကော်မရှင်၏ ခွင့်ပြုမိန့်ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။ သို့ရာတွင် ထိုလုပ်ငန်းများကိုလုပ်ကိုင်ပါက ကော်မရှင်သို့ အသိပေးတင်ပြရမည်။

၅၂။ ဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ပါက သင့်လျော်သည့် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား စည်းကမ်းချက်များ သတ်မှတ်၍ တာဝန်ပေးနိုင်သည်။

## အခန်း (၁၁)
## အယူခံခြင်း

၅၃။ (က) ပုဒ်မ ၄၂ ပါ စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့၏ လုပ်ပိုင်ခွင့်အရ ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ အယူခံဝင်နိုင်သည်။

(ခ) ကော်မရှင်က ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး စတော့အိပ်ချိန်း ဒါရိုက်တာ အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အခြား သင့်လျော်သော ဆုံးဖြတ်ချက် တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၅၄။ မည်သူမျှ အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများကို ဖောက်ဖျက်ပြီး အများပြည်သူ အကျိုးနှင့်ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်နစ်နာစေရန် မပြုလုပ်ရ။

၅၅။ မည်သူမျှ -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်း မပြုရ။

(ခ) ကော်မရှင်၏ ခွင့်ပြုမိန့်မရရှိဘဲ ကောင်တာဈေးကွက်ကို ဖြစ်စေ၊ စတော့အိပ်ချိန်းကို ဖြစ်စေ ဖွဲ့စည်းတည်ထောင်ခြင်း၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့ အိပ်ချိန်း၏ လုပ်ငန်းများ၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း သဘော သက်ရောက်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုရ။

(ဂ) ခွင့်ပြုမိန့် ရရှိထားသော ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏ အမည် ကို ခွင့်ပြုချက်မရရှိဘဲ အသုံးမပြုရ သို့မဟုတ် ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏ အဖွဲ့ဝင်အဖြစ် အယောင်ဆောင်ခြင်း မပြုရ။

၅၆။ မည်သည့် လုပ်ငန်းလိုင်စင်ရရှိသူမျှ ရရှိထားသော လုပ်ငန်းလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ။

၅၇။ မည်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီမှ တာဝန်ရှိသူမျှ မိမိ၏ကိုယ်စားလှယ် မှတစ်ပါး အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို မိမိကုမ္ပဏီ၏ အမည်ဖြင့် ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းလုပ်ကိုင်ခွင့်မပြုရ။

၅၈။ မည်သည့် ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ ဝန်ထမ်းမျှ မိမိတို့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ်ရရှိသော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှ တစ်ပါး အခြားမသက်ဆိုင်သူ တစ်ဦးဦးကို ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်း မပြုရ။

၅၉။ မည်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ တာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းမျှ ကော်မရှင်၏ ခွင့်ပြုချက်မရရှိဘဲ အခြား ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတွင်ဖြစ်စေ၊ အခြား ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတွင်ဖြစ်စေ ပါပင်ဆောင်ရွက်ခြင်း မပြုရ။

၆၀။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သည့် လုပ်ငန်းလိုင်စင် ရရှိသူ မဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီမှ တာဝန်ရှိသူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သည့် ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ ဝန်ထမ်းမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ တာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၃)**

**အထွေထွေ**

၆၇။ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ကို ဤဥပဒေနှင့်အညီ ပီပြင်စွာ တည်ထောင်ပြီး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်မီ ကူးပြောင်းဆဲကာလအတွင်း -

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကူးပြောင်းဆဲကာလတစ်ခုကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ယင်းကူးပြောင်းဆဲကာလကို တိုးမြှင့်နိုင်သည်။

(ခ) ကူးပြောင်းဆဲကာလအတွင်း ကော်မရှင်နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာနအား လွှဲအပ်တာဝန်ပေးရမည်။

(ဂ) ကူးပြောင်းဆဲကာလတွင် ဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရာတွင် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဃ) မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဝန်ကြီးဌာနသည် မြန်မာ့စီးပွားရေးဘဏ်အား ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အဖွဲ့အစည်းတစ်ခုခုနှင့် ဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းစေပြီး စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၆၈။ ကော်မရှင် နှင့် ကော်မရှင်၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၀။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ကော်မရှင်နှင့်ညှိနှိုင်းပြီး လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ကော်မရှင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)

## ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

## (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမူဆောင်ရွက်မှု မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်းအန္တရာယ် ဖြစ်ပေါ်ခြင်းကြောင့် သော်လည်းကောင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများပျက်စီးခြင်း၊ ဝတ်မှုတ်ခေါင်းပါးမှုဖြစ်ခြင်း၊ လူ သို့မဟုတ် တိရစ္ဆာန် များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့် သော်လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် သော်လည်းကောင်း၊ စက်မှုလုပ်ငန်း ကြောင့်ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ အဏုမြူကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်း ကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့များယိုစိမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ခြင်း ကြောင့်သော်လည်းကောင်း အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကိုဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ် တစ်ခုခုလည်း ပါဝင်သည်။

(ဂ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများလျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေး အန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပါအဝင်

သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များထွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအမံများ ထည့်သွင်းဆောင်ရွက်သည့် လုပ်ငန်းများကိုလည်းကောင်းဆိုသည်။

(ယ) **သဘာဝဘေးအန္တရာယ် လျော့ပါးရေး** ဆိုသည်မှာ ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်သည့်အခါ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့်ထိရောက်စွာ တုံ့ပြန်နိုင်ရေးတို့အတွက် လည်းကောင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများကို လတ်တလောလျော့ပါးစေရန်နှင့် ရေရှည်လျော့ပါးစေရန် စီမံဆောင်ရွက်မှုများကို ဆိုသည်။

(ရ) **အရင်းအမြစ်** ဆိုသည်မှာ ဘေးသင့်သူများအတွက် လိုအပ်သော လူ့စွမ်းအား၊ စွမ်းအင်တစ်မျိုးမျိုး၊ ကျွဲနွားတိရစ္ဆာန်၊ ယာဉ်တစ်မျိုးမျိုး၊ ပစ္စည်းကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ အဆောက်အအုံ၊ သိုလှောင်ရုံ၊ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ နေရာနှင့် ငွေကြေးအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုဆိုသည်။

(စ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တစ်ခုခုကိုဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** ဆိုသည်မှာ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုဆိုသည်။

(ဈ) **နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အဖွဲ့အစည်းများဖြစ်သော အရှေ့တောင်အာရှ နိုင်ငံများအသင်း၊ အာရှဒေသနှင့် အခြားဒေသများအတွင်း ဖွဲ့စည်းထားသော အသင်းအဖွဲ့များကို ဆိုသည်။

(ည) **ဘေးသင့်သူများ**ဆိုသည်မှာသဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပအစိုးရဌာန၊အစိုးရအဖွဲ့အစည်းများ၊လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအခြားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်၊

(င) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်။

## အခန်း (၃)

## အမျိုးသား သဘာဝ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းခြင်း၊ ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စု အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အမျိုးသားကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် အခြားလိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဂ) ကမ္ဘာပေါ်တွင် ပေါ်ပေါက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို မှတ်တမ်းပြုစုရေး၊ ပေါ်ပေါက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှု အစီအစဉ်များရေးဆွဲရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် မြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည့်ဆောက်ရေးတို့အတွက် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ရန် ဦးဆောင်မှုပေးခြင်း၊

(ဃ) ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်၏ ပြင်းထန်မှုနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏအပေါ် မူတည်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အမျိုးသားကော်မတီက သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း အဓိကတာဝန်ယူရေးအတွက် ခွဲခြားသတ်မှတ်ခြင်း၊

(င) ဒေသဆိုင်ရာအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များသည် ဘေးသင့်သူများထဲတွင် ပါသွားသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ နီးစပ်ရာဒေသများမှ သင့်လျော်သူများပါဝင်သည့် ယာယီဒေသဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်အခြေအနေကိုဖော်ပြ၍ အဆိုပါဒေသအား သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ် လျော့ပါးရေးကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ကျရောက်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန တည်ထောင်ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်သတိပေးချက် ရရှိချိန်တွင် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်ဒေသရှိ ပြည်သူများကို ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းပေးနိုင်ရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဒေသဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်း၍ စီမံဆောင်ရွက်ခြင်း၊

(ည) သဘာဝဘေးအန္တရာယ် လျော့ပါးရေးကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါကပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ပါဝင်ကူညီဆောင်ရွက်လိုသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများအား ပါဝင်ကူညီဆောင်ရွက်နိုင်ရန်စိစစ်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဌ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းများအတွက် လိုအပ်သော လူအင်အားနှင့် ပစ္စည်းအင်အားများကို အရန်သင့်အသုံးပြုနိုင်ရေးအတွက် စုစည်းထားရှိသည့် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊ကြီးကြပ်ကွပ်ကဲခြင်းနှင့်ဒေသဆိုင်ရာအဖွဲ့အားကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဍ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေးနယ်မြေများ ခွဲခြားသတ်မှတ်ခြင်း၊ နယ်မြေသတ်မှတ်ချက်အရ ကူညီထောက်ပံ့မည့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ လူအင်အားနှင့် ပစ္စည်းအင်အား စုစည်းအသုံးပြုခြင်းနှင့် စပ်လျဉ်း၍လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဒေသဆိုင်ရာအဖွဲ့အား ကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဎ) ဘေးသင့်သူများအတွက် လိုအပ်သော အရင်းအမြစ်အား အသုံးပြုခပေးပြီး ယာယီ အသုံးပြုရန် ညွှန်ကြားခြင်းနှင့် ဘေးသင့်သူများအား နေရာချထားခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ် ကျရောက်လာသည့်အခါ ဘေးသင့်သူများအား အကူအညီပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအပြင် လိုအပ်ပါက တပ်မတော်၏ အကူအညီများ ရယူဆောင်ရွက်ခြင်း၊

(တ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် လုံခြုံရေးဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အားအပြင် လိုအပ်ပါက တပ်မတော်၏အင်အားကိုရယူ ဆောင်ရွက်ခြင်း၊

(ထ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အရေးပေါ်ဆောင်ရွက်ရသည့် အခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး ဆောင်ရွက်မှု များကို ပြည်တွင်းပြည်ပမှ သိရှိနိုင်စေရေးအတွက် လိုအပ်သည့် သတင်းဖြန့်ချိ ပြန်ကြားမှု လုပ်ငန်းများဆောင်ရွက်ခြင်းကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဒ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် အရေးပေါ်လိုအပ်သည့် စားရေ ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြည့်တင်း ထောက်ပံ့ရေးနှင့် ကူးစက်ရောဂါကျရောက်ခြင်းမရှိစေရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဓ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် ကောက်ပဲသီးနှံများ ခြန်လည် စိုက်ပျိုးနိုင်ရေး၊ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် လုပ်ကိုင်နိုင်ရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ် အားနှင့် ဆက်သွယ်ရေး လုပ်ငန်းများ ခြန်လည်ကောင်းမွန်လာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလိုအပ်ချက်များကောင်းမွန်သော အခြေအနေရောက်ရှိရေးတို့ အတွက်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုအဆင့် ခွဲခြားသတ်မှတ်ပြီးစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးဆောင်ခြင်း၊

(န) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ကျင်းပရန် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ပ) ပြည်တွင်းပြည်ပမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေကြေးများ သုံးစွဲခြင်းကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ပါဝင် ဆောင်ရွက်သည့်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကိုလည်းကောင်း စာရင်း ဇယားနှင့် မှတ်တမ်းများပြုစုစေခြင်း၊ ထိုသို့ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ စေတနာရှင် များနှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် လမ်းညွှန်ခြင်းနှင့် ယင်းသို့ ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ယ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ရ) နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ထည့်ဝင်ရန် လိုအပ်မည့်ငွေကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံကင်ပြခြင်း၊

(လ) ပြည်ပနိုင်ငံများ၊ အထူးသဖြင့် နိုင်ငံရပ်ခြား ဒေသတွင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သဘာဝဘေးအန္တရာယ် ကျရောက်ပြီး ထိခိုက်ပျက်စီး ဆုံးရှုံးမှုကြီးမားကြောင်းသိရှိရသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သည့် လူသားချင်းစာနာမှု အကူအညီများပေးခြင်း၊

(ဝ) ပြည်ပနိုင်ငံတစ်ခုခုက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြားနိုင်ငံတစ်ခုခုသို့ စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ထောက်ပံ့ကူညီရာတွင် နိုင်ငံတော်အား စခန်းထောက်အဖြစ် ဖြတ်သန်းပြီး ထောက်ပံ့ကူညီခြင်း နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(ဖ) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များ ချမှတ် အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအမံများ ပါရှိစေရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြု တင်ပြခြင်း၊

(ဗ) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် ဒေသတွင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသတွင်ဖြစ်စေ အမျိုးသားကော်မတီက တိုက်ရိုက် တာဝန်ယူ၍ ကြီးကြပ်ဆောင်ရွက်ရသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို လိုအပ်ပါက ယင်းဒေသနှင့် အနီးအနားရှိ ဒေသများ၌ အခြေစိုက်ဆောင်ရွက်ခြင်း၊

(ဘ) မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့်သဘာဝဘေးအန္တရာယ်ကို ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ခြင်း၊

(မ) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဿ) နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို အိမ်နီးချင်းနိုင်ငံများသို့ လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကိုပြည်တွင်းသို့လည်းကောင်းကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအား ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဟ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၄)
## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းခြင်း၊
## ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ဖွဲ့စည်းခြင်း**

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဒေသအလိုက် အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကိုလိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဒေသအလိုက် အနီးကပ်ကြီးကြပ်

၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာ အဖွဲ့များကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**တာဝန် နှင့် လုပ်ပိုင်ခွင့်များ**

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့်ညှိနှိုင်းပူးပေါင်း၍ထိရောက်လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးတွင် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေ ရှိ မရှိ ကို အမြဲမပြတ် စောင့်ကြည့်လေ့လာပြီး ယင်းအန္တရာယ် ဖြစ်ပေါ်နိုင်သည့် သတင်းအချက်အလက်များရရှိပါက အမျိုးသားကော်မတီသို့ဆောလျင်စွာတင်ပြခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့် တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် ရှာဖွေကယ်ဆယ်ရေးအပါအဝင်အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသရှိ ဘေးသင့်သူများ လက်ဝယ်သို့ စားရေရိက္ခာ နှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျ အချိန်မီရောက်ရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ မီးသတ်ထပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအခြားအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် သင့်လျော်သောကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်စေရန် အကူအညီတောင်းခံခြင်းနှင့် အခမဲ့ဝန်ဆောင်မှုပေးခြင်းကို လက်ခံခြင်း၊

(စ) ဘေးသင့်သူများအတွက် လိုအပ်သော အရင်းအမြစ်အား အသုံးပြုခပေးပြီး အသုံးပြုရန် ညွှန်ကြားပြင်းနှင့် ယင်းတို့အား ယာယီနေရာချထားခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့များသို့လည်းကောင်း လိုအပ်သောအကူအညီများ တောင်းခံခြင်း၊

(ဇ) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုတွင် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့က ဖြစ်စေ အကူအညီများတောင်းခံလာပါက လိုအပ်သောအကူအညီများနှင့် ထောက်ပံ့မှု များပေးခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတွင်ဖြစ်စေ၊ကျရောက်မည့်အခြေအနေ တွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက်ဒေသတွင်းရှိ ပြည်သူ များအား သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် ညွှန်ကြားခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း၊

(ည) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှု လျော့ပါးရေးအတွက် မည်သည့် အတားအဆီးကိုမဆို ဖျက်ဆီးရန်ဖြစ်စေ၊ ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်း ရန်ဖြစ်စေ၊ အဆောက်အအုံ သို့မဟုတ် ပစ္စည်းတစ်ခုခုကို အသုံးပြုရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန်ဖြစ်စေ သဘာဝဘေးအန္တရာယ် ကျရောက်သည့် သို့မဟုတ် ကျရောက်မည့်ဒေသရှိ ဒေသဆိုင်ရာအဖွဲ့အား ညွှန်ကြားခြင်းနှင့် ထိုသို့ ဆောင်ရွက် ရာတွင် အခြားနယ်မြေဒေသများသို့ သဘာဝဘေးအန္တရာယ်များ ပြန့်ပွားသွားစေ နိုင်ပါက အမျိုးသား ကော်မတီ၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့်ကူးစက်ရောဂါများကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝ ဘေးအန္တရာယ် ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို မိမိတို့ ဒေသအတွင်းသို့လည်းကောင်း ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကိုသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ တာဝန်ယူ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် စီမံထားရှိသည့် အဆောက်အအုံ သို့မဟုတ် သီးသန့်နေရာဒေသသို့ ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့် နယ်မြေနှင့် အနီးအနားနယ်မြေများသို့ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း မပြုရန် တားမြစ်ခြင်း သို့မဟုတ် ယင်းအဆောက်အအုံနှင့် နေရာဒေသတို့မှ ထွက်ခွာသွားရန် သက်ဆိုင်သူများကို ညွှန်ကြားခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ် ကျရောက်သည့် နယ်မြေတွင် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးကိစ္စများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဎ) လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် အစိုးရ၊ အစိုးရ အဖွဲ့အစည်းကိုဖြစ်စေ အစိုးရ မဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်ယူ၍ မှတ်တမ်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(တ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကို အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်ဖြင့်ရေးဆွဲသည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့် စီမံ ခန့်ခွဲခြင်း၊

(ထ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အမျိုးသားကော်မတီက ပေးအပ်သော အခြားလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း၊

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၅)

## သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသ ဖြစ်ကြောင်း ကြေညာခြင်း

၁၁။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နိုင်ငံတော်၏ နယ်မြေဒေသတစ်ခုခုတွင်သော်လည်းကောင်း အသက်အိုးအိမ်စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့် ဘေးအန္တရာယ်ကျရောက်ကြောင်း အမျိုးသားကော်မတီက တင်ပြ၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိရသည့်အခါ ယင်းဒေသကို မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေရေးဆောင်ရွက်ရာတွင် အခက်အခဲရှိမည်ဟု ယုံကြည်ပါက အဆိုပါ ဒေသကို အချိန်ကာလနှင့် နယ်မြေဒေသပိုင်းခြားသတ်မှတ်၍ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာပြီးနောက် သတ်မှတ်ထားသည့် အချိန်ကာလနှင့် နယ်မြေဒေသကို လိုအပ်သလို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း (၆)
## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု

၁၃။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်း ခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများလျော့ပါးနိုင်သမျှလျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုစီမံချက်များနှင့်အညီ လုပ်ငန်းအစီအစဉ်များချမှတ်ပြီး အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ် မကျရောက်မီ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ၊

(၂) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင်အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ၊

(၃) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရောက်ရှိစေရန်ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ပြန်လည်ကည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့်သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ။

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ နှင့် သားသည်မိခင်များ)အား ဦးစားပေးပြီး ကူညီစောင့်ရှောက်ရမည်။

(ဂ) ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာ ထိခိုက်စေမည့်ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန် ရှောင်ကြဉ်ရမည်။

၁၄။ သဘာဝဘေးအန္တရာယ် မကျရောက်မီ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်မှုများတွင် အောက်ပါတို့ပါဝင်သည် -

(က) အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာ အဖွဲ့အသီးသီးက သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက် ကောင်းမွန်စေရေးဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်အဆင့်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အဆင့်တိုင်းတွင် ဘေးကင်းလုံခြုံ၍ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အလေ့အထစွဲမြဲလာစေရန်အသိပညာ၊ အတတ်ပညာနှင့် တီထွင်ကြံဆမှုတို့ကို အသုံးချ၍ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အစီအမံများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်အဆင့်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အဆင့်တိုင်းတွင် သဘာဝဘေးအန္တရာယ်ကို ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ခိုင်မာစွာတည်ဆောက်ခြင်း။

၁၅။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့်ဒေသ၌ သဘာဝဘေးအန္တရာယ် မကျရောက်မီ စီစဉ်ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်-

(က) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သောဒေသကို ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေဆန်းစစ်ချက်ပြုစုခြင်းနှင့် အရေးပေါ်ဆောင်ရွက်ရမည့် စီမံချက်များရေးဆွဲခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများကို အများပြည်သူသို့ အသိပညာပေးခြင်း၊ ကြိုတင်သတိပေးစနစ်များ ထားရှိဆောင်ရွက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခြင်း၊

(ဂ) ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက်တတ်ပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်သည့် ဒေသဆိုင်ရာလူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် ပြည်သူလူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊

(ဃ) အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များသည် ရပ်ရွာလူထု အခြေပြုသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများတွင် လူငယ်လူရွယ် စေတနာ့ဝန်ထမ်းများ အပါအဝင် ရပ်ရွာလူထုမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်လမ်းညွှန်ခြင်း၊စည်းရုံးလှုံ့ဆော်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ် လွတ်ကင်းသည့် နေရာဒေသသို့ အများပြည်သူတို့ အချိန်မီ ရှောင်တိမ်းနိုင်ရေးနှင့် ပစ္စည်းဥစ္စာများ၊ ကျွဲ နွား တိရစ္ဆာန်များကို ရွှေ့ပြောင်းနိုင်ရေးတို့အတွက် သတင်းအချက်အလက်များနှင့်သတိပေးချက်များ ကြိုတင်ထုတ်ပြန်ခြင်းနှင့် လိုအပ်သည့် အကူအညီများပေးခြင်း၊

(စ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် အနည်းဆုံးလိုအပ်သည့် အရေးပေါ်စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ အဆင်သင့်ကူညီထောက်ပံ့နိုင်ရန် စုဆောင်းသိုလှောင်ထားခြင်း၊

(ဆ) ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အကူအညီများ ရယူနိုင်ရန် စီမံထားရှိခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကြီးမားပါက ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများက လိုအပ်သောအကူအညီများပေးနိုင်ရေးအတွက် သတင်းကွန်ယက်ဆက်သွယ်ထားရှိခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အခြားကဏ္ဍများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်ထားရှိခြင်း၊

(ည) ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၆။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့်ဒေသတွင် သဘာဝဘေးအန္တရာယ် မကျရောက်မီ ဆောင်ရွက်ရမည့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည် -

(က) အလွယ်တကူရှောင်တိမ်းရန် မဖြစ်နိုင်သော ဒေသတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့် အသက်ကယ်ကုန်းများ ဆောက်လုပ်ထားခြင်း၊

(ခ) ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်နှင့် ရေလွှမ်းမိုးခြင်းခံရနိုင်သည့်ဒေသများတွင် တာတမံများ တည်ဆောက်ခြင်း၊

(ဂ) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် ကြီးထွားမြန် သစ်ပင်များစိုက်ပျိုးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ဤဥပဒေအရပေးအပ်သောအခြား လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၇။ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူများကို အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း၊

(ခ) ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း နှင့် ယာယီခိုလှုံရာ အဆောက်အအုံများတွင် နေရာချထားပေးခြင်း၊

(ဂ) စားရေရိက္ခာနှင့် ကယ်ဆယ်ရေး ပစ္စည်းများ အရေးပေါ် ထောက်ပံ့ပေးခြင်း၊

(ဃ) အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်း ပြုစုခြင်းနှင့် ထောက်ပံ့ရန် လိုအပ်မှုများအတွက် ဆန်းစစ်ချက်များ ပြုလုပ်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အရေးပေါ် ကွပ်ကဲရေးရုံး ဖွင့်လှစ်ပြီး အနီးကပ် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ ဖွဲ့စည်း၍ ဒေသခံပြည်သူတို့အား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကူးစက်ရောဂါများမကူးစက်စေရေး အတွက်ကာကွယ်ခြင်း၊

(ဆ) ယာယီဆေးခန်းနှင့် ဆေးရုံများ ဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရသူနှင့် မကျန်းမာသူများ အား ဆေးဝါးကုသမှုပေးခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၈။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု စာရင်းများကို ကောက်ယူခြင်းနှင့် အတည်ပြုခြင်း၊

(ခ) ဘေးသင့်သူများအား လုံလောက်သော စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို ဆက်လက်ထောက်ပံ့ခြင်းနှင့် ခွင့်ပြုရန်ပုံငွေမှ သင့်လျော်သော ထောက်ပံ့ငွေများပေးခြင်း၊

(ဂ) ပျက်စီးဆုံးရှုံးမှု အခြေအနေပေါ် မူတည်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်အဆောက်အအုံများ၊ နေအိမ်များ ကို သင့်လျော်သည့် နေရာတွင် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများအဖြစ် ပြန်လည်တည်ဆောက်ခြင်း၊

( င ) ဘေးသင့်သူများအတွက် လိုအပ်သော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပုံမှန်ပြန်လည် လုပ်ကိုင်နိုင်ရန် ပြန်လည်ထူထောင်ပေးခြင်း၊

( စ ) သဘာဝဘေးအန္တရာယ်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရန်ထူထောင်ပေးခြင်း၊

(ဆ) ဘေးသင့်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊

( ဇ ) ဘေးသင့်သူများအနက် ကျောင်းနေသူများ ပညာရေးအရှိန်အဟုန်မပျက် ဆက်လက်သင်ယူနိုင်ရေးအတွက်စာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းနှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးခြင်း၊

( ဈ ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ဘေးသင့်သူများ၏ လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ည) ဘေးသင့်သူများအား လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေးအတွက် သက်ဆိုင်ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

( ဋ ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြား လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

### အခန်း (၇)

### သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ

၁၉။ အမျိုးသားကော်မတီသည်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

( ခ ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများထံမှထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ ပြည်တွင်းပြည်ပမှချေးငွေများနှင့် အခြားတရားဝင်ရငွေများ၊

( ဂ ) ဒေသဆိုင်ရာအဖွဲ့များ၊ ပြည်တွင်းပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့်လှူဒါန်း ငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကိုအမျိုးသားကော်မတီ၏ ခွင့်ပြုချက်အရ အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေများနှင့် အခြား တရားဝင်ရငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှ ရရှိသည့် တရားဝင် တိုးပွားသည့်ငွေ။

၂၁။ အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များသည် အမျိုးသားကော်မတီ၏လမ်းညွှန်ချက်နှင့်အညီသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဘဏ္ဍာရေး စည်းမျဉ်းများကို ရေးဆွဲရမည်။

၂၃။ အမျိုးသားကော်မတီသည်လိုအပ်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၂၄။ အမျိုးသားကော်မတီသည် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို သုံးစွဲခြင်း၊စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ တင်ပြရမည်။

## အခန်း (၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ဆန်းစစ်ချက် မပြုလုပ်ဘဲ ပေါ့ဆစွာ ဆောင်ရွက်မှု တစ်ခုခုကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်သည်ကို သိလျက်နှင့် တမင်ပြုလုပ်မှုကြောင့်ဖြစ်စေ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လျှင် သို့မဟုတ် ဖြစ်ပေါ်စေရန် အကြောင်းရှိလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၆။ မည်သူမဆို၊ဤဥပဒေအရတာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ် ဆောင်ရွက်သည်ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက် ပြုမူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆိုအရောင်းပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန် သတင်းလွှင့်ကြောင်း ခြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုတင်ရှားစီရင်ပြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း၊

( ခ ) ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန် တမင် ပျက်ကွက်ခြင်း။

၂၉။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန် တမင်ပျက်ကွက်ခြင်း၊

( ခ ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်နေရာ သို့မဟုတ် အဆောက်အအုံ အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

( ဂ ) ဘေးသင့်သူများအား ထောက်ပံ့သည့် စားရေရိက္ခာနှင့် တယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ တားဆီးခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံ သဘာဝဘေးအန္တရာယ် ခံစားရသည်ဟု မဟုတ်မမှန် လိမ်လည်၍ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများကိုဖြစ်စေ၊ ထောက်ပံ့ငွေကိုဖြစ်စေ တင်ပြတောင်းခံခြင်း။

၃၁။ မည်သူမဆို သဘာဝဘေးအန္တရာယ် ကျရောက်နေသည့်အခါတွင်ဖြစ်စေ၊ ကျရောက်တော့မည့်အခိုက်တွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန်အလို့ငှာထည်းကောင်း၊ သဘာဝ

ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေးလုပ်ငန်းများကို အဟန့်အတား မဖြစ်စေရန် အလို့ငှာလည်းကောင်း ယင်းနေရာရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် သို့မဟုတ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း နေထိုင်ရန် ညွှန်ကြားသည်ကို လိုက်နာရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၃၂။ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအတွက်နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့်စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အခွန်အကောက် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ရှိစေရမည်။

၃၃။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်အဝဝကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၃၄။ အမျိုးသားကော်မတီသည် ပြည်တွင်း ပြည်ပဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတာဝန်တစ်ရပ်ရပ် ထမ်းဆောင်ချိန်၌ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် သတ်မှတ်ထားသော ပတ်စုံကိုပတ်ဆင်ရန်၊ အမှတ်အသားတံဆိပ်ကို တပ်ဆင်ရန် ခွင့်ပြုနိုင်သည်။

၃၅။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆို အရေးယူခြင်းမရှိစေရ။

၃၆။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သဘာဝဘေးအန္တရာယ် လတ်တလော မကျရောက်သေးသော်လည်း ဘေးအန္တရာယ် မကြာမီ ကျရောက်လာနိုင်သည်ဟု ယုံကြည်ရသည့် နေရာရှိ ပြည်သူများအား ရွှေ့ပြောင်းရန် လိုအပ်ပါက ၎င်းတို့၏ဆန္ဒနှင့် အညီ ဆောင်ရွက်ရမည်။

၃၇။ သဘာဝဘေးအန္တရာယ် လျော့ပါးရေး ဆောင်ရွက်မှုတစ်ခုခုကြောင့် ပုဂ္ဂလိကပိုင် ပစ္စည်း တစ်ခုခုတွင်တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုရှိခဲ့လျှင်သော်လည်းကောင်း၊ လူ့အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ ထိခိုက်ခြင်းရှိခဲ့လျှင်သော်လည်းကောင်း နစ်နာသူသည် သတ်မှတ်ချက်များ နှင့်အညီ လျော်ကြေးငွေရပိုင်ခွင့်ရှိသည်။

၃၈။ တပ်မတော်နယ်မြေတစ်ခုခုတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန်ရှိလျှင်သော်လည်းကောင်း၊ တပ်မတော်ပိုင်ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍အသုံးပြုရန် ရှိလျှင်သော်လည်းကောင်း ယင်းသို့ဆောင်ရွက်ရန် သို့မဟုတ် အသုံးပြုရန် နယ်မြေတာဝန်ခံတပ်မှူး ၏ သဘောတူညီချက်ရယူဆောင်ရွက်ရမည်။

၃၉။ ဤဥပဒေ အာဏာမသက်ရောက်မီ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များသည်ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၄၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို သတ်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၄၂။ ဤဥပဒေပါ ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)

## ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၉၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ အာဏာတည်ခြင်း နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆိုသည်၊

(ခ) **လွှတ်တော်** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဂ) **သဘာပတိ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေး စတင် ကျင်းပသည့်အခါ လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက် ပြီးသည့် အထိ လွှတ်တော်အစည်းအဝေးအား ကြီးကြပ်ကွပ်ကဲရန် တင်မြှောက်ခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကိုဆိုသည်။

(င) **ဒုတိယဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ကိုဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၃ အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီများနှင့် အဖွဲ့များကိုဆိုသည်။

(ဇ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်တို့ကို လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့တို့ကိုလည်းကောင်းဆိုသည်။

(ဈ) **ရွေးကောက်ပွဲဥပဒေ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကိုဆိုသည်။

(ည) **လွှတ်တော်ရုံး** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။

(ဋ) **လွှတ်တော်ကိုယ်စားလှယ်ရုံး** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထားသော ရုံးကိုဆိုသည်။

## အခန်း(၂)
## လွှတ်တော်

**ဖွဲ့စည်းခြင်း**

၃။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် ၂ ဦးကျစီ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီးတွင် ထိုတိုင်းဒေသကြီးရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ဂ)တို့အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ။

**သက်တမ်း**

၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။

## အခန်း(၃)
## သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖြစ် တင်မြှောက်ရမည်။

၆။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိအဖြစ် လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

၇။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း(၄)
## လွှတ်တော်ကိုယ်စားလှယ်များ

**ကတိသစ္စာပြုခြင်းနှင့်လက်မှတ်ရေးထိုးခြင်း**

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

**တာဝန်များ**

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့် စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေ နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ နှင့် ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ဖြစ်စေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော် အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ ထင်မြင်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်း၊

(ဇ) လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

**လုပ်ပိုင်ခွင့်များ**

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများတင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း နှင့် အချက်အလက်ရယူခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွှတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်တတင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက် တင်မြှောက် ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဇ) လွှတ်တော်အစည်းအဝေး ကျင်းပသည့်နေရာသို့ တက်ရောက်လေ့လာရန် လေ့လာသူ အဖြစ် ပြည်သူများကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

**ကျင့်ဝတ် နှင့် စည်းကမ်းများ**

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည် -

(က) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြစားခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာ ဖြူမှုပြောဆို ဆက်ဆံနေထိုင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း။

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးဆောင်ရွက်ချက် များနှင့် စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ် များကို ခံစားခွင့်ရှိခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက -

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) ကရားရုံးတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ် ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ဃ) လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်း နှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့်

ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ နှင့် ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ဖြစ်စေ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများထံ ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များထံ ဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း။

**ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း**

၁၃။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်မြေ ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

## အခန်း(၅)
## လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ

**ရွေးကောက်ထင်မြှောက်ခြင်း**

၁၄။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦး နှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို လွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၅။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။

**တာဝန်ထမ်းဆောင်ခြင်း**

၁၆။ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန် အစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင် ရမည်။

၁၇။ ဥက္ကဋ္ဌသည် ယင်း၏တာဝန်ကိုထမ်းဆောင်နိုင်စွမ်း မရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌအား ဥပဒေနှင့်အညီ တာဝန်မှရပ်သိမ်းရန်ကိစ္စ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

၁၈။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

**တာဝန်မှရပ်စဲခြင်း**

၁၉။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လွှတ်တော်၏ရုပ်သိမ်းခြင်းကိုခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

၂၀။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တာဝန်မှ ရုပ်သိမ်းနိုင်သည် -

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

၂၁။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပုဒ်မ ၂၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ ရုပ်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

## အခန်း (၆)
## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရပ်စဲခြင်း

၂၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည် -

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကိုဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲရခြင်း၊

(စ) ကွယ်လွန်ခြင်း။

## အခန်း(၇)
## လွှတ်တော်အဖွဲ့အစည်းများ

**ဖွဲ့စည်းခြင်း**

၂၃။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော် အစည်းအဝေး တစ်ရပ် နှင့် တစ်ရပ် အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

၂၄။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေး တစ်ရပ် နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

**အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းသတ်မှတ်ခြင်း**

၂၅။ လွှတ်တော်သည် ကော်မတီ နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

၂၆။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

## အခန်း (၈)
## လွှတ်တော်အစည်းအဝေးများ

**ပုံမှန်အစည်းအဝေးများ**

၂၇။ (တ) လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။

(ခ) လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂၈။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။

၂၉။ လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက် ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃၀။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ခေါ်ယူ ကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ် အကြား အရှည်ကြာဆုံးကာလသည် ၁၂ လ ထက်မပိုစေရ။

၃၁။ (က) ဥက္ကဋ္ဌသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမ ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ် ပြုလွှာဖြင့် စိစစ် အတည်ပြုရမည်။ သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် များကို လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးလက်မှတ်ဖြင့် စိစစ် အတည်ပြု ရမည်။

(ဂ) လွှတ်တော်သည် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

**အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများ**

၃၂။ လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

၃၃။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၃၄။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

**အစည်းအဝေးနေ့ရက်၊ အချိန်သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း**

၃၅။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက် နှင့် အချိန်တို့တွင် ကျင်းပရမည်။

၃၆။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၃၇။ ပုဒ်မ ၃၆ အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

**အစည်းအဝေး၌ဆောင်ရွက်ရမည့်ကိစ္စရပ်များ**

၃၈။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည် -

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြား သဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း နှင့် ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(စ) လွှတ်တော်သို့တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း နှင့် ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

(ဈ) ဥက္ကဋ္ဌကခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၃၉။ လွှတ်တော်၏အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့်ကိစ္စရပ်များနှင့် အကြံပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေး ဆုံးဖြတ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဂ) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အထူး အစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေး ဆုံးဖြတ်ရမည်။

**မဲခွဲဆုံးဖြတ်ခြင်း**

၄၀။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၄၁။ ပုဒ်မ ၄၀ အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၄၂။ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ လွှတ်တော်အစည်းအဝေးတွင် သဘာပတိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက မဲခွဲဆုံးဖြတ်ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။

## လွတ်လပ်စွာပြောဆိုခွင့် နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၄၃။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့်ဆွေးနွေး ပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။ ထိုသို့လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်း တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

၄၄။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့်လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ

ပြဋ္ဌာန်းချက်များကိုဇဖာက်ဖျက်ခြင်း စသည့် ဆွေးနွေး ပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၅။ ပုဒ်မ ၄၃ နှင့် ၄၄ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခြင်းခံရမည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၏ တင်ပြခွင့်

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော အဖွဲ့အစည်းဝင်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့် ရှိသည်။

## အခန်း(၉)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဝန်ကြီးဌာန အရေအတွက်နှင့် အဖွဲ့အစည်းဝင်ဦးရေကို အဆုံးအဖြတ်ပေးခြင်း**

၄၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၁) နှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာန အရေအတွက်ကို လည်းကောင်း၊ ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၂) နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီး ဦးရေကို လည်းကောင်း၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၂)ပါ သတ်မှတ်ချက်အတွင်း

ခန့်ထားရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကို လည်းကောင်း သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၄၉။ လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာန အရေအတွက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဦးရေကို လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကို လည်းကောင်း အခါအားလျော်စွာပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကိုတိုးခြင်း၊ လျှော့ခြင်း ပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက် ရယူခြင်း**

၅၀။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ (ခ)နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ရယူရမည်။

၅၁။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရမည်။

၅၂။ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၆၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၁) တို့နှင့်အညီ အမည်စာရင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၊

၅၃။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပုဒ်မ ၅၀ နှင့် ၅၁ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအား လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ပုဒ်မ ၅၂ အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအား လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

၅၄။ ပုဒ်မ ၅၀၊ ၅၁ နှင့် ၅၂ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များ အနက် လွှတ်တော်၏ သဘောတူညီချက် မရရှိသည့်ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့ကလွှတ်တော်သို့ ထပ်မံတင်ပြခွင့်ရှိသည်။

**ကတိသစ္စာပြုခြင်း**

၅၅။ လွှတ်တော်သည် ပုဒ်မ ၅၀၊ ပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့အရ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့အား လွှတ်တော်အစည်းအဝေးတွင်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

## အခန်း (၁၁)
## ဥပဒေပြုခြင်း

**ဥပဒေပြုခွင့်**

၅၆။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များ အနက် မိမိတို့စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ယင်းကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရ စီမံကိန်း၊ နှစ်စဉ် အရ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည် ။

၅၉။ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထားသော ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

**နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်**

၆၀။ လွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်း ဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ) အရ ထုတ်ပြန်ခွင့်ရှိသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်များသည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့် နေ့မှစ၍ သတ်မှတ်ရက်အတွင်း လွှတ်တော်သို့ပေးပို့နိုင်ရေးအတွက် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရမည်။

၆၁။ ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံ

အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း ညီညွတ်မှုရှိရမည်။

၆၂။ လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံး ကျင်းပသော လွှတ်တော် ပုံမှန် အစည်းအဝေးကာလတွင် ဥက္ကဋ္ဌ က ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် များထံ ဖြန့်ဝေတင်ပြရမည်။

၆၃။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

၆၄။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ် ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

**အခန်း(၁၁)**

**နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း**

၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ (က) နှင့် (ဝ) တို့အရ ဆောင်ရွက်သည့်အခါ ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် မြို့နယ်များအတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် များ၏ ဆန္ဒရယူရမည်။

၆၆။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက် ထောက်ခံ ဆန္ဒမဲရရှိလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ် ပြင်ဆင်ရန် သဘောမတူကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း(၁၂)
## နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် နှင့် လွှတ်တော် ဆက်သွယ်ရေး

၆၇။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ဥက္ကဋ္ဌ သည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

၆၈။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန် ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည် -

(က) လွှတ်တော်သည်အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း

(ခ) လွှတ်တော်ကိုယ်စားဥက္ကဋ္ဌ ကနိုင်ငံတော်သမ္မတ ထံ သဝဏ်လွှာ ပေးပို့ခြင်း။

၆၉။ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုလျှင် ဥက္ကဋ္ဌက လိုအပ်သည်များကို စီစဉ်ဆောင်ရွက် ပေးရမည်။

## အခန်း(၁၃)

## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်လွှတ်တော်

၇၀။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ မိမိအားပေးအပ်ထားသော တာဝန်ကိုပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်းကုန်ဆုံးခြင်း မရှိသေးသဖြင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော် အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော် သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## အခန်း(၀၄)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၇၂။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေး ခန်းမအတွင်းသို့ မဝင်ရ။

(ခ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ လိမ်လည်ပြောဆို၍ သို့မဟုတ် သူတစ်ပါး အယောင်ဆောင်၍ ဝင်ရောက်ခြင်း မပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေးကျင်းပချိန်အပြင်၌ ဖြစ်စေ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ညဥ့်အိပ်ညဥ့်နေ မပြုရ။

၇၃။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်-

(က) သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆူပူနှောင့်ယှက်ခြင်းမပြုရ။

(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်မှ ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားခြိမ်းခြောက်ခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောက်အယှက်ပေးခြင်း မပြုရ။

(ဃ) လွှတ်တော်ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်းတစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေး တာဝန်ရှိသူတစ်ဦးအား ယင်း၏တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

(င) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်း မပြုရ။

(စ) လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

(ဆ) လွှတ်တော်အစည်းအဝေးခန်းမ၌ ဖြစ်စေ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက်ယူဆောင်လာခြင်းမပြုရ။

၇၄။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

၇၅။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဝ)တို့မှအပ ပုဒ်မ ၁၁ ပါ ကျင့်ဝတ်နှင့် စည်းကမ်းများဆိုင်ရာ အချက်တစ်ခုခုကို မလိုက်နာကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းများဖြင့် အရေးယူနိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်အား ယာယီရပ်စဲခြင်း။

၇၆။ ဤအခန်းပါ ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း(၁၅)
## အထွေထွေ

၇၇။ ဤဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၇၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ဥပဒေပြုစာရင်းပါ ဥပဒေပြုရေးကို အထောက်အကူပြုရန်နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်းတည်ထောင်နိုင်သည်။

၇၉။ လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို အချင်းချင်းအပြန်အလှန် ထိန်းကျောင်းကူညီဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှု ရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၈၀။ လွှတ်တော်သည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများနှင့် လွှတ်တော်လုပ်ငန်း ဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့ရမည်။

၈၁။ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။

၈၂။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကျခံ၍ ဖွင့်လှစ်နိုင်သည်။

၈၃။ လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရုံးက တာဝန်ယူ ဆောင်ရွက် ရမည်။

၈၄။ ပြည်သူကရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသ နှင့် ပြည့်စုံသော အများကလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒ ဖော်ဆောင်ရာတွင် လည်းကောင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။

၈၅။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၄/၂၀၁၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ။)

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၀ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ် ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် မည်သူမဆို ကျူးလွန်လျှင် ဖြစ်စေ၊ပြည်ပတွင် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်း အခြေစိုက်နေထိုင်သူက ကျူးလွန် လျှင်ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **လာဘ်ပေးလာဘ်ယူမှု** ဆိုသည်မှာ လုပ်ပိုင်ခွင့် အာဏာရှိသူက ရာထူးတာဝန်ကို အလွဲ သုံးစားပြု၍ တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေး ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တံစိုးလက်ဆောင်ကို မိမိအတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်း အတွက်သော်လည်းကောင်း၊ ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် တနည်းနည်းဖြင့် ဆွဲဆောင်ခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းကို ဆိုသည်။

(ခ) **တံစိုးလက်ဆောင်** ဆိုရာတွင် လာဘ်ပေးလာဘ်ယူမှု အလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးပြင်းပြုသော ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြား အကျိုးခံစားခွင့်များလည်း ပါဝင်သည်။

(ဂ) **လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း** ဆိုသည်မှာ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ကျင့်သုံးဆောင်ရွက်ရာမှ လာဘ်ပေးလာဘ်ယူမှုဖြင့် ငွေကြေးနှင့် ပစ္စည်းများ တိုးပွားရရှိလာခြင်းကြောင့်သော်လည်းကောင်း၊ ပေးရန် တာဝန်များ လျှော့ချခြင်းကြောင့်သော်လည်းကောင်း၊ ငွေကြေးနှင့် ပစ္စည်းများကို မတရားရယူခြင်းကြောင့် သော်လည်းကောင်း ကြွယ်ဝချမ်းသာလာခြင်းကိုဆို သည်။

(ဃ) **အများပြည်သူဆိုင်ရာ အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စုအဆင့် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အများပြည်သူ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းသည့် အများပြည်သူနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(င) **ပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ ခန့်အပ်ခံရသည် ဖြစ်စေ၊ ရွေးချယ်ခံရသည် ဖြစ်စေ၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာရာထူးတစ်ခုခုတွင် တာဝန်ထမ်းဆောင်သော အမြဲတမ်း သို့မဟုတ် ယာယီဝန်ထမ်းကိုလည်းကောင်း၊ အများပြည်သူ ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းအပါအဝင် အများပြည်သူဆိုင်ရာ လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူကို လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်း ဟု သတ်မှတ်ထားသူကို လည်းကောင်း ဆိုသည်။

(စ) **ပြည်ပပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ ပြည်ပနိုင်ငံ တစ်ခုခု၏ ခန့်အပ်ခြင်းခံရသော သို့မဟုတ် ရွေးချယ်ခြင်းခံရသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးအရာရှိ၊ ပြည်ပနိုင်ငံတစ်ခု၏ လုပ်ငန်း တာဝန်တစ်ခုကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့၊ ကော်မရှင်၊ ကော်ပိုရေးရှင်း သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်ထံတွင် အလုပ်လုပ်ကိုင်သူနှင့် အများပြည်သူနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းက ယင်း၏ ကိုယ်စားလုပ်ငန်း ဆောင်ရွက်ရန် အခွင့်အာဏာ ပေးအပ်ထားသူ ကို ဆိုသည်။

(ဆ) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ ကော်မရှင်က ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံရေးရာထူး လက်ရှိဖြစ်သူဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြေညာခြင်း ခံရသူကို ဆိုသည်။

(ဇ) **အဆင့်မြင့်အရာရှိ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ဝန်ထမ်းအကြီးအမှူးအဖြစ် တာဝန်ထမ်းဆောင်သော ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ယင်းနှင့်အလားတူရာထူးအဆင့်ရှိသူကို သော်လည်းကောင်း၊

နိုင်ငံတော်ပိုင် သို့မဟုတ် နိုင်ငံတော်နှင့် ပုဂ္ဂလိက ဖက်စပ်ပိုင် ကုမ္ပဏီ၊ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာ အဖွဲ့ဝင်၊ ဘုတ်အဖွဲ့ဝင်၊ ကော်မတီဝင် သို့မဟုတ် ယင်းနှင့်အလားတူ ရာထူးအဆင့်ရှိသူကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ရာထူး တစ်ခုခု၌ ခေတ္တတာဝန် ထမ်းဆောင်သူလည်း ပါဝင်သည်။

(စျ) **လုပ်ပိုင်ခွင့် အာဏာရှိသူ** ဆိုသည်မှာ ရာထူး တာဝန်အရ ဖြစ်စေ၊ စီရင်ပိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့်အရဖြစ်စေ လုပ်ပိုင်ခွင့် အာဏာရှိသော ပြည်သူ့ဝန်ထမ်း၊ ပြည်ပ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ၊ အဆင့်မြင့်အရာရှိ သို့မဟုတ် အများပြည်သူ ဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ သို့မဟုတ် ကိုယ်စားလှယ်ကို ဆိုသည်။

(ည) **ဘဏ် နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ** ဆိုသည်မှာ ငွေချေးလုပ်ငန်းများ၊ ချေးငွေနှင့် ပြည်သူ့ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများ၊ ငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အခြားခွင့်ပြုထားသည့် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ယင်းအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံမှုပြုရန် ငွေရေးကြေးရေး အရင်းအမြစ်များကို အခြား ပုဂ္ဂိုလ်များထံမှ စုစည်းလျက် ငွေကြေး သို့မဟုတ် အရင်းအနှီး ဈေးကွက်များတွင်ကြားဝင် ပေါင်းစပ်ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ နိုင်ငံတော်အတွင်း တည်ထောင်ထားသည့် အဖွဲ့အစည်းများကို ဆိုသည်။

(ဋ) **ဘဏ်လုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်း** ဆိုရာတွင် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် အသုံးပြုသော လယ်ဂျာ၊ ဘဏ်နေ့စဉ် လုပ်ငန်းစာအုပ်၊ ရငွေစာအုပ်၊ စာရင်းစာအုပ်နှင့် ဘဏ်လုပ်ငန်းတွင် အသုံးပြုသော အခြားစာအုပ်နှင့် စာတမ်း အမှတ်အသားများ၊ ကွန်ပျူတာစာရင်းအင်းမှတ်တမ်းများ ပါဝင်သည်။

(ဌ) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ထုတ်ဝေထားသည့် တရားဝင်ငွေဒင်္ဂါး၊ ငွေအကြွေ နှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဖြစ်သည့် ငွေပေးကတိ စာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များနှင့် နိုင်ငံခြားသုံးငွေများ၊ နိုင်ငံခြားသုံးငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(ဍ) **ပစ္စည်း** ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကို

သော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့် စပ်လျဉ်းသည့် အကျိုးအမြတ်၊ အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များလည်း ပါဝင်သည်။

(ပ) **ကိုယ်စားလှယ်** ဆိုသည်မှာ အခြားသူ တစ်ဦးဦးအတွက် အလုပ် လုပ်ကိုင်ပေးသူ သို့မဟုတ် ဆောင်ရွက်ပေးသူ ကို ဆိုသည်။

(ဏ) **နစ်နာသူ** ဆိုသည်မှာ သူတစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ခြင်းကြောင့် ထိခိုက်နစ်နာသူကို ဆိုသည်။

(တ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ကော်မရှင်ကို ဆိုသည်။

(ထ) **ကော်မရှင်ရုံး** ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး အတွက် ပြည်ထောင်စု အစိုးရအဖွဲ့က ဤဥပဒေအရ သတ်မှတ်ဖွဲ့စည်းသောရုံးကို ဆိုသည်။

(ဒ) **ပဏာမစိစစ်ရေးအဖွဲ့** ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာလာ မှုကြောင့် တိုးပွားလာသည့် ငွေကြေး နှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ အရေးယူရာ တွင်လည်းကောင်း၊ ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း နိုင်ရေးအတွက်သာ ပဏာမစစ်ဆေးပြီး တင်ပြစေရန် ကော်မရှင်က ဖွဲ့စည်းပေး သည့်အဖွဲ့ကို ဆိုသည်။

(ဓ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ကော်မရှင်က ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ လာဘ်ပေးလာဘ်ယူမှု စုံစမ်းစစ်ဆေးရေးအဖွဲ့ တို့ကို ဆိုသည်။

(န) **စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ပ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ကော်မရှင်ရုံး၊ စစ်ဆေးရေးမှူးချုပ်၏ လက်အောက်ရှိ တာဝန်ခံ ပြည်သူ့ဝန်ထမ်း အဆင့်ဆင့်ကို ဆိုသည်။

(ဖ) **ဤဥပဒေအရ ပြစ်မှု** ဆိုသည်မှာ ဤဥပဒေအရ ဖြစ်မှုတစ်ခုခုကို ကျူးလွန်၍ တစ်စုံ တစ်ရာ ပူးပေါင်းကြံစည်မှု သို့တည်းမဟုတ် အားထုတ်မှု သို့တည်းမဟုတ် အားပေး ကူညီမှုများ ပါဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ် ဆောင်ရွက်ရန်၊

(ခ) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ပြစ်ထွန်းစေရန်၊

(ဂ) အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု ပြင့်မား တိုးတက်လာစေရန်၊

(ဃ) လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင် ပစ္စည်းများ၊ လူအဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေး အတွက် အကာအကွယ်ပေးရန်၊

(င) လာဘ်ပေးလာဘ်ယူမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်၊

(စ) တရားဥပဒေစိုးမိုးရေး နှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမို ပွင့်လင်း မြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)

## ကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ကော်မရှင် ဖွဲ့စည်းခြင်း**

၅။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့သည် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် အဖွဲ့ဝင် ၅ ဦးစီကို ရွေးချယ်ရမည်။

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့သည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့် အညီ မိမိတို့ ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို နိုင်ငံတော် သမ္မတထံ ပေးပို့ရမည်။

၇။ (က) နိုင်ငံတော် သမ္မတသည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်ထားသည့် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ထိုအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ရွေးချယ်ခန့်အပ်ရန် အဖွဲ့ဝင်နှစ်ဦး၏ အမည်များကိုလည်း ကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူ၍ ကော်မရှင်ကို ဖွဲ့စည်းရမည်။ ကော်မရှင်အဖွဲ့ဝင်၏ အရည်အချင်းများနှင့် မပြည့်စုံ ကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ် တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(ခ) ကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၈။ (က) ကော်မရှင်နှင့် ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ ၏ သက်တမ်းအတိုင်း ဖြစ်သည်။

(ခ) ကော်မရှင်သည် ကော်မရှင်အဖွဲ့အသစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်များသည် သက်တမ်းနှစ်ခုထက် ပိုမိုတာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

၉။ ကော်မရှင်အဖွဲ့ဝင် အသီးသီးသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံသားဖြစ်သူ၊

(ခ) အသက် ၄၅ နှစ်ပြည့်ပြီး အသက် ၇၀ နှစ်ထက်မကြီးသူ၊

(ဂ) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌက မိမိရွေးချယ်ပေးခွင့်ရှိသူများသည် တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသူအဖြစ် ယူဆခြင်း ခံရသူ။

၁၀။ အောက်ပါ အချက်တစ်ရပ်ရပ် နှင့် အကျုံးဝင်သူအား ကော်မရှင်အဖွဲ့ဝင်အဖြစ်ရွေးချယ်တာဝန်ပေးအပ်ခြင်းမပြုရ -

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း၊

(ခ) တည်ဆဲဥပဒေ တစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရခြင်း၊

(ဂ) သာသနာ့ဝန်ထမ်း ဖြစ်ခြင်း၊

(ဃ) တရားရုံး တစ်ရုံးရုံး၏ အမိန့်အရ ထောင်ဒဏ်ကျခံနေရသူ ဖြစ်ခြင်း၊

(င) ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ဆန္ဒမဲပေးခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်မရှိသူဟု သတ်မှတ်ခံထားရသူ ဖြစ်ခြင်း၊

(စ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံထားရသူ ဖြစ်ခြင်း၊

(ဆ) လာဘ်ပေးလာဘ်ယူမှု ဖြင့် အရေးယူခံရခြင်း သို့မဟုတ် ရာထူးတစ်ခုခုမှထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးတစ်ခုခုမှ ထုတ်ပစ်ခြင်းခံထားရသူ ဖြစ်ခြင်း။

၁၁။ ကော်မရှင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူသည် -

(က) အစိုးရလစာ၊ စရိတ်နှင့် ချီးမြှင့်ငွေတစ်မျိုးမျိုးရရှိသည့် ရာထူး သို့မဟုတ် တာဝန်တစ်ခုခုတွင် တာဝန် ထမ်းဆောင်နေသူမဖြစ်စေရ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ၏စီးပွားရေးလုပ်ငန်း၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ အရာထမ်း၊ အမှုထမ်း မဖြစ်စေရ၊

(ဂ) အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းတွင် အကျိုးအမြတ် သို့မဟုတ် ဝင်ငွေခွဲဝေရယူရန် လုပ်ကိုင်ခြင်းမပြုရ သို့မဟုတ် တစ်စုံတစ်ဦး၏ ဝန်ထမ်း မဖြစ်စေရ။

၁၂။ ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးသည် အောက်ပါအကြောင်းအရာတစ်ခုခုဖြစ်ပေါ်သည့်အခါ ကော်မရှင် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) ကော်မရှင်၏ သက်တမ်းကုန်ဆုံးခြင်း၊

(ဂ) မိမိ၏ ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊

(ဃ) ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ကြောင်းပေါ်ပေါက်ခြင်း၊

(င) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်ရန်သင့်လျော်မှုမရှိကြောင်း တွေ့ရခြင်း၊

(စ) တရားရုံး တစ်ရုံးရုံး၏ အမိန့်အရ ထောင်ဒဏ် ကျခံရခြင်း။

၁၃။ ကော်မရှင် အဖွဲ့ဝင်များသည် ကော်မရှင်တွင် တာဝန်ပေးအပ်ခြင်းခံရသည့် အခါတွင် မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး နိုင်ငံတော် သမ္မတထံ ပေးပို့ရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဏ္ဏာမစိစစ်ရေး အဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

**တာဝန်မှရပ်စဲခြင်း**

၁၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့် မညီဘဲ ဆောင်ရွက်ကြောင်း တွေ့ရှိလျှင် ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသောအခြေအနေ တစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ ယင်းကော်မရှင်အဖွဲ့ဝင်ကို ရွေးချယ်ပေးသော ပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့် တာဝန်မှ ရပ်စဲနိုင်သည်။

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၆။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပဏ္ဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ လိုအပ်ပါက အဆိုပါ လုပ်ငန်းကော်မတီနှင့် အဖွဲ့ တစ်ခုခုထံ ကော်မရှင်၏ လုပ်ငန်းတာဝန်များ လွှဲအပ်တာဝန်ပေးခြင်း၊ ယင်းလုပ်ငန်း ကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စစ်ဆေးရေးမှူးချုပ် ခန့်အပ်ရန် နိုင်ငံတော်သမ္မတထံ အကြံပြုတင်ပြခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်ကိစ္စ နှင့် စပ်လျဉ်း၍ ဝဏ္ဏာမစိစစ်ရေးအဖွဲ့ နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက် အစီရင်ခံစာကို တင်ပြစေခြင်း၊

(င) လာဘ်ပေးလာဘ်ယူမှု နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေး တွေ့ရှိချက် အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံ တင်ပြခြင်း၊

(စ) ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန် နှင့် ရရန်ပိုင်ခွင့်များ စာရင်းပြုစု တင်ပြရမည့် လုပ်ပိုင်ခွင့် အာဏာရှိသူ အမျိုးအစားနှင့် ရာထူး၊ တာဝန်အဆင့် သတ်မှတ်ခြင်း၊

(ဆ) လုပ်ပိုင်ခွင့်အာဏာရှိသူကတင်ပြသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန် နှင့် ရရန် ပိုင်ခွင့်များ မှန်ကန်မှုရှိ/မရှိစုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း၊

(ဇ) နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း၊

(ဈ) လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများက လုပ်ငန်းအစီအစဉ်များ၊ စီမံချက် များရေးဆွဲရာတွင် အကြံဉာဏ်ပေးခြင်း၊

(ည) လာဘ်ပေးလာဘ်ယူမှု တားဆီးကာကွယ်ရေး၊ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသား ဖြောင့်မတ်သည့် စိတ်ဓာတ်ကိုပိုမိုမြင့်တင်ရေး နှင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး တို့တွင် ပြည်သူအများ ပါဝင်နိုင်ရေးအတွက် သင့်လျော်သော အစီအမံများချမှတ်၍ ဆောင်ရွက်ခြင်း၊

(ဋ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရစီးပွားရေး လုပ်ငန်းအဖွဲ့အစည်းများ နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများ၏ အရာထမ်း၊ အမှုထမ်းများအား ကော်မရှင်၏ လုပ်ငန်းတာဝန်များကို လိုအပ်ပါက သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တာဝန်ပေး ဆောင်ရွက်စေခြင်း၊

(ဌ) တိုင်ကြားစာများကို စိစစ်၍လက်ခံခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ချခြင်း နှင့် မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်း၊

(ဍ) လာဘ်ပေးလာဘ်ယူမှု နှင့် စပ်လျဉ်း၍ အဆောက်အအုံ နေရာတစ်ခုခုအတွင်းသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးမှူးများအား တာဝန်ပေးအပ်ခြင်း၊

(ဎ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး တွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က ပေးအပ်သည့် အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၁၇။ ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် လာဘ်ပေးလာဘ်ယူမှု နှင့် သက်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းတစ်စုံတစ်ရာကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန် ညွှန်ကြားခြင်း၊ သိမ်းဆည်းထားသော သက်သေခံပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည် ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်းခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်ဆိုင်ရာဘဏ် နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ စုံစမ်းစစ်ဆေးသောကိစ္စနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံ ပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခွင့်၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများ စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခွင့်ပြုရန် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ခြင်း၊

(ဂ) ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း သက်သေခံအဖြစ် အသုံးပြုနိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား တားမြစ်မိန့် ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊

(ဃ) ပုဒ်မခွဲ(ခ)အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ(ဂ)အရ ထုတ်ဆင့်သည့် တားမြစ်မိန့် နှင့် ချိပ်ပိတ်ထားရန် ညွှန်ကြားချက်တို့ကို လည်းကောင်း ရုပ်သိမ်းခြင်း၊

(င) ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် သင့်လျော်သည့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေအရ ဖွဲ့စည်းသည့် ပဏာမစိစစ်ရေးအဖွဲ့၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များက ဆင့်ဆို၍ လာရောက်သည့် သက်သေများအတွက် သက်သေစရိတ်နှင့် ခရီးစရိတ်တို့ကို တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးခြင်း၊

(ဆ) စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးအား -

(၁) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို လုပ်ပိုင်ခွင့်အာဏာရှိသူက ကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တွင် တရားစွဲဆိုစေခြင်း၊

(၂) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို လုပ်ပိုင်ခွင့် အာဏာရှိသူမှ အပ အခြားသူတစ်ဦးဦးက ကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတွင် တရားစွဲဆိုစေခြင်း။

(ဇ) ပဏာမစိစစ်ရေးအဖွဲ့၏ တင်ပြချက်ကို ထပ်မံစိစစ်ပြီးနောက် လုပ်ပိုင်ခွင့် အာဏာရှိသူ တစ်ဦးဦး၏ငွေကြေးနှင့်ပစ္စည်းများမှာ လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာလာမှုဖြစ်ကြောင်း တွေ့ရှိပါက ထိုသူ ပိုင်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်း၊

(ဈ) လာဘ်ပေးလာဘ်ယူမှု နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ခိုင်လုံသော အလောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူအား လိုအပ်သောအကာအကွယ်ပေးခြင်းနှင့် သတ်မှတ်သော ဆုငွေချီးမြှင့်ခြင်း။

**တရားစွဲဆိုခြင်း**

၁၈။ ကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ရရှိသော အခြားခိုင်လုံသည့် သတင်းအချက်အလက် အရဖြစ်စေ -

(က) လုပ်ပိုင်ခွင့် အာဏာရှိသူ တစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ ထိုသူအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သို့ တရားစွဲဆိုနိုင်ရေး အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေးမှူးချုပ်အား ညွှန်ကြားရမည်။

(ခ) လုပ်ပိုင်ခွင့် အာဏာရှိသူ တစ်ဦးဦးမှအပ အခြားသူတစ်ဦးဦးက လာဘ်ပေး လာဘ်ယူမှု ကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ ထိုသူအား သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တရားစွဲဆိုနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေးမှူးချုပ် အား ညွှန်ကြားရမည်။

## အခန်း (၄)

## လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ယင်း၏လုပ်ငန်းတာဝန်များ

၁၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းအချက်အလက်အရဖြစ်စေ လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများ မှန်ကန်ကြောင်း ခိုင်လုံသည့် အထောက်အထားရရှိပါက သိမ်းဆည်းခြင်း နှင့် စပ်လျဉ်း၍ စိစစ်တင်ပြနိုင်ရေးအတွက် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ကိစ္စရပ်အလိုက် ဖွဲ့စည်းရမည်။

၂၀။ ပဏာမစိစစ်ရေးအဖွဲ့သည်-

(က) ကော်မရှင်၏ တာဝန်ပေးအပ်ချက်အရ စုံစမ်းစစ်ဆေးခြင်းခံရသူအား အကြောင်းကြားပြီး ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ခုခံချေပခွင့်ပေးရမည်။

(ခ) ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်သည့် ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့် ထွက်ဆိုချက်နှင့် သက်သေခံချက်များ ရယူနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သို့မဟုတ် ကော်မရှင်က ရရှိသော သတင်းအချက်အလက်နှင့် ခုခံချေပချက် တို့ကို သုံးသပ်ပြီး မိမိ၏တွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ စိစစ်တွေ့ရှိချက် အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။

(ဃ) စိစစ်ချက်နှင့် စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

## အခန်း (၅)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၂၁။ ကော်မရှင်သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း ပြုနိုင်သည် -

(က) နိုင်ငံတော်သမ္မတက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊

( ခ ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ) အရ နိုင်ငံရေးရာလူး လက်ရှိဖြစ်သူတစ်ဦးကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ အဆိုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊

( ဂ ) လာဘ်ပေးလာဘ်ယူမှု ကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် နစ်နာသူက -

(၁) ကော်မရှင်သို့ တိုင်ကြားခြင်း၊

(၂) ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ တိုင်ကြားခြင်း၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါတိုင်ကြားချက်ကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်း။

၂၂။ ကော်မရှင်သည် အောက်ပါကိစ္စများကို စုံစမ်းစစ်ဆေးခြင်းမပြုရ -

(က) တိုင်ကြားသည့် ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသောကိစ္စဖြစ်ခြင်း၊

( ခ ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း၊

( ဂ ) ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်အသစ် မပါရှိခြင်း။

၂၃။ ကော်မရှင်သည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကခေါင်းဆောင်၍သင့်လျော်သော နိုင်ငံသားများ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ မပါဝင်စေရ -

(က) စွပ်စွဲတိုင်တန်းသည့် အကြောင်းအရာတွင် အကျိုးသက်ဆိုင်သူ၊

( ခ ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူအပေါ် မလိုမုန်းတီးသူ၊

( ဂ ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူ နှင့်ဆွေမျိုးတော်စပ်သူ၊

(ဃ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် လုပ်ငန်းဆက်စပ် ထုပ်ထိုင်နေသူ။

၂၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် စွပ်စွဲတိုင်တန်းခံရသူအား စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရန်၊ သက်သေခံချက်တင်ပြရန် သို့မဟုတ် သက်သေတင်ပြရန် ကာလသတ်မှတ်၍ အကြောင်းကြားရမည်။

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ကပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတွင် စွပ်စွဲခံရသူသည် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ထုချေရှင်းလင်းနိုင်သည်။

၂၇။ (ထ) စုံစမ်းစစ်ဆေးရေး အဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ ကော်မရှင်ဥက္ကဋ္ဌထံ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ တင်ပြရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မခွဲ (က)အရ တင်ပြသော အစီရင်ခံစာ ရရှိပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ယင်းစုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ရန် ကော်မရှင် အစည်းအဝေး ခေါ်ယူကျင်းပရမည်။

၂၈။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ -

(၁) စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားမပေါ်ပေါက်ဟု ယူဆပါက စွပ်စွဲတိုင်တန်းချက်ကို ပယ်နိုင်သည်။

(၂) စွပ်စွဲခံရသူသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယူဆပါက တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးပြီး ထိုသူအား သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးမှူးကို ဖြစ်စေ တာဝန်ပေးအပ် နိုင်သည်။

(၃) ပုဒ်မခွဲငယ်(၂)အရ တရားစွဲဆိုရန်ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ ဆောလျင်စွာ အသိပေးတင်ပြရမည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးသည် လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာလာမှုဖြစ်ကြောင်း တွေ့ရှိပါက ဤဥပဒေ အခန်း(၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးပြီး စိစစ်တွေ့ရှိချက် အစီရင်ခံစာ တင်ပြစေရမည်။

(ဂ) နောက်ထပ်သက်သေခံချက်များ စုံစမ်းရယူသင့်သည်ဟု ယူဆပါက ယင်းအစီရင်ခံစာ တင်ပြသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ အခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

၂၉။ ကော်မရှင်က စွပ်စွဲခံရသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်သည့် ကိစ္စ၌ လည်းကောင်း၊ ပဏာမစိစစ်ရေးအဖွဲ့ဖြင့် စိစစ်ရန် ဆုံးဖြတ်သည့်ကိစ္စ၌လည်းကောင်း၊ စွပ်စွဲခံရသူမှာ လုပ်ပိုင်ခွင့်အာဏာရှိသူဖြစ်လျှင် ကော်မရှင်က ထိုသို့ဆုံးဖြတ်သည့်နေ့ရက်မှစ၍ ထိုစွပ်စွဲခံရသူအား ယင်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေခြင်းမပြုရ။

၃၀။ ကော်မရှင်သည် -

(ထ) လုပ်ပိုင်ခွင့်အာဏာရှိသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့် ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏ အစီရင်ခံစာကို ပုဒ်မ ၂၁ ပုဒ်မခွဲ(က) အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့ လည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ) အရ တာဝန်ပေးသည့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်ကြားသော နစ်နာသူထံသို့ လည်းကောင်း၊ ထိုသူအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစီအစဉ် အရ ဆက်လက် အရေးယူနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ လည်းကောင်း ပေးပို့ရမည်၊

(ခ) စုံစမ်းစစ်ဆေးချက်အရ စွပ်စွဲခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူ သင့်သည်ဟု ယူဆပါက ယင်း၏ ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားရမည်။

၃၁။ ကော်မရှင်က စွပ်စွဲချက်အပေါ် စုံစမ်းစစ်ဆေးနေစဉ်အတွင်း စွပ်စွဲခံရသူသည် ရာထူး စွန့်လွှတ်သွားပြီးဖြစ်သော်လည်း ဥပဒေကြောင်းအရ ဆက်လက်အရေးယူရန်သော်လည်းကောင်း၊ ဝန်ထမ်းစည်းကမ်းနှင့်အညီ အရေးယူရန်သော်လည်းကောင်း၊ နိုင်ငံတော်က သက်ဆိုင်ရာ ငွေကြေး၊ ပစ္စည်းများကို သိမ်းယူနိုင်ရန်သော်ထည်းကောင်း စုံစမ်းစစ်ဆေးမှုကို အပြီးသတ် ပြုလုပ်နိုင်သည်။

၃၂။ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်တစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ကော်မရှင်က ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းရန် လိုအပ်သည်ဟု ယူဆလျှင် စုံစမ်းစစ်ဆေးရေး အဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးတစ်ဦးဦးအား ဘဏ်တစ်ခုခုရှိ စွပ်စွဲခံရသူနှင့် သက်ဆိုင်သော ဘဏ်စာရင်းများကို စုံစမ်းစစ်ဆေးရန် အောက်ပါ လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်သည် -

(က) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်တွင်ဖြစ်စေ၊ ယင်း၏ ထိန်းသိမ်းမှု အောက်တွင်ဖြစ်စေရှိသော ဘဏ်လုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်း၊ ဘဏ်စာရင်း သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကို စစ်ဆေးခြင်း၊ မိတ္တူ ကူးယူခြင်း၊

(ခ) အစုရှယ်ယာစာရင်း၊ အဝယ်စာရင်း၊ အသုံးစရိတ်စာရင်း သို့မဟုတ် သူတစ်ဦးဦးက ဘဏ်တွင် ဖွင့်လှစ်ထားသော ငွေထုတ်စာရင်းတစ်ခုခုကို စစ်ဆေးခြင်း၊ မိတ္တူ ကူးယူခြင်း၊

(ဂ) ဘဏ် နှင့် ငွေရေးကြေးရေး အဖွဲ့အစည်း တစ်ခုခုတွင် ရှိသော အာမခံသေတ္တာ တစ်ခုခုတွင် ထည့်သွင်းထားရှိသည်များကို စစ်ဆေးခြင်း၊

(ဃ) ပုဒ်မခွဲ (က) (ခ) နှင့် (ဂ) တို့နှင့် သက်ဆိုင်သော စာတမ်းအမှတ်အသား၊ စာရင်းနှင့် ပစ္စည်းတစ်ခုခုနှင့် သက်ဆိုင်သည့် အခြားသတင်း အချက်အလက်များအား မေးမြန်း စစ်ဆေးခြင်း။

၃၃။ ပုဒ်မ ၃၂ အရ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးသည် အောက်ပါ အခြေအနေများတွင် မိမိစုံစမ်းစစ်ဆေးရသော စာအုပ်၊ စာတမ်း အမှတ်အသား၊ စာရင်း၊ ငွေ စသည်တို့ကို သိမ်းဆည်းနိုင်သည် -

(က) ယင်းတို့ကို မသိမ်းဆည်းဘဲ စစ်ဆေးမှု၊ မိတ္တူကူးယူမှု သို့မဟုတ် အနှစ်ချုပ် ထုတ်ယူမှု မပြုနိုင်ခြင်း၊

(ခ) ယင်းတို့ကို မသိမ်းဆည်းပါက သက်သေခံဖျောက်ဖျက်မှုပြုနိုင်ခြင်း၊

(ဂ) ဤဥပဒေအရဖြစ်စေ အခြားတည်ဆဲတရားဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရာတွင် ယင်းတို့ကို သက်သေခံအဖြစ် တင်ပြရန် လိုအပ်ခြင်း။

၃၄။ (က) ကော်မရှင်သည် ဤဥပဒေပါ အရေးယူမည့် ပြစ်မှုတစ်ခုခုနှင့် အကျုံးဝင်သည့် သို့မဟုတ် ယင်းအမှုတွင် သက်သေခံအဖြစ်တင်ပြမည့် ငွေကြေးဆိုင်ရာ စာချုပ်စာတမ်းတစ်ခုခု အပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခုသည် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်း တစ်ခုခု၏ လက်ဝယ်တွင်ရှိကြောင်း သို့မဟုတ် ယင်း၏ ထိန်းကွပ်မှုအောက်တွင်ရှိကြောင်း သတင်းရရှိပြီး၊ ယင်းသတင်းအပေါ် ယုံကြည်သည့်အခါ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက် တစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်၏အမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုသည့် အချိန်အထိ ယင်းပစ္စည်းကိုဖြစ်စေ၊ ယင်းပစ္စည်း၏ အစိတ်အပိုင်း တစ်ရပ်ရပ်ကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုခွဲခြင်း၊ လွှဲပြောင်း ခြင်းမပြုရန် အမိန့်ထုတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ အမိန့်ကို လိုက်နာဆောင်ရွက်သည့် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်းအားဖြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ အရေးယူခွင့် မရှိစေရ။

၃၅။ ကော်မရှင်သည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းနှင့် အကျုံးဝင်သည့် ငွေကြေး၊ ပစ္စည်းတစ်ခုခုကို ပြည်ပဘဏ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံတွင် ထားရှိကြောင်း သို့မဟုတ် အပ်နှံထားကြောင်း ယုံကြည်သည့်အခါ ထိုပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုစေရေး အတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၆)

## ကော်မရှင်ရုံးဖွဲ့စည်းခြင်း

၃၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၃၇။ နိုင်ငံတော်သမ္မတသည် ကော်မရှင်၏ အကြံပြုချက်အရ စစ်ဆေးရေးမှူးချုပ်ကို ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ ခန့်အပ်ရမည်။

**စစ်ဆေးရေးမှူးချုပ်၏တာဝန်နှင့်ထုပ်ပိုင်ခွင့်များ**

၃၈။ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်ကို တာဝန်ခံပြီး ကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၃၉။ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ ကော်မရှင်ရုံးကို ညွှန်ကြားခြင်း၊ ထိန်းကွပ်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၄၀။ စစ်ဆေးရေးမှူးချုပ်သည် မိမိ၏ လုပ်ငန်းတာဝန် ဆောင်ရွက်ချက် နှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ ထင်ပြရမည်။

**စစ်ဆေးရေးမှူး၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့်တင်းလွတ်ခွင့်များ**

၄၁။ စစ်ဆေးရေးမှူးသည် ကော်မရှင်၏ တာဝန်ပေးအပ်ချက်အရ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သတင်းပေးချက်နှင့် တိုင်ကြားချက်များကို လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊

(ခ) ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်း၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းတို့နှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊

(ဂ) လာဘ်ပေးလာဘ်ယူမှု ပေါ်ပေါက်စေသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ သဘောသဘာဝ၊ စနစ်များ နှင့် လုပ်ထုံးလုပ်နည်းများကို စစ်ဆေးခြင်း၊ ယင်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ပြုပြင်နိုင်ရန် ကော်မရှင်သို့ ထောက်ခံတင်ပြခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဆောင်ရွက်နေသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းက မေတ္တာရပ်ခံလျှင် အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း၊

(င) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၏ အကြီးအမှူးများအား ကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ အကြံပြုခြင်း၊

(စ) မိမိ၏ စုံစမ်းထောက်လှမ်းတွေ့ရှိချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး အတွက် အများပြည်သူကို အသိပညာပေးခြင်း၊

(ဇ) ကော်မရှင်က ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄၂။ ကော်မရှင်အဖွဲ့ဝင်၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်နှင့် စစ်ဆေးရေးမှူးများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ရဲအရာရှိတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် ကင်းလွတ်ခွင့်များ ရရှိစေရမည်။

## အခန်း (၇)

## လာဘ်ပေးလာဘ်ယူမှု နှင့် စပ်လျဉ်း၍ သတင်းပေးဆောင်ရွက်ခြင်း

## နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ခြင်း

၄၃။ (က) နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လာဘ်ပေးလာဘ်ယူမှု နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေး တင်ပြရန် ကော်မရှင်ကို တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ တစ်ဦးဦးအပေါ် လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့် အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်သို့ အဆိုတင်ပြခွင့်ရှိသည်။

(ဂ) သက်ဆိုင်ရာ လွှတ်တော် ဥက္ကဋ္ဌသည် -

(၁) ပုဒ်မခွဲ (ခ)ပါတင်ပြချက်ကို လက်ခံရရှိသည့်အခါ လိုအပ်သလို စုံစမ်းစစ်ဆေးပြီး တင်ပြရန် ကော်မရှင်ကို တာဝန်ပေးအပ်ရမည်။

(၂) ကော်မရှင်၏တင်ပြချက်အရ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူတစ်ဦးဦးမှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကြောင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူအား သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အကြောင်းကြားရမည်။

**နစ်နာသူကသတင်းပေးခြင်းနှင့် တိုင်ကြားခြင်း**

၄၄။ လာဘ်ပေးလာဘ်ယူမှု နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ လုပ်ပိုင်ခွင့် အာဏာရှိသူ တစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုကြောင့် နစ်နာသူက သတ်မှတ်ချက်များ နှင့် အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၄၅။ ပုဒ်မ ၄၄ အရ သထင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်တို့ကိုရရှိသော ကော်မရှင်ရုံး၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် ထိုသတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုပြုနိုင်ရန် သတ်မှတ်ချက်များ နှင့်အညီ ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

၄၆။ ပုဒ်မ ၄၄ အရ သတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်ပေးပို့သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် ရည်ရွယ်၍ သတင်းပေးပို့ချက်ကိုဖြစ်စေ၊ တိုင်တန်းချက်ကိုဖြစ်စေ တမင်ပြုလုပ်ကြောင်းပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း (၈)

## လုပ်ပိုင်ခွင့် အာဏာရှိသူက ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကြေညာခြင်း

၄၇။ ကော်မရှင်သည် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန် နှင့် ရရန်ပိုင်ခွင့်များ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ကြေညာချက်ပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တောင်းခံ၍ စိစစ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၄၈။ ပုဒ်မ ၄၇ အရ ကြေညာချက် ပေးပို့ရန် တာပန်ရှိသောလုပ်ပိုင်ခွင့်အာဏာ ရှိသူများသည် မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်း ဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန် နှင့် ရရန်ပိုင်ခွင့်များ စာရင်းကို သတ်မှတ်ချက်များနှင့် အညီ ကော်မရှင်သို့ တစ်နှစ်လျှင် တစ်ကြိမ် ကြေညာချက်များ ပေးပို့တင်ပြရမည်။

၄၉။ လုပ်ပိုင်ခွင့် အာဏာရှိသူများသည် ကြေညာလွှာပေးပို့ရာတွင် -

(က) မိမိ၏ငွေကြေးနှင့်ပစ္စည်းများကို မည်သို့မည်ပုံ ပိုင်ဆိုင်ကြောင်း အထောက်အထား မိတ္တူ ပူးတွဲတင်ပြရမည်။

( ခ ) ပစ္စည်းများ လွှဲပြောင်းရောင်းချခြင်းရှိပါက ရောင်းချရငွေမှ ဝင်ငွေခွန်ထမ်းဆောင်ထားလျှင် ထိုသို့ ထမ်းဆောင်ထားသည့် အထောက်အထား စာရွက်စာတမ်းမိတ္တူ ပူးတွဲ တင်ပြရမည်။

( ဂ ) ပုဒ်မခွဲ(က)နှင့်(ခ)ပါ ငွေကြေးနှင့်ပစ္စည်းများကိုပိုင်ဆိုင်ကြောင်းအထောက်အထား အပြင် ပြည်တွင်း၊ ပြည်ပမှရရှိသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းကို ပူးတွဲတင်ပြရမည်။

၅၀။ ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်း ကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့် အာဏာရှိသူ ကွယ်လွန်သည့်အခါ ထိုသူ၏ အမွေဆက်ခံသူ၊ တရားဝင်ကိုယ်စားလှယ် သို့မဟုတ် ပစ္စည်းထိန်းက ထိုကွယ်လွန်သူ ပိုင်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများ၏ စာရင်းကို သတ်မှတ်ချက်များနှင့် အညီ ကော်မရှင်သို့ ကြေညာလွှာတင်ပြရမည်။

## အခန်း (၉)

## လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၅၁။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ လာဘ်ပေးလာဘ်ယူမှု ဖြင့် ကြွယ်ဝချမ်းသာပြင်းကြောင့် လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦးတပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ စိစစ်တင်ပြရန် ပဏာမစိစစ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ရမည်။

၅၂။ ကော်မရှင်၏ တာဝန်ပေးချက်အရ ပဏာမစိစစ်ရေးအဖွဲ့သည် ဤဥပဒေနှင့်အညီ လိုအပ်သော သက်သေခံချက်များ ရယူပြီး အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မရှင်သို့ ထင်ပြရမည်။

၅၃။ ကော်မရှင်သည် ပဏာမစိစစ်ရေးအဖွဲ့၏ တင်ပြသည့် စိစစ်တွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး အဆိုပါ ငွေကြေးနှင့်ပစ္စည်းများသည် -

(က) လာဘ်ပေးလာဘ်ယူမှုဖြင့် ရရှိသော ငွေကြေးနှင့်ပစ္စည်းများဖြစ်ကြောင်း သက်သေထင်ရှားပေါ်ပေါက်လျှင် အဆိုပါ ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်ချမှတ်ရမည်။

( ခ ) ဥပဒေနှင့် ညီညွတ်သော နည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့် ပစ္စည်းများ ဖြစ်ကြောင်း လုပ်ပိုင်ခွင့်အာဏာရှိသူက သက်သေထင်ရှားပြနိုင်လျှင် အဆိုပါ ငွေကြေး နှင့် ပစ္စည်းများကို ယင်းအား ပြန်လည်ပေးအပ်ရမည်။

၅၄။ ကော်မရှင်သည် သက်သေခံအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးပြင်းခံရသူ မဟုတ်သော အခြားသူတစ်ဦးဦးက သဘောရိုးဖြင့် တရားဝင်လွှဲပြောင်း ရယူထားပြီးဖြစ်ကြောင်း သက်သေထင်ရှား ပေါ်ပေါက်ပါက ထိုအခြားသူအား ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၅။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ မည်သူမဆို လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၆။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ မည်သူမဆို လာဘ်ပေး လာဘ်ယူမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၇။ နိုင်ငံရေးရာထူးလက်ရှိ ဖြစ်သူ နှင့် လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားမည်သူမဆို လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ် နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ငွေကြေး နှင့် ပစ္စည်းများ အပေါ် အရေးယူ ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၉။ မည်သူမဆို ခိုင်လုံသော အကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု သော်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာသည်ဟုသော် လည်းကောင်း၊ မမှန်မကန် သတင်းပို့ခြင်း၊ တိုင်တန်းခြင်း သို့မဟုတ် မမှန်မကန် သက်သေခံခြင်း၊ မမှန်မကန် သက်သေခံ ဖန်တီးခြင်းပြုကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးအား ထိုသို့တစ်ခုခု ပြုလုပ်စေရန် ခိုင်းစေခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၀။ မည်သူမဆို ကော်မရှင် သို့မဟုတ် ကော်မရှင်က လွှဲအပ်တာဝန်ပေးအပ်သည့် အဖွဲ့အစည်း တစ်ခုခုက ထုတ်ဆင့်သည့် အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၁။ မည်သည့်လုပ်ပိုင်ခွင့်အာဏာရှိသူမဆို ဤဥပဒေအရ ကော်မရှင်က သတ်မှတ်သည့် အချိန် ကာလအတွင်း ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်ဆိုင်ရာ အထောက်အထား များကို တင်ပြရန် တမင်ပျက်ကွက်ကြောင်း သို့မဟုတ် ယင်းအထောက်အထားများကို မမှန်မကန် တင်ပြကြောင်း သို့မဟုတ် အချက်အလက်များကို ထိန်ချန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၂။ ဘဏ် နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူ မည်သူမဆို ဤဥပဒေပါ ပြစ်မှုနှင့်စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ယင်းပြုလုပ်မှုတစ်ရပ်ရပ်အတွက် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ် ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကော်မရှင်၏ တာဝန်ပေးအပ်ချက်အရ စုံစမ်းစစ်ဆေးရေးအဖွဲ့က တရားဝင် တာဝန် ထမ်းဆောင်ခြင်းကို ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

( ခ ) ကော်မရှင်က တားမြစ်မိန့် ထုတ်ဆင့်ထားသော ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုရှိ ငွေကြေးနှင့် ပစ္စည်းများကို ကော်မရှင်၏ ခွင့်ပြုမိန့်မရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်း၊

( ဂ ) စုံစမ်းစစ်ဆေးမှု နှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း။

၆၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ၊ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၆၄။ စုံစမ်းစစ်ဆေးခြင်း ခံရသူသည် မိမိပိုင်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်မည်သို့ရရှိကြောင်း သို့မဟုတ် မည်သည့် ဝင်ငွေဖြင့် ရရှိကြောင်းကို ခိုင်လုံသော အထောက်အထားများဖြင့် သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။

၆၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် တာဝန်ပေးအပ်ခြင်းခံရသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးသည် -

(က) နိုင်ငံရေးရာထူး လက်ရှိဖြစ်သူကို တရားစွဲဆိုရန်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်က ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ရယူရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်ကို တရားစွဲဆိုရန်ဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

( ဂ ) နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် လွှတ်တော်ကိုယ်စားလှယ်မှအပ အခြားသူတစ်ဦးဦးကို တရားစွဲဆိုရန် ဖြစ်ပါက ကော်မရှင်က ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၆။ ဤဥပဒေအရ တရားစွဲဆို တင်ပို့ထားသော လာဘ်ပေးလာဘ်ယူမှု နှင့် သက်ဆိုင်သည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၆၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မရှင်အဖွဲ့ဝင်၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်၊ စစ်ဆေးရေးမှူး၊ လုပ်ငန်းအဖွဲ့ဝင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများကိုလည်းကောင်း၊ ကော်မရှင်၊ ပဏာမစိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ကော်မရှင်ရုံး ဝန်ထမ်းတစ်ဦးဦး၏ ကိုယ်စား ဆောင်ရွက်သူများကိုလည်းကောင်း တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ အခြားအမှုအခင်း တစ်စုံတစ်ရာဖြင့် ဖြစ်စေ အရေးယူခြင်း မရှိစေရ။

၆၈။ လာဘ်ပေးလာဘ်ယူမှု နှင့်စပ်လျဉ်း၍ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှု နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့် စပ်လျဉ်း၍ ဖြစ်စေ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေအရသာလျှင် အရေးယူရမည်။

၆၉။ ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၇၀။ ကော်မရှင်အဖွဲ့ဝင်များ၊ ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်း အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ စစ်ဆေးရေးမှူးနှင့် ကော်မရှင်ရုံး၏ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ ကော်မရှင်နှင့် ဤဥပဒေအရဖွဲ့စည်းသည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ ပဏာမ စိစစ်ရေးအဖွဲ့များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အသုံးစရိတ်များ၊ ကော်မရှင်ရုံး၏ အသုံးစရိတ် များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာငွေခွဲဝေလျာထားပေးရမည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၃။ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၆၇/၄၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ။)

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) အစားအသောက်ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းများမှအပ လူတို့စားသောက်နိုင်သော စားသောက်ဖွယ်ရာနှင့် ယင်းတို့တွင် ပါရှိသော ပစ္စည်း သို့မဟုတ် အစားအသောက် ထပ်ဖြည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။"

၃။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၈၊ ၂၂၊၂၄၊ ၂၅ နှင့် ၃၁ တို့တွင် ပါရှိသော "သိုလှောင်ခြင်း"ဆိုသည့်စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်ခြင်း " ဆိုသည့် စကားရပ်ကို အသီးသီးဖြည့်စွက်ရမည် ။

၄။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အစားအသောက်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။"

၅။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က)၌ ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့် စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်ကို လည်းကောင်း၊ ပုဒ်မခွဲ (ခ) ၌ပါရှိသော "သိုလှောင်သော" ဆိုသည့်စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်သော၊ ဖြန့်ဖြူးသော" ဆိုသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၆။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော "သက်ဆိုင်ရာ ဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(ခ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍ လည်းကောင်း၊ အခြားဒေသများတွင် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ တို့နှင့် ညှိနှိုင်း၍လည်းကောင်း သင့်လျော်သောဝန်ထမ်းများကို အစားအသောက် စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။"

၈။ အမျိုးသားအစားအသောက်ဥပဒေတွင် -

(က) ပုဒ်မ ၂၆ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ " ဆိုသည့် စကားရပ်ကို "ကျပ် တစ်သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၇ ၌ ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀ " ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ် ငါးထောင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၌ ပါရှိသော "ငွေဒဏ် ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ် "ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၉ ၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ " ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်း အထိ " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၃၀ နှင့် ၃၁ တို့၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်း အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (က)နှင့် (ခ)တို့၌ ပါရှိသော "ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ်ကို

"နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော "သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅ ။)

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေတွင်-

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဝ)တွင် ပါရှိသော "မျက်စိဆေးရုံ" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ)တွင် ပါရှိသော "မျက်စိထုတ်ယူရေးဆိုင်ရာသင်တန်း" ဆိုသည့် စကားရပ်ကို "မျက်စိဘဏ်ကျွမ်းကျင်သူသင်တန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(င)တွင် ပါရှိသော "မျက်ကြည်လွှာ" ဆိုသည့် စကားရပ်ကို "မျက်စိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၈ တွင် ပါရှိသော " The President of the Union may " ဆိုသည့် စကားရပ်ကို " The Ministry of Transport may, with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၉ တွင် ပါရှိသော " for a term which may extend to six months, or with fine which may extend to five hundred kyats, or with both " ဆိုသည့် စကားရပ်ကို " for a term not exceeding two years, or with fine not exceeding two hundred thousand kyats, or with both " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၁၂ တွင် ပါရှိသော " The President of the Union " ဆိုသည့် စကားရပ်ကို " the Ministry of Transport with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇ ။)

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"1. This Act shall be called the Defile Traffic Act."

၃။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော " in the Bhamo District;" ဆိုသည့် စကားရပ်ကို " in the Bhamo District. This expression also include the defile prescribed by the Ministry of Transport with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ခ) ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်၊

(ဂ) ပုဒ်မခွဲ (၃) ကို ပုဒ်မခွဲ (၂) အဖြစ် ပြောင်းလဲသတ်မှတ်၍ အောက်ပါအတိုင်း အစားထိုး ရမည်-

" (2) " vessel " means the powered vessel, non – powered vessel and any other kind of vessel that can navigate from one place to another with passengers and cargoes. This expression also includes timber and bamboo rafts."

၄။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော " The President of the Union may " ဆိုသည့် စကားရပ်ကို " The Ministry of Transport may, with approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ဂ) နှင့် (ဃ) တို့၌ ပါရှိသော "steam -- vessels " ဆိုသည့် စကားရပ်ကို " vessels " ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(i) requiring the persons in charge of rafts to report the arrival of the rafts at specified places to officers authorised by the Directorate of Water Resources and Improvement of River Systems, and to produce such passes ( if any ) for inspection and signature, and to deliver up the passes on arrival at any specified station of the said Directorate;"

၅။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၄ တွင် ပါရှိသော " be punished with fine which may extend to one thousand kyats " ဆိုသည့် စကားရပ်ကို " be punished with imprisonment for a term not exceeding two years or with fine not exceeding two hundred thousand kyats or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ။)

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဓာတုပစ္စည်း** ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုသော်လည်းကောင်း၊ အသက်ကိုသော်လည်းကောင်း အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် သဘာဝအရဖြစ်စေ၊ လူတို့ ပြုလုပ်ဖန်တီးရာမှ ဖြစ်စေ ထွက်ပေါ်လာသော ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို နည်းပညာအရ ဓာတ်ပြုပေါင်းစပ်ခြင်းဖြင့် ရရှိသော အခိုးအငွေ့၊ အရည်၊ အဆီနှင့်အစိုင်အခဲ စွန့်ပင်ပစ္စည်းများလည်း ပါဝင်သည်။

(ခ) **ဆက်စပ်ပစ္စည်း** ဆိုသည်မှာ ဓာတုပစ္စည်းမှ ထွက်ပေါ်လာသော အန္တရာယ်ဖြစ် စေသည့် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

(ဂ) **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ဓာတုပစ္စည်းကို ဖြစ်စေ၊ ဆက်စပ်ပစ္စည်းကိုဖြစ်စေ သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ စီးပွားရေး အလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် စွန့်ပစ်ခြင်း ပြုသည့် လုပ်ငန်းကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဗဟိုဦးစီးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကို ဆိုသည်။

(စ) **ဗဟိုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးအတွက် ဤဥပဒေအရဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဈ) **လိုင်စင်** ဆိုသည်မှာဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန် ဤဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်ထားသည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက် ဤဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဋ) **အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း မည်သည့်လုပ်ငန်းတွင်မဆို အသုံးပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့က အမျိုးအစားခွဲခြားသတ်မှတ်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အမျိုးသားအဆင့်စာရင်းကို ဆိုသည်။

(ဌ) **အမျိုးအစားခွဲခြားခြင်း** ဆိုသည်မှာ သာမန်ဓာတုပစ္စည်း၊ ကန့်သတ်ဓာတုပစ္စည်းနှင့် တားမြစ်ဓာတုပစ္စည်းများဟူ၍ ခွဲခြားခြင်းကို ဆိုသည်။

(ဍ) **သိုလှောင်ရုံ** ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းမပြုမီ ပြည်တွင်းတွင် သုံးစွဲနိုင်ရေးအတွက် ပြည်ပမှတင်သွင်းသော အန္တရာယ်ရှိနိုင်သည့် ပမာဏရှိသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သိုလှောင်ရန် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ထားသော အဆောက်အအုံ သို့မဟုတ် သိုလှောင်ကန် ကိုဆိုသည်။

(ဎ) **အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်း** ဆိုသည်မှာ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းထည့်သောဘူး၊ ပုလင်း၊ ကက်မြား၊ ဘူးခွံများနှင့် ထုပ်ပိုးပစ္စည်းများ၊ ယင်းတို့ကို သိုလှောင်သိမ်းဆည်းထားသော သိုလှောင်ရုံများ၊ ယင်းတို့ကို သယ်ယူ ပို့ဆောင်သော ယာဉ်များတွင် သတ်မှတ်ချက်များနှင့်အညီ အန္တရာယ်ဖော်ပြချက် သတိပေးအမှတ်အသား ကပ်ခြင်းကို ဆိုသည်။

(ဏ) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းနမူနာများကို ဓာတ်ခွဲစစ်ဆေးရန် ဗဟိုဦးစီးအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်။

(တ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ လိုအပ်သည့်အခါ ထပ်မံစစ်ဆေးပြီး အပြီးသတ်အဆုံးအဖြတ် ပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့က သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ် ဖြစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေခြင်းမှ ကာကွယ်ရန်၊

(ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသော စနစ်ကိုဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး တို့အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

## အခန်း (၃)

## ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဗဟိုဦးစီးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန၊ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန၊ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ<br>သက်ဆိုင်ရာဝန်ကြီးဌာနများ၊ | အဖွဲ့ဝင် |
| (၄) | ကော်မတီဥက္ကဋ္ဌများ<br>သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေး၊ | အဖွဲ့ဝင် |

(၅) ကျွမ်းကျင်သူပညာရှင်တစ်ဦး တွဲဖက်အတွင်းရေးမှူး (၁)

(၆) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
မီးသတ်ဦးစီးဌာန၊
ပြည်ထဲရေးဝန်ကြီးဌာန၊

(၇) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စက်မှုညွှန်ကြားရေးဦးစီးဌာန၊
စက်မှုဝန်ကြီးဌာန၊

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုဦးစီးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့် ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အန္တရာယ်သတိပေး အမှတ်အသားကပ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံတည်ဆောက် သင့်သော နေရာသတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းနှင့် စပ်လျဉ်း၍ အမျိုးအစား ခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများအရ သော်လည်းကောင်း၊ သုတေသန စမ်းသပ်တွေ့ရှိချက်အရ သော်လည်းကောင်း အမျိုးအစားခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ် တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမှ

တစ်ဆင့် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက် ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုး သက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့်ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အတဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြားပညာရပ်ဆိုင်ရာ အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုဦးစီးအဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)

## ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုဦးစီးအဖွဲ့သည် -

(က) စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ပါဝင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီး ကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များအား အဖွဲ့ဝင်များအဖြစ် ထည့်သွင်း ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများက ထုတ်လုပ်သော ဓာတု ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းတွင် ပြင်ဆင်သင့်သော သို့မဟုတ် ဖြည့်စွက်သင့်သော သို့မဟုတ် ပယ်ဖျက်သင့်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအမျိုးအမည်ကို ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(င) ခွင့်ပြုချက်ဖြင့်သုံးစွဲသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို စနစ်တကျရှိစေရေးအတွက် ပညာပေးရေးလုပ်ငန်းကို ဆောင်ရွက်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများထားရှိခြင်းနှင့် စနစ်တကျသုံးစွဲတတ်စေရန် ပြည်တွင်း၊ ပြည်ပ သင်တန်းများ တက်ရောက်စေခြင်း၊

(ဆ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ သုံးစွဲရေးနှင့် စွန့်ပစ်ရေးဆိုင်ရာ နည်းလမ်းများနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ တားမြစ်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကိုလည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများ မပြုရန် တားမြစ်ပိတ်ပင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှ ထွက်ရှိလာသော အခိုးအငွေ့၊ အရည်၊ အဆီနှင့်အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ၊ ပျက်စီးနေသော သို့မဟုတ် သက်တမ်းလွန်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ စုပ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ည) ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းမှတစ်ဆင့်ဖြတ်သန်း ကုန်သွယ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းကိစ္စအတွက် ထောက်ခံချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်အဆင့်နှင့် အန္တရာယ်အမျိုးအစားများကို သတ်မှတ်ခြင်း၊

(င) လိုင်စင်စည်းကမ်းချက်များနှင့် မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) ဗဟိုဦးစီးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ခြင်း၊ ခြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း၊ ထူးခြားသော အခြေအနေတွင် တာဝန်ယူလုပ်ဆောင်ရမည့် လမ်းညွှန်ချက်များကိုလည်းကောင်း ရေးဆွဲ၍ စီမံချက်ချမှတ် ဆောင်ရွက်ရမည်။

**အခန်း (၆)**

**စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၀။ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရန် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဓာတုဗေဒကျွမ်းကျင်သူ အနည်းဆုံးတစ်ဦး ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ကာလအတွင်း တင်ပြရမည်။

၁၁။ စစ်ဆေးရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများကို စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ခြောက်လလျှင်တစ်ကြိမ် ပုံမှန်စစ်ဆေး၍ အစီရင်ခံစာကို သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ခြောက်လလျှင် တစ်ကြိမ်ပုံမှန်စစ်ဆေးမှု၏ ကြားကာလတွင် ရှောင်တခင်စစ်ဆေးခြင်းနှင့် သတင်းအရစစ်ဆေးခြင်းကို ဆောင်ရွက်ခြင်း၊

(ဂ) ထူးခြားသော အခြေအနေများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်း အကြောင်းကြားတင်ပြခြင်း၊

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့က ပေးအပ်သော တာဝန်များကို တိကျစွာလိုက်နာ ဆောင်ရွက်ခြင်း၊

၁၂။ (က) သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည် နယ်စပ်ကုန်သွယ်မှုစခန်းများ၊ ဆိပ်ကမ်းများနှင့် အခြားလိုအပ်သော နေရာများတွင် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိနိုင်သည်။ ထိုသို့ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့များသည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် ပြည်ပမှ တင်သွင်းလာသော ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများကို သတ်မှတ်ထားသော နည်းလမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း ရှိ မရှိ ကို လိုအပ်သလို စစ်ဆေးရမည်။ ထိုသို့ စစ်ဆေးရာတွင် ထူးခြားသော အခြေအနေများရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။

## အခန်း (၇)

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်

၁၃။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လိုင်စင်ရ ရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်တကွ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၃ အရ လိုင်စင်လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက လိုင်စင်ခပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် အတူ လိုင်စင်ကို ထုတ်ပေး ရမည်။

၁၅။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ-

(က) စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့် ခံနိုင်ရည်ရှိမှုတို့အတွက် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ခ) တာဝန်ထမ်းဆောင်မည့်သူများကို သက်ဆိုင်ရာ ပြည်ပသင်တန်းများ သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဖွင့်လှစ်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်မှုသင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများသို့ တက်ရောက်စေရမည်။

၁၆။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် ညွှန်ကြားချက်များကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများက တိကျစွာလိုက်နာစေရန်လည်း ဆောင်ရွက်ရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင်လိုအပ်သော လုံခြုံရေးကိရိယာများ လုံလောက်စွာ ထားရှိရမည့်အပြင် လုပ်ငန်းတွင်တာဝန် ထမ်းဆောင်သူများအား ကိုယ်ခန္ဓာ ကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို အခမဲ့ထုတ်ပေးရမည်။

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား လုပ်ငန်းခွင်လုံခြုံရေး ကိရိယာ၊ ကိုယ်ခန္ဓာ ကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို စနစ်တကျ သုံးစွဲတတ်စေရန် သင်တန်းပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် လိုအပ်သလို ညွှန်ကြားခြင်းများ ပြုရမည်။

(င) လူနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးကို လည်းကောင်း၊ ပတ်ဝန်းကျင်ကို လည်းကောင်း ဘေးအန္တရာယ် ထိခိုက်နိုင်မှု ရှိ မရှိနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် တာဝန်ထမ်းဆောင်မည့် သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ယင်းလုပ်ငန်းတွင် လုပ်ကိုင်ရန် ကျန်းမာရေးနှင့် ညီညွတ်ကြောင်း ထောက်ခံချက်ရရှိမှသာ တာဝန်ထမ်းဆောင်ခွင့် ပြုရမည်။ ယင်းတို့၏ ကျန်းမာရေးစစ်ဆေးချက် မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်။

(ဆ) အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို သိုလှောင်ခွင့် ရရှိပါက ခွင့်ပြုသည့်အကြောင်းကြားစာမိတ္တူကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ပေးပို့ရမည်။

(ဇ) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်း များကို အသုံးပြု၍ မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းလုပ်ကိုင်ပါက သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၏လမ်းညွှန်သဘောတူညီချက် ကြိုတင်ရယူရမည်။

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်သည့် အခါ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသော ပမာဏကိုသာ သယ်ဆောင်ရမည်။

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို လိုင်စင်ပါ နေရာဒေသတစ်ခုခုမှ အခြားနေရာ ဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်ရန်ရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရမည်။

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းမရှိစေရန် ပတ်ဝန်းကျင်နှင့် သက်ဆိုင်သော ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၀၇။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ လူနှင့် တိရစ္ဆာန်တို့ကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်ပါက လျော်ကြေးပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အာမခံထားရှိရမည်။

၁၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေး အဖွဲ့သို့ လျှောက်ထားရမည်။

၁၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၈)

## မှတ်ပုံတင်လက်မှတ်

၂၀။ လိုင်စင်ရရှိသူသည် မိမိ၏ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အသုံးပြုမည့် လုပ်ငန်းနှင့် သက်ဆိုင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက် မှတ်ပုံတင်ခ ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့်အတူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည့် အပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

၂၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်မပါရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုရန်ရှိပါက မှတ်ပုံတင်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားရမည်။

(ခ) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်ပါရှိသော်လည်း အသုံးမပြုလိုသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများရှိပါက အဆိုပါစာရင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အသိပေး တင်ပြရမည်။

၂၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်သက်တမ်းကို တိုးမြှင့်လိုပါက သက်တမ်း မကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ မှတ်ပုံတင်ခွင့်ရရှိထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် ပြည်တွင်းပြည်ပမှ ထပ်မံရရှိသည့် အချက်အလက်များအရ လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်အား အန္တရာယ် ဖြစ်စေနိုင် သည်ဟု သိရှိရပါက ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ထိုဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင်လက်မှတ်ကိုရုပ်သိမ်း ခြင်းပြုနိုင်သည်။

## အခန်း(၉)

## အန္တရာယ်ထိန်းချုပ်ကာကွယ်ခြင်းနှင့် အန္တရာယ်ကိုလျော့ပါးစေခြင်း

၂၇။ လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အန္တရာယ်ကို ထိန်းချုပ်ကာကွယ်ရန်နှင့် လျော့ပါးစေရန် အောက်ပါတို့ကို လိုက်နာစေရမည်-

(က) အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အန္တရာယ်အဆင့်ကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ ဂုဏ်သတ္တိများအရ အမျိုးအစားခွဲခြားခြင်း၊

(ခ) အန္တရာယ်ကင်းရှင်းမှုအဆင့် မှတ်တမ်းလွှာနှင့် အန္တရာယ်သတိပေး အမှတ်အသားတို့ကို ဖော်ပြခြင်း၊

(ဂ) မတော်တဆဖြစ်ပွားမှုကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာကာကွယ်ရေး ကိရိယာများထားရှိခြင်းနှင့် စနစ်တကျသုံးစွဲတတ်စေရန် သင်တန်းများ တက်ရောက်စေခြင်း၊

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ဗဟိုကြီးကြပ်ရေးအဖွဲ့က တားမြစ်ပိတ်ပင်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကို ပြည်တွင်းသို့ တင်သွင်းမှု သို့မဟုတ် ပြည်ပသို့ တင်ပို့မှု မပြုခြင်း။

## အခန်း (၁၀)

## လိုင်စင် ပျက်ပြယ်ခြင်းနှင့် မြန်လည်လျှောက်ထားခြင်း

၂၈။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်သည် ပျက်ပြယ်ပြီးဖြစ် သည်ဟု မှတ်ယူရမည်-

(က) လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) လိုင်စင်သက်တမ်း ကုန်ဆုံးချိန်အထိ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားမှု မရှိခြင်း၊

(ဂ) ဤဥပဒေအရ လိုင်စင်ပယ်ဖျက်ခံရခြင်း။

၂၉။ လိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အကြောင်း တစ်ရပ်ရပ်ကြောင့် လိုင်စင် ပျက်ပြယ်သည့်ကိစ္စတွင် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ပြန်လည် လျှောက်ထားနိုင်ခွင့် ရှိသည်၊

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ) အရ လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင်ပြန်လည် လျှောက်ထားခွင့်မရှိစေရ။

## အခန်း(၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူက မှတ်ပုံတင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ ဖောက်ဖျက်ကြောင်း သော်လည်းကောင်း၊ လိုင်စင်ရရှိသူနှင့် မှတ်ပုံတင်ရရှိသူတို့က ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သက်ဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကိုပြုပြင်စေပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ကို ပယ်ဖျက်ခြင်း။

၃၁။ ပုဒ်မ ၃၀ အရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုဦးစီးအဖွဲ့သို့ အယူခံနိုင်သည်။

၃၂။ ဗဟိုဦးစီးအဖွဲ့သည် ပုဒ်မ ၃၁ အရ အယူခံမှုတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ ဗဟိုဦးစီးအဖွဲ့က တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ခွဲပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

၃၄။ မည်သူမျှ လိုင်စင်မရှိဘဲ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၃၅။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော သို့မဟုတ် အရည်အသွေး စံချိန်စံညွှန်းမမီသော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် သုံးစွဲခြင်း မပြုရ။

၃၆။ မည်သူမျှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များက စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်းမပြုရ။

## အခန်း(၁၃)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ခုနစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၄ နှင့် ၃၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

# အခန်း (၁၄)

## အထွေထွေ

၄၀။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစစ်ဆေးခများကို သတ်မှတ်ရမည်။

၄၁။ (က) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ ကုန်ကျစရိတ်နှင့် ချီးမြှင့်ငွေများကို ဝန်ကြီးဌာနက ကျခံရမည်။

၄၂။ ဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၃။ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ -

(က) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံလျှောက်ထားခြင်းမပြုပါက မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် အပြီးသတ် သက်သေခံချက်ဖြစ်စေရမည်။

(ခ) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံ လျှောက်ထားခဲ့ပါက အယူခံဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

၄၄။ ပုဒ်မ ၃၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၅။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ကို ရယူ၍ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုဦးစီးအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး (၃) လ ပြည့်မြောက်သည့်နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အလုပ်ရှင်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင်လည်းကောင်း၊ အမြဲတမ်း သို့မဟုတ် ယာယီလုပ်ကိုင်သော အလုပ်သမားသတ်မှတ်ဦးရေနှင့် အထက်လုပ်ကိုင်လျက်ရှိသည့် သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် သို့မဟုတ် ဖက်စပ်ပိုင်လုပ်ငန်းတွင် လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုတွင် လည်းကောင်း၊ ကုမ္ပဏီတွင် လည်းကောင်း အလုပ်သမား ခန့်ထားပိုင်ခွင့်ရှိသူ သို့မဟုတ် ယင်းအလုပ်သမား ခန့်ထားပိုင်ခွင့် လွှဲအပ်ခြင်း ခံရသူကိုဆိုသည်။

(ခ) **အလုပ်သမား** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် လည်းကောင်း၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် သို့မဟုတ် ဖက်စပ်ပိုင်လုပ်ငန်းတွင် လည်းကောင်း၊ အဖွဲ့အစည်း တစ်ခုခုတွင် လည်းကောင်း၊ ကုမ္ပဏီတွင်လည်းကောင်း ကျွမ်းကျင်မှု လိုသော အလုပ်ကို ဖြစ်စေ၊ အသင့်အတင့် ကျွမ်းကျင်မှုလိုသော အလုပ်ကိုဖြစ်စေ၊ ကျွမ်းကျင်မှုမလိုသော အလုပ်ကိုဖြစ်စေ အခကြေးငွေဖြင့် လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သင်အဖြစ် လုပ်ကိုင်သူလည်းပါဝင်သည်။

(ဂ) **စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဤဥပဒေပါ ကိစ္စများအလို့ငှာ ပြဋ္ဌာန်းသတ်မှတ်သည့် မည်သည့်အရပ်ဒေသ၌မဆို တည်ရှိသော စက်ရုံ၊ အလုပ်ရုံ အမျိုးအစားတစ်ခု

သို့မဟုတ် အများကိုလည်းကောင်း၊ လုပ်ငန်းအမျိုးအစားတစ်ခု သို့မဟုတ် အများကို လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံခွဲ၊ လုပ်ငန်းခွဲ၊ အလုပ်ရုံဌာနခွဲနှင့် လုပ်ငန်းဌာနခွဲ တစ်ခုခု၏ အမျိုးအစားတစ်ခု သို့မဟုတ် အများကိုလည်းကောင်း ဆိုသည်၊

(ဃ) **လုပ်ခ၊ လစာ** ဆိုသည်မှာ အလုပ်လုပ်၍ရသော သာမန်လုပ်ခ၊ လစာအပြင် အချိန်ပို လုပ်ခနှင့် ရှားပါးစရိတ်ရနေလျှင် အချိန်ပိုလုပ်ခနှင့် ရှားပါးစရိတ်များလည်း ပါဝင်သည်၊ ယင်းစကားရပ်တွင် အလုပ်သမားအား အလုပ်သဘောအလျောက် ကုန်ကျသည့် အထူး စရိတ်များ ကာမိစေရန် ခံစားခွင့်ပြုသည့်ငွေ မပါဝင်၊

(င) **သင်တန်း** ဆိုသည်မှာ အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်သမားများအား အသိပညာ၊ အတတ်ပညာဆိုင်ရာ အရည်အချင်း နှင့် ကျွမ်းကျင်မှုတိုးတက်စေရန် ဖွင့်လှစ်သော လုပ်ငန်းခွင်အကြိုသင်တန်း၊ လုပ်ငန်းတွင်းသင်တန်း၊ ကျွမ်းကျင်မှု သင်တန်း၊ ကျွမ်းကျင်မှု အဆင့်မြင့်သင်တန်းနှင့် အလုပ်ပြောင်းလဲမှုဆိုင်ရာ သင်တန်းများကိုဆိုသည်၊

(စ) **သင်တန်းကျောင်း** ဆိုသည်မှာ အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်သမားများအား အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများနှင့် ကိုက်ညီမှုရှိစေရေးအတွက် လေ့ကျင့် သင်ကြားပေးရန် တည်ထောင်ဖွင့်လှစ်သော ကျောင်းကို ဆိုသည်။

(ဆ) **ကျွမ်းကျင်မှု** ဆိုသည်မှာ အလုပ်အကိုင်တစ်ခုခုကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင် နိုင်ရန် လိုအပ်သော လုပ်ကိုင်မှုစွမ်းရည်ကို ဆိုသည်။

(ဇ) **ကျွမ်းကျင်မှုစံ** ဆိုသည်မှာ အလုပ်အကိုင်အမျိုးမျိုးအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့က ဤဥပဒေအရ သတ်မှတ်သော သို့မဟုတ် အသိအမှတ်ပြုသော အလုပ်အကိုင်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုအဆင့်နှင့်အညီ လုပ်ကိုင်ရန် လိုအပ်သည့် လုပ်ရည်ကိုင်ရည်စံ သတ်မှတ်ချက်ကို ဆိုသည်၊

(ဈ) ဗဟိုအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေးဗဟိုအဖွဲ့ကို ဆိုသည်၊

(ည) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သင်တန်း ကျောင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများသို့ ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်၊

(ဋ) **ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန** ဆိုသည်မှာ သတ်မှတ်ထားသော စံချိန် စံညွှန်းများနှင့်ကိုက်ညီသဖြင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က အသိအမှတ်ပြုပြီး လုပ်ပိုင်ခွင့်အပ်နှင်းထားသောဌာနကို ဆိုသည်၊

(ဌ) **ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနက ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဍ) **ကျွမ်းကျင်လုပ်သား** ဆိုသည်မှာ ဤဥပဒေအရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနက အလုပ်အကိုင် အမျိုးအစား အလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဎ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရတည်ထောင်သော ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ဆိုသည်။

(ဏ) **ထည့်ဝင်ကြေး** ဆိုသည်မှာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေသို့ သက်ဆိုင်ရာ အလုပ်ရှင်က ဤဥပဒေနှင့်အညီ ပေးသွင်းသော ငွေကို ဆိုသည်။

(တ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)

## အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေခြင်း

၃။ ဝန်ကြီးဌာနသည် အလုပ်အကိုင်ရှာဖွေသူ၏ အသက်အရွယ်၊ စွမ်းအားနှင့် သင့်လျော်သည့် အလုပ်အကိုင်ရွေးချယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေးနှင့် ကျွမ်းကျင်မှုတိုးတက်ရေး တို့တွင် ကူညီရန်သော်လည်းကောင်း၊ လုပ်ငန်းခွင်နှင့်ကိုက်ညီ သင့်လျော်သော အလုပ်သမားရရှိရေး အတွက် အလုပ်ရှင်များအား ကူညီရန်သော်လည်းကောင်း လွယ်ကူသော အခွင့်အလမ်းများနှင့် လုပ်ငန်းများကို စီမံထားရှိရမည်။

၄။ (က) ပုဒ်မ ၃ ပါ ကိစ္စတစ်ရပ်ရပ်အလို့ငှာ ဝန်ကြီးဌာနသည်-

(၁) အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများကို လိုအပ်သလို တည်ထောင် ထားရှိနိုင်သည်။

(၂) အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ရန်သော် လည်းကောင်း၊ အလုပ်အကိုင် ရှာဖွေသူအား ကူညီရန်နှင့် လုပ်ငန်းခွင်နှင့်ကိုက်ညီ သင့်လျော်သော အလုပ်သမားရရှိရေးအတွက် အလုပ်ရှင်အား ကူညီပေးရန်သော်လည်းကောင်း၊ အစိုးရအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ခြင်းဖြင့် ဖြစ်စေ၊ အလုပ်အကိုင်ရှာဖွေနေသူများအား အခမဲ့ဝန်ဆောင်မှုပေးသော ပုဂ္ဂလိက ပြည်တွင်း အလုပ်အကိုင်စုဆောင်းရေး အကျိုးဆောင်ကုမ္ပဏီများအား ခွင့်ပြုချက်ပေးခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လိုအပ်သည့်အစီအစဉ်များကို ဆောင်ရွက် နိုင်သည်။

(ခ) အလုပ်အကိုင်ရှာဖွေသူသည် မိမိလုပ်ကိုင်လိုသော အလုပ်အကိုင်တွင် အလုပ်ရှင်၊ အလုပ်သမားအခြင်းပွားမှု ဖြစ်ပွားနေသည်ဟု အကြောင်းပြ၍သော်လည်းကောင်း၊ ရှာဖွေပေးသည့် အလုပ်အကိုင်မှရရှိမည့် အခကြေးငွေသည် ထိုအလုပ်မျိုးတွင် အခြားသူများရရှိနေသော အခကြေးငွေအောက် လျော့နည်းနေသည်ဟု အကြောင်းပြ၍သော်လည်းကောင်း အလုပ်အကိုင် နှင့် အလုပ်သမားရှာဖွေရေးရုံးတစ်ခုခုက ရှာဖွေပေးသည့် အလုပ်အကိုင်ကိုလက်မခံဘဲ ငြင်းပယ်ခဲ့လျှင် ထိုသို့ငြင်းပယ်မှုအတွက် အဆိုပါရုံးက ပေးသည့် အခွင့်အလမ်းများနှင့် အကျိုးခံစားခွင့်များကို မဆုံးရှုံးစေရ။

(ဂ) ဝန်ကြီးဌာနသည် အလုပ်ရှင်က မိမိ၏လုပ်ငန်းတွင်လစ်လပ်သည့် သို့မဟုတ် လစ်လပ်မည့် အလုပ်အကိုင်နေရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားစေရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

## အခန်း(၃)

## အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်း

၅။ (က) (၁) အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုရမည်။ သို့ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် အမြဲတမ်းဝန်ထမ်းခန့်အပ်ခြင်းနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(၂) အလုပ်ခန့်ထားခြင်းမပြုမီ အကြိုသင်တန်းကာလနှင့် အစမ်းခန့်ကာလ သတ်မှတ်ပါက ယင်းသင်တန်းသားသည် ပုဒ်မခွဲငယ် (၁) ပါသတ်မှတ်ချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) အလုပ်အကိုင်အမျိုးအစား၊

(၂) အစမ်းခန့်ကာလ၊

(၃) လုပ်ခ၊ လစာ၊

(၄) အလုပ်အကိုင်တည်နေရာ၊

(၅) စာချုပ်သက်တမ်း၊

(၆) အလုပ်ချိန်၊

(၇) နားရက်၊ အလုပ်ပိတ်ရက်နှင့် ခွင့်ရက်၊

(၈) အချိန်ပိုလုပ်ကိုင်ခြင်း၊

(၉) အလုပ်ချိန်အတွင်း အစားအသောက်အစီအစဉ်၊

(၁၀) နေရာထိုင်ခင်း၊

(၁၁) ဆေးဝါးကုသခြင်း၊

(၁၂) အလုပ်ခွင်သို့ကြို ပို့ယာဉ် စီစဉ်ပေးခြင်းနှင့် ခရီးသွားလာခြင်း၊

(၁၃) အလုပ်သမားများ လိုက်နာရမည့် စည်းကမ်းချက်များ၊

(၁၄) အလုပ်ရှင်စေလွှတ်သည့် သင်တန်းသို့ တက်ရောက်ရပါက ယင်းသင်တန်း တက်ရောက်ပြီးနောက် ဆက်လက်တာဝန်ထမ်းဆောင်ရန် အလုပ်သမား က သဘောတူညီသည့် ကာလသတ်မှတ်ချက်၊

(၁၅) အလုပ်မှ နုတ်ထွက်ခြင်းနှင့် အလုပ်မှရပ်စဲခြင်း၊

(၁၆) စာချုပ်ရပ်စဲခြင်း၊

(၁၇) စာချုပ်ပါ စည်းကမ်းချက်အတိုင်း တာဝန်ရှိမှုများ၊

(၁၈) အလုပ်ခန့်ထားမှုသဘောတူညီချက်စာချုပ်အား အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူ ဖျက်သိမ်းခြင်း၊

(၁၉) အခြားကိစ္စရပ်များ၊

(၂၀) စာချုပ်စည်းကမ်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်း၊

(၂၁) အထွေထွေ။

(ဂ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုသော ထုပ်ငန်းခွင်စည်းကမ်းများသည် တည်ဆဲဥပဒေတစ်ရပ်ရပ် နှင့် ညီညွတ်ရမည့်ပြင် အလုပ်သမား၏ အကျိုးခံစားခွင့်များသည်ထည်း ထည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ခံစားခွင့် များအောက် လျော့နည်းခြင်း မရှိစေရ။

(ဃ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အရ သတ်မှတ်ကာလထက်စော၍ လုပ်ငန်းပြီးဆုံးသွားလျှင်သော်လည်းကောင်း၊ မမျှော်လင့်သော အကြောင်းကြောင့် လုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကိုဖြစ်စေ ရပ်စဲလိုက်ရလျှင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန်ကိစ္စ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်သမားအား သတ်မှတ်ထားသော နစ်နာကြေးပေးရန် ဝန်ကြီး ဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်။

(င) ပုဒ်မခွဲ(က)အရ ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၌ ယာယီခန့်ထားသည့်နေ့စား အလုပ်သမား၊ ပုတ်ပြတ် အလုပ်သမားများနှင့်လည်း သက်ဆိုင်စေရမည်။

(စ) အလုပ်ရှင်နှင့် အလုပ်သမား သို့မဟုတ် အလုပ်သမားများသည် နှစ်ဖက်သဘော တူညီမှုဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ လုပ်ငန်းခွင်စည်းကမ်းနှင့် အကျိုးခံစားခွင့်များကို တည်ဆဲဥပဒေနှင့်အညီလိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဆ) အလုပ်ရှင်နှင့် အလုပ်သမား ချုပ်ဆိုပြီးသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီ ချက်စာချုပ်မိတ္တူကို သက်ဆိုင်ရာ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးသို့ သတ်မှတ်ကာလအတွင်း အလုပ်ရှင်က ပေးပို့ပြီး အတည်ပြုချက် ရယူထားရမည်။

(ဇ) ဤဥပဒေအတည်မဖြစ်မီ ချုပ်ဆိုခဲ့သောအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်များသည်မူလစာချုပ်သက်တမ်း ကုန်ဆုံးသည့်အထိ အတည်ဖြစ်စေရမည်။

## အခန်း (၄)

## အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စု အလုပ်သမား၊ အလုပ်အကိုင်နှင့်<br>လူမှုဖူလုံရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>သက်ဆိုင်ရာဝန်ကြီးဌာနများ | အဖွဲ့ဝင် |
| (၃) | မြို့တော်ဝန်<br>နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး<br>မြို့တော်စည်ပင်သာယာရေးကော်မတီများ | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |

(၆) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ

(၇) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ

(၈) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ပြည်ထောင်စု အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၇။ ဗဟိုအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ပေးရမည်-

(က) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ခ) အလုပ်လက်မဲ့များ နည်းပါးစေရန် ဆောင်ရွက်ခြင်း၊

(ဂ) အလုပ်သမားများ၏စည်းကမ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း၊

(ဃ) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(င) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လမ်းညွှန်ခြင်း။

၈။ ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ကို ဖွဲ့စည်းရမည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထောင်စု အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ

(ဂ) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် လုပ်ငန်း

(ဃ) ကိုယ်စားလှယ် အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(င) ကိုယ်စားလှယ် အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့များ

(စ) ကိုယ်စားလှယ် အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ

(ဆ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

၉။ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ခ) အလုပ်လုပ်ကိုင်လိုသူများအား အလုပ်အကိုင်ရရှိစေခြင်း၊

(ဂ) အလုပ်လက်မဲ့များနည်းပါးစေရန်ဆောင်ရွက်ခြင်း၊

(ဃ) အလုပ်လုပ်ကိုင်နေသူများ၏ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြင့်တင်ပေးခြင်း။

၁၀။ (က) ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့်
ပြည်ထောင်စုဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူး သက်ဆိုင်သည့်ဦးစီးဌာန သို့မဟုတ် လုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ကိုယ်စားလှယ်<br>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (၄) | ဥက္ကဋ္ဌ<br>ကျွမ်းကျင်မှုဆိုင်ရာ အသင်းအဖွဲ့များ | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်<br>မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ်<br>မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ကျွမ်းကျင်သူများအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၁။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အလုပ်အကိုင်များ၏ ကျွမ်းကျင်မှုစံများ ခွဲခြားသတ်မှတ်ခြင်း၊ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း၊

(ခ) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမှုများ ခွဲခြားသတ်မှတ်၍ ကျွမ်းကျင်မှုလေ့ကျင့်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ဂ) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ အစီအစဉ်များကို သတ်မှတ်ခြင်း၊

(ဃ) သင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများအား မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း၊

(င) ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များထုတ်ပေးရေးအစီအစဉ်များချမှတ်ခြင်း၊

(စ) အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်၍ စီမံခန့်ခွဲခြင်း၊

(ဆ) မိမိဖွဲ့စည်းသောကော်မတီများနှင့် ဆပ်ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း။

၁၂။ (က) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါကော်မတီများကို ဖွဲ့စည်းထားရှိရမည်-

(၁) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီ၊

(၂) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ။

(ခ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)ပါ ကော်မတီများ အောက်တွင် ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၃။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောကော်မတီအသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ နှင့် စပ်လျဉ်း၍-

(က) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး နှင့် အသိအမှတ်ပြုရေးကော်မတီများသည် သက်ဆိုင်ရာ ကော်မတီ အလိုက်ဖွဲ့စည်းမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းရေးဆွဲသတ်မှတ်ရမည်။

(ခ) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက် ရမည်-

(၁) အလုပ်အကိုင် အမျိုးအစားနှင့် အဆင့်အလိုက် မှန်ကန်တိကျသော ကျွမ်းကျင်မှု စံများကို နိုင်ငံတကာစံများအားမှီငြမ်း၍ရေးဆွဲသတ်မှတ်ခြင်း၊

(၂) ကျွမ်းကျင်မှုစံများနှင့်အညီသင်ရိုးညွှန်းတမ်းများရေးဆွဲခြင်း၊ လေ့ကျင့်ရေးစံများ သတ်မှတ်ခြင်း၊

(၃) လေ့ကျင့်ရေးနည်းခြ အရည်အသွေးသတ်မှတ်ခြင်း၊

(၄) သင်တန်းကျောင်းများ၏စက်ပစ္စည်း၊ ကိရိယာနှင့် သင်ကြားရေးအထောက်အကူပြု ပစ္စည်း စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(၅) သင်တန်းကျောင်းများ မှတ်ပုံတင်ခြင်းနှင့် လေ့ကျင့်ရေး အမျိုးအစားများ မှတ်ပုံတင်ခြင်း၊

(၆) နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၇) မှတ်ပုံတင်လက်မှတ် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီးကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း။

(ဂ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးမည့်စံ သတ်မှတ်ခြင်း၊

(၂) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ မှတ်ပုံတင်ခြင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးအစီအစဉ်များ မှတ်ပုံတင်ခြင်း၊

(၃) မှတ်ပုံတင်လက်မှတ်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီးကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(၄) အကဲဖြတ်ပုံစံ သတ်မှတ်ခြင်း၊ စစ်ဆေးအကဲဖြတ်သူများနှင့် ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေးဌာနများ၏ အရည်အသွေးအာမခံချက်ရှိရေးအတွက် အရည်အသွေးထိန်းသိမ်းရေးစနစ်နှင့် တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း၊

(၅) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆင့်အလိုက် သတ်မှတ်၍ ယှဉ်ပြိုင်ပွဲများ ပြုလုပ်ခြင်း၊

(၇) ပြိုင်ပွဲတွင် ထူးချွန်ပါက ထူးချွန်သူဖြစ်ကြောင်း အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်း။

## အခန်း(၅)

## အလုပ်သမားများကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များဆောင်ရွက်ခြင်း

၁၄။ အလုပ်ရှင်သည် မိမိ၏လုပ်ငန်းတွင် ခန့်အပ်ရန်လျာထားသော အလုပ်သမားများနှင့် လုပ်ငန်း၌ လက်ရှိလုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အဆင့်မြင့်မား စေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ အလုပ်ရှင်သည် -

(က) အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို စီမံဆောင်ရွက်ရာ၌ လုပ်ငန်းတွင်း သင်တန်းများ ဖွင့်လှစ် သင်ကြားခြင်း၊ လုပ်ငန်းခွင်၌စနစ်တကျလေ့ကျင့်သင်ကြားခြင်း၊ လုပ်ငန်း ပြင်ပသင်တန်း များသို့ စေလွှတ်ခြင်းနှင့် သတင်းအချက်အလက် နည်းပညာအသုံးပြုသော စနစ်ဖြင့် လေ့ကျင့်သင်ကြားခြင်းတို့ပြုလုပ်ရာတွင် လုပ်ငန်း တစ်ခုချင်းဖြစ်စေ၊ လုပ်ငန်းများ ပေါင်းစပ်၍ ဖြစ်စေ အလုပ်သမားတစ်ဦးချင်း သို့မဟုတ် အုပ်စုအလိုက် လေ့ကျင့် သင်ကြားစေရန် ဆောင်ရွက်နိုင်သည်။

(ခ) အသက် ၁၆ နှစ် ပြည့်ပြီးသော လူငယ်များအား အလုပ်သင်အဖြစ် ခန့်ထား၍ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အညီ အလုပ်အကိုင်နှင့်သက်ဆိုင်သည့် အတတ်ပညာရပ်များကို စနစ်တကျ လေ့ကျင့် သင်ကြားစေရန် ဆောင်ရွက်နိုင်သည်။

## အခန်း(၆)

## သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ မှတ်ပုံတင်ခြင်းနှင့် တည်ထောင်ဖွင့်လှစ်ခြင်း

၁၆။ (က) သင်တန်းကျောင်းသို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင် ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှုပေးလိုသူသည် သက်ဆိုင်ရာ ကော်မတီများမှတစ်ဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့သို့ သတ်မှတ်ချက် များနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားရမည်။

(ခ) တည်ဆဲဥပဒေများနှင့်အညီ ပြည်ပနိုင်ငံမှ လာရောက်၍ သင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာနတစ်ခုခု တည်ထောင်ဖွင့်လှစ် လိုသူသည် သက်ဆိုင်ရာကော်မတီများမှတစ်ဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ သတ်မှတ်ချက် များနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားရမည်။

၁၇။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၆ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ အရ ဖွဲ့စည်းသော သက်ဆိုင်ရာကော်မတီများကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်တင်ပြစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်၊

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

၁၈။ မှတ်ပုံတင်လက်မှတ်ရရှိသော သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများသည် မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် သက်ဆိုင်ရာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကော်မတီမှတစ်ဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၁၉။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ နှင့် ညီညွတ်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်းသင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်နိုင်သည်။

၂၀။ မှတ်ပုံတင်ထားသော သင်တန်းကျောင်း၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အောက်ဖော်ပြပါ လေ့ကျင့်သင်ကြားရေးအစီအစဉ်များကို ဖြစ်စေပြီး ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထံ တင်ပြ၍ သဘောတူညီချက်ရယူခြင်း -

(၁) ကျွမ်းကျင်မှုစံ၊

(၂) သင်ရိုးညွှန်းတမ်း၊

(၃) သင်ထန်းကျောင်းတည်နေရာ၊ အဆောက်အအုံနှင့် အသုံးအဆောင်ဖော်ပြချက်၊

(၄) သင်တန်းဆရာများ၏ အမည်နှင့် အရည်အချင်း၊

(၅) လေ့ကျင့်သင်ကြားမည့်ကာလ၊

(၆) သင်တန်းတွင် အသုံးပြုမည့် လေ့ကျင့်သင်ကြားရေးစနစ်၊ လေ့ကျင့်သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊

(၇) သင်တန်းဆင်းလက်မှတ်၊

(စ) သင်တန်းကြေး၊

(ဆ) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီက သတ်မှတ်သော အခြားအချက်အလက်များ။

( ခ ) သင်တန်းသားနှင့် သင်တန်းဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုထားခြင်း၊

( ဂ ) သင်တန်းသားများ၏ ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းထားရှိခြင်း၊

(ဃ) သင်တန်းတစ်ခုပြီးမြောက်သည့်အခါ ၁၅ ရက်အတွင်း သင်တန်းနှင့်ပတ်သက်သော အစီရင်ခံစာကို ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊

( င ) သင်တန်းကျောင်းအား အခြားသင်တန်းကျောင်း တည်ထောင်လိုသူထံ လွှဲပြောင်းလိုပါက လွှဲပြောင်းခြင်းမပြုမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊

( စ ) သင်တန်းကျောင်းကို ရပ်ဆိုင်းလိုပါက သင်တန်းသားများအား လုပ်ငန်းအမျိုးအစားတူညီသော အခြားသင်တန်းကျောင်းတစ်ခုခုသို့ ကျန်ရှိသော သင်တန်း ကုန်ကျစရိတ်များနှင့်အတူ လွှဲပြောင်းပေးခြင်း။

၂၁။ မှတ်ပုံတင်ထားသော သင်တန်းကျောင်းတည်ထောင်သူသည်-

(က) သက်ဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပေးသော အလုပ်လုပ်ခွင့် လက်မှတ်ရရှိသည့် နိုင်ငံခြားသားကျွမ်းကျင်သူများနှင့် နိုင်ငံခြားသားနည်းပြများအား ခေါ်ယူခန့်ထားခွင့်ရှိသည်။ယင်းတို့၏နေထိုင်ခွင့်ကာလသည် တည်ဆဲဥပဒေနှင့်အညီဖြစ်စေရမည်။

( ခ ) သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို တည်ဆဲဥပဒေများနှင့်အညီ ခြည်ပမှ တင်သွင်းနိုင်သည်။

၂၂။ မှတ်ပုံတင်ထားသော ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ဖော်ပြပါ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး အစီအစဉ်များကို ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထံ တင်ပြ၍ သဘောတူညီချက်ရယူခြင်း-

(၁) အသိအမှတ်ပြုထားသော ကျွမ်းကျင်မှုစံများကို အခြေပြုထားသည့် စစ်ဆေးရေး အစီအစဉ်၊

(၂) ဌာနတည်နေရာ၊ အဆောက်အအုံနှင့် အသုံးအဆောင်ဖော်ပြချက်၊

(၃) စစ်ဆေးအကဲဖြတ်သူများ၏ အမည်နှင့် အရည်အချင်း၊

(၄) စစ်ဆေးမည့်ကာလ၊

(၅) စစ်ဆေးရေးဌာနတွင်အသုံးပြုမည့်စစ်ဆေးရေးအထောက်အကူပြုပစ္စည်းများ၊

(၆) စစ်ဆေးမည့် မေးခွန်းများအနေအထား၊

(၇) အကဲဖြတ်ရာတွင် အသုံးပြုမည့် ကျွမ်းကျင်မှုစံ နှင့်နည်းစနစ်၊

(၈) ကျွမ်းကျင်မှုစစ်ဆေးခံသူထံမှ ကောက်ခံရမည့် အခကြေးငွေနှုန်းထား၊

(၉) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးကော်မတီက သတ်မှတ်ထားသော အခြား အချက်အလက်များ၊

(ခ) ကျွမ်းကျင်မှုအသိအမှတ်ပြုထက်မှတ်ရရှိရန် လျှောက်ထားသော ကျွမ်းကျင်မှု စစ်ဆေးခံသူများ အတွက် စည်းကမ်းချက်များ သတ်မှတ်ထားရှိခြင်း နှင့် စစ်ဆေးမှုဆိုင်ရာ အစီအစဉ်များ သတ်မှတ်ခြင်း၊

(ဂ) ကျွမ်းကျင်မှုစစ်ဆေးခံသူများ၏ ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းထားရှိခြင်း၊

(ဃ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ပြီးနောက် ၁၅ ရက်အတွင်း အစီရင်ခံစာကို ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(င) ကျွမ်းကျင်မှုစစ်ဆေးခံ၍ အောင်မြင်သူများအား ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊

(စ) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနကို ရပ်ဆိုင်းလိုပါက ကျွမ်းကျင်မှု စစ်ဆေးခံသူများ အား ထုပ်ငန်းအမျိုးအစားတူညီသော အခြားကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဌာနတစ်ခုခုသို့ ကျန်ရှိသောကုန်ကျစရိတ်နှင့်အတူ လွှဲပြောင်းပေးခြင်း၊

(ဆ) ကျွမ်းကျင်မှု စစ်ဆေးခံသူများကို အခြားကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနသို့ လွှဲပြောင်းခြင်းမပြုမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း။

၂၃။ မှတ်ပုံတင်ထားသော ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနသည် -

(က) သက်ဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပေးသော အလုပ်လုပ်ခွင့် လက်မှတ်ရရှိသည့် နိုင်ငံခြားသားကျွမ်းကျင်သူများ၊ နိုင်ငံခြားသားအကဲဖြတ်သူများအား ခေါ်ယူခန့်ထား ခွင့်ရှိသည်။ ယင်းတို့၏ နေထိုင်ခွင့်ကာလသည် တည်ဆဲဥပဒေနှင့်အညီ ဖြစ်စေရမည်။

(ခ) စစ်ဆေးအကဲဖြတ်ရေး အထောက်အကူပြုပစ္စည်းများကို တည်ဆဲဥပဒေများနှင့် အညီ ပြည်ပမှတင်သွင်းနိုင်သည်။ သက်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနသို့ စစ်ဆေးမှုခံယူရန် လျှောက်ထားနိုင်သည်။

## အခန်း (၇)
## ကျွမ်းကျင်မှုယှဉ်ပြိုင်ပွဲများ ကျင်းပခြင်း

၂၄။ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီသည် လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုယှဉ်ပြိုင်ပွဲအဆင့်ဆင့် ဖြစ်ပေါ်လာစေရန် သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ရမည်။ ယှဉ်ပြိုင်ပွဲ၏ ကျွမ်းကျင်မှုရလဒ်များမှ တစ်ဆင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရမည်။

၂၅။ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရှိသော အလုပ်သမားသည် ပြည်တွင်း၊ ပြည်ပတွင် ကျင်းပသော သက်ဆိုင်ရာကျွမ်းကျင်မှုယှဉ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

## အခန်း(၈)
## အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

၂၆။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိပြီး အောက်ပါကိစ္စရပ်များအတွက် သတ်မှတ်ချက်များနှင့်အညီ သုံးစွဲနိုင်သည်-

(က) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေးတို့အတွက် လေ့ကျင့်သင်ကြားပေးခြင်း၊

(ခ) အကြောင်းတစ်ရပ်ရပ်ကြောင့် အလုပ်ရပ်စဲခြင်းခံရပြီး အခြားလုပ်ငန်းတစ်ခုခုသို့ ပြောင်းလဲလုပ်ကိုင်လိုသော အလုပ်သမားများအား လိုအပ်သည့် ကျွမ်းကျင်မှု ပြန်လည်လေ့ကျင့်သင်ကြားပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါကိစ္စရပ်များအတွက် ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် ငွေချေးခြင်း။

၂၇။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များပါဝင်သော ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းရမည်။

၂၈။ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရန်ပုံငွေအတွက် ထည့်ဝင်ကြေးများ မှန်မှန်ပေးသွင်းရေးကို ကြပ်မတ်ခြင်း၊

(ခ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေအား စီမံခန့်ခွဲခြင်း၊

(ဂ) ရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံနိုင်သော ငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဘဏ်တစ်ခုခုတွင် အပ်နှံထားခြင်း သို့မဟုတ် အစိုးရငွေစုလက်မှတ်များ ဝယ်ယူစုဆောင်းထားခြင်း၊

(ဃ) ရန်ပုံငွေသို့ အလှူငွေပေးအပ်သူရှိပါက ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် လက်ခံရယူခြင်း၊

(င) ရန်ပုံငွေထည့်ဝင်ခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးမှုခံယူခြင်း။

၂၉။ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီသည် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်သော စည်းမျဉ်းစည်းကမ်းနှင့်အညီ အောက်ပါကိစ္စရပ်တစ်ခုခုအတွက် ရန်ပုံငွေကို သုံးစွဲခွင့်ရှိနိုင်သည် -

(က) အလုပ်သမားများ၏ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း သင်တန်းတစ်ခုခုသို့ စေလွှတ်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း နှင့် သင်တန်းအစ်အစဉ် တိုးချဲ့ခြင်းများပြုလုပ်မည့် အလုပ်ရှင်များအား ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် ငွေချေးခြင်း၊

(ခ) အလုပ်ရှင်က ယင်း၏အလုပ်သမားများအတွက် သင်တန်းနှင့်စပ်လျဉ်း၍ ကုန်ကျခဲ့သည့် စရိတ်များကို တင်ပြတောင်းခံလာလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ပြန်လည် ထုတ်ပေးခြင်း၊

(ဂ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်သော အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၃၀။ (က) စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ်ရှင်သည် ယင်း၏လုပ်ငန်း၌ အလုပ်သမား ကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမားများအား ပေးချေရသည့် စုစုပေါင်း လုပ်ခ၊ လစာ၏ သုညဒသမငါးရာခိုင်နှုန်းအောက် မနည်းသောငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ်မပျက်မကွက် ပေးသွင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပေးသွင်းသည့် ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊ လစာမှ ဖြတ်တောက်ခြင်းမပြုရ။

၃၁။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)အရအလုပ်ရှင်က ရန်ပုံငွေသို့ပေးသွင်းရမည့်ထည့်ဝင်ကြေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍ၊ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းအရွယ်အစားနှင့် အလုပ်သမား ဦးရေအပေါ် မူတည်ပြီး သတ်မှတ်နိုင်သည်၊

(ခ) ခိုင်လုံသော အကြောင်းတင်ပြနိုင်ပါက အလုပ်ရှင်တစ်ဦးဦးအား ရန်ပုံငွေသို့ ထည့်ဝင်ကြေး ပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၂။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ပြည်ပမှလာရောက်ဖွင့်လှစ်သော သင်တန်းများ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ရမည်။

၃၃။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်း ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အကြံဉာဏ်များရယူနိုင်ရန် အကြံပေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ကို အတုပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၇) နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ဝန်ကြီးဌာန၏ခွင့်ပြုမိန့်မရှိဘဲ အလုပ်အကိုင်စုဆောင်းရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း သို့မဟုတ် အလုပ်သမားထံမှ အခကြေးငွေ ရယူဆောင်ရွက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို အလုပ်အကိုင် သို့မဟုတ် အလုပ်သမားရရှိရန်အလို့ငှာ အလုပ်အကိုင် နှင့် အလုပ်သမားရှာဖွေရေးရုံးတစ်ခုခု သို့မဟုတ် အဆိုပါရုံးဆိုင်ရာကိစ္စရပ်များအတွက် ကိုယ်စား ဆောင်ရွက်နေသူတစ်ဦးဦးထံ မမှန်ကြောင်းသိလျက်နှင့် မမှန်သောဖော်ပြချက်ကိုဖြစ်စေ၊ မမှန်သော ပြောဆိုချက်ကိုဖြစ်စေ တင်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သည့်အလုပ်ရှင်မဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ (ထ) အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ် ဆိုရန် ပျက်ကွက်ခြင်း၊

(ခ) ပုဒ်မ၃၀၊ ပုဒ်မခွဲ(က)အရပေးသွင်းရမည့် ထည့်ဝင်ကြေးပေးသွင်းရန်ပျက်ကွက်ခြင်း။

၃၉။ မည်သူမဆို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အချက်ထစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၀)

## အထွေထွေ

၄၀။ ရန်ပုံငွေမှ ချေးယူထားသောငွေကို သတ်မှတ်သော အချိန်ကာလအတွင်း အလုပ်ရှင်က ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် အဆိုပါချေးငွေကို မြေခွန်မပြေကျန်ငွေပြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၂။ ၁၉၅၁ ခုနှစ်၊ အလုပ်အကိုင် နှင့် သင်ကြားလေ့ကျင့်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ၃၀   ။)**

**၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း  ၄  ရက်**

**(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ  ၈  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်၊ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။"

၃။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၇ ပါ "ရဲတပ်ဖွဲ့ အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်" ဆိုသည့် စကားရပ်အား "ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၈ ပါ "ရဲတပ်ဖွဲ့အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်" ဆိုသည့် စကားရပ်အား "ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဆက်သွယ်ရေးဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆက်သွယ်ရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုတို့ ပါဝင်သော နယ်နိမိတ်အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့်မဆို သက်ဆိုင်စေရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပရောက် မည်သည့်အရပ်ဒေသ၌မဆို ရှိနေသော မြန်မာနိုင်ငံသားများနှင့်လည်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဆက်သွယ်ရေး (Telecommunication)** ဆိုသည်မှာ သတင်းအချက်အလက် တစ်ရပ်ရပ်ကို ပါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုး တစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ဓာတ်ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကိုဆိုသည်။

(ခ) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ်သဏ္ဌာန်၊ အသံ၊ သင်္ကေတ(Code)၊ လက္ခဏာသင်္ကေတ(Sign)၊ အချက်ပြသင်္ကေတ (Signal)နှင့် အချက်အလက်အစုအဝေး တစ်ရပ်ရပ်တို့အပြင် ယင်းတို့တစ်ခုထက်ပို၍ ပေါင်းစည်းထားသောအရာများနှင့် အလားတူကိစ္စရပ်များကိုဆိုသည်။

(ဂ) **ကြိုးမဲ့ဆက်သွယ်ရေး** ဆိုသည်မှာ ထုတ်လွှင့်သည့် ကိရိယာနှင့် ဖမ်းယူသည့် ကိရိယာတို့အကြားတွင် ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူး

ကြိုးတစ်ခုခုကို အသုံးမပြုဘဲ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ရေဒီယိုလှိုင်း၊ အလင်းတန်း၊ လျှပ်စစ်သံလိုက်ဓာတ် ထုတ်လွှတ်ခြင်း သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးကွန်ရက်** ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာ တစ်ခုခုကိုအသုံးပြုပြီး ကွန်ရက်အထောက်အကူပြုပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ ကွန်ပျူတာ၊ ကွန်ပျူတာ ကဲ့သို့သော အလားတူပစ္စည်း၊ ယင်းတို့နှင့် တွဲဖက်အသုံးပြုနိုင်သည့်စနစ်နှင့် ပစ္စည်း ကို ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အချင်းချင်းချိတ်ဆက်အသုံးပြုသော စနစ်ကို ဆိုသည်။

(င) **အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်** ဆိုသည်မှာ ဆက်သွယ်ရေးပစ္စည်း ကနဦး ချိတ်ဆက်သည့် နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူတစ်ဦးဦးထံမှ သတင်းအချက် အလက်များ လက်ခံရရှိသော နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူထံသို့ သတင်း အချက်အလက်ပေးပို့သော ကွန်ရက်အထောက်အကူပြုပစ္စည်း၏ နေရာကိုသော် လည်းကောင်းဆိုသည်။

(စ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်း များအနက် လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကိုဆိုသည်။

(ဆ) **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြုပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါ ကွန်ရက်အထောက်အကူပြုပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင် ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းကို ဆိုသည်။

(ဇ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန် ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်းမပါဝင်။

(ဈ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ကွန်ရက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းတွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဍ) **ကွန်ရက်အထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၏ ပစ္စည်း တစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ဎ) **လှိုင်းနှုန်းစဉ်** ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ် လှိုင်းနှုန်း အထိ ပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(ဏ) **ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်** ဆိုသည်မှာ ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် ဆက်သွယ်ခေါ်ဆိုမှုအတွက် အသုံးပြုရန် သတ်မှတ်သော နိုင်ငံတော်၏ ဆက်သွယ်ရေး နံပါတ်လျာထားသတ်မှတ်ချက်ကို ဆိုသည်။

(တ) **အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်** ဆိုသည်မှာ သတင်းအချက်အလက် ဆိုင်ရာစနစ်များအကြား အပြန်အလှန်ဆက်သွယ်ရာတွင် အသုံးပြုရန် အက္ခရာ သို့မဟုတ် ဂဏန်း သို့မဟုတ် အက္ခရာနှင့် ဂဏန်း ပေါင်းစပ်၍ အသုံးပြုသော အစီအစဉ်တကျ ဖော်ပြသည့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်ကို ဆိုသည်။

(ထ) **ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆက်သွယ်ရေးပစ္စည်းတစ်မျိုးမျိုး ထက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းအတွက် လုတ်ပေးသော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(ည) **ဆက်သွယ်ရေးပစ္စည်း** ဆိုသည်မှာ ဤဥပဒေအား အထောက်အကူပြုရန်အလို့ငှာ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဋ) **ဆက်သွယ်ရေးဈေးကွက်** ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုနှင့် သက်ဆိုင်သော ဈေးကွက်ကိုသော်လည်းကောင်း၊ ယင်းဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုနှင့် တွဲဖက်အသုံးပြုရသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ဈေးကွက်ကိုသော်လည်းကောင်းဆိုသည်။

(ဌ) **အချက်အလက်အကြောင်းအရာ** ဆိုသည်မှာ ဖန်တီးနိုင်သော၊ ပြုပြင်နိုင်သော၊ သိမ်းဆည်းထားနိုင်သော၊ ပြန်လည်ဖော်ထုတ်နိုင်သော သို့မဟုတ် အီလက်ထရောနစ် နည်းပညာဖြင့် ဆက်သွယ်ပေးပို့နိုင်သော စာသား၊ အသံ၊ ပုံရိပ်ငြိမ်နှင့် ပုံရိပ်ရှင်တို့ကို သော်လည်းကောင်း၊ ယင်းတို့ကို အခြားသော ရုပ်သံဖြင့် ပြန်လည်ဖော်ပြခြင်း၊ ထိတွေ့ခြင်းဖြင့် ဖော်ပြခြင်း သို့မဟုတ် တစ်နည်း နည်းဖြင့် ပေါင်းစပ်ဖော်ပြထားခြင်းကိုသော်လည်းကောင်းဆိုသည်။

(ဒ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကိုဆိုသည်။

(ဓ) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်ကစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(န) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကို ဆိုသည်၊

(ပ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဖ) **အယူခံခုံရုံး** ဆိုသည်မှာ ဝန်ကြီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အယူခံဝင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားသော ဆက်သွယ်ရေးဆိုင်ရာ အယူခံခုံရုံးကို ဆိုသည်၊

## အခန်း (၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊

(ခ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်းပြည်ပမှ အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဆောင်ရွက်စေခြင်းဖြင့် အရည်အသွေးမြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊

(ဂ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်ပြီး အများပြည်သူ ဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(င) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် အများပြည်သူလုံခြုံရေးကိစ္စများ အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်။

## အခန်း (၃)

## ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်

၅။ အောက်ဖော်ပြပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင်လုပ်ကိုင်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း၊

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်း။

၆။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် ရွေးချယ်ခြင်းဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများကို အများသိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည်။

၇။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ လျှောက်ထားချက်ကို ပုဒ်မ ၆ အရ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ ဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၇ အရ တင်ပြချက်ကိုရရှိသည့်အခါ ပြည်တွင်းမှ လျှောက်ထားချက်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ရယူရန်လိုအပ်သောလုပ်ငန်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ရယူ၍သော်လည်းကောင်း၊ ထိုသို့ သဘောတူညီချက်ရယူရန် မလိုအပ်သော လုပ်ငန်းအတွက် ဝန်ကြီးဌာန၏ အဆုံးအဖြတ်ဖြင့်သော်လည်းကောင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်၊

(ခ) ပုဒ်မ ၇ အရ တင်ပြချက်ကို ရရှိသည့်အခါ ပြည်ပမှလျှောက်ထားချက်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ) အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ လုပ်ငန်းလိုင်စင်၏ သက်တမ်းကို တစ်ကြိမ်လျှင် အနည်းဆုံး ငါးနှစ်မှ အများဆုံး အနှစ် ၂၀ အထိ လုပ်ကိုင်ရန် ခွင့်ပြုသည့် လုပ်ငန်းလိုင်စင် ထုတ်ပေးရေးအတွက် ဦးစီးဌာနသို့ ညွှန်ကြားရမည်။

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ခေါ်ဆိုမှု၊ ချိတ်ဆက်မှုတို့အတွက် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားလာပါလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး ယင်းလုပ်ငန်းအတွက် သီးခြားသတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(င) လုပ်ငန်းလိုင်စင် သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို ဦးစီးဌာနက စိစစ်တင်ပြလာလျှင် သက်တမ်းတိုးရန် ခွင့်ပြုပေးနိုင်သည်။

၉။ ဦးစီးဌာနသည် ပုဒ်မ ၈ ပုဒ်မခွဲ (ဂ)အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်ရရှိသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်၊ ဌာန နှင့် အဖွဲ့အစည်းများအား သက်ဆိုင်ရာလုပ်ငန်းအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဥပဒေနှင့်အညီ ပြည်တွင်း၊ ပြည်ပ၊ ပုဂ္ဂိုလ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိထားသည့် အခြားသူတစ်ဦးဦးနှင့် အောက်ပါကိစ္စရပ်များအတွက် သဘောတူစာချုပ် ချုပ်ဆို၍ ဆောင်ရွက်နိုင်သည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအချင်းချင်း ဤဥပဒေအခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန် ဆက်သွယ်ခြင်း၊

(ခ) ကွန်ရက်အထောက်အကူပြု ပစ္စည်းများကို ခွဲဝေအသုံးပြုခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်တွင် သီးခြားဖော်ပြသတ်မှတ်ထားသည့် အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၂။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

## အခန်း (၄)

## ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်

၁၃။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရယူပြီးမှသာ အသုံးပြုရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိလိုလျှင်ဖြစ်စေ၊ အသုံးပြုလိုလျှင်ဖြစ်စေ လိုင်စင်ရရှိရန် သတ်မှတ်ချက်

များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင် လျှောက်ထားရန်မလို-

(က) လုပ်ငန်းလိုင်စင်ရရှိသူက မိမိအသုံးပြုရန် ဝယ်ယူရင်းနှီးထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရရှိသူထံမှ ရယူထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း။

၁၄။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၃ အရ သက်ဆိုင်ရာဆက်သွယ်ရေးပစ္စည်းအတွက် လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရာတွင် စည်းကမ်းချက်များနှင့် လိုင်စင်သက်တမ်းကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

**အခန်း (၅)**

**လိုင်စင်ရရှိသူ၏ တာဝန်များ**

၁၅။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ အသုံးပြုခ၊ ဝန်ဆောင်ခ တို့အပြင် နည်းပညာအရသော်လည်းကောင်း၊ အချိန်အခါလိုအပ်ချက်အရသော်လည်းကောင်း ကောက်ခံမည့်အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဃ) သက်ဆိုင်သည့်လုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများကိုလည်းကောင်း၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့၏ ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာရမည်။

(င) လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် ထိခိုက်နစ်နာမှုမရှိစေရန် ဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) ဤဥပဒေအရ သတ်မှတ်ခွင့်ပြုထားသည့် လိုင်းနှုန်းစဉ်လျာထားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( ခ ) လုပ်ငန်းလိုင်စင်မရရှိသေးသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို တိုးချဲ့လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ အခြားလုပ်ငန်းလိုင်စင်ရရှိသူနှင့် ဖက်စပ်လုပ်ငန်း လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ ပူးပေါင်း၍လုပ်ကိုင်လိုလျှင်ဖြစ်စေ အခန်း (၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ကို ထပ်မံရယူရမည်။

( ဂ ) အခြားဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား စက်မှုပိုင်းဆိုင်ရာအရ အနှောင့်အယှက်ပြုကြောင်း စစ်ဆေးတွေ့ရှိချက်အရ သို့မဟုတ် အကြောင်းကြားချက်အရ လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်စေရန်ဖြစ်စေ၊ ယင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား ယာယီရပ်ဆိုင်းစေရန်ဖြစ်စေ ညွှန်ကြားသည့်အခါ လိုက်နာဆောင်ရွက်ရမည်။

၁၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသော သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် သုံးစွဲသူ ပြည်သူတစ်ဦးချင်းစီ၏ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသည့်ကိစ္စမှအပ သက်ဆိုင်ခြင်းမရှိသူအား ထုတ်ဖော်အသိပေးခြင်းမပြုရ။

၁၈။ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရရှိသူသည်-

(က) မိမိပိုင်ဆိုင်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများအား လိုင်စင်တွင် သတ်မှတ်ပေးထားသည့် နေရာ၌သာ ထားရှိအသုံးပြုရမည်။

( ခ ) လိုင်စင်အရ မိမိအား အသုံးပြုခွင့်ပေးထားသည့် ဆက်သွယ်ရေးစက်ပစ္စည်းမှတစ်ဆင့် နိုင်ငံတော်၏လုံခြုံရေးကို မထိခိုက်စေရန် ဆောင်ရွက်ထားရှိရမည်။

( ဂ ) မိမိအသုံးပြုသည့် စက်ပစ္စည်းများနှင့် စပ်လျဉ်းပြီး ဦးစီးဌာနမှ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၆)**

**လှိုင်းနှုန်းစဉ်နှင့် ဂြိုဟ်တုပတ်လမ်းကြောင်းတည်နေရာတို့ကို စီမံခန့်ခွဲခြင်း**

၁၉။ ဝန်ကြီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကွန်ဗင်းရှင်းများနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ခွဲပေးသတ်မှတ်ပေးထားသော ဂြိုဟ်တုပတ်လမ်းကြောင်း တည်နေရာကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၀။ ဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ် လျာထားချက်ပါ လှိုင်းနှုန်းခွင်များအား ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများထံသို့ စည်းကမ်းချက်များသတ်မှတ်၍ အသုံးပြုခွင့်ပေးနိုင်သည်။

## အခန်း (၇)

## ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ လျာထား သတ်မှတ်ချက်

၂၁။ ဦးစီးဌာနသည် ဝန်ကြီးဌာနက အတည်ပြုထားသော ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်တို့ကို လိုက်နာအသုံးပြုရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားရမည်။

၂၂။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအတွက် မိမိ၏ ဆက်သွယ်ရေးဝန်ဆောင်မှုတွင် အသုံးပြုရန် ဆက်သွယ်ရေးနံပါတ်များနှင့် အီလက်ထရောနစ်လိပ်စာများကို စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပြီး အသုံးပြုခွင့်ပေးနိုင်သည်။

၂၃။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူက ဆက်သွယ်ရေးနံပါတ် နှင့် အီလက်ထရောနစ်လိပ်စာတို့ကို ပုဒ်မ ၂၁ အရ ညွှန်ကြားချက်နှင့်အညီ အသုံးပြုခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၈)

## နည်းပညာဆိုင်ရာစံချိန်စံညွှန်းများ

၂၄။ ဦးစီးဌာနသည် လိုင်စင်များနှင့် စပ်လျဉ်း၍ လုပ်ငန်းအလိုက် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားရမည်။

၂၅။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို လိုင်စင်ရရှိသူများက လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲရမည်။

၂၆။ ဦးစီးဌာနသည် ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ပြုနိုင်ရန်အတွက် ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်း အမျိုးအစားများ၏ စံချိန်စံညွှန်းကို သတ်မှတ်ရမည်။

၂၇။ ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း တစ်မျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုမည့် ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း အမျိုးအစား၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းထောက်ခံချက်ရရှိရန် သတ်မှတ်ထားသည့်အတိုင်း ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်း ထောက်ခံချက်လျှောက်ထားလာခြင်းကို စိစစ်ပြီး ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၉)

## အသုံးပြုသူကို အကာအကွယ်ပေးခြင်း

၂၉။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ဆဲဝန်ဆောင်မှုအတွက်ဖြစ်စေ၊ ဆောင်ရွက်မည့် ဝန်ဆောင်မှုအသစ်အတွက်ဖြစ်စေ အဆိုပြုသည့်ဝန်ဆောင်ခနှုန်းထားကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် အဆိုပြုတင်ပြသည့် ဝန်ဆောင်ခနှုန်းထားများကို စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးရမည်။

၃၀။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်၊

(ခ) ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်လိုပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူပြီးမှ ဆောင်ရွက်ရမည်၊

၃၁။ (က) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

## အခန်း (၁၀)

## ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း

၃၂။ ဦးစီးဌာနသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြု ပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လိုအပ်သော စည်းကမ်းချက်များကို သတ်မှတ်ရမည်၊

၃၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိသော အခြားသူတစ်ဦးအား ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းတို့ ပြုလုပ်နိုင်ရန် တောင်းဆိုလာလျှင် ယင်းတို့အချင်းချင်း သဘောတူညီချက်နှင့် ဦးစီးဌာန၏ အတည်ပြုချက်တို့ဖြင့် ဆောင်ရွက်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်းက မိမိ၏ကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက် အသုံးပြုခွင့်ပြုရာ၌ -

(က) သာတူညီမျှမှုရှိစေပြီး ခွဲခြားနှိမ့်ချမှုမရှိစေရ၊ ကွန်ရက်အတွင်းရှိ မူလဝန်ဆောင်မှု အရည်အသွေး စံချိန်စံညွှန်းအောက် နိမ့်ကျမှုမရှိစေရ။

(ခ) အရည်အသွေးစံချိန်စံညွှန်းတို့ကို လိုအပ်ချက်အရ ဦးစီးဌာနက စစ်ဆေးလျှင် စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၁၁)

## ပြိုင်ဆိုင်မှုကိုဆန့်ကျင်သည့် လုပ်ဆောင်ချက်များအား တားမြစ်ခြင်း

၃၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဈေးကွက်အတွင်း လွတ်လပ်စွာပြိုင်ဆိုင်မှု သဘောသဘာဝကိုပျက်ပြားစေသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်ခြင်းမပြုရ။

၃၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတို့နှင့် နားလည်မှုရယူဆောင်ရွက်ခြင်း၊ သဘောတူညီမှုရယူခြင်း၊ အစီအစဉ်များပြုလုပ်ခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုခြင်းများ မပြုလုပ်ရ-

(က) မိမိဆန္ဒအတိုင်း နှုန်းထားပြင်ဆင်သတ်မှတ်ရန် ဆောင်ရွက်ခြင်း၊

(ခ) ပြိုင်ဆိုင်မှုကို လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် ဈေးကွက်အား ခွဲဝေရယူရန် ဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးပစ္စည်းထောက်ပံ့သူ၊ ရောင်းချသူတစ်ဦးဦးထံမှ ဝယ်ယူခြင်းမပြုရန် ဆောင်ရွက်ခြင်း၊

(ဃ) မိမိပြိုင်ဘက်တစ်ဦးဦးအား မတရားသော နည်းလမ်းဖြင့် ဆန့်ကျင်မှုပြုခြင်း။

၃၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိထံမှသော်လည်းကောင်း၊ အခြားသူတစ်ဦးထံမှသော် လည်းကောင်း ဆက်သွယ်ရေးပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးဝန်ဆောင်မှုကိုသာ ရယူသုံးစွဲရေးအတွက် အသုံးပြုသူအား ချုပ်ချယ်ကန့်သတ်ခြင်းမပြုရ။

၃၈။ ဦးစီးဌာနသည် ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ တို့တွင် တားမြစ်ထားသော ဆက်သွယ်ရေး ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကိုတန့်တားသည့် လုပ်ဆောင်မှုများဖြစ်ပေါ်လာပါက ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ရယူကာ လုပ်ငန်းလိုင်စင်ရရှိသူကို ယင်းလုပ်ဆောင်မှုများကို ရပ်စဲရန် ညွှန်ကြားနိုင်သည်။

## အခန်း (၁၂)

## စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၃၉။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ပြုရမည်။

(ခ) လိုင်စင်ရယူထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လည်းကောင်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကိုဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရစစ်ဆေးခြင်းအတွက် လိုအပ်ပါက သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဦးစီးဌာနသည်-

(၁) လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ လိုအပ်သော သတင်းအချက်အလက်နှင့် အထောက်အထားများ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို တင်ပြစေခြင်းတို့ကို ပြုနိုင်သည်။

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့် အဆောက်အအုံနှင့် နေရာများ၊ စက်ပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း ပြုနိုင်သည်။

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ စာရင်းဇယားနှင့် စာရွက်စာတမ်းများ၊စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကောက်နုတ်ချက်ရယူခြင်းနှင့် မိတ္တူကူးခြင်းတို့ကို ပြုနိုင်သည်။

(၄) လုပ်ငန်းဆိုင်ရာ စာရင်းဇယားများနှင့် စာတမ်းအမှတ်အသားများကို ပြုစုထားရှိခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းသည့် စစ်ဆေးရေးအဖွဲ့သည် ဦးစီးဌာန၏ လွှဲအပ်တာဝန်ပေးချက်အရ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၁၃)

## ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြုပြင်မွမ်းမံခြင်း

၄၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ပြုထုပ်နိုင်ရေးအတွက် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံ ပိုင်ရှင် သို့မဟုတ် ယင်းမြေနှင့် အဆောက်အအုံကို စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက် ပါဝင်သော နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် နေရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) လုပ်ငန်းမြေနေရာမှာ သင့်လျော်မှုရှိ မရှိ ရွေးချယ်ဆုံးဖြတ်နိုင်ရန်အလို့ငှာ ယင်းနေရာသို့ ဝင်ရောက်ခြင်း၊ စစ်ဆေးကြည့်ရှုခြင်း၊ တိုင်းတာခြင်း၊ အနိမ့်အမြင့် မှတ်တမ်းယူခြင်း၊ မြေနမူနာရယူခြင်း၊ ကျင်းတူးခြင်း၊ အပေါ်ယံမြေလွှာကို စစ်ဆေးခြင်းတို့အပါအဝင် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ အဆိုပါ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်တွင် လိုအပ်သော ကွန်ရက်အထောက်အကူပြုပစ္စည်းများကို နေရာချထားခြင်း၊ ထားရှိခြင်း၊ တပ်ဆင်ခြင်း၊ ချိတ်ဆက်ခြင်းနှင့် ပစ္စည်း လုံခြုံရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများကိုဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် ပြုပြင်မွမ်းမံခြင်း။

၄၂။ လုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၄၁ ပါ လုပ်ငန်းကိစ္စများဆောင်ရွက်ရန် သဘောတူညီမှုရရှိထားသည့်မြေနှင့် အဆောက်အအုံပိုင်ရှင် ပြောင်းလဲမှုဖြစ်ပေါ်ပါက အဆိုပါမြေနှင့် အဆောက်အအုံတွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူညီမှုရယူထားရမည်။

၄၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်းနှင့် ဖယ်ရှားခြင်းများ ဆောင်ရွက်ရာတွင် အများပြည်သူအသုံးပြုသည့်လမ်း သို့မဟုတ် ယာဉ်လမ်းကြောင်း သို့မဟုတ် ရေလမ်းကြောင်း သို့မဟုတ် လေလမ်းကြောင်း တို့ကို အနှောင့်အယှက် သို့မဟုတ် အဟန့်အတား မဖြစ်စေရ။

၄၄။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့အား ပြုလုပ်ရန်အလို့ငှာ ကြိုတင်ထော့လာ ဆန်းစစ်မှုများအတွက် ပိုင်ရှင်အား ကြိုတင်အသိပေးခြင်းမရှိဘဲ မည်သည့်မြေနေရာကိုမျှ ဝင်ရောက်ခြင်းမပြုရ။

၄၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းပြင်ဆင်ခြင်းပြုလုပ်ရာတွင် ထိခိုက်ပျက်စီးမှုနည်းပါးစေရန် လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ရမည်။

၄၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ ကွန်ရက်အထောက်အကူပြုပစ္စည်း တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်းပြုရာတွင် ပေါ့လျော့ခြင်း သို့မဟုတ် တမင်ပျက်ကွက်ခြင်းကြောင့် တစ်ဦးတစ်ယောက်သော သူအား ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးစေခြင်းဖြစ်လျှင် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နစ်နာသူသည် လုပ်ငန်းလိုင်စင်ရရှိသူထံမှ သတ်မှတ်ချက်နှင့်အညီ လျော်ကြေးရထိုက်ခွင့်ရှိသည်။

၄၇။ ဤဥပဒေအရလိုင်စင်ရရှိသူသည် လမ်းမကြီး၊ လမ်း၊ ရထားလမ်း၊ မြစ်၊ တူးမြောင်း၊ အခြားသော ရေလမ်း၊ ရေသွင်းစိုက်ပျိုးရေးစနစ်၊ ရေမြောင်း၊ ရေပေးရေးစနစ်၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဆိပ်ကမ်းလုပ်ငန်း သို့မဟုတ် အခြားသောအများပြည်သူနှင့် သက်ဆိုင်သည့် သို့မဟုတ် ပုဂ္ဂလိကနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းတစ်စုံတစ်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မြေပေါ်မြေအောက်တို့တွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများကို အသုံးပြုပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကွန်ရက်အထောက်အကူပြု ပစ္စည်းများထူထောင်ခြင်းပြုရာတွင် လူနှင့်ပစ္စည်းတို့၏ လုံခြုံရေးကို အလေးဂရုပြု၍ ဥပဒေနှင့် အညီ ဆောင်ရွက်ရမည်။

၄၈။ ဦးစီးဌာနသည် ဆောက်လုပ်ဆဲ သို့မဟုတ် ဆောက်လုပ်ပြီး အဆောက်အအုံနှင့် မြေကွက်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေး ကွန်ရက်တစ်ခုခု အတွက်လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ အဆောက်အအုံနှင့် မြေကွက်အတွင်းရှိ ကွန်ရက်ပန်ဆောင်မှုလုပ်ငန်း၏ အရည်အသွေးအား မြှင့်တင်ပေးရန် လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း -

(က) အရင်းအနှီးစိုက်ထုတ်သူသို့မဟုတ် အဆောက်အအုံနှင့် မြေပိုင်ရှင်အား ၎င်း၏ အဆောက်အအုံအတွင်း သို့မဟုတ် အပေါ်တွင်ဖြစ်စေ၊ မြေကွက်တွင်ဖြစ်စေ ကွန်ရက်အထောက်အကူပြုပစ္စည်းများကို သတ်မှတ်ထားသည့်အချိန်အတွင်း တပ်ဆင်နိုင်ရေးအတွက် နေရာပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်၊

(ခ) သတ်မှတ်ထားသည့် အချိန်အတွင်း ကွန်ရက်အထောက်အကူပြုပစ္စည်းကို တပ်ဆင်ပေးရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ် ငွေကြေးများကို လုပ်ငန်းလိုင်စင်ရရှိသူက အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကျခံရန် ညွှန်ကြားနိုင်သည်။

၄၉။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူများ၏ ကွန်ရက်အထောက်အကူပြုပစ္စည်းများ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းတို့တွင် မလိုအပ်ဘဲ ဘဏ္ဍာငွေကြေး ကုန်ကျမှုမရှိစေရန်နှင့် သဘာဝမတော်ပန်းကျင် ထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို စီမံခန့်ခွဲပေးနိုင်သည်။

## အခန်း (၁၄)

## အငြင်းပွားမှုများကို ဖြေရှင်းခြင်း

၅၀။ လုပ်ငန်းလိုင်စင်ရရှိသူများသည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ကွန်ရက်အထောက် အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင်ဖြစ်စေ အငြင်းပွားမှုပေါ်ပေါက် သည့်အခါ အချင်းချင်းညှိနှိုင်းဖြေရှင်းနိုင်ခြင်း မရှိပါက ထိုအငြင်းပွားမှုကို ဦးစီးဌာန သို့ တင်ပြနိုင်သည်၊

( ခ ) ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ပေါ်ပေါက်ပါကဦးစီးဌာနသို့ တင်ပြနိုင်သည်။

၅၁။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်း အငြင်းပွားမှုနှင့် စပ်လျဉ်း၍ စေ့စပ် ညှိနှိုင်းဆုံးဖြတ်ပေးရန် ပုဒ်မ ၅၀ အရ တင်ပြချက်ကိုသော်လည်းကောင်း၊ ထိုသို့တင်ပြခြင်းမရှိ သော်လည်း အငြင်းပွားမှုမှာ အများပြည်သူအကျိုးစီးပွားကို ထိခိုက်နစ်နာစေနိုင်လျှင်သော်လည်းကောင်း စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးရမည်။

၅၂။ (က) ပုဒ်မ ၅၁ အရ ဦးစီးဌာနက စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးချက်နှင့် စပ်လျဉ်း၍ မကျေနပ် သူသည်-

(၁) ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်ပါက ထိုဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀အတွင်း ဝန်ကြီးဌာနသို့ အယူခံ နိုင်သည်။

(၂) ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့် သက်ဆိုင်ခြင်းမရှိသည့်ကိစ္စဖြစ်ပါက မိမိ၏နစ်နာမှုအတွက် သက်သာခွင့်နှင့် အခွင့်အရေးများကိုရရှိရန် တည်ဆဲ ဥပဒေများအရ သက်ဆိုင်ရာ တရားရုံးတွင် တောင်းဆိုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည်-

(၁) လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်၊

(၂) ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် မယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၄၅ ရက်အတွင်း လုပ်ထုံးလုပ်နည်းနှင့် အညီ အယူခံခုံရုံးသို့ အယူခံနိုင်သည်။

## အခန်း (၁၅)

## အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း

၅၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေး ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ရယူသုံးစွဲခွင့်ရရှိစေရန်အတွက်နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသေးသည့် နယ်မြေဒေသများ (underserved area) တွင် အခြေခံ ဆက်သွယ်ရေး အဆောက်အအုံ တိုးချဲ့တည်ဆောက်နိုင်စေရန်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှု ပိုမို ကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များချမှတ်ရန် ဦးစီးဌာနအား ညွှန်ကြားနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းရေးအစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင် ထားရှိပြီး ရန်ပုံငွေကို ကြီးကြပ်ရမည်။

၅၅။ ဦးစီးဌာနသည် ပုဒ်မ ၅၄ အရ တည်ထောင်ထားသည့် ရန်ပုံငွေကို အသုံးပြု၍ အများ ပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ရမည်။

၅၆။ ဦးစီးဌာနသည် ပုဒ်မ ၅၅ ပါ အောက်ပါအစီအစဉ်များ ချမှတ်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည် -

(က) ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့် နယ်မြေဒေသများကို သတ်မှတ်ခြင်း၊

(ခ) အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာ ရည်မှန်းချက် (universal tar get) ချမှတ်ခြင်း၊

(ဂ) လိုင်စင်ရသူများမှ လိုက်နာဖြည့်ဆည်းပေးရမည့် အများပြည်သူအကျိုးငှာ နေရာ ဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာ တာဝန် ဝတ္တရားများ (universal service obli gation) သတ်မှတ်ခြင်း။

## အခန်း (၁၆)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၇။ ဦးစီးဌာနသည် လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ အခန်း(၅)ပါ တာဝန်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပုဒ်မ ၃၈ အရ ညွှန်ကြားချက်ကိုဖြစ်စေ၊ ပုဒ်မ

၅၁ အရ ဦးစီးဌာန၏ စေ့စပ်ညှိနှိုင်း ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၅၂ ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၈။ (က) ဦးစီးဌာနက ပုဒ်မ ၅၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီး ဌာနသို့ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည်-

(၁) လိုအပ်ပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်၊

(၂) ဦးစီးဌာန၏ အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၁၇)

## အယူခံခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း

၅၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ ဤဥပဒေအရ ချမှတ်သည့် အပြင်းပွားမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ နစ်နာသူက တင်ပြလာသည့်အခါတွင် ထပ်မံ၍ အယူခံနိုင်ခွင့်ရရှိစေမည့် အယူခံခုံရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) အယူခံခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ကိုးဦးထက်မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၀။ အယူခံခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အယူခံခုံရုံး ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ၀၊နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေ အရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။

(ခ) အယူခံခုံရုံးအဖွဲ့ဝင်များသည် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်၊ ဥပဒေပညာရပ်၊ စီးပွားရေးပညာရပ်တို့နှင့် စပ်လျဉ်း၍ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ကျွမ်းကျင်သူပညာရှင်များ ဖြစ်ရမည်။

၆၁။ (က) အယူခံခုံရုံးသည် ကြားနာမည့်နေ့ရက်ကို ကြိုတင်ကြေညာ၍ သတ်မှတ်သည့် နေ့ရက်တွင် ကြားနာရမည်။

(ခ) တင်ပြချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတို့၏ လျှောက်လဲချက်ကို ကြားနာနိုင်သည်။

(ဂ) အပြီးသတ်ဆုံးဖြတ်ချက်ကို ဆောလျင်စွာ ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) အယူခံခုံရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်တက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၆၂။ အယူခံခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၆၃။ အယူခံခုံရုံး ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆၄။ အယူခံခုံရုံး၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အပြီးသတ်ဆုံးဖြတ်ချက် အစီရင်ခံစာ တင်ပြီးသည့် ကာလအထိသာ ဖြစ်သည်။

**အခန်း (၁၈)**

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၅။ မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ငန်းလိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအားသုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်-

(က) ဆက်သွယ်ရေးကွန်ရက်အတွင်းသို့ ယင်း၏ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နှောင့်ယှက်ခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်ကိုဖြစ်စေ၊ မူလအနေအထားကိုဖြစ်စေ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ခ) ဆက်သွယ်ရေးကွန်ရက်ကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ ဗိုင်းရပ်စ် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ဝင်ရောက်စေခြင်း၊

(ဂ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း၊

(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအားခြောက်လှန့် တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

၆၇။ မည်သူမဆို လိုင်စင်ရယူပြီးမှသာ အသုံးပြုရန်သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်း တစ်ခုခုကို လိုင်စင်မရှိဘဲလက်ပယ်ထားရှိခြင်း သို့မဟုတ်အသုံးပြုခြင်းကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားတစ်နှစ်တက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၈။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ မို့လွှင့်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း သို့မဟုတ် မါဝင် ဆောင်ရွက်ခြင်း၊

(ခ) သတင်းအချက်အလက် ပို့လွှင့်ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရှိဘဲ တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(ဂ) ဦးစီးဌာန၏ သဘောတူညီချက်ဖြင့် တားမြစ်ထားသော ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် နေရာအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်း လိုင်စင်ရရှိသူက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်ဝတ္တရား ထမ်းဆောင်မှုကို တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း။

၆၉။ မည်သူမဆို ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စနှင့် တရားရုံးအမိန့် အရ ထုတ်ဖော်ပြသရန် ခွင့်ပြုထားသည့်ကိစ္စများမှအပ ယုံကြည်စိတ်ချရသောစနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက် စနစ်ဖြင့်ဖြစ်စေ ထားရှိသောသတင်းအချက်အလက်ကို ယင်းတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် အခြား သူတစ်ဦးဦးသို့ တစ်နည်းနည်းဖြင့် ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၀။ လိုင်စင်ရရှိသူ မည်သူမဆို သတ်မှတ်ထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်း နှင့် ကိုက်ညီမှုမရှိသော ကွန်ရက်အထောက်အကူပြုပစ္စည်းကိုဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်းကို ဖြစ်စေ အသုံးပြုကြောင်း၊ လက်ဝယ်ထားရှိကြောင်း၊ ဖြည့်ဆည်းပေးကြောင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ဤဥပဒေအရ ဦးစီးဌာနကသော်လည်းကောင်း၊ ဦးစီးဌာနကဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကသော်လည်းကောင်း၊ ပြည်သူ့ပန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုလျှင် ထိုသူအား ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၇၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၉)

## အထွေထွေ

၇၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် နည်းပညာစံချိန်စံညွှန်းကိစ္စများ၊ လိုင်းနှုန်းစဉ်များ စီမံခန့်ခွဲခြင်း ဆိုင်ရာကိစ္စများ၊ အသုံးပြုသူကိုအကာအကွယ်ပေးခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရေးအတွက် မဟာဗျူဟာများချမှတ်ခြင်းစသည့်ကိစ္စများတွင် အကြံပြုပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာချက် ထုတ်ပြန်ပြီး ဝန်ကြီး သို့မဟုတ် ဝန်ကြီးမှ တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ် ထည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆထ်သွယ်ရေး လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ အသုံးပြုသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဦးစီးဌာနစသည့် တို့မှ ကိုယ်စားလှယ်များကအဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် အမျိုးသားဆက်သွယ်ရေး အကြံပေးကော်မတီကို ဖွဲ့စည်းရမည်။ ကော်မတီ၏လုပ်ငန်းတာဝန်များကို သီးခြား ပြဌာန်းပေးရမည်။

၇၅။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောမည်သည့် သကင်း အချက်အလက်နှင့် ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေး များကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာအဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်သည်။

၇၆။ ဝန်ကြီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်သော ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုးအတွက် သော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူတစ်ဦးဦးက လုပ်ကိုင်လျက်ရှိသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွင်း ဝန်ဆောင်မှုပြုလုပ်နေမှုကို လိုအပ်ပါက ဝင်ရောက်ကြည့်ရှု စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စာတမ်းအမှတ်အသားတို့ကို တင်ပြစေခြင်း ပြုနိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် အခြေအနေပေါ်ပေါက်သည့်အခါ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ်မှု အမျိုးအစားတစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကိုရရှိနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ယာယီထိန်းချုပ် သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

၇၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၇၇ ပါကိစ္စရပ်များအနက် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်အား လုံခြုံရေးဆိုင်ရာကိစ္စအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ကြိုတင်စီမံဆောင်ရွက်ထားရှိရမည်။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သောပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့် အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၁။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်း တိုးမြှင့်ခ၊ လှိုင်းနှုန်းစဉ် အသုံးပြုခ၊ ဆက်သွယ်ရေး နံပါတ်သတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ သတ်မှတ်ချက်တို့အတွက် အခကြေးငွေနှင့် ရက်လွန် ကြေးတို့ကို သတ်မှတ်ရမည်။

၈၂။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင်နှင့် ထောက်ခံချက်တို့ကို ရယူခြင်းမှလည်းကောင်း၊ လိုအပ်ပါက အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်းအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်အရေးပေါ် အခြေအနေနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန် မလိုဘဲဆောင်ရွက်နိုင်သည်။ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၃။ ဦးစီးဌာနသည်ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ၊ လုပ်ငန်းဆိုင်ရာကျင့်စဉ်များနှင့် လိုအပ်သောစံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၈၄။ ဦးစီးဌာနသည်-

(က) နိုင်ငံတော်က လက်ခံအတည်ပြုထားသော အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကွန်ဗင်းရှင်းများနှင့်အညီ ဆက်သွယ်ရေးနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ စာမေးပွဲများကို သတ်မှတ်ချက်များနှင့်အညီ စီစဉ်ကျင်းပပြီး အောင်လက်မှတ်များ ထုတ်ပေးနိုင်သည်။

၈၅။ The Myanmar Telegraph Act, 1885 နှင့် The Myanmar Wireless Telegraphy Act, 1934 တို့အရ-

(က) ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသောလိုင်စင်ကို ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုလိုင်စင်သက်တမ်း ကုန်ဆုံးသည့် နေ့အထိသာ အတည်ဖြစ်စေရမည်။ ထိုလိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ဤဥပဒေနှင့်အညီ လိုင်စင်လျှောက်ထားရယူရမည်။

(ခ) ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်တစ်ရပ်ကို ဤဥပဒေ အာဏာတည်သည့်နေ့မှ နှစ်နှစ်အတွင်း သတ်မှတ်ဖွဲ့စည်းရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ စကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပေးရန်လိုအပ်လာပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၉။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) The Myanmar Telegraph Act, 1885.

(ခ) The Myanmar Wireless Telegraphy Act, 1934.

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။)**

**၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဦးဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဆိုသည်။

(ဂ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့အသီးသီး ကိုဆိုသည်။

(ဃ) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည် -

(၁) မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေး ဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်တိုင်သူ သို့မတုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်ဘဲ့ဉ် မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်သူ၊

(၃) မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်

သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန် အလို့ငှာ အရင်းအနှီး မတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ခြင်း တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော် လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက် ရှိသော ထုတ်လုပ်မှုလုပ်ငန်း အလို့ငှာ မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ။

(င) **လုပ်ကွက်ငယ်** ဆိုသည်မှာ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်သည့် လုပ်ကွက်ငယ်ကို ဆိုသည်။

(စ) **လယ်ယာထုတ်ကုန်** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဆ) **သွင်းအားစု** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင် သည့် အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစု လုပ်အားများအားလုံးကို ဆိုသည်။

(ဇ) **လယ်ယာကုန်ထုတ်အရင်းအနှီး** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့တင်ပို့ ရောင်းချသည့် အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် သွင်းအားစုများအပါအဝင် လယ်ယာမြေများ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊ မွေးမြူရေးခြံများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အသုံးချပစ္စည်းကိရိယာများ အားလုံးကို ဆိုသည်။

(ဈ) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီး ဟင်းရွက် ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟု သော်လည်းကောင်း သတ်မှတ်သည့် မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့ နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများ မပါဝင်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊

(ခ) ထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကိုကူညီဆောင်ရွက်ရန်၊

(ဃ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးရန်။

## အခန်း(၃)
## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊

(ခ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။

၅။ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသောသီးနှံပုံစံမှန်ကန်စွာရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအတွက် လိုအပ်သည့် အချိန်၌ ချေးငွေနှင့် အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လယ်ယာထုတ်ကုန်များကို ပြည်တွင်း၌လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့် သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်း၊

(စ) တောင်သူလယ်သမားများအား လယ်ယာထုတ်ကုန်များကို အာမခံထားသည့် စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့် စနစ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စနစ်တို့နှင့် အလေ့အကျင့်များ ရရှိစေရန် အားပေးကူညီခြင်း၊

(ဆ) တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်း ရရှိစေရန် ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဇ) လယ်ယာထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက် နိုင်ငံများထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန် အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်း များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာထုတ်ကုန်ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် အချိန်မီ သိရှိရန် ဆက်စပ်ဆောင်ရွက်ခြင်း၊

(ည) တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံ စိတ်ချရေးတို့နှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်း နှင့် အကာအကွယ်ပေးခြင်း၊

(ဋ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားကို အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များရှိပါက ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားသော အကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာမြေနှင့် စိုက်ပျိုး သီးနှံထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူ လယ်သမားအား အထူးဦးစားပေး ကူညီထောက်ပံ့ခြင်း၊

(ဍ) မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

၆။ ဦးဆောင်အဖွဲ့သည်-

(က) လိုအပ်ပါက လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ခ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့်ကောက်ပဲသီးနှံ အမျိုးအစားနှင့်ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၇။ ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း(၄)
## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း

၈။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများအား အောက်ပါအခွင့်အရေးများကို ရရှိစေရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည် -

(က) နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့ လယ်မြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်၊

(ခ) သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊

(ဂ) လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့်၊

(ဃ) လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊

(င) တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

၉။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အောက်ပါအခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဆောင်ရွက်ပေးရမည် -

(က) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ လိုအပ်သလို ဆက်စပ်ဆောင်ရွက်ပေးခြင်း၊

(ခ) တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများရရှိစေရေးနှင့် မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဂ) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရားမျှတမှုမရှိသည့် မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်း၊

(င) လယ်ယာလုပ်သားများ၏ ရထိုက်သော အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

၁၀။ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိရောက်စွာမြှင့်တင်နိုင်ရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆက်စပ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၁၂။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်း မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်း ချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

## အခန်း(၅)

## ချေးငွေနှင့် အကူအညီများပေးခြင်း

၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့်နှစ်ရှည် ချေးငွေများကို ပြည်ထောင်စု ရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သော အကူအညီနှင့် အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၄။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၁၃ အရ ချေးငွေများ ထုတ်ချေးရာတွင် ထုတ်ချေးမည့် ငွေပမာဏ၊ သက်သာသော အတိုးနှုန်း၊ ပြန်ဆပ်ရမည့် ကာလနှင့် စည်းကမ်းချက်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၁၅။ ဦးဆောင်အဖွဲ့သည် ချေးငွေများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ လုပ်ငန်းအတွက် အရင်းအနှီးလိုအပ်ချိန်တွင် ထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း၊ လယ်ယာထုတ်ကုန်များ ရောင်းချနိုင်သည့်သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် ပြန်လည်ပေးဆပ်နိုင်ရေးအတွက် လည်းကောင်း သက်ဆိုင်ရာ စိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့နှင့် အချိန်ကိုက်ညီစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဦးဆောင်အဖွဲ့သည် ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို အမှန်တကယ် ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ လက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

၁၇။ ဦးဆောင်အဖွဲ့သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့် အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် ယင်းတို့၏ ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ သက်သာမှုရစေရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သော ပမာဏတစ်ရပ်ကို ကျခံနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တွက်ချက် တင်ပြရမည်။

၁၈။ ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် စိုက်ပျိုးရေးသို့မဟုတ် မွေးမြူရေး လုပ်ငန်းသုံး အခြားဓာတုဆေးတစ်မျိုးမျိုး၏ အာမခံ စံချိန်စံညွှန်း ချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းနှင့် လယ်ယာကုန်ထုတ် အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ပါက သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

၁၉။ ဦးဆောင်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း သို့မဟုတ် ကပ်ဘေးရောဂါ တစ်ခုခုကျရောက်မြင်းကြောင့် အများပြည်သူ ကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက

ဖျက်ဆီးခြင်း၊ သုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သောအကူအညီများနှင့် ထိုက်သင့်သော အထောက်အပံ့များ ရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

**အခန်း(၆)**

**နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီခြင်း**

၂၀။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အရည်အသွေးမီသည့် ပဂ္ဂလိကမျိုးစေ့ သုတေသနလုပ်ငန်းများနှင့် ပဂ္ဂလိက မျိုးစေ့ ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊

(ခ) တောင်သူလယ်သမားများအတွက် ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ လယ်ယာထုတ်ကုန်တန်ဖိုး မြှင့်တင်ရေးဆိုင်ရာ နည်းပညာများရရှိရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊

(ဂ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးအတွက် ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါး ခြွေစက် စသည့် လယ်ယာသုံး စက်ကိရိယာများကို လယ်သမားများ အရစ်ကျ ဝယ်ယူရရှိနိုင်ရေး အတွက် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများ ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိစေရေးနှင့် အာမခံချက်မပါသော မြေဩဇာနှင့် ပိုးသတ်ဆေးများ၏

ချို့ယွင်းအားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီသိရှိနိုင်ရေး ဆောင်ရွက်ခြင်း။

## အခန်း(၇)

## လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း

၂၁။ ဦးဆောင်အဖွဲ့သည် လိုအပ်ပါက ပုဒ်မ ၆ ပုဒ်မခွဲ (က)အရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၂။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်နိုင်ရန်နှင့် အကျိုးစီးပွားမြင့်တင်နိုင်ရန်အလို့ငှာ လယ်ယာထုတ်ကုန်များကို ဝယ်ယူရန် လိုအပ်လျှင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တင်ဒါစနစ်အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေးစီစဉ်ဆောင်ရွက်ရမည်။

၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၄။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များ ဝယ်ယူရာတွင် လိုအပ်သော ရန်ပုံငွေကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူရမည်။

၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာပန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။

၂၆။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၈)

## အထွေထွေ

၂၇။ မည်သူမဆို ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ပြတ်တောက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ကျူးလွန်ပါက ရာဇသတ်ကြီးအရ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

၂၈။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့၏ ရုံးလုပ်ငန်းများအတွက် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးရမည်။

၂၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးဆောင်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃ ။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)၏ နောက်၌ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(c) to, and to the persons on, aircraft registered outside the Union but for the time being in or over the Union; and

(d) to an aircraft operated by a person who is not a citizen of the Union but has his principal place of business in the Union."

၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (၁)အား အောက်ပါအတိုင်း အစားထိုးရမည်-

"(1) "aircraft" means any machine which can derive support in the atmosphere from reactions of the air, other than reactions of the air against the earth's surface and includes balloons, whether fixed or free, airships, kites, gliders and flying machines;"

(ခ) ပုဒ်မခွဲ (၂) ၏ နောက်၌ ပုဒ်မခွဲ (၃)၊ (၄)နှင့် (၅) တို့အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(3) "aerodrome reference point" in relation to any aerodrome, means a designated point established in the horizontal plane at or near the geometric centre of that part of the aerodrome reserved for the departure or landing of aircraft;

"(4) "air navigation services" means air traffic management, communication navigation and surveillance, aeronautical information services, aeronautical chart, procedure air navigation operations, aviation meteorology and search and rescue;

"(5) "Safety Oversight" means a function by means of which ICAO Contracting States ensure effective implementation of the safety related Standards and Recommended Practices (SARPs) and associated procedures contained in the Annexes to the Convention on International Civil Aviation and related ICAO documents."

(ဂ) ပုဒ်မခွဲ(၃)နှင့် (၄) တို့ကို ပုဒ်မခွဲ (၆) နှင့် (၇) တို့အဖြစ် ပြောင်းလဲ သတ်မှတ်ရမည်။

၄။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄ တွင် ပါရှိသော "and any amendment which may be made thereto under the provisions of Article 94, thereof. " ဆိုသည့် စကားရပ်ကို "including any annex thereto relating to international standards and recommended practices as amended from time to time." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Safety Oversight functions "4A. The Director General of the Department of Civil Aviation or any other officer specially empowered in this behalf by the President of the Union shall perform the safety oversight functions in respect of matters specified in this Act or the rules made there under."

၆။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂) တွင် -

(က) ပုဒ်မခွဲငယ် (ခ)၌ ပါရှိသော " the licensing, inspection" ဆိုသည့် စကားရပ်ကို "the licensing, certification, inspection" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "unlicensed aerodromes" ဆိုသည့် စကားရပ်ကို unlicensed or uncertified aerodromes" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (ဃ) ၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ga) the licensing of persons engaged in air traffic control;

(gb) the certification, inspection and regulation of air navigation services or air traffic management facilities;

(gc) the certification, inspection and regulation of Training Organization and Aircraft Maintenance Organization;

(gd) the measures to safeguard civil aviation against acts of unlawful interference;"

(ဂ) ပုဒ်မခွဲငယ် (ဠ) ၌ ပါရှိသော " the safety of life;" ဆိုသည့် စကားရပ်ကို " the safety of life and the limitation and regulation of aircraft noise and engine emission;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲငယ် (ထ) ၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(qq) the prohibition of slaughtering and flaying of animals and of depositing rubbish, filth and other polluted and obnoxious matter within a radius of ten kilometers from the aerodrome reference point; and"

၇။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅-က တွင်-

(က) ပုဒ်မခွဲ (ခ) ၌ ပါရှိသော " make such rules as may be necessary" ဆိုသည့် စကားရပ်ကို "make such rules, regulations and by-laws as may be necessary" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(c) For the implementation of the provision of this Act, the Ministry of Transport may issue necessary notifications, orders, directives and notices and specially empowered to the Director General of the Department of Civil Aviation to issue necessary notifications, orders, requirements, directives and procedures for any matters specified in clauses (aa), (b), (c), (e), (f), (g), (ga), (gb), (gc), (gd), (h), (i), (j), (m), (n), (o) and (q)."

၈။ မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော "accident" ဆိုသည့် စကားရပ်ကို "accident or serious incident" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "accidents" ဆိုသည့်စကားရပ်ကို "accidents or serious incidents" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၉။ မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေ ပုဒ်မ ၈-ခ ၏ နောက်တွင် ပုဒ်မ ၈-ဂ ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

**Power of President to make rules for securing safe custody and re-delivery of unclaimed property**

"8C.(1) Subject to the provisions of section 14, the President of Union may, by notification in the Official Gazette, make rules which may provide for securing the safe custody and re-delivery of any property which, while not in proper custody, is found on any aerodrome or in any aircraft on any aerodrome and any such rules may, in particular, provide for-

(a) the payment of charges in respect of any such property before it is re-delivered to the person entitled thereto; and

(b) the disposal of any such property in cases where the same is not re-delivered to the person entitled thereto before the expiration of such period as may be specified therein."

၁၀။ မြန်မာနိုင်ငံလေယာဉ်အက် ဥပဒေ ပုဒ်မ ၉-က ကို အောက်ပါ အတိုင်း အစားထိုးရမည်-

**Power of President to prohibit or regulate construction of buildings, planting of trees etc**

"9A.(1) If the President is of opinion that it is necessary or expedient so to do for the safety of aircraft operations, it may, by notification in the Official Gazette,-

(a) direct that no building or structure shall be constructed or erected, or no tree shall be planted on any land within such radius, not exceeding ten kilometers from the aerodrome reference point, as may be specified in the notification and where there is any building, structure or tree on such land, also direct the owner or the person having control of such building, structure or tree to demolish such building or structure or, as the case may be, to cut such tree within such period as may be specified in the notification;

(b) direct that no building or structure higher than such height as may be specified in the notification shall be constructed or erected, or no tree, which is likely to grow or ordinarily grows higher than such height as may be specified in the notification, shall be planted, on any land within such radius, not exceeding ten kilometers from the aerodrome reference point, as may be specified in the notification and where the height of any building or structure or tree on such land is higher than the specified height, also direct the owner or the person having control of such building, structure or tree to reduce the height thereof so as not to exceed the specified height, within such period as may be specified in the notification.

(2) In specifying the radius under clause (a) or clause (b)of sub-section (1) and in specifying the height of any building, structure or tree under the said clause (b), the President shall have regard to-

(a) the nature of the aircraft operated or intended to be operated in the aerodrome; and

(b) the international standards and recommended practices governing the operations of aircraft.

(3) Where any notification has been issued under sub-section (1) directing the owner or the person having control of any building, structure or tree to demolish such building or structure or to cut such tree or to reduce the height of any building, structure or tree, a copy of the notification containing such direction shall be served

on the owner or the person having the control of the building, structure or tree, as the case may be,-

(a) by delivering or tendering it to such owner or person; or

(b) if it cannot be so delivered or tendered, by delivering or tendering it to any officer of such owner or person or any adult male member of the family of such owner or person or by affixing a copy thereof on the outer door or on some conspicuous part of the premises in which such owner or person is known to have last resided or carried on business or personally worked for gain; or failing service by these means;

(c) by post.

(4) Every person shall be bound to comply with any direction contained in any notification issued under sub-section (1)."

၁၁။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၉-က ၏ နောက်၌ ၉-ခ အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

**Payment of Compensation** "9B. If in consequence of any direction contained in an notification issued under sub-section (1) of section 9 A,any person sustains any loss or damage, such person shall be paid compensation. Where the amount of compensation may be fixed by agreement, it shall be paid in accordance with such agreement;"

၁၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ၁၁-က နှင့် ၁၁-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**Penalty for failure to comply with** "11A. whoever wilfully fails to comply with any notifications, orders, notices and directives issued under sub-section (c) of section 5 A, shall be punishable with imprison-

directions issued under section 5 A. — ment for a term which may extend to one month or with fine which may extend to kyats 20,000 or with both.

Penalty for failure to comply with directions issued under section 9A.

11B.(1) If any person wilfully fails to comply with any direction contained in any notification issued under section 9A, he shall be punishable with fine.

(2) Without prejudice to the provisions of sub-section (1), if any person fails to demolish any building or structure or cut any tree or fails to reduce the height of any building, structure or tree in pursuance of any direction contained in any notification issued under sub-section (1) of section 9A within the period specified in the notification, then, subject to such rules as the President may make in this behalf, it shall be competent for any officer authorized by the President in this behalf to demolish such building or structure or cut such tree or reduce the height of such building, structure or tree: Provided that the power to make rules under this sub-section shall be subject to the provisions of section 14."

၁၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၁၆ ၏ နောက်တွင် ၁၆-က နှင့် ၁၆-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"16A. The President of the Union of Myanmar may delegate to the Ministry of Transport the power to grant the permission for import or export of aircraft and its spares, tools or equipment without the need to obtain an import or export license.

16B. The President of the Union of Myanmar may exempt or relieve from import duties and other taxes in respect of aircraft and its spares, tools or equipment, subject to compliance with the customs regulations."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၀၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄ ။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ ( ဂ ) ၏ နောက်၌ ပုဒ်မခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

" (ဃ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ ( င )ကို အောက်ပါ အတိုင်း အစားထိုးရမည် -

" (င) ပုဒ်မခွဲ (ဃ)ပါဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းနိုင်ရေးနှင့် ပညာရည်ချွန်ဆုများချီးမြှင့်နိုင်ရေး၊ ထိုသို့ အပ်နှင်းထားသည့်ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့ တစ်ခုခုအား သတ်မှတ်ချက်များနှင့် မညီညွတ်ကြောင်း လုံလောက်သောအကြောင်း ပေါ်ပေါက်လာပါက ပြန်လည်ရုပ်သိမ်းနိုင်ရေးတို့အတွက် တက္ကသိုလ်သို့ လမ်းညွှန်ခြင်း။"

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ အခန်း(၈) ဘဏ္ဍာရေးအခန်းတွင် ပုဒ်မ ၁၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၈။ (က) တက္ကသိုလ်တွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထိုရန်ပုံငွေတွင်အောက်ပါတို့ ပါဝင်စေရမည် -

(၁) တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်များနှင့် အခြားစေတနာရှင်များက ၎င်းတို့၏ သဘောဆန္ဒ အလျောက် ထည့်ဝင်ငွေများ၊

(၂) အခြားတစ်နည်းနည်းဖြင့် လက်ခံရရှိသည့်ငွေများ။

( ခ ) တက္ကသိုလ်သည် တက္ကသိုလ်ရန်ပုံငွေကို တက္ကသိုလ်၏ ရည်မှန်းချက်များ အောင်မြင်ရေးကိစ္စများအတွက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။ "

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၁၈ ကို အသစ်ထပ်မံဖြည့်စွက်သဖြင့် ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ တို့ကို ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေပြဌာန်းခြင်းမပြုမီက တည်ထောင်ထားသော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို လည်းကောင်း တက္ကသိုလ်နှင့် ပုဒ်မ ၄ အရ တည်ထောင်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းတစ်ခုခုအား ဆက်ခံခွင့်ပြုနိုင်သည်။"

၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၂ ၏ နောက်၌ ပုဒ်မ ၂၃ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၃။ တက္ကသိုလ်သည် ရေကြောင်းပညာနှင့်စပ်လျဉ်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း ၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းတို့ ပြုနိုင်သည်။ "

၈။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ဤဥပဒေပါ ပြဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ ကုန်စည် အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅ ။)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "fifty kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (၂) တွင် ပါရှိသော -

(က) "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats "ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) "to the State " ဆိုသည့် စကားရပ်ကို "to the Republic of the Union of Myanmar "ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "relevant Ministry" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၉ တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Finance" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၂၀ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၄) ၌ ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို " Ministry of Commerce with the approval of the Union Government "ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆ ။)
## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
## (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့်စပ်လျဉ်း၍ ဇယား(၁)၊(၂)၊(၃)၊ (၄)၊ (၅) နှင့်(၆) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးအသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ ။)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **အင်ဂျင်နီယာပညာ** ဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်တို့ကို လေ့လာ၊ သင်ကြား၊ လေ့ကျင့်မှု အတွေ့အကြုံများမှ ရရှိလာသော အသိပညာနှင့် အတတ်ပညာများကို အခြေခံကာ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ် များအား သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြင့် အသုံးချပြီး လူ့အဖွဲ့အစည်း အတွက် အကျိုးပြုသော အဆောက်အအုံများ၊ စက်၊ ယာဉ်၊ ယန္တရားများ၊ ကိရိယာ တန်ဆာပလာများ၊ စွမ်းအားများ၊ ဝတ္ထုပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များကို ဒီဇိုင်း တွက်ချက်၊ တည်ဆောက်၊ ထိန်းသိမ်းပေးနိုင်သည့် အသိဉာဏ်နှင့် ယှဉ်ပြီး အသုံးချ ရသော ပညာရပ်ကို ဆိုသည်။

( ခ ) **အင်ဂျင်နီယာအထူးပြုပညာရပ်** ဆိုသည်မှာ မြို့ပြအင်ဂျင်နီယာ၊ စက်မှု အင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာစသည့် အင်ဂျင်နီယာအထူးပြုပညာရပ်များကိုဆိုသည်။

( ဂ ) **နည်းပညာ** ဆိုသည်မှာ အင်ဂျင်နီယာပညာဖြင့် ဖန်တီးထုတ်လုပ်ရာတွင် အထောက် အကူပြုသည့် လက်တွေ့အသုံးပြုရမည့် နည်းနိဿယများ၊ နည်းလမ်းများ၊ လုပ်ဆောင် ပုံများ၊ ဖြစ်စဉ်များနှင့် အခြားလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ အင်ဂျင်နီယာ နည်းပညာ များကို ဆိုသည်။

(ဃ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကိုဆိုသည်။

( င ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ကိုဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင် တစ်ဦးဦးကိုဆိုသည်၊

(ဆ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်၊

(ဇ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဒီပလိုမာရရှိထားသူကို ဆိုသည်၊

(ဈ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဘွဲ့ရရှိထားသူကို ဆိုသည်၊

(ည) **အင်ဂျင်နီယာ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဘွဲ့ရရှိထားသူကို ဆိုသည်၊

(ဋ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာမှတ်ပုံတင် လက်မှတ်များကိုဆိုသည်၊

(ဌ) **အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် များကိုဆိုသည်။

(ဍ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး သတ်မှတ်အရည်အချင်းပြည့်မီသူကိုလည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကိုဆိုသည်။

(ဎ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိပြီး အင်ဂျင်နီယာပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ အကြီးတန်းအင်ဂျင်နီယာ၏ အရည်အချင်းများနှင့်ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

(ဏ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအားကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်၊

(တ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ကောင်စီကထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ထ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ အာဆီယံ အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့်နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့်အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက်နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းထမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊

(ဂ) အင်ဂျင်နီယာပညာနှင့်နည်းပညာ သင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသောပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန် စသည့်လိုအပ်ချက်များ ပြည့်စုံရန်နှင့်စည်းကမ်းစနစ်ကျစေရန်တို့အတွက် လမ်းညွှန်ကြီးကြပ် ထိန်းသိမ်းပေးမှုများကို လည်းကောင်း၊ လိုအပ်သော အရေးယူမှုများကို လည်းကောင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်။

## အခန်း (၃)
## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ ပါဝင်သည့် ခုနစ် ဦးထက်မပိုသော မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ၏ နာယကအဖွဲ့ အား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာများ၊ ၁၅ ဦး

(ခ) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ၊ ၁၅ ဦး

(ဂ) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါရင့် အင်ဂျင်နီယာများ၊ ၁၅ ဦး

(ဃ) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာများ။ ၁၅ ဦး

၆။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌ တစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးကို ရွေးချယ် သတ်မှတ် တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ကျန်အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရန်အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦး တို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ရမည်။

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ် အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများ အဖြစ် လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ ၁၅ ဦး ကို သတ်မှတ်ချက်များနှင့် အညီ ဖွဲ့စည်းရမည်။

၈။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည် -

(က) ကောင်စီ၏ တစ်ကြိမ်သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ် ဖြစ် သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင် သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(စ) လက်ရှိကောင်စီသက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီ၏ နာယကအဖွဲ့က ကောင်စီအသစ်ကိုဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည်။

## အခန်း(၄)

## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီက အသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့၊ နည်းပညာဘွဲ့နှင့် နည်းပညာ ဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အလို့ငှာ ပြည်တွင်း ပြည်ပရှိ နည်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာ ကောလိပ်နှင့် နည်းပညာသိပ္ပံတစ်ခုခုကဖြစ်စေ၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာ ပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် ဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာရသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အလို့ငှာ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာအရည်အချင်းများကို သတ်မှတ်ခြင်း၊

(ဃ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့်နည်းပညာကျွမ်းကျင်သူများ လိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်း၊ ကျင့်ဝတ်သိက္ခာများကို လိုက်နာ စောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စိစစ်စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက် ခြင်း၊

(င) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည် အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ် ခြင်း၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစုထားရှိခြင်းနှင့် အခါ အားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဆ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ၊ နည်းပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ သင်ကြားမှုအဆင့်အတန်း မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ ပညာသင်ကြားရေးစနစ်များကိုလေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့်လက်တွေ့သင်တန်းများ၊ အထူးပြုဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ည) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့်အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း၊

(ဋ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့်လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိ မရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့အစည်းများသို့ သဘောထားပြန်ကြားခြင်း၊

( ဠ ) ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေနှင့်အညီ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်အရာရှိချုပ် ဦးစီးသော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

( ၃ ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ပါ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊

(၂) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(၅) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့်အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးလုပ်ငန်းကော်မတီ၊

(၆) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ် သင်ကြားရေး လုပ်ငန်းကော်မတီ၊

(၇) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ် အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၈) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်းကော်မတီများ။

( ခ ) အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( ဂ ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

( င ) မှတ်ပုံတင်လက်မှတ်နှင့် စပ်လျဉ်း၍ သက်တမ်း သတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

( စ ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း။

၁၁။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ် တာဝန်ပေးနိုင်သည်။

၁၂။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက် နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ် နိုင်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကောင်စီ၏ ရုံးအဖွဲ့ခွဲများ ဖွင့်လှစ်ရန် လိုအပ် လာပါက မှတ်ပုံတင်အရာရှိတစ်ဦးစီ ဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

## အခန်း(၅)

## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၃။ အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် အလုပ်အမှုဆောင် အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေး တက်ရောက်ရန် သုံးကြိမ် ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခံရခြင်း သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ် ချမှတ်ခံရခြင်း၊

(စ) ကိုယ်ကျင့်တရား ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်း ကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဇ) ကွယ်လွန်ခြင်း၊

## အခန်း(၆)

## အစည်းအဝေးများ ကျင်းပခြင်း

၁၄။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံးလေးပုံတစ်ပုံ ( ၂၅ ရာခိုင်နှုန်း ) အရေအတွက်က တရားဝင်စာဖြင့် ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကို ခေါ်ယူပေးခြင်း။

၁၅။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ကျင်းပမည့် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၆။ ကောင်စီသည် မိမိ၏ ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးတင်ပြရမည်။

## အခန်း(၇)

## ဘဏ္ဍာရေး

၁၇။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါ ရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့်အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၈။ ကောင်စီသည်-

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှု မရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

## အခန်း(၈)

## ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင် လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၀။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံတစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၁။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များသတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်းဘွဲ့ရနည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၂။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၃။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ (က) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာအထူးပြုပညာရပ် အလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ လက်မှတ်ထုတ်ပေးရမည်။

၂၅။ (က) မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထား သည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ရရှိရန် သတ်မှတ် ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာအထူးပြုပညာရပ် အလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင် အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ် ထုတ်ပေးရမည်။

## အခန်း(၉)

## အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၆။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ် တစ်ခုခုက ဖြစ်စေ၊ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်း ပြည့်မီသူသည် လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များ နှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထား ချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (တ) အရ မှတ်ပုံတင် အင်ဂျင်နီယာ လက်မှတ်ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်၏သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၈။ (က) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလ ပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြု ပညာရပ် အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်း ချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ လက်မှတ်ထုတ်ပေးရမည်။

၂၉။ (က) မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထား သည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင် လက်မှတ်ထုတ်ပေးရမည်။

၃၀။ (က) သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာက မှတ်ပုံတင် ကန့်သတ် အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာ ပညာရပ်အမျိုးအစားနှင့်အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင် ခွင့်ပြုသောအချိန်ကာလနှင့်အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့်နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင် ကန့်သတ် အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။

(ခ) အင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်း ဆိုင်ရာ အစီအမံ အရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်က မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာ ပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စားအလုပ်အမှုဆောင် အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြား စည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ် ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် လက်မှတ်ကို ထုတ်ပေးနိုင်သည်။

## အခန်း(၁၀)

## မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့် ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်၊

(င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်၊

၃၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများသည် ပုဒ်မ ၃၀ ပုဒ်မခွဲ(က)မှ (စ)ထိ အကျုံးဝင်သော တာဝန်နှင့် ရပိုင်ခွင့်များအပြင် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရမည်၊

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာပညာရှင်များသည် ကောင်စီက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

## အခန်း(၁၁)

## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၄။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

## အခန်း (၁၂)

## အယူခံခြင်း

၃၅။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၁၃)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၇။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော အင်ဂျင်နီယာဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၃၈။ မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူ မဆို မိမိရရှိသော အဆင့်အတန်းနှင့်မလျော်ညီသော ဘွဲ့အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်း မပြုရ။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမျှ -

(က) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။

(ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် ပြစ်ဒဏ် သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့်နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေနှင့်အညီ ထုတ်ပြန်သော တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေး ဘုတ်အဖွဲ့က အင်ဂျင်နီယာ တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် ၎င်း၏သက်တမ်းသည် ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်း ဟု မှတ်ယူရမည်။

၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် နှင့် ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ) အရ ဖွဲ့စည်းသည့် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့များ၏အဖွဲ့ဝင်အား ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့်များကို ခံစားခွင့်ရှိသည် -

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ် ကုန်ကျထားသည့် ခရီးစရိတ်နှင့် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့် သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့်လုပ်ငန်းကော်မတီဝင်တစ်ဦးဦးအား တရားမကြောင်း အရ ဖြစ်စေ၊ ပြစ်မှုကြောင်း အရ ဖြစ်စေ တာဝန်မရှိစေရ။

၄၉။ ဤဥပဒေ ပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ အစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့်နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ် ရရှိရေးကို သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ ကူညီပေးရမည်။

၅၁။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့်အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်